တနင်္လာ၊ ဧပြီ (၁)
**ဆာလံ ၉၁**
မသဲ ၅း၄၅

*"ကိုယ်တော်သည်. . . ငါ ခိုလှုံရာ၊*
*ငါ၏ရဲတိုက်. . . "*

---

## ဘေးဥပဒ်နှင့် စစ်ပွဲအလယ်၌ အလုံးစုံကွယ်ကာစောင့်ရှောက်ခြင်း

ဤကမ္ဘာလောက၌ ဖြစ်ပျက်သောအရာတိုင်းသည် ဘုရားသခင်၏ အုပ်စိုးကွယ်ကာခြင်း အာဏာအောက်၌ ဖြစ်ပျက်နေကြခြင်းသည်ဟူသော သွန်သင်ချက်က ဘုရားသခင်၏ အာဏာအောက်၌ အနန္တတစ်ခိုးတော်၊ အလုံးစုံကိုသိတော်မူသောဉာဏ်တော်နှင့် နေရာတကာရှိတော်မူခြင်းအကြောင်းကို ဖော်ပြလျက်ရှိ၏။ လူကောင်းဖြစ်စေ၊ လူဆိုးဖြစ်စေ၊ ဤကမ္ဘာလောက၌ ရှိသောသူအပေါင်းအပေါ်၌ နေ့စဉ်နေပူ၊ မိုးရွာစေတော်မူခြင်းကို ဘုရားသခင်၏ သာမန်ကွယ်ကာပြုစုစောင့်ရှောက်တော်မူခြင်းဟု ခေါ်ပါသည် (မသဲ ၅း၄၅)။

ဘုရားသခင်သည် မိမိ၏သားသမီးတို့ကို ငှက်ကလေးနှင့် ပန်ကလေးတို့ထက်ပို၍ ကွယ်ကာပြုစုတော်မူကြောင်း (မသဲ ၆း၁၆-၃၀)၊ သခင်ယေရှုက တောင်ပေါ်ဒေသနာ၌ ဖော်ပြချက်သည် ဘုရားသခင်၏ အထူးကွယ်ကာပြုစုတော်မူခြင်းကို သွန်သင်ခြင်းဖြစ်၏။ ဤကျမ်းပိုဒ်၌ တွေ့ရသော ဘုရားသခင်၏ အထူးကွယ်ကာပြုစုစောင့်ရှောက်ခြင်းသည် ငြိမ်းချမ်းသောအချိန်၌ ပြုသောအမှုဖြစ်ပါသည်။

သို့သော်လည်း ယခုဆာလံထဲတွင်မူ ထိုသို့မဟုတ်၊ ခက်ခဲသောအချိန်ကာလ၌ပင် အထူးကွယ်ကာစောင့်ရှောက်ခြင်း ခံရမည်အကြောင်း ဖော်ပြထား၏။ ဘေးရောက်သည်ကာလ၌ ဘုရားသခင်သည် အထူးသဖြင့် မစတော်မူကြောင်း ဆာလံ ၄၆ ထဲတွင် ဖော်ပြထားသည်အတိုင်း၊ ဤဆာလံထဲ၌လည်း ကိုယ်တော်ထံချဉ်းကပ်သောသူတို့သည် ဘုရားသခင်၏အလုံးစုံ ကွယ်ကာပြုစုစောင့်ရှောက်ခြင်း ခံရမည်အကြောင်း ဖော်ပြထားပါသည်။ ဘေးဥပဒ်နှင့်ကာလနာဟူသောအချက်က အခက်အခဲအလုံးစုံကို ဖော်ညွှန်းခြုံငုံထားပါသည်။ ထိုကြီးသောအမှု (သို့) ငယ်သောအမှုထဲမှ ကျွန်ုပ်တို့ကို ကွယ်ကာလျက် ကယ်တင်တော်မူမည်အကြောင်း ဘုရားသခင် ဂတိတော်ရှိ၏။ ကိုယ်တော်သည် မိမိ၏ ကောင်းကင်တမန်တို့ကို ကျွန်ုပ်တို့အား စောင့်ရှောက်ခြင်ငှါ စေလွှတ်တော်မူလိမ့်မည်။ ကလေးထိန်းသည် ခလေးငယ်အား လဲကျထိခိုက်ခြင်းမရှိစေခြင်းငှါ စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်တော်မူလိမ့်မည်။

ဤဆာလံ ၉၁း၁၁-၁၂ ကို ကိုးကားလျက် ယေရှုအား ဗိမာန်တော်အထွဋ်မှ ခုန်ချခြင်းငှါ စာတန်သွေးဆောင်ခြင်းသည် သမ္မာကျမ်းချက်ကို အလွဲယူခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် "စာတန်ပင်လျှင် သမ္မာကျမ်းချက်ကို ကိုးကားတတ်၏" ဟူသော ဆိုရိုးရှိလာခဲ့၏။ ကျွန်တော်တို့သည် ကြွားဝါလိုသောစိတ်နှင့် အမြင့်မှခုန်ချပါလျှင်၊ ကောင်းကင်တမန်တို့သည် မစချီပင့်ကြလိမ့်မည်မဟုတ်၊ စာတန်က ကျွန်ုပ်တို့ကို ထိခိုက်စေခြင်းငှါ ဖိထားပါလိမ့်မည်။ ကောင်းကင်တမန်တို့သည် ဘုရားသခင်ကို ယုံကြည်ကိုးစားသောသူ၊ စကားတော်ကိုနာခံသောသူ၊ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားခြင်းအလို့ငှါ ကြိုးစားအားထုတ်သောသူတို့ကို ကွယ်ကာစောင့်ရှောက်တော်မူလိမ့်မည်။ ထို့ကြောင့်၊ လေယာဉ်ပျက်ချခြင်းနှင့် ကြုံတွေ့ခဲ့ပါလျှင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို မိမိအလိုတော်အတိုင်း ကွယ်ကာစောင့်ရှောက်ပါလိမ့်မည်။ သို့သော်လည်း ကိုယ်ကျိုးအတွက်၊ အကျိုးအမြတ်အတွက်၊ မကောင်းမှုပြု၍ ကြိုးစားရုန်းကန်ခြင်းသည် စာတန်၏ ကျော့ကွင်းပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - (ဆာလံ ၉၁း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ဘေးရောက်သောကာလ၌ အကျွန်ုပ်နှင့်အတူရှိတော်မူမည်ဟု ဂတိထားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

*"ဝိညာဉ်တော်နှင့် လွတ်ခြင်းအလိုငှါ
အဘယ်အရပ်သို့သွားနိုင်ပါမည်နည်း။ မျက်နှာတော်နှင့်
လွတ်ခြင်းအလိုငှါ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း"*

# အကျွန်ုပ်တို့၏ အဘဘုရားသခင်သည် အတူရှိတော်မူ၏

ဆာလံ ၉၁း၅ ထဲမှ ဘေးသည် ဘယ်အရာနည်း။ ဤဘေးသည် မီးဘေး၊ သူခိုးဘေးနှင့် ရုတ်တရက်ဖြစ်တတ်သောကာလနာနှင့် သေခြင်းလည်းဖြစ်နိုင်ပါသည်။ ကျွန်တော်တို့သည် သေခြင်း၊ ဝမ်းနည်းခြင်း ကြုံတွေ့ရသောကမ္ဘာလောက၌ အသက်ရှင်နေထိုင်ကြသည်ဖြစ်သော ကြောင့်၊ ညအချိန်၌ဖြစ်စေ၊ နေ့အချိန်၌ဖြစ်စေ အနာရောဂါ ကြုံတွေ့ရနိုင်ပါသည်။ သို့သော်လည်း အဘယ်ဒုက္ခဘေးနှင့်ဘဲကြုံကြုံ၊ ယုံကြည်သူသည် ထိတ်လန့်ကြောက်ရွံ့ခြင်းမရှိရန် ဂတိတော်ရှိခဲ့သည်မဟုတ်လော။ အဘယ့်ကြောင့် ယုံကြည်သူ ကျွန်ုပ်တို့၏ အဘဘုရားသခင်သည် အတူရှိတော်မူသည်ဖြစ်၍၊ ဘေးရောက်သောကာလ၌ပင် အတူရှိတော်မူလိမ့်မည်။ သူသည်တန်ခိုးကြီးသောအစောင့်တော်၊ အစဉ်နိုးကြားသောသက်တော်စောင့်၊ သစ္စာရှိတော်မူသော အဆွေဖြစ်တော်မူ၏။ ထိုဘုရားသခင်၏ အလိုတော်နှင့် အခွင့်တော်မရှိလျှင် အဘယ်အမှုမျှမဖြစ်နိုင်၊ ငရဲပင်လျှင် ဘုရားသခင်၏ လက်တော်အောက်၌ရှိတော်မူ၏။ မှောင်မိုက်သည် ဘုရာသခင်၏ အဖို့အမှောင်မဟုတ်။ မိမိလူတို့ ပတ်ပတ်လည်၌ မီးဖြင့်ကာရံထားမည်ဟု ဂတိတော်ရှိသော်ကြောင့်၊ ထိုအကာအရံကို မည်သူဖောက်ထွင်းနိုင်ပါမည်နည်း။ လောကီလူသားတို့သည် ကြောက်ရွံ့တိတ်လန့်ခြင်း ရှိရပါမည်။ အကြောင်းမှာ သူတို့အပေါ်၌ ဘုရားသခင်အမျက်ထွက်လျက်ရှိပြီး၊ မိမိအပြစ်တို့ကို သိကြလျက်၊ မြည်ဟိန်းလျက်ရှိသော ငရဲကစောင့်နေလျက်ရှု၏။ သို့သော်လည်း ယေရှုကို ယုံကြည်ကိုးစားသော ကျွန်ုပ်တို့သည် ဂရုဏာတော်ကြောင့် ထိုအရာတို့မှ ကယ်တင်ခြင်းခံရကြ၏။ ကျွန်တော်တို့သည် မိုက်မဲစွာ ကြောက်ရွံ့ခြင်းရှိကြပါလျှင်၊ မိမိ၏ယုံကြည်ခြင်းကို ငြင်းပယ်ရာရောက်၍၊ ယုံကြည်သူအသက်တာစစ်ကို သူတပါးအားသံသယဝင်စေတတ်၏။ ယုံကြည်ခြင်းမရှိသောသူကဲ့သို့ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်မနာစေမည်အကြောင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိမည်အကြောင်း သတိထားကြရပါမည်။ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုဏာတော်ကို အစဉ်အောက်မေ့ခြင်းရှိရပါမည်။ ညအမှောင်အချိန်၌လည်း ဘေးဥပဒ်ကို မကြောက်ပါနှင့်။ အကြောင်းမှာ ချစ်ခြင်းမေတ္တာတော် ဘုရားသခင်သည် ပြောင်းလဲခြင်းရှိတော်မမူ။ အလင်း၏ သားသမီးတို့သည် အမှောင်ထဲ၌ လျှောက်သွားရသော အချိန်ရှိသော်လည်း၊ ပစ်ပယ်ခြင်းခံရကြ သည်မဟုတ်၊ ကောင်းကင်ဘုံရှိ အဘဘုရားသခင်အား ယုံကြည်ကိုးစားလျက် သားဖြစ်ရခြင်းအမှုကို သက်သေပြရန် အခွင့်ထူးပင်ဖြစ်ပါသည်။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ ဘုရားသခင်သည် ကျွန်ုပ်ကို ဘယ်သောအခါမျှ စွန့်ပစ်ထားခဲ့မည်မဟုက်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ကို သစ္စာရှိစွာကြည့်ရှု စောင့်ရှောက်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ မေ (၃)
**ဆာလံ ၉၁း၉**
ဟေဗြဲ ၁၃း၁၄

*"ထာဝရဘုရားသည် ငါ၏ ခိုလှုံရာအိမ် ဖြစ်တော်မူ၏"*

# ဘုရားသခင်သည် အကျွန်ုပ်နေထိုင်ရာ အိမ်တော်ဖြစ်၏

ဣသရေလတို့သည် တောထဲ၌ ပြောင်းလဲခြင်းနှင့် အစဉ်ကြုံတွေ့ခဲ့ရကြ၏။ မိုးတိမ်တိုင်သည် မရွေ့လျားဘဲနေသောအခါ နေစရာတဲများ ဆောက်လုပ်ခဲ့ကြပြီး၊ နက်ဖြန်မိုးမလင်းမီ တံပိုးမှုတ်သံကြားကြသောအခါ သေတ္တာတော်ကိုထမ်းကြပြီး၊ မိုးတိမ်တိုင်၏ ခေါ်ဆောင်ရာလမ်းအတိုင်း တောင်ပေါ်၌ဖြစ်စေ၊ မြေပြန့်၌ဖြစ်စေ ခရီးဆက်ကြ၏။ "ထွက်ခွါကြလော့။ ဤအရပ်သည် သင်၏နေထိုင်ရာအရပ်မဟုတ်။ ခါနန်ပြည်သို့ သင်ခရီးဆက်ရပါမည်" ဟူသောအသံကို မကြာခဏကြားနေကြရ၏။ တနေရာတည်း၌ ကြာကြာမနေရကြ။ ရေတွင်းနှင့် သံလွင်ပင်တို့ကပင် သူတို့ကို ကြာကြာမဆွဲထားနိုင်ပါ။ သို့သော်လည်း ဘုရားသခင်သည် သူတို့နေရာကျရာအိမ်တော်ဖြစ်၍၊ မိုးတိမ်တိုင်သည် သူတို့၏ အိမ်အမိုးဖြစ်လျက်၊ ညအခါ မီးတိုင်သည် သူတို့အတွက် လှုံစရာမီးဖိုဖြစ်ခဲ့၏။ တနေရာမှတနေရာသို့ ခရီးဆက်လျက်၊ "ဤအရပ်သည် ကျွန်ုပ်တို့အဖို့လုံခြုံပြီ၊ ဤအရပ်၌ နေထိုင်ကြစို့" မဆိုနိုင်ကြပါ။ သို့သော်လည်း မောရှေက "ကျွန်တော်တို့သည် ပြောင်းလဲလျက်ရှိနေသော်လည်း၊ ကိုယ်တော်သည် ကာလအစဉ်အဆက် အကျွန်ုပ်တို့ ခိုလှုံရာဖြစ်တော်မူ၏" ဟုဆိုခဲ့ပါသည်။

ခရစ်တော်သည် ဘုရားသခင်နှင့် မိမိပတ်သက်ဆက်နွယ်ခြင်းအမှု၌ ပြောင်းလဲခြင်းမရှိကြောင်း သိပါသည်။ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ ဖျားနာသည်ဖြစ်စေ၊ နေကောင်းသည်ဖြစ်စေ၊ ပျော်ရွှင်သည်ဖြစ်စေ၊ ဝမ်းနည်းသည်ဖြစ်စေ၊ ဘုရားသခင်နှင့် မိမိဆက်နွယ်မှုသည် ပြောင်းခြင်းမရှိပါ။ ဘုရားသခင်က မနေ့ချစ်သကဲ့သို့၊ ယနေ့လည်း အကျွန်ုပ်ကို ချစ်တော်မူ၏။ မပြောင်းလဲသော အကျွန်ုပ်၏ ခိုလှုံရာအိမ်တော်သည် မြတ်သောဘုရားသခင်သာလျှင် ဖြစ်ပါ သည်။ မျှော်လင့်ချက်မရှိ၊ ဝမ်းမြောက်ပျော်ရွှင်ခြင်းပျောက်ဆုံး၍ အရာရာတိုင်း ပျက်စီးနေပါ သော်လည်း၊ ဘုရားသခင်၌ အကျွန်ုပ်ပိုင်ဆိုင်သောအရာတခုမျှ ဆုံးရှုံးခြင်းမရှိပါ။ ကိုယ်တော်သည် "အကျွန်ုပ်အစဉ်ရောက်၍ နေရာကျသောကျောက်ဖြစ်တော်မူ၏" (ဆာလံ ၇၁း၃)။ ဤကမ္ဘာလောက၌ အကျွန်ုပ်သည် ခရီးသွားဧည့်သည် ဖြစ်ပါသော်လည်း၊ ဘုရားသခင်သည် အကျွန်ုပ်နေထိုင်ရာ အိမ်တော်ဖြစ်တော်မူ၏။ ဤကမ္ဘာလောက၌ လျှောက်သွားနေရသော်လည်း၊ ဘုရားသခင်၌ လုံခြုံစွာ နေထိုင်ခိုလှုံရပါ၏။

(Spurgeon)

**ဆင်ခြင်ရန်** - ဘုရားသခင်၌ ယနေ့ကျွန်တော် ခိုလှုံခြင်းရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ပြောင်းလဲလျက်ရှိသော ဤကမ္ဘာလောက၌ ကိုယ်တော်၏ ပြောင်းလဲခြင်းမရှိမှုကို မြင်တွေ့ရသောကြောင့် ကျေးဇူးတင်ပါ၏။

*"... ဥပုသ်နေ့သည် လူအဘို့ဖြစ်၏။
လူသည်ဥပုသ်နေ့အဘို့ဖြစ်သည်မဟုတ်"*

## ဥပုသ်နေ့အဘို့ ဆာလံသီချင်း

ဤဆာလံ၏ခေါင်းစဉ်ကို ဥပုသ်နေ့အဘို့ သီချင်းဟု ပေးထား၏။ ဥပုသ်နေ့ဟူသော ဟေဗြဲစကားလုံး၏ အဓိပ္ပါယ်မှာ "နားခြင်း" ဟူ၍ဖြစ်ပါသည်။ ဤအချက်ကို ပညတ်တော်ဆယ်ပါး၏ လေးချက်မြောက်တွင် ဖော်ပြထား၏။

ဤဥပုသ်နေ့၌ အလုပ်မလုပ်ဘဲ သန့်ရှင်းစေလျက် အလုပ်နားခြင်းသည် ပင်ပန်းသော ခန္ဓာကိုယ်အတွက်သာမက၊ ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူသော ထာဝရဘုရားက အကျွန်ုပ်တို့ကို မည်သို့ဖန်ဆင်းတော်မူကြောင်း သတိရအောက်မေ့ခြင်းလည်း ဖြစ်၏။ ဖန်ဆင်းခြင်းအမှုသည် ပြီးစီးပြီဖြစ်သောကြောင့်၊ အောက်မေ့သတိရရန်သာ ဖြစ်ပါ၏။

သခင်ယေရှု ခရစ်တော်၏ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်းအားဖြင့် ကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရားသခင်၏ ကယ်တင်တော်မူခြင်းအမှု ပြီးစီးဆောင်ရွက်ပြီးနောက်တွင်၊ ခုနစ်ရက်မြောက်သောနေ့ (စနေနေ့) ၌ ကျရောက်ခဲ့သော ဤဥပုသ်နေ့သည် တမန်တော်တို့ခေတ်မှစ၍ ဘုရားသခင်၏နေ့ (တနင်္ဂနွေ) သို့ ပြောင်းလဲ ဝတ်ပြုခြင်းပြုခဲ့ကြ၏။ (ယော ၂၀း၁၉-၂၀၊ တမန် ၂၀း၆-၇၊ ၁ ကော ၁၆း၁-၂၊ ဗျာ ၁း၁၀ တို့ကို ဖတ်ပါ)။

ဘုရားသခင်၏ နေ့ရက် (သို့) ခရစ်ယာန် ဥပုသ်နေ့ဟု ခေါ်တွင်သော တနင်္ဂနွေနေ့ကို ကျွန်တော်တို့ မည်သို့အသုံးပြုရကြပါမည်နည်း။ ဤဆာလံ၏ သွန်သင်ချက်အရ ဤသို့အသုံးပြုကြရပါမည်-

(၁) ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဝတ်ပြုကိုးကွယ်ခြင်း ပြုရမည်။

(၂) လူသားအပေါင်းအပေါ် ဘုရားသခင်ပြုသောအမှုနှင့် တရားသဖြင့်ပြုသော စီရင်ချက်တို့ကို ဆင်ခြင်အောက်မေ့ခြင်း ရှိရပါမည်။ ဤအမှုကို သွန်သင်ချက်အားဖြင့် နှိုးဆော်ကြရမည်။ ထို့ကြောင့် တရားဒေသနာ ဟောပြောခြင်းသည် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဆုတောင်း ခြင်းအပြီး၌ ပြုရမည့် ဝတ်ပြုကိုးကွယ်ခြင်း၏ ဒုတိယအပိုင်း ဖြစ်ပါသည်။

ဤအထက်ပါဖော်ပြချက် အချက်နှစ်ချက်သည် ဥပုသ်နေ့ သန့်ရှင်းစွာစောင့်ခြင်းအမှု၌ ပါရှိရပါမည်။ တဦးတယောက်ချင်း (သို့) မိသားစုနှင့် အသင်းတော်အတူတကွ ဝတ်ပြုကိုးကွယ်ခြင်း၌ ဤအချက်နှစ်ချက်ပါရှိရပါမည်။ ထို့ကြောင့် ဟေဗြဲ ၁၀း၂၅ က ဤသို့တိုက်တွန်းနှိုးဆော်ထားပါ၏ "လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ အချင်းချင်းတို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ကြိုးစားကြလော့။"

**ဆင်ခြင်ရန်** - (ဆာလံ ၉၂း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ နေ့ရက်ကို သန့်ရှင်းစွာ အောက်မေ့စောင့်ခြင်းငှါ မစတော်မူပါ။

## ဘုရားသခင်ပြုတော်မူသောကြောင့် ဝမ်းမြောက်ခြင်းရှိလော့

သင့်အပြစ်များအတွက် ခရစ်တော်သည် ကိုယ်စားအသေခံလျက် အပြစ်ကြွေးဆပ်ပေးတော်မူသောကြောင့်၊ သင့်အပြစ်များ လွတ်ခြင်းခံရကြောင်း သင်ယုံကြည်ပါသလား။ ထို့ကြောင့် သင်သည် အလွန်ဝမ်းမြောက်ခြင်းရှိသော ခရစ်ယာန်ဖြစ်သင့် ပါသည်။ ဤကမ္ဘာလောက၌ ကြုံတွေ့ရသော ပုံမှန်အခက်အခဲဒုက္ခတို့ကို သင်ကျော်လွှားနေထိုင်ရပါမည်။ အပြစ်လွှတ်ခြင်းခံရပြီဖြစ်သောကြောင့် သင်၌ ဖြစ်ပျက်သောအမှုသည် ဘာမျှမဟုတ်တော့ပါ။ လူသားက "ဘုရားသခင်၊ အကျွန်ုပ်ကိုရိုက်ပါ၊ ရိုက်လိုက်ပါ၊ အပြစ်လွှတ်ခြင်းကျွန်တော်ခံရပြီဖြစ်သောကြောင့်၊ ကိုယ်တော်ခွင့်လွှတ်တော်မူပြီဖြစ်သောကြောင့်၊ ကိုယ်တော်အလိုရှိသည်အတိုင်း ကျွန်ုပ်ကို ဆုံးမရိုက်နှက်တော်မူပါ" ဟုဆိုခဲ့၏။ ထိုနည်းတူ၊ "ဖျားနာခြင်း၊ ဆင်းရဲခြင်း၊ ဆုံးရှုံးခြင်း၊ အခက်အခဲ ဒုက္ခတို့ကိုလည်း၊ ကိုယ်တော်အလိုရှိတော်မူလျှင် စေလွှတ်တော်မူပါ၊ ကိုယ်တော် အကျွန်ုပ်ကို ခွင့်လွှတ်တော်မူပြီဖြစ်သောကြောင့်၊ အကျွန်ုပ် စိတ်ဝိညာဉ်သည် ဝမ်းမြောက်ခြင်းရှိ၏" ဟု သင်ဆိုနိုင်ပါလိမ့်မည်။

ခရစ်ယာန်၊ သင်သည် ကယ်တင်ခြင်းခံရသောသူဖြစ်လျှင် ဝမ်းမြောက်ခြင်းရှိလျက်၊ သူတပါးကို ချစ်ပါလော့။ သင့်အပြစ်ကိုဖယ်ရှားပေးသော ကားတိုင်တော်ကို ဖက်တွယ်လျက်၊ သင့်အတွက်အမှုပြုတော်မူသော ဘုရားသခင်အမှုကို ဆောင်ရွက်ပါလော့။ "ညီအစ်ကိုတို့၊ အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သော လက္ခဏာနှင့်ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကိုပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကိုထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေး၏" (ရောမ ၁၂း၁)။ သင်၏စိတ်အားထက်သန်မှုကို သီချင်းအနည်းငယ်သီဆိုခြင်းဖြင့် မချုပ်ငြိမ်းစေပါနှင့်။ သင်၏ ချစ်ခြင်းမေတ္တာကို လက်တွေ့ပြပါလော့။ သင့်ကို ချစ်တော်မူသော ကိုယ်တော်၌ ညီအစ်ကိုတို့ကို ချစ်ပါလော့။ မသန့်မစွမ်း မေဖိဘောရှက်ကို တွေ့ခဲ့လျှင် ယောနသန်၏ မျက်နှာကိုထောက်၍ မစကူညီပါလော့။ ပင်ပန်းလျက်ရှိသော ယုံကြည်သူကိုတွေ့လျှင် သင်၏အပြစ်ကို ယူဆောင်ပေးတော်မူ၍ ငိုကြွေး တော်မူသော ယေရှု၏ မျက်နှာကိုဆောက်လျက် သူနှင့်အတူ ငိုကြွေးပြီး၊ ကူညီပေးခြင်းပြုလော့။ ခရစ်တော်ပြုသောအမှုကြောင့် သင်ခွင့်လွှတ်ခြင်း ခံရသည်ဖြစ်သောကြောင့်၊ ထိုခွင့်လွှတ်ခြင်း ဂရုဏာတော်တရားကို သူတပါးထံ ဟောပြောကြလော့။ ဤအလွန်ဝမ်းမြောက်ဖွယ် မင်္ဂလာသတင်းကို မိမိအဖို့သာ သိမ်းမထားဘဲ၊ သူတပါးထံ ထိုကားတိုင်တော်အကြောင်းကို ပြောကြားပါလော့။ သန့်ရှင်းသော ဝမ်းမြောက်ခြင်းနှင့် သန့်ရှင်းသောရဲရင့်ခြင်းက သင့်ကိုတရားဟောဆရာကောင်း ဖြစ်စေ၍၊ ဤကမ္ဘာလောက တခုလုံးသည် သင့်အဖို့ တရားဟောပလ္လင်ဖြစ်စေပါလိမ့်မည်။ သန့်ရှင်းသော ဝမ်းမြောက်ရွှင်လန်းခြင်းသည် တရားဟောခြင်း၏ တန်ခိုးအစွမ်းဖြစ်ပါသည်။ သို့သော်လည်း ထိုဝမ်းမြောက်ခြင်းကို ဘုရားသခင် ပေးတော်မူခြင်းဖြစ်ပါစေ။ ထိုဝမ်းမြောက်ခြင်းကို သင်အပြင်သို့ မထွက်မီအရင်ရှာပါလော့။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ရွှင်လန်းခြင်းသည် ဘုရားသခင် ပြုတော်မူသောအမှုကြောင့် ဖြစ်ပါလျှင်၊ အလွန်ဝမ်းမြောက်ခြင်းရှိခြင်းကို စိုးရိမ်ထိတ်လန့်စရာမလိုပါ။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်၏အသက်တာသည် ဘုရားသခင်အတွက်အမှုတော်ဆောင်ခြင်း အသက်တာဖြစ်ရပါမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ အမှုတော်ဆောင်ရွက်ခြင်း၌ ဝမ်းမြောက်ခြင်း ပေးသနားတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

*"... သင်၏ဘုရားသခင် ထာဝရဘုရားကိုကိုးကွယ်ရမည်။ ထိုဘုရားသခင်ကိုသာ ဝတ်ပြုရမည် ကျမ်းစာလာသည်ဟု မိန့်တော်မူ၏"*

# ယေဟောဝါသည် မိမိဖန်ဆင်းတော်မူသောအရာအားလုံးကို အဆုံးစွန်အုပ်စိုးတော်မူ၏

ယေဟောဝါ (ဘုရားသခင်၏ ဟေဗြဲနာမ) ကို King James သမ္မာကျမ်းစာထဲတွင် "ထာဝရဘုရား" ဟု ဘာသာပြန်ထားပါသည်။ ဘုရားသခင်၏ ဘုန်းအာနုဘော်နှင့် တန်ခိုးတော်ကို အကျယ်ချဲ့ဖော်ပြနေစရာမလိုပါ။ ဘုရားသခင်သည် ဘုရင်တကာတို့၏ဘုရင် ဖြစ်တော်မူ၏။ သူသည် ခိုင်ခံ့သောရဲတိုက် ဖြစ်တော်မူ၍ မိမိ၏ရန်သူကို တိုက်ခိုက်ခြင်းငှါ၄င်း၊ မိမိ၏နိုင်ငံတော်ကို ကွယ်ကာခြင်းငှါ၄င်း အသင့်ရှိတော်မူ၏။ ဖန်ဆင်းရှင်ဘုရားသခင် ဖန်ဆင်းတော်မူသောအရာကို ကျွန်ုပ်တို့ တွေ့မြင်ရ၍၊ ထိုဖန်ဆင်းထားသောအရာများမှ ကိုယ်တော်၏အသံတော်ကို ကျွန်ုပ်တို့ကြားသိရပါသည် (အပိုဒ်ငယ် ၃)။

ဘုရားသခင်၏ အသံတော်ကို အစဉ်ကြားနေရပါသည်
မိုးချုန်းသံ၊ ငှက်ကလေးအော်မြည်သံ၊ ကြမ်းတမ်းသောရေစီးချောင်း၊
သာယာသောစမ်းချောင်း၊ ပင်လယ်လှိုင်းလုံးများ၊ မြေပြင်အချိုး
အကွေ့များ၊ ကျောက်ဆောင်များ၊ သဲမှုန်များတို့၌
ကိုယ်တော်၏အသံကို ကြားနေရပါသည်။ ဘယ်နေရာကြည့်ကြည့်၊
ကောင်းကင်မှမြေကြီးအဆုံး၊ ဘုရားသခင်၏
လက်ရာတော်မမြင်ရသောနေရာ ရှိပါသလား၊ (Eliza Cook)

ထို့ပြင်အပိုဒ်ငယ် ၄ ထဲ၌၊ ရေများနှင့် သမုဒ္ဒရာ လှိုင်းတံပိုးကို ဟုန်းသံဟုဖော်ပြလျက်၊
မိမိ၏တန်ခိုးတော်နှင့် ယှဉ်စရာမရှိကြောင်း ဘုရားသခင် ဖော်ပြခဲ့ပါသည်။
လှိုင်းတံပိုးဟုန်းဟုန်းအော်မြည်သံ၊ ကောင်းကင်ယံတိုင်အောင်
ကျယ်လောင်သော ကြောက်စရာလှိုင်းပုတ်သံတို့ထက်
ယေဟောဝါ၏ တန်ခိုးသည် ပို၍အားကြီးတော်မူ၏။
နှုတ်ထွက်စကားတော်သည် မှန်သောစကားဖြစ်၍
သန့်ရှင်းစေတတ်၏ ကိုယ်တော်စံမြန်းရာ အိမ်တော်သည်
အလွန်ကြီးမြတ်တော်မူ၏။ (Richard Mant)

မုန်တိုင်းလှိုင်းလုံးတို့ ထကြွကြသောအခါ ဘုရားသခင်သည် လွယ်ကူစွာဆီးတားနိုင်တော်မူ၏။ ထိုနည်းတူ လူဆိုးတို့သည် ဘုရားသခင်ကို ပုန်ကန်အမျက်ထွက်ကြသောအခါ၊ ဘုရားသခင်က ထိုသူတို့ကို အနိုင်ယူ၍၊ သူတို့ပြောသောမုသားကို ပြောင်းပြန်လှန်တော်မူတတ်၏။

**ဆင်ခြင်ရန်** - (ဆာလံ ၉၃း၂ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - (သင့်အသက်တာ၌ ဘုရားသခင်ပြုတော်မူသောအမှုကြောင့် ကိုယ်တော်ကို ချီးမွမ်း၍ ကျေးဇူးတော်ကို ချီးမွမ်းပါလော့)။

တနင်္ဂနွေ၊ ဧပြီ (၇)
**ဆာလံ ၉၃း၂**
ဗျာ ၁း၈

*ဘုရားသခင်သည် နိစ္စထာဝရဘုရား ဖြစ်တော်မူ၏။*

## ထာဝရတည်တော်မူသောခရစ်တော်

ခရစ်တော်သည် အစဉ်အမြဲတည်တော်မူသော ဘုရားဖြစ်တော်မူ၏။ ထိုခရစ်တော်အကြောင်းကို ဒါဝိဒ်နှင့်အတူ ဤသို့ သီချင်းအားဖြင့်မြွက်ဆိုကြပါစို့။ "အိုဘုရားသခင်၊ ကိုယ်တော်၏ ပလ္လင်တော်သည် နိစ္စထာဝရ ပလ္လင်ဖြစ်ပါ၏" (ဆာလံ ၄၅း၆)။ ယုံကြည်သူသည် မနေ့၊ ယနေ့၊ နောင်ကာလပြောင်းလဲခြင်းမရှိသော ယေရှုခရစ်တော်၌ ဝမ်းမြောက်ခြင်းရှိပါလော့။ ယေရှုသည် အစဉ်တည်ရှိ တော်မူခဲ့ပြီး၊ နှုတ်ကပတ်တော်အတိုင်း ဗက်လင်မြို့၌ လူ့ဇာတိခံမွေးဖွားခဲ့ပါသည်။ သူသည် အစအဦးမှတည်ရှိတော်မူပြီး၊ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အရှင်ဖြစ်ပါ၏။ ပတ်မုကျွန်း၌ ယောဟန်ထံ ခရစ်တော်သည် ဤသို့မိမိ၏နာမကို ဖော်ပြတော်မူခဲ့၏။ "ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ဘုရားသခင်. . . " (ဗျာ ၁း၄)။ သူသည် ထာဝရဘုရား သခင်ဖြစ်တော်မမူခဲ့လျှင် ဤမျှလောက်ကျွန်တော်တို့ ချစ်ခင်အမှုတော်ဆောင်နိုင်ခဲ့မည် မဟုတ်ပါ။ ပဋိညာဉ်နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာအပေါင်း၏ မြစ်ဖျားခံဖြစ်သော ထာဝရချစ်ခြင်းမေတ္တာတော် ပိုင်ရှင်ဖြစ်ကြောင်း ကျွန်တော်တို့ သိနားလည်ခဲ့မည် မဟုတ်ပါ။ သို့သော်လည်း ခရစ်တော်သည် ခမည်းတော်နှင့် သန့်ရှင်းသောဝိညာဉ်တော်၌တည်သော အနန္တမေတ္တာကို ကိုယ်တော်၌ လည်း တွေ့ကြရခြင်းဖြစ်၏။ အကျွန်ုပ်တို့၏ သခင်ယေရှုသည် အစဉ်တည်ရှိတော်မူသည်ဖြစ် သောကြောင့် ထာဝရဆက်လက်တည်ရှိတော်မူမည်။ ယေရှုသည် သေလူမဟုတ်၊ အစဉ်အသက်ရှင် တော်မူပြီး ကျွန်ုပ်တို့အတွက် တောင်းလျှောက်ခြင်းပြုပေးတော်မူ၏။ လိုအပ်သောအချိန်တိုင်း၌ ကိုယ်တော်ထံ ချဉ်းကပ်ပါလော့၊ သင့်ကို ကောင်းကြီးပေးခြင်းငှါ စောင့်လျက်ရှိတော်မူ၏။

ထို့ပြင် ကျွန်ုပ်တို့၏ သခင်ယေရှုသည် ထာဝရရှိတော်မူလိမ့်မည်။ ဘုရားသခင်က သင့်အားသက်တမ်းစေ့၊ နှစ်ပေါင်း ၈၀ အသက်ရှင်ခွင့်ပေးတော်မူလျှင်၊ ကိုယ်တော်၏သန့်ရှင်းစေခြင်း စမ်းရေတွင်းသည် သင့်အတွက် အစဉ်ဖွင့်ပေးတော်မူကြောင်းကိုငှင်း၊ ကိုယ်တော်၏ အသွေးတော်တန်ခိုးသည် ပျက်ပယ်ခြင်းမရှိကြောင်းကိုငှင်း၊ သင်တွေ့ရှိလိမ့်မည်။ ထိုယဇ်ပုရောဟိတ်သည် သင်၏အပြစ်ဒုစရိုက်တို့ကို မိမိ၏အသွေးတော်အားဖြင့် ဆေးကြောသန့်ရှင်းစေခြင်းငှါ အစဉ်အသက်ရှင်လျက်ရှိကြောင်း သိမြင်ရမည်ဖြစ်၏။ သင်၏ နောက်ဆုံးထွက်သက်အထိ၊ ထိုကိုယ်တော်၏ လက်တော်သည် အားပျော့သွားခြင်းမရှိကြောင်း၊ အသက်ရှင်တော်မူသော ထိုကယ်တင်ရှင်က သင့်ကို အားပေးကြိုဆိုလျက်ရှိကြောင်း၊ သင်တွေ့ရလိမ့်မည်။ ထိုသို့ သင်ကောင်းကင်နိုင်ငံဝင်ရသောအခါ၊ နှုတ်ပျိုလျက်ရှိနေသော ကိုယ်တော်ကို မြင်တွေ့ရပါလိမ့်မည်။ သခင်ယေရှုသည် မိမိလူတို့အဖို့ ပျော်ရွှင်ခြင်း၊ အသက်ရှင်ခြင်းနှင့် ဘုန်းအသရေတော်၏ ထာဝရဖခင်ကြီးအဖြစ် ထာဝရတည်နေတော်မူမည် ဖြစ်ပါသည်။ ထိုအသက်စမ်းရေတွင်းမှ အသက်ရှင်ခြင်းစမ်းရေကို သင်အစဉ်ယူခပ်နိုင်မည်ဖြစ်၏။ သခင်ယေရှုသည် မိမိ၏ဂုဏ်ပုဒ်အရာ၌ငှင်း၊ တန်ခိုးတော်အရာ၌ငှင်း၊ မိမိလူတို့အပေါ် ကောင်းကြီးပေးခြင်း၊ နှိမ့်သိမ့်ခြင်း၊ ကွယ်ကာစောင့်ရှောက်ခြင်း အမှုတို့၌ ပြောင်းလဲခြင်းမရှိ၊ ထာဝရတည်တော်မူသောပုဂ္ဂိုလ် ဖြစ်တော်မူ၏။

(Spurgeon)

**ဆင်ခြင်ရန်** - ခရစ်တော်သည် ထာဝရ တည်တော်မူသောသူဖြစ်သည်ဟူသောအချက်က အကျွန်ုပ်၏အသက်တာ၌ မည်သို့သောအကျိုးကို ဖြစ်စေပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အစဉ်ထာဝရတည်တော်မူကြောင်း သိရှိခြင်းဖြင့် အကျွန်ုပ်ရရှိသောလုံခြုံသည့် အသက်တာကြောင့် ကိုယ်တော့်ကို ကျေးဇူးတင်ပါ၏။

တနင်္လာ၊ ဧပြီ (၈)

**ဆာလံ ၉၄**

ဒေ ၃း၁၁ *"မခြားမလပ် ဆုတောင်း ပဋ္ဌနာပြုကြလော့"*

## အမှန်တရားသည် စွန်အားဖြစ်၏၊ စွန်အားသည် အမှန်တရားမဟုတ်ပါ

ဤကမ္ဘာလောကသည် ဖိနှိပ်ခြင်းနှင့်ပြည့်သော နေရာဖြစ်ပါသည်။ ငယ်ရွယ်သော ခရစ်ယာန်တဦးသည် အသက်မွေးဝမ်းကျောင်းအတွက် အလုပ်စလုပ်သောအခါ ဆိုးယုတ်သော အလုပ်သမားများစွာ ကြုံတွေ့ရမည်ဖြစ်ပါသည်။ သူ့ထက်အင်အားကြီးသောသူတို့သည် သေးငယ်သောငါးတို့ကို စားခြင်းငှါ အသင့်စောင့်နေသော ငါးကြီးများဖြစ်ကြပါသည်။ ထို့ကြောင့် သခင်ယေရှုက တပည့်တော်တို့အား ဤသို့ သတိပေးတော်မူခဲ့၏ "တောခွေးစုထဲသိုးတို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။ ထို့ကြောင့်သင်တို့သည် မြွေကဲ့သို့လိမ္မာလျက်၊ ချိုးငှက်ကဲ့သို့ အဆိပ်ကင်းလျက် ရှိကြလော့" (မသဲ ၁၀း၁၆)။

ဤဆာလံဆရာကလည်း အင်အားကြီးသောသူ၊ ခွန်အားကြီးသောသူ၏ နှိပ်စက်ခြင်းကို ခံစားကြုံတွေ့ခဲ့ပါသည်။ အားနည်းသော အခြားသူတို့ဝါးမျိုခြင်းကိုခံခဲ့ရကြောင်းလည်း သူမြင်တွေ့ခဲ့၏။ "မုတ်ဆိုးမနှင့် ဧည့်သည်ကိုငှင်း၊ မိဘမရှိသော သူငယ်ကိုငှင်း သတ်ကြပါ၏" (ဆာလံ ၉၄း၆)။ ဤအမှုသည် ခေတ်တိုင်း၌ ဖြစ်ပျက်သောအရာဖြစ်ပါသည်။ ယေရှုကလည်း ထိုသို့ သူတပါးကို ညှင်းဆဲသော၊ သူရဲဘောကြောင်သော သူတို့၏အကြောင်းကို ဤသို့ဖော်ပြခဲ့၏။ "လျို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည်အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ မုဆိုးမအိမ်ကိုလုယူသိမ်းစား၍၊ အပြစ်မပေါ်စေခြင်းငှါရှည်စွာသော ပဋ္ဌနာစကားကို ရွတ်တတ်ကြ၏။ ထို့ကြောင့်သာ၍ကြီးစွာသော ဒဏ်ကိုခံရကြလတံ့" (မသဲ ၂၃း၁၄)။ ဆာလံ ၉၄ ကို ရေးသားသောသူကဲ့သို့ သင်ညှင်းဆဲခြင်းကိုခံရပါသလား။

ဆာလံဆရာသည် ထိုသို့ နှိပ်စက်ခြင်းခံသော်လည်း အားလျော့၍မနေသောကြောင့်၊ ဘုရားသခင်ကို ချီးမွမ်းပါ၏။ အဆုံးစွန်အာဏာရှိတော်မူသော၊ အနန္တတန်ခိုးရှင်၊ အလုံးစုံကိုသိတော်မူသောဘုရား၊ နေရာတကာရှိတော်မူသော ဘုရားသခင်ကို ဝတ်ပြုကိုးကွယ်ခဲ့ပါသည်။ မိမိကိုဖန်ဆင်းတော်မူသော ဘုရားထံ ချဉ်းကပ်တိုးဝင်ခဲ့ပါ၏။ မိမိ၏အမှုကို စီရင်ပေးတော်မူခြင်းငှါ ဘုရားသခင်ထံ ဆုတောင်းခဲ့ပါ၏။ အကျွန်ုပ်တို့၌လည်း အကောင်းဆုံးစီရင်ပေးတော်မူမည့် ထိုဘုရားသခင်ရှိတော်မူ၏။

ဘုရားသခင်သည် ထိုသို့ညှင်းပန်းနှိပ်စက်တတ်သော သူတို့ကို ကျွန်ုပ်တို့ အားဆုံးမသွန်သင်ခြင်းငှါ အသုံးပြုလေ့ရှိပါသည်။ သို့သော်လည်း၊ နောက်ဆုံးတွင် ထိုလူဆိုးတို့ကို ဘုရားသခင် စီရင်တော်မူလိမ့်မည်ဖြစ်၏။ "ခွန်အားသည် အမှန်တရားမဟုတ်၊ အမှန်တရားသာလျှင် ခွန်အားဖြစ်ပါသည်။" ကယ်တင်ကူညီမစခြင်းအတွက် ထိုဘုရားသခင်ထံ ချဉ်းကပ်ပြေးဝင်ကြပါစို့။

**ဆင်ခြင်ရန်** - ငါးကြီးက သေးသောငါးကိုစား၏။ ဤသည်ကား ကျွန်ုပ်တို့၏ ကမ္ဘာလောက ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၌ချဉ်းကပ်တည်နေပါသောကြောင့် အကျွန်ုပ်သည် လူဆိုး တို့၏ ဝါးမျိုခြင်းကို မခံရသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါ၏။

**ဆာလံ ၉၅**

မာလ ၁း၆-၁၁

*"သန့်ရှင်းသောတန်ဆာကိုဆင်၍*
*ထာဝရဘုရားကို ကိုးကွယ်ကြလော့"*

## ဝတ်ပြုကိုးကွယ်ခြင်း၌ နိုးဆော်ခြင်းနှင့် လမ်းလွဲသောသူတို့အား သတိပေးခြင်း

ဤဆာလံသည် ဟေဗြဲ သီချင်းဖြစ်၍ လူတို့အား ဝတ်ပြုကိုးကွယ်ခြင်း၌ နိုးဆော်လျက်၊ တောထဲ၌ နှစ်ပေါင်းလေးဆယ် တောလည်ခဲ့သည်ဖြစ်သောကြောင့် ထိုသို့ မိမိလူတို့ လမ်းမလွဲ စေရန် သတိပေးခြင်းလည်း ဖြစ်ပါသည်။ ဤဆာလံသည် ယနေ့အသင်းတော်အား ထိုသို့ ဘုရား သခင်ကို ဝတ်ပြုကိုးကွယ်ခြင်း၌ နိုးဆော်လျက်၊ ဣသရေလကဲ့သို့ တောထဲ၌ လမ်းလွဲခြင်းမရှိ အောင် ကျွန်ုပ်တို့ကို သတိပေးလျက် ရှိပါသည်။

ဤဆာလံနှင့် ပတ်သက်၍ Spurgeon က "ဤဆာလံသည် ဘုရားကျောင်း ခေါင်း လောင်းကဲ့သို့ မြည်လျက်ရှိ၏။ ဤခေါင်းလောင်းသည် သာယာငြိမ်သျောင်းစွာမြည်ကဲ့သို့၊ ကြေကွဲ ဝမ်းနည်းဖွယ်လည်း မြည်လျက်ရှိ၏။ အစတွင် ကျယ်လောင်စွာမြည်ခဲ့ပြီး၊ နောက်ဆုံးတွင် တောထဲ၌ သေကျေပျက်ဆီးခဲ့သော ထိုခေတ်ကမျိုးဆက်တို့အဖို့ အသုဘခေါင်းလောင်းမြည်သံ ကဲ့သို့ ကြေကွဲ ဖွယ်ကြားခဲ့ရ၏" ဟု ဆိုခဲ့ပါသည်။

သာယာသော ပထမခေါင်းလောင်းသံနှင့် ဒုတိယအသံဖြစ်သော အသုဘခေါင်းလောင်း သံတို့ကို ခွဲခြားပေးသောကျမ်းပိုဒ်သည် အပိုဒ်ငယ်(၇) ဖြစ်ပါသည်။ ထို့ကြောင့် ဤသို့ ခွဲထားနိုင် ပါ၏။

၁။ ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ဖိတ်ခေါ်ခြင်း

၂။ အထူးသတိပေးခြင်းအားဖြင့် ဖိတ်ခေါ်ခြင်းသို့ ဖြစ်ပါသည်။

ဘုရားသခင်၏နေ့မြတ် တနင်္ဂနွေနေ့ ဝတ်ပြုကိုးကွယ်ခြင်း၌ သင်းအုပ်ဆရာနှင့် သဘာ ပတိတို့အတွက် စကားဟူမူကား၊ ဝတ်ပြုကိုးကွယ်ခြင်း အစပြုသောအခါ လူထုပရိသတ်၏ စိတ်အာ ရုံကို စုစည်းပြင်ဆင်ခြင်းအဖို့ နိုးဆော်ခြင်းပြုခြင်းသည် ကောင်းလှပါ၏။ ဆာလံ၌ တွေ့ရသည့် ချီးမွမ်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းတို့ကို ထိုသို့ နိုးဆော်ခြင်းအတွက် အသုံးပြုကြပါသည်။ ဥပမာအားဖြင့်၊ ဆာလံ ၁၀၀ သည် အလွန်ကောင်းလှပါ၏။

**ဆင်ခြင်ရန်** - ဝတ်ပြုကိုးကွယ်ခြင်းကို အစမှအဆုံးထိ သေချာပြင်ဆင်ခြင်းသည် အရေးကြီး လှပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုကို ဆောင်ရွက်နိုင်ခြင်း၌ ကိုယ်တော်၏ သန့်ရှင်းသောဝိညာဉ်တော်ကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

**ဆာလံ ၉၆**

၅ ရာ ၁၆း၇-၃၆

*"လူမျိုးအပေါင်းတို့ထံသို့ ဧဝံဂေလိတရားကို ဟောကြလော့"*

## ဒါဝိဒ်က တပါးအမျိုးသားတို့ ပြောင်းလဲခြင်းကို မြင်ခဲ့၏

ဤဆာလံသည် ဒါဝိဒ်ပြင်ဆင်ထားသော တဲတော်သို့ ဘုရားသခင်၏ သေတ္တာတော် သယ်ဆောင်ခြင်းအဖို့ ဒါဝိဒ်စပ်ဆိုထားသော သီချင်းမှ ကောက်နုတ်ထားခြင်းဖြစ်ပါသည်။ ထိုအမှုကို ၅ ရာ ၁၅ နှင့် ၁၆ ထဲတွင် ဖော်ပြထားပါသည်။ ဤဆာလံ ၉၆ သည် ထိုဆာလံသီချင်း၏ ဒုတိယ အပိုင်းမှ တောက်နုတ်ခြင်းဖြစ်၏။ ပထမအပိုင်းသည် ဣသရေလလူတို့နှင့်သာ သက်ဆိုင်ခဲ့ပြီး၊ ဒုတိယအပိုင်းသည် တပါးအမျိုးသားတို့နှင့် သက်ဆိုင်ခြင်းရှိခဲ့၏။

ဣသရေလလူတို့၏ ခေါင်းမာမှုကိုဖော်ပြ၍၊ သူတို့ထံမှ သတင်းကောင်းကို တပါးအမျိုး သားတို့ထံ ဟောပြောခြင်းရှိမည်အကြောင်း ဖော်ပြထားသော ဆာလံ ၉၅ နောက်မှ လိုက်လာသော ဆာလံ၉၆ သည် အလွန်အဓိပ္ပါယ်ရှိလှပါ၏။ ဤဆာလံ ၉၆ သည် ဒါဝိဒ်၏ ကြီးမားလှသော စိတ်သဘောထားကို ဖော်ပြလျက်၊ တပါးအမျိုးသားတို့ထံ မိန့်ဆိုခြင်းဖြစ်ပါ၏။ ဒါဝိဒ်သည် ဝမ်းမြောက်လျက် သေတ္တာတော်ရှေ့၌ ကနေစဉ်၊ စူပါရုံအားဖြင့် ဤကမ္ဘာလူသားတို့သည် ရုပ်တုကိုး ကွယ်ခြင်းမှ စစ်မှန်၍ အသက်ရှင်တော်မူသော ဘုရားသခင်ထံ ပြောင်းလဲခဲ့ကြကြောင်း မြင်တွေ့ ခဲ့၏။

ဒါဝိဒ်၏ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ခံစားသိရှိခဲ့ပါလျှင်၊ ရှောလု၏ သမီး မိခါလသည် ဒါဝိဒ်ကို မထီမဲ့မြင်ပြုခဲ့လိမ့်မည်မဟုတ်။ ထိုခေတ်အခါ၌ရှိကြသော ယုဒလူတို့သည် လူသားအား လုံးအပေါ် စာနာသနားခြင်း ရှိခဲ့ကြပါလျှင်၊ ဤကမ္ဘာလောက၌ ဘုရားသခင်၏ ဘုန်းအသရေ တော်နှင့် ပြည့်လိမ့်မည်ဟူသော ဒါဝိဒ်၏ ပရောဖက်ပြုချက်၌ သူတို့သည် ပျော်ရွှင်လျက် သီချင်း ဆိုခဲ့ကြပါလိမ့်မည်။

ဆာလံ ၉၆ ကို Spurgeon က သာသနာပြုခြင်း သီချင်းဟုခေါ်တွင်ခဲ့၏။

**ဆင်ခြင်ရန်** - "ကမ္ဘာလုံးဆိုင်ရာ သာသနာပြုခြင်းအမြင် ကျွန်ုပ်၌ရှိရပါ၏။"

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အလိုရှိတော်မူသောအရပ်သို့ သွားခြင်ငှါ အကျွန်ုပ် အား မစတော်မူပါ။

**ဆာလံ ၉၇**
ဗ၁ ၄း၆

*"ဝိညာဉ်သာလျှင် အသက်ရှင်စေ၏။*
*ကိုယ်ကာယသည် အလျှင်းမတတ်နိုင်"*

## သန့်ရှင်းသောဝိညာဉ်တော်ပြုမည့်အမှု ကြိုတင်ဖော်ပြခြင်း

ဆာလံ ၉၆ သည် တပါးအမျိုးသားတို့ထံ သတင်းကောင်းဟောပြောခြင်းနှင့်အတူ ဘုရားသခင် ချီးမွမ်းခြင်းသီချင်းဖြစ်၍၊ ယခုဆာလံသည် မှားယွင်းခြင်းနှင့် ရုပ်တုဆင်းတုကို ဖျက်ဆီးအောင်နိုင်သော သန့်ရှင်းသောဝိညာဉ်တော်ပြုသောအမှုကို ကြိုတင်ဖော်ပြခြင်းဖြစ်ပါသည်။

ယေရှု စိုးစံတော်မူသောကြောင့် ပင်လယ်နှင့် ကျွန်တို့သည် ဝမ်းမြောက်လျက် အသံပြုကြ၏ (အငယ် ၁)။

ဘုရားသခင်ထံမှ မီးကျလာခဲ့၏ (အငယ် ၃)။

လျှပ်စီးကဲ့သို့ သတင်းကောင်းသည် လင်းလက်ခဲ့၏ (အငယ် ၄)။

အခက်အခဲတို့သည် ပျောက်ကွယ်ကြ၏ (အငယ် ၅)။

လူအပေါင်းတို့သည် ဘုရားသခင်၏ ဘုန်းတော်ကို မြင်ရကြ၏ (အငယ် ၆)။

ရုပ်တုကိုးကွယ်သောသူတို့သည် အရှက်ကွဲကြ၏ (အငယ် ၇)။

အသင်းတော်သည် ဝမ်းမြောက်ခြင်းရှိ၏ (အငယ် ၈)။

ဘုရားသခင်သည် ကြုံတွေ့ရမည့် ညှင်းပန်းနှိပ်စက်ခြင်းအောက်၌ သန့်ရှင်းသူတို့အား ကြံ့ကြံ့ခံခြင်းငှါ တိုက်တွန်းနိုးဆော်ခြင်းဖြင့်နိဂုံးချုပ်ခဲ့ပါသည်။ ထို့ပြင် သန့်ရှင်းသူတို့အား သူတို့၏လမ်းခရီးလင်းလျက် ရှိသည်ဖြစ်၍၎င်း၊ ခံရမည့်ဆုလာဒ် အမှန်ရှိသည်ဖြင့်၍၎င်း၊ ဝမ်းမြောက်ခြင်းရှိကြရန် နိုးဆော်ခဲ့ပါသည်။

ဤဆာလံကို အပိုဒ်ငယ် ၃ ပိုဒ်စီပါသော အပိုင်း ၄ ပိုင်းဖြင့် ခွဲထားပါသည်။

(၁) ဘုရားသခင် ကြွလာတော်မူခြင်း (အပိုဒ် ၁-၃)
(၂) ကမ္ဘာမြေကြီးပေါ် ဖြစ်ပေါ်သော အကျိုးသက်ရောက်မှု (အပိုဒ် ၄-၆)
(၃) လောကီလူတို့နှင့် ဘုရားသခင်လူတို့အပေါ် လွှမ်းမိုးမှု (အပိုဒ် ၇-၉)
(၄) သန့်ရှင်းခြင်းရှိရန်နှင့် ဝမ်းမြောက်ခြင်းရှိရန် တိုက်တွန်းနိုးဆော်ခြင်း (အပိုဒ် ၁၀-၁၂)။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အံ့ဖွယ်လုပ်ရှားတော်မူ၏။
**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အံ့ဖွယ်အမှုပြုခြင်းကို မြင်တွေ့ရမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဧပြီ (၁၂)

**ဆာလံ ၉၇း၁**

ဗျာ ၁၉း၆

*"ဘုရားသခင်သည် မိမိအားယုံကြည်ကိုးစားသော သူတို့ကိုကာကွယ်စောင့်လျှောက်တော်မူ၏"*

# ထာဝရဘုရား စိုးစံတော်မူ၏

ဆာလံ ၉၇း၁ အတိုင်း ဘုရားသခင် စိုးစံတော်မူနေရွေ့ ကြောက်ရွံ့တုန်လှုပ်ရမည့် အကြောင်းအရင်းမရှိပါ။ ဤမြေလောက၌ ပင်လယ်လှိုင်းလုံးကဲ့သို့သော လူဆိုးတို့၏ အမျက်ဒေါသ ကို ဘုရားသခင်၏ တန်ခိုးတော်က ထိန်းချုပ်တော်မူ၏။ မြေကြီးကို မိုးရေက စိုစွတ်စေသကဲ့သို့ ကိုယ်တော်၏ ချစ်ခြင်းမေတ္တာတော်သည် ဆင်းရဲသောသူကို ဂရုဏာတော်အားဖြင့် အလျှင်အမြန် လန်းဆန်းစေတတ်၏။ ကြမ်းတမ်းသော လှိုင်းတံပိုးအလယ်၌ ဘုန်းတော်ရောင်ခြည်သည် မီးကဲ့သို့ လင်းလက်လျက်ရှိ၏။ ဘုရားသခင်၏ ဘုန်းတော်ကိုလည်း တိုင်းနိုင်ငံကျရှုံးခြင်းနှင့် မင်းအာဏာ ဆက်ဖျက်စီးခြင်း၌ ထင်ရှားလျက်ရှိ၏။ ကျွန်ုပ်တို့ကြုံတွေ့ရသော အခက်အခဲဒုက္ခတိုင်း၌ ကျွန်ုပ်တို့၏ ဘုရင်ဖြစ်တော်မူသော ဘုရားသခင်၏ လက်တော်ကို မြင်တွေ့ရပါ၏။

"ဘုရားသခင်သည် ထာဝရဘုရားဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ ပြဿနာအပေါင်းနှင့် မျက်ရည်တို့ကို မြင်တွေ့ကြားသိတော်မူ၏။ အို ငါ့ဝိညာဉ်၊ သင်နာကျင်ခံစားနေရသော်လည်း၊ အရာခပ်သိမ်းကို ဘုရားသခင် စိုးစံတော်မူကြောင်း မမေ့ပါနှင့်။"

ဘုရားသခင်၏ အဆုံးစွန်အာဏာတော်အောက်၌ နတ်ဆိုးတို့သည် အပါယ်ငရဲ၌ အာဏာ ရှိကြ၏။ လျှောက်သွားခြင်းငှါ အခွင့်ရကြသော်လည်း၊ ခြေ၌ သံကြိုးတပ်ထားလျက် သွားလာခဲ့ ရကြ၏။ ဗေဟမုတ်၏ ပါးစပ်၌ ဇက်ကြိုးတပ်ထား၍၊ လေဝိသန်၏ မေးရိုး၌ သံကွင်းချိတ်ထား တော်မူ၏။ သေစေတတ်သောမြှားတို့သည် ဘုရားသခင်လက်တော်အောက်၌ ရှိကြပြီး၊ မရဏ အကျဉ်းထောင်သည်လည်း ဘုရားသခင်၏ တန်ခိုးတော်အောက်၌ ရှိပါ၏။ ခွေးတို့သည် မုဆိုး၏ ကြာပွတ်ကို ကြောက်၍ ငြိမ်သက်နေသကဲ့သို့၊ လူဆိုးလူမိုက်တို့ကို ဤကမ္ဘာတခုလုံးအပေါ် စီရင် တော်မူသော တရားသူကြီး၏ အမျက်တော်အောက်၌ ကြောက်ရွံ့တုန်လှုပ်လျက် နေကြပါ၏။

"သေခြင်းကိုမကြောက်ပါနှင့်၊ စာတန်၏ ရန်ကိုလည်း မကြောက်ပါနှင့်၊ မိမိကို ယုံကြည် ကိုးစားသောသူတို့အား ဘုရားသခင် ကွယ်ကာတော်မူ၏။ အို ငါ့ဝိညာဉ်၊ နာကျင်နေရသော်လည်း၊ အရာခပ်သိမ်းအပေါ်၌ ဘုရားသခင် စိုးစံတော်မူကြောင်း အောက်မေ့ခြင်းရှိပါလော့ ။"

ကောင်းကင်ဘုံ၌ ထာဝရရှင်ဘုရင်၏ အဆုံးစွန်အာဏာတော်ကို အဘယ်သူမျှသံသယ မဝင်ကြပေ။ ရိုသေကြည်ညိုသောစိတ်ဖြင့် ကိုယ်တော်ရှေ့တော်၌ နှိုးချပြုပ်ဝတ်လျက်နေကြ၏။ ကောင်းကင်တမန်တို့သည် ကိုယ်တော်၏ အခြွေအရံဖြစ်ကြ၍၊ ရွေးနှုတ်ခြင်းခံရသောသူတို့သည် ကိုယ်တော်၏ အချစ်တော်များဖြစ်လျက်၊ နေ့ညမပြတ် ဝမ်းမြောက်စွာ ကိုယ်တော်ကို ဝတ်ပြုကြ ပါ၏။ ထိုမြတ်သော ဘုရင်၏ နိုင်ငံတော်သို့ အမြန်ဝင်ရောက်လိုပါ၏။

"ဝမ်းနည်းခြင်းနှင့် ပြည့်လျက်ရှိသော ဤဘဝ ညအမှောင်ရှည်ထဲ၌ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်းပေးတော်မူလိမ့်မည်။ အို ငါ့ဝိညာဉ်၊ နာကျင်နေရသော် လည်း၊ အရာခပ်သိမ်းအပေါ် ဘုရားသခင် စိုးစံတော်မူကြောင်းကို အောက်မေ့ခြင်းရှိပါလော့။"

(Spurgeon)

**ဆင်ခြင်ရန်** - ဘုရားသခင် စိုးစံတော်မူကြောင်း သိလျက်ပင် အဘယ်ကြောင့် ကျွန်တော် စိုးရိမ်ခြင်းရှိပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အုပ်စိုးခြင်းအာဏာစက်ရှိတော်မူသော ရှင်ဘုရင် ကိုယ်တော်အား အကျွန်ုပ်သည် ကြည်ညိုခြင်းရှိ၍ နာခံခြင်း အစဉ်ရှိပါမည်။

စနေ၊ ဧပြီ (၁၃)
**ဆာလံ ၉၇:၁၀**
သု ၃:၇

*"သင့်အနားမှာနေသော အိမ်နီးချင်း၌ မကောင်းသောအကြံကိုမကြံနှင့်"*

## မကောင်းမှုကို မုန်းတီးခြင်းရှိပါလော့

မကောင်းမှုကို မုန်းတီးခြင်းငှါ သင်၌ အကြောင်းပြချက် ကောင်းကောင်းရှိပါ၏။ အကြောင်းမှာ ထိုမကောင်းမှုက သင့်ကို အလွန်ဒုက္ခပေးခဲ့ပြီးဖြစ်ပါသည်။ အို ဤလောကသို့ အပြစ်က မကောင်းမှုအလုံးစုံမွေးဖွားစေခဲ့၏။ ကယ်တင်ရှင်၏ အလှတရားကို မမြင်နိုင်ခြင်းငှါ အပြစ်က သင်၏မျက်စိကိုကန်းစေခဲ့၏။ ကယ်တင်ရှင်၏ သိမ့်မွေ့သော ဖိတ်ခေါ်သံကို သင်မကြား နိုင်စေခြင်းငှါ သင့်ကို နားကန်းစေခဲ့၏။ အပြစ်သည် သင့်ခြေကို သေခြင်းလမ်းထဲသို့ လျှောက်သွား စေပြီး၊ သင့်အသက်တာ၌ အဆိပ်ရည်သွန်းလောင်းခဲ့၍၊ သင့်စိတ်နှလုံးကို ညစ်ဆိုးစေလျက် "ခပ်သိမ်းသော အရာထက်စဉ်းလဲ" စေ၍၊ "အလွန်ယိုယွင်းသောသဘော" ရှိစေ၏။ ဘုရားသခင် ထံမှ ကျေးဇူးတော် သင်မခံစားရမီအချိန်၌၊ မကောင်းမှုအပြစ်သည် သင့်ကို အလွန်ယိုယွင်း ပျက်စီးစေခဲ့သည် မဟုတ်လော့။ သူတပါးကဲ့သို့သင်သည် အမျက်ဒေါသကို အမွေဆက်ခံသော သူဖြစ်ခဲ့ပြီး၊ "မကောင်းမှုပြုခြင်းငှါ လူများတို့နောက်သို့ သင်လိုက်ခဲ့၏။" ကျွန်တော်တို့အားလုံးသည် ထိုသို့ဖြစ်ခဲ့ကြ၏။ သို့သော်လည်း ရှင်ပေါလုက ဤသို့ ကျွန်ုပ်တို့ကို အသိပေးခဲ့၏။ "ယခုတွင် သခင်ယေရှု၏ နာမတော်အားဖြင့်၄င်း၊ ငါတို့ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့်၄င်း၊ ဆေးကြော သန့်ရှင်း၍ ဖြောင့်မတ်ရာသို့ ရောက်ကြပြီ" (၁ ကော ၆:၁၁)။

ကျွန်ုပ်တို့သည် ပြန်လှည့်ကြည့်၍ မကောင်းမှုပြုခဲ့သော ဆိုးယုတ်သောအရာတို့ကို ပြန်တွေးကြည့်သောအခါ၊ မကောင်းမှုကို မုန်းတီးခြင်းငှါ ကျွန်ုပ်တို့၌ အကြောင်းပြချက် ကောင်းကောင်းရှိပါ၏။ ထိုသို့ အကျွန်ုပ်တို့အသက်တာ၌ အပြစ်သည် မကောင်းမှုကိုပြုခဲ့၏။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အားဖြင့် ရွေးနှုတ်ခြင်းမခံခဲ့ရလျှင် ကျွန်တော်တို့ ပျောက်ဆုံးခဲ့ရပါလိမ့်မည်။ ယခုပင်လျှင် ထိုအပြစ်သည် ကျွန်ုပ်တို့ကို စောင့်ကြည့်လျက်၊ လမ်းမှားရောက်အောင် ကြိုးစားသွေးဆောင်လျက်ရှိ၏။ ထို့ကြောင့်၊ အို ခရစ်ယာန်၊ "မကောင်းမှုဒုစရိုက်ကို မုန်းတီးပါလော့။" ထိုသို့ မဟုတ်လျှင် သင်ဒုက္ခရောက်ပါလိမ့်မည်။ သင့်လမ်းခရီးဆူးပြောင့်ခလုတ်ရှိစေလိုလျှင်၊ ဒုစရိုက်ကို မမုန်းဘဲနေလော့။" သို့သော်လည်း၊ ဒုစရိုက်ကို မုန်းတီးလျက်၊ သန့်ရှင်းခြင်းလမ်းသို့ အဆုံးတိုင်အောင် လျှောက်လှမ်းပါလော့။ သင့်ကို ကယ်တင်သောအရှင်ကို သင်ချစ်၍ ရိုသေကြည်ညိုခြင်း အမှန်ရှိပါလျှင်၊ "ဒုစရိုက်အပြစ်ကို မုန်းပါလော့။" ဒုစရိုက်ချစ်ခြင်းအမှုကို ကုသခြင်းငှါ ဆေးမရှိပါ။ သို့သော်လည်း ခရစ်ယာန်သည် ခရစ်တော်နှင့် အစဉ်မိဿဟာယဖွဲ့ခြင်းဖြင့် ထိုအမှုကို တွန်းလှန်နိုင်ပါသည်။ ထို့ကြောင့် သခင်ယေရှုနှင့် များများအချိန်ပေးပါလော့၊ သို့ဆိုလျှင် အပြစ်၌ သင်ပျော်ရွှင်ခြင်းရှိမည်မဟုတ်ပါ။

"ကိုယ်တော်၏ နှုတ်ကပတ်တော်ဖြင့် အကျွန်ုပ်ခြေလှမ်းကို ပြင်ဆင်တော်မူ၍၊ အကျွန်ုပ်စိတ်နှလုံးကို ရိုးသားဖြောင့်မတ်စေတော်မူပါ။ အိုဘုရားသခင်၊ အပြစ်၏ လွှမ်းမိုးခြင်းမခံရစေဘဲ၊ အကျွန်ုပ်၏ စိတ်နှလုံးကို စင်ကြယ်စေစေတော်မူပါ။" (Spurgeon)

**ဆင်ခြင်ရန်** - "အကျွန်ုပ်၏ စိတ်နှလုံးထဲ၌ ဒုစရိုက်အပြစ်ကို ကျွန်တော် သိုထားပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ မကောင်းမှု ဒုစရိုက်မှန်သမျှကို အကျွန်ုပ်အား မုန်းတီးစေလျက်၊ ကိုယ်တော်၏ သန့်ရှင်းသောလမ်း၌သာ အကျွန်ုပ်ကို လျှောက်လှမ်းစေတော်မူပါ။

**ဆာလံ ၉၈**
ရောမ ၉း၁၉-၂၄

*"ယေရှုအဖို့ရပ်လျက်နေကြလော့"*

## ရှင်ဘုရင်အရာ၌ တင်မြှောက်ခြင်းသီချင်း

စစ်တိုက်ခြင်း၌ ကျွန်ုပ်တို့ ဘုရင်ကြွတော်မူ၏
အောင်နိုင်ခြင်းမြင်းရထားကို စီးလျက်မြှားကို
မိမိလေးကြိုး၌တပ်ပြီး ရန်သူကို အဝေးမှလှမ်းပစ်ခဲ့၏။

ယုံကြည်မှုက အမာကြောဆုံးသောနှလုံးကို ဖောက်၍
သူတို့သည် သွေးထွက်လျက်၊ အားနည်း၍ သေခဲ့ကြ၏။
တည့်တည့်ချိန်ရွယ်ထားသော ဧမာနွေလ၏မြှားဖြင့်
အသေသတ်ခြင်းခံရကြပြီး၊ အလောင်းတို့သည် စုပုံလျက်ရှိ၏။

ကြည့်လော့၊ မိမိ၏နှစ်ဖက်သွား ဓါးကို ကိုင်လျက်၊
ကြီးစွာသောတန်ခိုးတော်ဖြင့် စီရင်ပြီး၊ မိမိ၏ စကားတော်ဖြင့်
အရိုးနှင့်အဆစ်တို့ကိုပင် ထိုးဖောက်လျက် အပိုင်းပိုင်းဖြစ်စေ၏။

ကျေးဇူးတော်ဝတ်လုံကို ဝတ်ဆင်လျက်၊ အဘယ်သူကိုမျှ
မျက်နှာမထောက်ဘဲ သနားကြင်နာခြင်းမျက်နှာဖြင့်
ဂရုဏာတော်နှင့် တကွကြွလာခဲ့၏။
တန်ခိုးကြီးသော ကယ်တင်ရှင်ပေါ်ထွန်းပြီ။ သေသောသူကို
ပြန်လည်ရှင်စေတော်မူနိုင်သော တန်ခိုးရှိ၏။

ချစ်ခြင်းမေတ္တာနှင့်၄င်း၊ လက်တော်နှင့်၄င်း အောင်နိုင်သောသူ၊
ရှေ့တော်၌များစွာသောသူတို့ ပြပ်ဝပ်ကြ၏။ ဤသည်ကား
အောင်နိုင်သူ၏ တုနိုင်းမရသော နှစ်သက်စရာအမှုဖြစ်၏။
ရန်သူတိုင်းမိမိ မိတ်ဆွေဖြစ်လာတတ်၏။

(**ဆင်ခြင်ရန်** နှင့် **ဆုတောင်းချက်**အစား၊ ဤရှင်ဘုရင်အရာ၌ တင်မြှောက်ခြင်းသီချင်းကို အတူ လိုက်ဆိုကြပါစို့)

တနင်္လာ၊ ဧပြီ (၁၅)

**ဆာလံ ၉၉**

၁ ပေ ၅း၆-၁၁

*"ယေရှုသည် ငါ၏သခင်၊ ငါ၏ဘုရား၊ ငါ၏ အရာအားလုံး ဖြစ်တော်မူ၏"*

## သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းခြင်း ဆာလံ

ဆာလံ ၉၉ ကို သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းခြင်းဆာလံဟု အမည်ပေးသင့်ပါသည်။ အကြောင်းမှာ "သန့်ရှင်း" ဟူသော စကားလုံးဖြင့် အဆုံးသတ်ပြီး၊ အပိုဒ်ခွဲ၌လည်း ထိုစကားလုံးကို အသုံးပြုထားပါသည်။

အဓိကအကြောင်းအရာသည် ဘုရားသခင် အုပ်စိုးခြင်း အာဏာစက်၏ သန့်ရှင်းမှု၊ ဘုရားသခင်၏ လူတို့ အုပ်စိုးခြင်း၏ သန့်ရှင်းမှုပင်ဖြစ်ပါသည်။ အပိုဒ်ငယ် ၁၊၂၃ ထဲတွင်၊ ဘုရားသခင်၏ သန့်ရှင်းမှုကို ဖော်ပြသည်ဟုထင်ရပြီး၊ ဘုရားသခင် ချစ်ခြင်းမေတ္တာတော်၏ သန့်ရှင်းခြင်းနှင့် ရှင်ဘုရင်ဖြစ်တော်မူသော ဘုရားသခင်အကြောင်း ပြသခြင်းဖြင့် (အငယ် ၄ နှင့် ၅) ဘုရားသခင် ခန့်အပ်တော်မူသော ဘုရင်၏ တရားမျှတမှုကို ဖော်ပြထားပါသည်။ လူထု ကိုယ်စား မိမိအား ချဉ်းကပ်ခြင်းငှါ မိမိမျက်နှာသာပေး၍ ရွေးကောက်ထားသော ရေးကပုဂ္ဂိုလ် တို့အပေါ် ဘုရားသခင်က အလွန်သန့်ရှင်းဖြောင့်မတ်စွာ အမှုပြုတော်မူကြောင်းကို ဖော်ပြခဲ့၏ (ဆာလံ ၉၉း၆-၉)။

အပိုဒ်ငယ် ၁ ၌ဖော်ပြထားသော၊ ပလ္လင်တော်ကို ခြံရံထားသော ခေရုဗိမ်တို့ သီဆိုခြင်းငှါ အလွန်သင့်တော်သော သီချင်းဖြစ်ပါသည်။ ထို့ပြင် သန့်ရှင်းသောမြို့၊ ဇိအုန်းမြို့၌ နေထိုင်ကြသော သန့်ရှင်းသူတို့သင့်တော်သောသီချင်း၊ ဘုရားသခင်၏ အသင်းတော်ကို ဦးဆောင်ခဲ့သော ရှင်ဘုရင် ဒါဝိဒ်၊ ပညတ်တရားကို ပေးသောမောရှေ၊ ယဇ်ပုရောဟိတ် အာရုန်နှင့် ပရောဖတ် ရှမွေလတို့ သီဆိုရန်သင့်တော်သော ဆာလံသီချင်းဖြစ်ပါသည်။

အဘယ်သူမျှ ကြည်ညိုကိုးကွယ်ခြင်း မပြုသော်လည်း၊ ဘုရားသခင်၏ လူတို့သည် ဘုရားသခင်အား ကြည်ညိုကိုးကွယ်ခြင်းပြုရပါမည်။ နှိမ့်ချသောစိတ်နှင့် လူ့ဇာတိခံယူကြွလာတော်မူခြင်းက ချီးမြှောက်ခြင်းကို ဖြစ်စေလျက်၊ သစ္စာရှိတော်မူခြင်းက ပဋိညာဉ်ကို အတည်ဖြစ်စေတော်မူ၏။ ချစ်တော်မူသောကြောင့် ကျွန်ုပ်တို့အဖို့ မိမိအသက်ကို စွန့်တော်မူသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ ချီးမြှောက်ရပါမည်။ ခေရုဗိမ်တို့၏ အတောင်ပံအောက်မှ၄င်း၊ ကျေးဇူးတော်ပလ္လင် အထက်မှ၄င်း ဘုရားသခင်သည် ကျွန်ုပ်တို့အထံသို့ မိမိ၏အလင်းကို ဖြာကျစေတော်မူသည်ဖြစ်သောကြောင့်၊ ခြေတော်ရင်း၌ လာရောက်ဝတ်ပြုကိုး ကွယ်ကြပါစို့။ ကိုယ်တော်ရှေ့မှောက်၌ စိတ်အားထက်သန်စွာဖြင့်၊ စိတ်နှလုံးနှိမ့်ချစွာ၊ ပျော်ရွှင်ဝမ်း မြောက်သောစိတ်နှင့် ကြည်ညိုစွာဖြင့် ပြပ်ဝပ်ကိုးကွယ်ကြပါစို့။ ဝတ်ပြုကိုးကွယ်ခြင်းငှါ ကျွန်တော်တို့ စိတ်လှုပ်ရှားနေသင့်ပါသလား။ ကောင်းမြတ်တော်မူ၍ ကြီးမြတ်တော်မူသော ဘုရားသခင်ကို ချီးမြှောက် ဝတ်ပြုခြင်းသည် ကျွန်ုပ်တို့ နေစဉ်ဝမ်းမြောက်စွာ ပြုရမည့်အမှုဖြစ်ပါသည်။ "အကြောင်း မူကား၊ ကိုယ်တော်သည် သန့်ရှင်းတော်မူသတည်း" (အငယ် ၅)။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၉၉း၂ ကို ဖတ်ပါ)။

**ဆုတောင်းချက်** - အို အကျွန်ုပ်၏ ထာဝရဘုရားသခင်၊ သန့်ရှင်းတော်မူသောဘုရား ကိုယ်တော်ကို ချီးမြှောက်ပါ၏။

အဂိ၊ ဧပြီ (၁၆)
**ဆာလံ ၁၀၀**
ဟေဗြဲ ၁၃:၁၅-၁၇

*“ကောင်းကြီးမင်္ဂလာအပေါင်းမြစ်ဖျားခံရာ ထာဝရဘုရားအားချီးမွမ်းကြလော့”*

# တစ်ရာစုမြောက်သောဆာလံ

ဆာလံ ၁၀၀ ၏ ခေါင်းစဉ်သည် “ချီးမွမ်းခြင်း ဆာလံ” ဟူ၍ ဖြစ်ပါသည်။ ချီးမွမ်းခြင်းသည် အမြင့်ဆုံးသော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်သည်ဟု ကျွန်တော်ယူဆပါ၏။ ဥပမာအားဖြင့်၊ ကျွန်တော်တို့သည် မြတ်သော သောကြာနေ့၊ ရှင်ပြန်ထမြောက်ရာနေ့စသည်တို့၌ အောက်မေ့ဝတ်ပြုကိုးကွယ်ခြင်း ပြုကြပါသည်။ သို့သော်လည်း၊ ထိုနေ့တို့မရောက်မီကပင် အောင်နိုင်ခြင်းနှင့်တကွ ဝင်လာတော်မူသော ရှင်ဘုရင်ကို ယေရုရှလင်မြို့သူမြို့သားတို့နှင့်အတူ ဟောရှဏ္ဏာဟု ကြွေးကြော်၍ ချီးမွမ်းကြရပါမည်။ သူတို့၏ ရှင်ဘုရင်ကိုကြိုဆိုကြစဉ် သစ်ကိုင်းသစ်ခက်တို့ကိုယူ၍ သံလွင်ခက်ကိုလည်း ကိုင်ဆောင်ကြပြီး ထိုသို့ကြွေးကြော်ကြ၏။ ထို့ကြောင့် ထိုဥပုဒ်နေ့ကို သံလွင်ခက်ဥပုဒ်နေ့ဟုခေါ်တွင် ခဲ့ကြ၏။

သန့်ရှင်းသောပြည်၊ ယေရုရှလင်မြို့တွင် ထိုနေ့ရက်မြတ်၌ ကြီးကျယ်ခမ်းနားစွာ အမြင့်ဆုံးသော ဘုရားသခင်အား ချီးမွမ်းကြွေးကြော်ဝတ်ပြု ခဲ့ကြပြီး၊ အဘယ်အရာကမျှ မဆီးတားနိုင်ပါ။ ထိုသို့ ဘုရားသခင်ကို မိမိတို့ ဘုရားကျောင်းဝင်း၌ သံလွင်ခက်များ ကိုင်ဆောင်လျက် ချီးမွမ်းကြွေးကြော်ကြသော အချိုးအသင်းတော်ရှိ၏။ အဘယ်သူဆီးတားနိုင်ပါမည်နည်း။ ဆာလံ ၁၀၀ ကို သဘောပေါက်နားလည်ခြင်းမရှိဘဲ ဆိုတတ်ကြသည်ကို သင်သိပါသလား (ဆာလံ ၁၀၀ ကို ဝတ်ပြုကိုးကွယ်ခြင်း အစ၌ ဖတ်တတ်ကြ၏)။

အပိုဒ်ငယ် ၅ ထဲတွင်၊ ချီးမွမ်းရမည့်အကြောင်းရင်းဖြစ်သော ဘုရားသခင်၏ ဂုဏ်တော်နှင့် လက္ခဏာတော်တို့ကို ဖော်ပြထားပါသည်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍၊ ဂရုဏာတော်နှင့်ပြည့်လျက်၊ ချစ်ခြင်းမေတ္တာတော်ဖြစ်တော်မူ၏။ ကောင်းမြတ်သောသူကို မချီးမွမ်းသောသူသည် သူကိုယ်တိုင်ကောင်းသောသူ မဟုတ်နိုင်ပါ။ ဘုရားသခင်သည် တရားသဖြင့်စီရင်၍၊ အေးစက်မာကြောသောသူဟု ထင်ရသော်လည်း၊ သနားကျင်နာခြင်းစိတ်သဘောရှိ၍ အပြစ်သားသေဆုံးခြင်း၌ ဝမ်းမြောက်ခြင်းရှိတော်မမူ။ မိမိလူတို့ထံ ပဋိညာဉ်ပြုတော်မူ၍၊ ဘယ်သောအခါမျှ ထိုပဋိညာဉ်ကို ပြောင်းလဲမည်မဟုတ်ပါ။ ထိုသို့မိမိ၏ စကားတော်နှင့် ရည်ရွယ်ချက်ကို ဘယ်သောအခါမျှ မပြောင်းလဲစေတော်မူသော ဘုရားသခင်ရှေ့၌ ဝမ်းမြောက်ရွှင်လန်းသောစိတ်နှလုံးဖြင့် ပြပ်ဝပ်ကိုးကွယ်ကြပါစို့။

ချစ်သောစာဖတ်သူ၊ သင့်စိတ်နှလုံးထဲ၌ ယေရှုရှိခဲ့ပါလျှင်၊ ဤဆာလံဆရာကဲ့သို့ သင်သည် ဘုရားသခင်ကို ချီးမွမ်းသီချင်း ဆိုနိုင်မည်ဖြစ်ပါသည်။ သင်၏ ဘုရားသခင်ကို နေ့စဉ်ချီး မွမ်းပါလော့။ သင့်အသက်တာ၌ သွန်းလောင်းတော်မူသော ကောင်းကြီးမင်္ဂလာတိုင်းအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သိုးဖြစ်ပါ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်သည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။

ဗုဒ္ဓဟူး၊ ဧပြီ (၁၇)
**ဆာလံ ၁၀၀း၂**
တ ၂၀း၂၄

*“. . . အထူးထူးအပြားပြားသောစုံစမ်းနှောင့်ရှက်ခြင်းနှင့်
တွေ့ကြုံသောအခါ၊ ဝမ်းမြောက်စရာ အကြောင်း
သက်သက်ဖြစ်သည်ဟုမှတ်ကြလော့”*

# ဝမ်းမြောက်စွာ အမှုတော်ဆောင်ခြင်း

ဘုရားသခင်၏ အမှုတော်ကို ဝမ်းမြောက်စွာဆောင်ရွက်ခြင်းသည် ဘုရားသခင် လက်ခံတော်မူကြောင်း လက္ခဏာတခုပင်ဖြစ်ပါသည်။ ဆောင်ရွက်လိုခြင်းမရှိဘဲ၊ ဝမ်းနည်းခြင်းစိတ်သဘောဖြင့် အမှုတော်ဆောင်ခြင်းသည် ဘုရားသခင်၏ အမှုကို ဆောင်ရွက်သည်မဟုတ်ပါ။ ရှိသေသယောင်ပြုကြသော်လည်း၊ အမှန်မှာအသက်မပါချေ။ မိမိ၏ကျေးဇူးတော်ပလ္လင်၌ စိတ်မပါဘဲ အမှုတော်ဆောင်ရွက်သောကျွန် ဘုရားသခင်အလိုရှိတော်မမူ။ ကိုယ်တော်သည် ချစ်ခြင်းမေတ္တာဖြင့် အုပ်စိုးတော်မူသည်ဖြစ်၍၊ မိမိ၏ အစေခံကျွန်တို့သည် ဝမ်းမြောက်စွာ အမှုတော်ဆောင်ရွက်ကြရပါမည်။ ဘုရားသခင်၏ ကောင်းကင်တမန်တို့သည် ညည်းတွားခြင်းဖြင့် မဟုတ်ဘဲ၊ ချီးမွမ်းခြင်းဖြင့် ဘုရား၏အမှုကို ဆောင်ရွက်ကြပါသည်။ ညည်းတွားခြင်းသည် နာခံခြင်းပင်ဖြစ်၏။ ထိုသို့ မိမိဆန္ဒမပါဘဲ လုပ်ဆောင်ခြင်းသည် နာမခံခြင်းဖြစ်၍၊ ချစ်ခြင်းမေတ္တာမပါဘဲ၊ မလုပ်မနေရပုံစံဖြင့် ကျွန်တော်တို့လုပ်ဆောင်ပါလျှင်၊ စိတ်နှလုံးကို သိမြင်တော်မူသော ဘုရားသခင်က ကျွန်ုပ်တို့၏ ပေးကမ်းလုပ်ဆောင်မှုကို လက်ခံမည်မဟုတ်ပါ။ ဝမ်းမြောက်ရွှင်လန်းစွာ အမှုတော်ဆောင်ခြင်း သည် စိတ်နှလုံးထဲမှ အမှန်နှစ်သက်ခြင်းဖြင့် ပြုခြင်းဖြစ်သောကြောင့် ကောင်းသောအမှုဖြစ်၏။ ခရစ်ယာန်ထံမှ ထိုအလိုဆန္ဒဝမ်းမြောက်ပျော်ရွှင်ခြင်းကို ဖယ်ရှားပါလျှင်၊ ဟန်ဆောင်မှုသာ ကျန်ပါတော့မည်။ လူမျိုးချစ်စိတ်မပါဘဲ စစ်တိုက်ခြင်းငှါ အတင်းဆွဲခေါ်၍ရ၏။ သို့သော်လည်း၊ စစ်တိုက်ခြင်းငှါ ချီတတ်စဉ် “တိုင်းပြည်အတွက် အသက်ပေးခြင်းသည် မွန်မြတ်လှပါ၏” ဟု သီချင်းဆိုပြီး ရဲဝံ့စွာ ထွက်သွားသောသူသည် မျိုးချစ်စိတ်အပြည့်ရှိသောသူဖြစ်၏။ ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ ခွန်အားဖြစ်ပါသည်။ ဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိလျှင် ခွန်အားရှိလှပါ၏။ ကြောက်ရွံ့ စိတ်ကို ဖယ်ရှားပေးတတ်၏။ လှည်းဘီးချောမွတ်စွာ လည်စေသောဆီကဲ့သို့ဖြစ်၏။ ထိုသို့ချောမွတ်စွာ ဘီးများမလည်လျှင် ခဏချင်း၌ မတော်တဆမှုကြုံတွေ့နိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော ဝမ်းမြောက်ခြင်းမရှိလျှင် ကျွန်ုပ်တို့ အမှုတော်ဆောင်ခြင်း၌ ပင်ပန်းခြင်းရှိ၍ အရာမရောက်ဖြစ်တတ်ပါသည်။ ဘုရားသခင်၏ အမှုတော်ဆောင်ရွက်ခြင်း၌ ဝမ်မြောက်ခြင်းရှိသောသူသည် နာခံခြင်း ခမောက်ကို ဆောင်းထားသောသူဖြစ်၍၊ ဤသို့ သီချင်းဆိုတတ်၏ -

“အလွန်နှစ်သက်စရာကောင်းသောလမ်း၊ ကိုယ်တော်၏
ပညတ်တရားလမ်းသို့ အကျွန်ုပ်ကို လျှောက်လှမ်းစေတော်မူပါ။”

စာဖတ်သူ၊ ဤသို့မေးခွန်းထုတ်ကြပါစို့၊ ဘုရားသခင်၏ အမှုတော်ကို သင်ဝမ်းမြောက်စွာ ဆောင်ရွက်ပါသလား။ သာသနာပြုခြင်းကို မဖြစ်မနေကျွန် စိတ်ဓာတ်ဖြင့် ပြုနေကြသည်ဟု ထင်ကြသော ဤလောကီလူသားတို့အား၊ ကျွန်ုပ်တို့အတွက် ဤအမှုသည် ဝမ်းမြောက်ပျော်ရွှင်ခြင်းက ကျွန်ုပ်တို့သည် ကောင်းမြတ်တော်မူသော အရှင်သခင်၏ အမှုတော်ကို ဆောင်ရွက်ကြကြောင်း ကြွေးကြော်လျက် သက်သေပြပါစေသော်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ အမှုတော်ကို ဝမ်းမြောက်စွာ ကျွန်တော် ဆောင်ရွက်ပါသလာ။

**ဆုတောင်းချက်** - ဘုရားသခင်၊ ကိုယ်တော်၏အမှုတော်ကို ဝမ်းမြောက်စွာ ကျွန်တော်ဆောင်ရွက်ခြင်းအားဖြင့် သူတပါးတို့သည် ကိုယ်တော်ထံ ခေါ်ဆောင်ခြင်း ခံကြရပါစေသော်။

ကြာသပတေး၊ ဧပြီ (၁၈)
**ဆာလံ ၁၀၀း၄**
၁ သက် ၅း၁၈

*"ထိုကုန်သည်သည် အလွန်အဘိုးထိုက်သော ပုလဲကိုတွေ့သောအခါ၊ သွား၍မိမိ၌ ရတတ်သမျှကိုရောင်းပြီးလျှင် ပုလဲကိုဝယ်လေ၏"*

# ဝမ်းမြောက်ခြင်းရှိကြလော့

ဘုရားသခင်သည် မိမိလူတို့အား မိမိအကြောင်းကို ကြွယ်ဝစွာ သိရှိနားလည်၍ ဝမ်းမြောက်ခြင်းရှိကြစေရန် အလိုရှိတော်မူ၏။ ယေရှုသည် မိမိညီအစ်ကိုတို့က မိမိအား သာမာန်လူသားကဲ့သို့သာ သိကြမည်ကိုအလို ရှိတော်မမူ။ မိမိနှင့် စေ့စပ်ထားသောသူတို့က မိမိ၏ နှစ်သက်စရာအလှတရားကို သိရှိလျက် ဝမ်းမြောက်ခြင်းရှိကြစေရန် အလိုရှိတော်မူ၏။ ကျွန်တော်တို့သည် သခင်ယေရှုအား မုန့်နှင့်ရေကဲ့သို့သာ ထင်မှတ်မထားဘဲ၊ အလွန်တန်ဖိုးကြီးသော၊ နှစ်သက်စရာ အလွန်ကောင်းသောသူ အပြစ်သတ်မှတ်ထားကြရပါမည်။ ထို့ကြောင့် မိမိကိုယ်ကို "မြတ်သောပုလဲ" ကဲ့သို့၄င်း၊ မိမိ၏ရနံ့သင်းကို "မုရန်နံ့သာပုံ" ကဲ့သို့၄င်း၊ အနံ့ကြာရှည်ခံမှုကို "ရှာရုန်အရပ်နှင်းဆီပွင့်" ကဲ့သို့၄င်း၊ အဆင်းလှပမှုကို "နှင်းပွင့်" ကဲ့သို့၄င်း ဖော်ပြခဲ့ပါသည်။

ခရစ်တော်ကို ကြည်ညိုရိုသေလေးစားခြင်းရှိမည့် အကြောင်း၊ သူသည် ကောင်းကင်ဘုံသားဖြစ်ကြောင်းကို သတိရအောက်မေ့ကြပါလော့။ မိမိ၌ တပါးတည်းသော သားတော်ဟူ၍ ဘုရားသခင် ချီးမြှောက်ခြင်းခံရသောသူဖြစ်၍၊ ကျွန်ုပ်တို့အတွက် နှုတ်ဖြင့် ဖော်ပြ၍မရသော ဆုကျေးဇူးတော်ဖြစ်ကြောင်း အောက်မေ့ကြပါစို့။ သူ၏ ခြေတော်ရင်း၌ ကောင်းကင်တမန်တို့သည် မျက်နှာကို အုပ်လျက်ပြပ်ဝပ်ကိုးကွယ်ကြသည်ကို အောက်မေ့ပါလော့။ မိမိအသွေးတော်ဖြင့် ဆေးကြောခြင်းခံရသောသူတို့က နေ့ညမပျက် ကိုယ်တော်ခံထိုက်သော ချီးမွမ်းခြင်းသီချင်းသီဆိုကြသည်ကို ဆင်ခြင်ကြပါလော့။ ခရစ်တော်ကို ကြည်ညိုလေးစားရိုသေခြင်းရှိလျှင် ကိုယ်တော်နှင့် ကျွန်ုပ်တို့၏ မိဿဟာယဖွဲ့ခြင်းသည် ပို၍လေးနက်မည်ဖြစ်၏။ မြင့်မြတ်သော ပလ္လင်တော်ပေါ်၌ ခရစ်တော်ထိုင်တော်မူကြောင်း ကျွန်တော်တို့သိသောအခါ၊ ထိုပလ္လင်ရှေ့၌ ကျွန်တော် တို့သည် ပို၍နှိမ့်ချခြင်းရှိလျက်၊ ကိုယ်တော်၏အမှုတော်ကို ဆောင်ရွက်ခြင်း၌ ပို၍ပြင်ဆင်မှုရှိ မည်ဖြစ်ပါသည်။ ကိုယ်တော်၏ အာဏာတော်အောက်၌ ကျွန်တော်တို့သည် ဝမ်းမြောက်သော စိတ်နှင့် နာခံခြင်းရှိမည်အကြောင်း၊ ကိုယ်တော်၏ အကြောင်းကို ကောင်းကောင်းသိခြင်း၌ ကျွန်ုပ် တို့ကို ဘုရားသခင်အလိုရှိတော်မူ၏။ ကိုယ်တော်ကို ကောင်းကောင်းသိပါလျှင်၊ ပို၍ချစ်ခြင်းရှိပါ လိမ့်မည်။ ချစ်ခြင်းမေတ္တာနှင့် ကြည်ညိုရိုသေခြင်းသည် ခွဲခြား၍မရပါ။ ထို့ကြောင့်၊ ယုံကြည်သူ၊ သင့်သခင်၏ ကြီးမြတ်သောဂုဏ်ပုဒ်တို့ကို အမှန်ဆင်ခြင်တွေးတောခြင်းရှိပါလော့။

လူ့ဇာတိမခံမီ ကိုယ်တော်ခံရသော ဘုန်းတော်တို့ကို လေ့လာပါလော့။ ပလ္လင်ပေါ်မှ ဆင်းသက်လျက် ကားတိုင်ပေါ်သို့ အသေခံစေသော ကြီးမြတ်သည့် ထိုမေတ္တာတော်ကို ဆင်ခြင်ပါလော့။ မရဏာ၏ တန်ခိုးတို့ကို အောင်နိုင်ခြင်းအမှု၌ ဂုဏ်ယူဝမ်းမြောက်ခြင်း ရှိပါလော့။ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်း၊ ချီးမြှောက်ခြင်းနှင့် ဘုန်းတော်ဝင်စားခြင်းတို့ကို သတိရအောက်မေ့လော့။ ကိုယ်တော်သည် အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင် ဖြစ်တော်မူ၏ဟု ဝန်ခံလျက် ကိုယ်တော်ရှေ့၌ ပြပ်ဝပ်ကိုးကွယ်ခြင်းပြုပါလော့။ ဤသည်ကား ကျွန်ုပ်တို့ထံမှ ကိုယ်တော်ခံထိုက်သော ချစ်ခြင်းပေတည်း။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်ကို ချစ်တော်မူသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် မည်မျှနက်ရှိုင်းပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပေါ်ထားရှိသော ကိုယ်တော်၏ မြတ်သောချစ်ခြင်းမေတ္တာတော်ကို ကျွန်တော်ပြန်၍ တုန့်ပြန်လိုပါ၏။

သောကြာ၊ ဧပြီ (၁၉)
**ဆာလံ ၁၀၁**
ထွ ၂၀း၁၆

*“. . . ချော့မော့တတ်သောသူသည်လည်း ဖျက်ဆီးတတ်၏”*

## ဒါဝိဒ်၏ နန်းတော်၌ မကောင်းသောအပြောအဆိုမပြောရ

Augustine က မိမိကျောင်းသားတို့အား မိမိကျောင်းတော်၌ သူတပါးမကောင်းကြောင်း မပြောခြင်းငှါ တားမြစ်သကဲ့သို့၊ ဒါဝိတ်၏ ဤဆာလံကလည်း မိမိနန်းတော်၌ အမှုတော်ဆောင်ရွက်သောသူတို့အား သူတပါးအတင်းမပြောခြင်းငှါ သတိပေးခဲ့၏။ မိမိထံ သစ္စာရှိသော သူတို့အား ကိုယ်တော် ကောင်းချီးပေးတော်မူလိမ့်မည်။ ကြီးမြတ်သော ရှင်ဘုရင် ဒါဝိဒ်၌ များစွာသော တပည့်များရှိကြပြီး၊ ကောင်းသောသူရှိသလို၊ ဆိုးသောသူလည်း ရှိကြ၏။ ယေရှုခရစ်တော်၏ နောက်လိုက်တပည့်တို့သည်လည်း ထိုသို့ဖြစ်ကြပါသည်။ တပည့်တော် ဆယ့်နှစ်ပါးထဲ၌လည်း တပါးဖြစ်သော ယုဒသည်လည်း ထိုသို့ဖြစ်၍၊ ငါးထောင်သောလူတို့အား အစာကျွေးမွေးခြင်းအပြီး၌သာ ဖော်ထုတ်ခြင်းခံခဲ့၏ (ယော ၆း၇၀)။

ဒါဝိတ်ကိုယ်တိုင်ကလည်း မိမိရန်သူတို့၏ မုသားစကားရန်ကို ကြုံတွေ့ခံစားခဲ့ပါသည်။ ထို့ကြောင့်၊ ရှင်ဘုရင်ဖြစ်သည်နှင့် အညီထိုသို့သော မြွေဆိုးတို့ကို ပြင်းထန်စွာ စီရင်ခြင်းဖြင့် အခြားသူတို့ကို သတိပေးခဲ့၏။

“သူတပါးအသရေဖျက်ခြင်းသည် ကြီးလေးသောပြစ်မှုဖြစ်၍၊ သဘောထားကြီးစွာ ခွင့်မလွှတ်သင့်ပါ။ သို့သော်လည်း ထိုသို့သောသူတို့သည် ရာထူးကြီးရတတ်လေ့ရှိကြ၏ . . . ဝါကြွားသောသူတို့သည် ကြမ်းတမ်းတတ်ကြပြီး၊ ရာထူးနှင့် မထိုက်တန်ကြပါ။ ထိုသို့သောပုဂ္ဂိုလ်တို့သည် ရန်တိုက်ခြင်းကို ပြုကြပြီး၊ ထိုသို့သောပုဂ္ဂိုလ် အာဏာမရှိလေလေ၊ ဘုရင့်ပလ္လင်တော် တည်မြဲ လေလေ ဖြစ်ပါသည်။”

(Spurgeon)

**ဆင်ခြင်ရန်** - ယုဒရှကာရှုတ်သည် သခင်ယေရှုကို သစ္စာဖောက်သကဲ့သို့ ယွာဘနှင့် အဟိသောဖေလတို့သည် ဒါဝိဒ်ကို သစ္စာဖောက်ခဲ့ကြ၏။

**ဆုတောင်းချက်** - ထာဝရဘုရား၊ ကိုယ်တော်ထံ အဆုံးထိတိုင်အောင် သစ္စာရှိသော ပေတရုကဲ့သို့ အကျွန်ုပ်ဖြစ်မည်အကြောင်း မစတော်မူပါ။

**ဆာလံ ၁၀၁း၁**

**၂ ကော ၄း၁၇-၁၈** *“နေရာတိုင်းချီးမွမ်းသီချင်းဆိုနေပါမည်”*

# သီချင်းဆိုသော စရစ်ယာန်

စစ်ကြောခြင်းခံရသောအခါ ယုံကြည်ခြင်းက အောင်မြင်မှုရ၏။ အတွေးအခေါ်သည် ထောင်ထဲ၌ ပိတ်လှောင်ခြင်းခံရ၍၊ သူ၏ခြေတို့ကို သံကွင်းစွပ်ထားခြင်းခံရသော်လည်း၊ ယုံကြည်ခြင်းသည် တောင်နံ့ရကို ဤသို့ သီချင်းဆို၍မြည်ဟိန်းစေတတ်၏။ “ငါသည် သနားစုံမက်ခြင်း၊ တရားသဖြင့်စီရင်ခြင်းကို အကြောင်းပြု၍ သီချင်းဆိုပါမည်။ အိုထာဝရဘုရား၊ ရှေတော်၌ သီချင်းဆိုပါမည်” (ဆာလံ ၁၀၁း၁)။ ယုံကြည်ခြင်းက ဒုက္ခပြုသာနာ၏ မျက်နှာဖုံးကို ဆွဲချက်၍၊ ကောင်းကင်တမန်၏ မျက်နှာကို မြင်တွေ့စေတတ်၏။ ယုံကြည်ခြင်းသည် အထက်ကို မျှော်ကြည့်၍၊ မိုးတိမ်ကိုမြင်သော်

“ဂရုဏာတော်အားဖြင့် ဤမိုးတိမ်မည်းသည်
မိမိအပေါ်သို့ ကောင်းကြီးသွန်းလောင်းမှုမည်” ဟု သိမြင်တတ်၏။

အကျွန်ုပ်တို့ကို ဘုရားသခင်စီရင်သောအခါ၌ပင် သီချင်းဆိုရမည်အကြောင်းတရား ရှိပါ၏။ ပထမအနေဖြင့်၊ ဤစစ်ကြောခြင်းသည် ပြင်းထန်သင့်သည်အတိုင်း မပြင်းထန်လှပါ။ ဒုတိယအနေဖြင့်၊ ဤပြုဿနာသည် ကျွန်တော်တို့ခံသင့်သည်ထက် ပို၍အားကြီးခြင်းမရှိပါ။ ကျွန်ုပ်တို့ခံရသော နာကျင်ခြင်းဝေဒနာသည် သူတပါးထက် ပို၍အားကြီးပြင်းထန်ခြင်း မရှိပါ။ ယုံကြည်ခြင်းသည် မိမိခံရသော အဆိုးဆုံးဒုက္ခသည်လည်း အမျက်ဒေါသဖြင့် စီရင်ခြင်းမဟုတ်ကြောင်းကို၎င်း၊ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်အားဖြင့် ဆုံးမသွန်သင်ခြင်းဖြစ်ကြောင်းကို၎င်း သိနေပါ၏။ ယုံကြည်ခြင်းက အမျက်ထွက်နေသော ဘုရားသခင်၏ရင်ဘတ်ထဲမှ ဖြာထွက်လာသောရောင်ခြည်ကို ရတနာသဖွယ် သူမြင်တတ်၏။ ယုံကြည်ခြင်းသည် နာကျင်ခြင်းဝေဒနာခံစဉ်- “ဤသည်ကားချီးမြောက်ရာအကြောင်းဖြစ်၏၊ အကြောင်းမှာ ကလေးသူငယ်သည် အရိုက်ခံလျက် ကြီးပြင်းတတ်၏” ဟု ဆိုကာ၊ ခံရသော ဒုက္ခဝေဒနာတို့သည် ဝိညာဉ်အကျိုးကို ဖြစ်စေကြောင်းသိသဖြင့် သီချင်းဆိုလျက် နေတတ်၏။ ထိုမျှမက၊ ယုံကြည်ခြင်းသည် “ယခု ခဏခံရ၍ ပေါ့ပါးသော ဆင်းရဲခြင်းဒုက္ခသည် အတိုင်းထက် အလွန်ကြီးမြတ်လေးလံသော နိစ္စထာဝရဘုန်းအသရေကို ငါတို့အဘို့ဖြစ်စေတတ်၏” ဟု ဆိုလေ၏။ ထိုသို့ဖြင့် ယုံကြည်ခြင်းသည် အနက်ရောင်မြင်းကို စီးလျက်၊ အောင်မြင်ခြင်းမှ အောင်မြင်ခြင်းသို့ ခရီးနှင်ပြီး၊ လူ့ဇာတိအတွေးအခေါ်နှင့် အကြံအစည်တို့ကို နင်းခြေပြီး၊ အလွန်ကြောက်ရွံ့ ထိတ်လန့်စရာကောင်းသော အချိန်၌ပင် အောင်မြင်ခြင်းသီချင်းကို မြွက်ဆိုလျက်နေ၏။

“ကျွန်တော်ကြုံတွေ့သမျှသောအရာတို့သည် အကျွန်ုပ်ခရီးလမ်း၌
ကောင်းကင်နှင့်ဆိုင်သော ဝမ်းမြောက်ခြင်းကို ဖြစ်စေကြ၏။
စစ်ကြောခြင်းသည် ဒုက္ခဆင်းရဲမဖြစ်စေဘဲ၊ အကျွန်ုပ်အဖို့
မစကူညီသောအရာဖြစ်ကြ၏။ မေ့ပျောက်၍မရသော
လမ်းခရီးဖြစ်စေလျက်၊ လေးလံသော ဘုန်းအသရေကိုဖြစ်စေတတ်၏။
ဝမ်းမြောက်စွာသီချင်းဆိုလျက်၊ ထိုအရာတို့သည် အကျွန်ုပ်အား
မြတ်သောကယ်တင်ရှင်၏ ပလ္လင်တော်ထံသို့ ပို့ဆောင်ခဲ့ကြပါသည်။”

(Spurgeon)

**ဆင်ခြင်ရန်** - ယေရှုအကြောင်းကို အဘယ့်ကြောင့် အကျွန်ုပ်သီချင်းဆိုပါသနည်း။

**ဆုတောင်းချက်** - အကျွန်ုပ်နှုတ်မှထွက်သော သီချင်းသည် ပျော်ရွှင်ဝမ်းမြောက်သော စိတ်နှလုံးမှ ထွက်လာသော သီချင်းဖြစ်ပါစေသော်။

တနင်္ဂနွေ၊ ဧပြီ (၂၁)

**ဆာလံ ၁၀၂**

ရောမ ၈း၁၇-၂၈ *"ဘုရားသခင်သည် မိမိအဘို့ ပြင်ဆင်တော်မူလိမ့်မည်"*

## ထာဝရဘုရားရှေ့တော်၌ နာကျင်ခံစားသောသူ၏ ညည်းတွားမြည်တမ်း၍ ပြုသောပဌနာ

ဆာလံ ၁၀၂ သည် နှုတ်အားဖြင့်ထက် စိတ်နှလုံးထဲမှ ဆုတောင်းခြင်းဖြစ်မည်ဟု ထင်မှတ်ရပါသည်။ အစမှအဆုံးတိုင်အောင် လေးလေးနက်နက် တောင်းလျှောက်ခြင်းကို တွေ့ရ၏။ ဆင်းရဲဒုက္ခ (သို့) နာကျင်ခြင်း ဝေဒနာခံရသောသူ၏ ဆုတောင်းပဌနာဖြစ်ပါသည်။ ဤဆာလံသည် နောင်တရခြင်းနှင့်ဆိုင်သော ဆာလံမဟုတ်ပါ။ အကြောင်းမှာ အပြစ်ကြောင့် ဝမ်းနည်းခြင်း မဟုတ်ဘဲ နာကျင်ခြင်းဝေဒနာကြောင့် ပေါ်ထွက်လာသော ပဌနာဖြစ်ပါ၏။

မိမိအတွက်မဟုတ်ဘဲသူတပါးအတွက် နာကျင်ခံစားနေရသောသူ ဖြစ်၏။ မိမိအိမ်တော်အတွက် မဟုတ်ဘဲ ဇိအုန်နှင့် ဘုရားသခင်၏ အိမ်တော်အတွက် ဒုက္ခခံစားနေခြင်းဖြစ်၏။ သူသည် အလွန်ပြင်းထန်သော နာကျင်ခြင်းစိတ် ဝေဒနာကို ခံစားနေရ၏။ ခွက်သည် မွေ့နှောက်ခြင်းခံရလျှင် အထဲ၌ ရှိသမျှတို့သည် အလိုလိုလျှံကျလာတတ်၏။ ထိုနည်းတူ စိတ်နှလုံးထဲမှ ခံစားသမျှတို့သည် အဆီးအတားမဲ့ ဖိတ်ကျလာခဲ့၏။ ထိုနေရာ၌ ဘုရားသခင်၏ ကျေးဇူးတော်က နေရာယူ ဖြည့်ဆည်းပေးတော်မူ၏။ နာကျင်ခံစားသောသူ၏ မြည်တမ်းခြင်းသည် နှိမ့်သိမ့်ခြင်းသို့ ပြောင်းလဲခဲ့ပါသည်။

ဤဆာလံကို မျိုးချစ်တန်ခိုး၏ ညည်းတွားမြည်တမ်းခြင်းဟု ခေါ်တွင်နိုင်ပါသည်။

<u>အပိုင်းခွဲခြင်း</u>

၁။ ဝမ်းနည်းမှုကို သွန်းလောင်းဖော်ထုတ်ခြင်း (အငယ် ၁-၁၁)

၂။ ကျေးဇူးတော်နှင့် ပြည့်စုံသောဘုရားသခင်၏ မိမိလူတို့အား ဂရုပြုစောင့်ရှောက်တော်မူခြင်း (၁၂-၂၈)။

ဤအကြောင်းအရာတခုလုံးကို နေ့တနေ့၊ လေ၊ မိုးတို့ဖြင့် မိုးသောက်ခဲ့ပြီး၊ နေ့လည်ပိုင်း၌ လေ၊ မိုးတို့ကင်းစင်၍ နေထွက်သဖြင့် အနွေးဓာတ်ရ၍၊ ကောင်းကြီးမိုးဖွဲကျလျက်၊ နောက်ဆုံးတွင် သာယာစွာနေဝင်ခဲ့သော နေ့တနေ့နှင့် နှိုင်းယှဉ်၍ရပါသည်။

လေနှင့် မိုးတို့သည် သင့်ကို စိုစွတ်အားနည်းစေပါသလား၊ သို့မဟုတ်၊ နေ၏အနွေးဓာတ်က ယခုသင့်ကို လွှမ်းခြုံနေပါသလား။ ဤသို့သော နေ့ဘဲဖြစ်ဖြစ်၊ ဘုရားသခင်ကို မျှော်ကြည့် ပါလော့။ ကိုယ်တော်သည် သင့်ကို ဂရုစိုက်စောင့်ရှောက်တော်မူ၏။

**ဆင်ခြင်ရန်** - (ဆာလံ ၁၀၂း၈ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - (ဆာလံ ၁၀၂း၁ ကို အသုံးပြုပါ)။

တနင်္လာ၊ ဧပြီ (၂၂)
**ဆာလံ ၁၀၂း၁၃-၁၄**
ဟေဗြဲ ၂း၁၂-၁၃ *သူများအတွက် ဆုတောင်းပေးပါ။*

## မိမိကိုယ်ကိုမကြည့်ဘဲ အဝေးကိုမျှော်ကြည့်လော့

ဒုက္ခရောက်နေသော ကိုယ်ကျိုးရှာသမားကို နှိမ့်သိမ့်ခြင်းသည် အလွန်ခဲယဉ်းလှပါသည်။ အကြောင်းမှာ ထိုသူအတွက် နှိမ့်သိမ့်ခြင်းစမ်းရေတွင်းသည် သူကိုယ်တိုင်အပေါ်၌ တည်နေသည်ဖြစ်၍ သူသည် ဝမ်းနည်းခြင်းရှိသောအခါ၊ ထိုစမ်းရေတွင်းသည် အကုန်ခမ်းခြောက်သောကြောင့်ဖြစ်၏။ သို့သော်လည်း စိတ်သဘောထားကြီးသော၊ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသောခရစ်ယာန် မူကား၊ မိမိ၌တတ်သော နှိမ့်သိမ့်ခြင်းစမ်းရေတွင်းအပြင် ထိုသို့သော နှိမ့်သိမ့်ခြင်းရခြင်းငှါ အခြားဝမ်း ရေတွင်းသူ၌ ရှိသေး၏။ ပထမအနေဖြင့်၊ မိမိ၏ ဘုရားသခင်ထံ ချဉ်းကပ်၍ များစွာသောမစခြင်းရယူနိုင်ပါသည်။ ထို့ပြင်မိမိတိုင်းပြည်၊ အထူးသဖြင့် မိမိအသင်းတော်အတွက်လိုအပ်သော နှိမ့်သိမ့်မှုရရန် အကြောင်းတရားရှာဖွေနိုင်ပါသည်။

ဤဆာလံ၌ တွေ့ရသည်အတိုင်း ဒါဝိဒ်သည် အလွန်ဝမ်းနည်းခြင်းရှိပြီး၊ ဤသို့ဆိုခဲ့၏- "အကျွန်ုပ်သည် . . . တော၌နေသောဇီးကွက်ကဲ့သို့ငှင်း ဖြစ်ပါ၏။ အကျွန်ုပ်သည် အိမ်မိုးပေါ်မှာ တကောင်တည်းနေရသော ငှက်ကဲ့သို့ဖြစ်၍ စောင့်လျက်နေရပါ၏။" မိမိကိုယ်ကို နှိမ့်သိမ့်နိုင်သော တခုတည်းသောနည်းလမ်းဟူမူကား၊ ဘုရားသခင်သည် ထတော်မူ၍ ဇိအုန်းအပေါ်၌ သနားခြင်းဂရုဏာတော်တည်စေမည်၊ သူသည် ဝမ်းနည်းသော်လည်း၊ ဇိအုန်းသည် ပျော်ရွှင်ဝမ်းမြောက်လိမ့်မည်၊ သူသည် နှိမ့်ချသော်လည်း၊ ဇိအုန်သည် ထတော်မူလိမ့်မည်ဟူသော ဘုရားသခင်အကြောင်း ဆင်ခြင်ခြင်းပင် ဖြစ်ပါသည်။ အိုခရစ်ယာန်၊ ဘုရားသခင်က အသင်းတော်ကို ကျေးဇူးတော်အားဖြင့် ကွယ်ကာစောင့်ရှောက်ခြင်းအမှု၌ မိမိကိုယ်ကိုနှိမ့်သိမ့်ခြင်းငှါ သင်ယူပါလော့။

သင်၏အရှင်သခင်သည် အလွန်သနားကြင်နာခြင်းရှိတော်မူသည်ဖြစ်၍၊ သင့်အပေါ်သနားကြင်နာခြင်းရှိမည်မဟုတ်ပါလော။ သင့်လမ်းခရီးသည် မှောင်လျက်ရှိနေသော်လည်း၊ ကားတိုင်တော်၏ အောင်မြင်ခြင်း၌ ဝမ်းမြောက်ခြင်းရှိ၍ သမ္မာတရားကို ဝမ်းမြောက်စွာ ပြောကြားပါလော့။ ဘုရားသခင် ပြုခဲ့ပြီးသောအမှု၊ ဇိအုန်အတွက် ပြုနေသောအမှုသာမက၊ အသင်းတော်အတွက်ပြုမည့် ဘုန်းအသရေတော်ကို မျှော်ကြည့်ခြင်းဖြင့် သင့်ဒုက္ခပြဿနာများကို မေ့ပျောက်ခြင်း ရှိပါလော့။ အိုယုံကြည်သူ၊ ဤနည်းလမ်းကို အသုံးပြုကြည့်ပါ- သင်၏ စိတ်နှလုံး ဝမ်းနည်းခြင်းရှိသောအခါခါ၊ မိမိကိုယ်ကို မတွေးမကြည့်ဘဲ၊ ဇိအုန်း၏အကျိုးနှင့် ဝမ်းမြောက်ခြင်းကိုသာ ကြည့်ရှုခြင်းပြုလော့။ ဘုရားသခင်ရှေ့မှောက်၌ ဒူးထောက်ဆုတောင်းသောအခါ၊ မိမိအကျိုးအတွက်သာ မတောင်းဘဲ၊ ကြုံကြုံခံ၍၊ အသင်းတော်အဆင်ပြေ ချော့မွေ့ခြင်းအဖို့၊ ယေရုရှလင်မြို့၏ ငြိမ်သက်ခြင်းအဖို့ကြိုးစားတောင်းလျှောက်ပါလော့၊ သို့ဆိုလျှင် သင့်ဝိညာဉ်သည် အားပြည့်၍ ရွှင်လန်းခြင်းရှိပါလိမ့်မည်။

(Spurgeon)

**ဆင်ခြင်ရန်** - မိမိကိုယ်ကို မကြည့်ဘဲနေသောအခါ၊ အကျွန်ုပ်သည် ဂရုစိုက်ပြုစုခြင်းကို ခံရ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်အပေါ်ထားရှိသောကိုယ်တော်၏ ချစ်ခြင်းမေတ္တာတော်နှင့် ပြုသောအမှုတော်မြတ်တို့ကြောင့် ကိုယ်တော့်ကို အစဉ်ကျေးဇူးတင်ပါ၏။။

အဂါ၊ ဧပြီ (၂၃)

**ဆာလံ ၁၀၃**

၁ သက် ၅း၁၆-၁၈

*"ထာဝရဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြလော့"*

## ကျွန်တော်တို့ လွယ်ကူစွာမေ့လျော့တတ်သော ကျေးဇူးတော် ချီးမွမ်းခြင်းအကြောင်းကို ဒါဝိဒ်ပြန်၍ သတိပေးခြင်း

ကျွန်တော်တို့သည် ဘုရားသခင်လက်တော်မှ များစွာသော ကောင်းကြီးမင်္ဂလာခံရတတ်သော်လည်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းငှါ မေ့လျော့တတ်ကြ၏။ အသက်တာ၌ အကြီးမားဆုံးသော ဆုကျေးဇူးဟူမူကား ကျွန်ုပ်တို့၏အပြစ်အားလုံး ခွင့်လွှတ်ခြင်းပင်ဖြစ်ပါ၏။ ထိုဝိညာဉ်အရာကို ခန္ဓာကိုယ်နှင့်ဆိုင်သော ကောင်းကြီးမင်္ဂလာက လိုက်လာလျက်ရှိ၏။ ကျွန်ုပ်တို့၏ အနာရောဂါကိုလည်း ငြိမ်းစေတော်မူ၏။ ခန္ဓာကိုယ်သေခြင်းနှင့်ဆိုင်သော မတော်တဆမှုကိုလည်း ကျွန်တော်တို့ ကြုံတွေ့ရနိုင်ပါသည်။ ထို့ပြင် ဘုရားသခင်သည် စားဝင်အိပ်ပျော်ခြင်းကို ပေးသနားတော်မူလျက် အလိုတော်အတိုင်း ခန္ဓာကိုယ် ကျန်းမာခြင်းကိုလည်း ပေးတော်မူနိုင်၏။

ကျွန်တော်တို့ ဘုရားသခင်၏ ကျေးဇူးတော် ချီးမွမ်းရမည့်အကြောင်းရင်း ဖော်ပြသည်ထက် များစွာရှိပါသေး၏။ ဘုရားသခင်သည် တရားသူကြီးအပေါင်းတို့ အထက်၌ ရှိတော်မူသော တရားသူကြီးဖြစ်တော်မူသောကြောင့်၊ လူတို့သည် ကျွန်ုပ်တို့ကို ဖိနှိပ်ခြင်းပြုသော်လည်း ထိုဘုရားသခင်ထံ ကျွန်တော်တို့ အယူခံဝင်နိုင်ကြပါ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ဖြောင့်မတ်သော အသက်တာဖြင့် အသက်ရှင်နိုင်ခြင်းငှါ လမ်းပြအဖြစ် မိမိ၏ ပညတ်တရားကို ပေးတော်မူ၏။ ဘုရားသခင်သည် အစဉ်ကျေးဇူးတော်နှင့် ပြည့်စုံသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏ အပြစ်များကို အစဉ်ခွင့်လွှတ်တော်မူတတ်၏။ ကိုယ်တော်သည် အပြစ်ကို လွှတ်ပေးပြီး၊ မေ့ပျောက်တော်မူ၏။ ကျွန်ုပ်တို့၏ အပြစ်များကို အရှေ့နှင့်အနောက် ဝေးကွာသကဲ့သို့ ဝေးကွာစေတော်မူ၏။

ကိုယ်တော်သည် မိမိသားသမီးတို့ကို သနားခြင်းရှိတော်မူသော ချစ်ခြင်းမေတ္တာနှင့် ပြည့်စုံသောအဘ ဖြစ်တော်မူ၏။ ထာဝရအဘဖြစ်တော်မူ၍ ကျွန်ုပ်တို့ကို မြေမှုန့်သာသာဖြစ်ကြောင်း အစဉ်အောက်မေ့တော်မူ၏။ ကျွန်တော်တို့သည် မြက်ပင်ကဲ့သို့ဖြစ်၍၊ ကျွန်ုပ်တို့၏ ဘုန်းအသရေသည်လည်း တောပန်းကဲ့သို့ဖြစ်ကြောင်း အောက်မေ့တော်မူ၏။ သို့သော်လည်း ဘုရားသခင်၏ ဂရုဏာတော်သည် မိမိအား ကြောက်ရွံ့သောစိတ်နှင့် ကိုးကွယ်သောသူတို့အပေါ်၌ ထာဝရတည်လျက်ရှိပါ၏။

ထာဝရဘုရားသည် အဆုံးစွန်အာဏာတန်ခိုး ရှိတော်မူသောဘုရား၊ အရှင်တကာတို့၏ အရှင်၊ ဘုရင်တကာတို့၏ ဘုရင်ဖြစ်တော်မူသောကြောင့် ကျွန်တော်တို့ ဝတ်ပြုကိုးကွယ်လျက်၊ ကျေးဇူးတော်ချီးမွမ်းကြရပါမည်။ ထို့ကြောင့် ကောင်းကင်တမန်အပေါင်း၊ ကောင်းကင်ဗိုလ်ခြေအပေါင်းနှင့် ဖန်ဆင်းခံသတ္တဝါအပေါင်းတို့သည် ကိုယ်တော်၏နာမတော်ကို ချီးမွမ်းခြင်းငှါ၊ ရွေးနှုတ်ခြင်းခံရသော ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်၏ ခြေတော်ရင်း၌ စုရုံးလျက်ရှိကြပါ၏။

ကျွန်တော်တို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းထိုက်သည်အတိုင်း လုံလောက်စွာ ချီးမွမ်းကြပါသလား။ ဘယ်တော့မှ လုံလောက်စွာ ချီးမွမ်းပြီဟူ၍ မရှိနိုင်ပါ။ ကျွန်ုပ်တို့မျက်စိသည် ဤလောကီကမ္ဘာကိုသာ စိုက်ကြည့်တတ်၏။ ကျွန်ုပ်တို့ကို ချစ်တော်မူသော ကောင်းကင်ဘုံရှိ အဘဘုရားထံတော်သို့၊ ကောင်းကင်ဘက်သို့ ကျွန်ုပ်တို့မျက်စိကို မျှော်ကြည့်စေကြပါစို့။

**ဆင်ခြင်ရန်** - "သတိရအောက်မေ့ခြင်းသည် ကျေးဇူးတင်ခြင်း၏ အမှတ်အသားဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ယနေ့မှစ၍ ကိုယ်တော်၏ ကျေးဇူးတော်ကို အစဉ်ချီးမွမ်းသော အသက်တာရှိမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ ဧပြီ (၂၄)
**ဆာလံ ၁၀၃း၃**
လု ၄း၁၆-၂၁

*“သင်တို့၏ အပြစ်အနာရောဂါ ပျောက်ကင်းဖို့ရန် ယေရှုထံသို့ လာကြလော့”*

## သမားတော်အပေါင်း၏ သမားတော်

ကျွန်တော်တို့အားလုံးသည် အပြစ်၏အဆိပ်သင့်ခြင်း ခံရသောသူဖြစ်ကြပြီး၊ အနည်းအများ ဒုက္ခဝေဒနာခံစားရကြခြင်းက ကျွန်ုပ်တို့ကို နှိမ့်ချခြင်းစိတ်သဘော ရှိစေပါသည်။ ကျွန်ုပ်တို့ကို ကျန်းမာစေလို၍ ကျန်းမာစေနိုင်သော မြတ်သောသမားတော် ကျွန်ုပ်တို့၌ရှိကြောင်း သိခြင်းသည် နှိမ့်သိမ့်စရာကောင်းလှပါသည်။ ယနေ့ ထိုပုဂ္ဂိုလ်အကြောင်းကို ဆင်ခြင်ကြပါစို့။ ကိုယ်တော်၏ ကုသမှုသည် ချက်ချင်းထိရောက်မှုရှိ၏။ ကိုယ်တော်ကို ကြည့်ရှုဖြင့် အသက်ရှင်ခွင့်ရ၍ ရောဂါ၏အဓိကနေရာကို ချက်ချင်းရှင်းထုတ်ပေးလျက်၊ အမှန်အနာရောဂါ ပျောက်ကင်းခြင်းရှိ၏။ ထိုအနာရောဂါပြန်၍ နိုးထလာသည်ဟူ၍ မရှိပါ။ ခရစ်တော် အနာငြိမ်းစေခြင်းအမှု၌ တဝက်တပျက်ဟူ၍မရှိ၊ ခဏသာ ရောဂါပျောက်စေခြင်းမဟုတ်၊ အသစ်သောလူဖြစ်စေတော်မူ၏။ အသစ်သောစိတ်နှလုံးကို ပေးတော်မူ၍၊ မှန်ကန်သောစိတ်သဘောထားကို ထည့်ပေးတော်မူ၏။ အနာရောဂါမှန်သမျှ ကုသပျောက်ကင်း စေတော်မူနိုင်၏။ ဤလောကီသမားတော်တို့သည် မိမိတတ်ကျွမ်းရာကဏ္ဍရှိကြ၏။ မိမိကျွမ်းကျင်သော ရောဂါအပြင်၊ အခြားသောရောဂါတို့ကို အနည်းအကျဉ်းသာသိကြ၏။ သို့သော်လည်း ယေရှုခရစ်တော်သည် လူသား၏ သဘောသဘာဝ အလုံးစုံကို သိကျွမ်းတော်မူ၏။ ကိုယ်တော်အတွက် ခက်ခဲသောအမှုဟူ၍ မရှိပါ။ အလွန်ဆန်းကြယ်သောရောဂါပင်လျှင် မျက်စိတမှိတ်အတွင်း သိရှိနားလည်၍ ကုသပေးတော်မူနိုင်၏။ သူသာလျှင် အားလုံးသောသူအတွက် တဦးတည်းသော သမားတော်ဖြစ်၍၊ အနာရောဂါကို ချက်ချင်းပျောက်စေနိုင်သော ဆေးဝါးကိုလည်း ပေးတော်မူနိုင်၏။ ကျွန်ုပ်တို့၏ ဝိညာဉ်အနာရောဂါသည် အဘယ်ရောဂါပင်ဖြစ်ပါစေ၊ ဤသမားတော်ထံ ချက်ချင်းကုသ သင့်ပါသည်။ ယေရှု မကုသနိုင်သော စိတ်နှလုံးကြေကွဲဝမ်းနည်းခြင်းဟူ၍ မရှိပါ။ “ကိုယ်တော်၏ အသွေးတော်သည် အပြစ်အားလုံးကို ဆေးကြောတော်မူ၏”။ ကိုယ်တော် အနာငြိမ်းစေတော်မူသော များစွာသောသူတို့ကို ပြန်၍ ဆင်ခြင်ခြင်းဖြင့်၊ ကိုယ်တော်လက်တော်ထဲသို့ မိမိကိုယ်ကို ပုံအပ်ကြပါစို့။ ကိုယ်တော်ကို ယုံကြည်ကိုးစားသောအခါ အပြစ်သည်သေကြေပျက်စီးတတ်၏။ ကိုယ်တော်ကို ချစ်သောအခါ ကျေးဇူးတော်သည် ရှင်သန်လျက်ရှိပြီး၊ ကိုယ်တော်ကို စောင့်မျှော်သောအခါ ကျေးဇူးတော်သည် စုံလင်ခြင်း ထာဝရရှိလိမ့်မည်။

(Spurgeon)

**ဆင်ခြင်ရန်** - သမားတော်အပေါင်းတို့၏ သမားတော်အား ကျွန်တော်မည်သို့ ယုံကြည်ကိုးစားခြင်း ရှိပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ အနာငြိမ်းစေခြင်း ခံရဖို့ရန် ကိုယ်တော်ကိုသာ အစဉ်ချဉ်းကပ်လိုပါ၏။

## ဖန်ဆင်းခြင်းအကြောင်း ကဗျာဆရာ၏လက်ရာ

ဤဆာလံသည် ဖန်ဆင်းခြင်းနှင့် ကွယ်ကာပြုစု စောင့်ရှောက်ခြင်းအကြောင်းနှင့်ဆိုင် သော၊ ဘုရားသခင်မှတ်သွင်းတော်မူသည့် အမြတ်ဆုံးနှင့် အရှည်ဆုံးသော ကဗျာတပုဒ်ဖြစ်ပါသည်။ ဤကဗျာထဲတွင် ဤကမ္ဘာအကြောင်းစုံလင်စွာ ပါဝင်ပါ၏။

ဖန်ဆင်းခြင်းနေ့ရက် ခြောက်ရက်အကြောင်းဖော်ပြထားသည်ကို တွေ့ရ၏။ သို့သော် လည်း လူသားဖန်ဆင်းခြင်းကို မဖော်ပြထားပါ။ အကြောင်းမှာ ဤသီချင်းဆိုသော သူကိုယ်တိုင် သည် လူသားဖြစ်၏။ အချို့က အပိုဒ်ငယ်၃၁သည် ခုနစ်ရက်မြောက်သောနေ့၌ ဘုရားသခင် အနားယူတော်မူခြင်းအကြောင်းဖြစ်သည်ဟု မှတ်သားယူဆကြ၏။ အပြစ်သားတို့ကို သုတ်သင် ပယ်ရှင်းမည်အကြောင်း ဖော်ပြခြင်း၌ ကမ္ဘာသစ် ဖန်ဆင်းမည့်အရာကို အရိပ်အမြွက် ဖော်ပြသည်ဟု ထင်ရပါသည် (အငယ် ၂၅)။ ဤကဗျာတခုလုံးတွင် ဘုရားသခင်ချီးမွမ်းခြင်း စိတ်သဘော ကို တွေ့ရပါသည်။

<u>အပိုင်းခွဲခြင်း</u>

ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်း ဖော်ပြပြီးနောက်၊ ဆာလံဆရာသည် ၁ ရက်နေ့နှင့် ၂ ရက်နေ့တွင် ပြုတော်မူသောအလင်းနှင့်မိုဃ်းကောင်းကင် မျက်နှာကျက်အကြောင်းကို သီဆိုထား၏ (အငယ် ၁-၆)။

ထိုနောက် ကုန်းမြေနှင့် ရေခွဲခြားခြင်း၊ ၃ ရက်မြောက်နေ့ပြုသော စားစရာအပင်များ ပေါက်ပွားခြင်းအကြောင်း ဖော်ပြ၏ (အငယ် ၇-၁၈)။

ထိုပြင် ၄ရက်နေ့၌တွေ့ရသော နေ၊ လနှင့်ကြယ် စသည့် နေနှင့်ည ခွဲခြားပေးသောအရာ တို့ကို ဖော်ပြခဲ့ပါသည် (အငယ် ၁၉-၂၅)။

၅ ရက်နှင့် ၆ ရက် မြောက်နေ့၌တွေ့ရသော ကုန်းနေ၊ ရေနေ၊ ပျံသန်းသော သက်ရှိသတ္တဝါ များအကြောင်းကို ဆာလံဆရာ သီဆိုထားပါသည် (အငယ် ၂၄-၃၀)။

အပိုဒ်ငယ် ၃၁ မှ ၃၅ အထိကို ဥပုပ်နေ့အဖို့ ဆင်ခြင်နှလုံးသွင်းရန်ဟူ၍ ကျွန်တော်တို သတ်မှတ်နိုင်ပါသည်။

ဘုရားသခင်၏ အံ့ဖွယ်ဖန်ဆင်းခြင်းအမှုတော်ကို ကျွန်တော်တို့ ဖတ်ရှုရသောအခါ၊ ကိုယ်တော်နှင့် ထိုက်တန်သော ချီးမွမ်းခြင်းကို ကျွန်တော်တို့ ပူဇော်ဆက်သကြပါစို့။ အာမင်။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် ၆ရက်အတွင်း ဖန်ဆင်းခြင်းအမှု ပြုတော်မူ၏။
**ဆုတောင်းချက်** - အိုအဘဘုရား၊ အကျွန်ုပ်၌ သန့်ရှင်းစင်ကြယ်သော စိတ်နှလုံး ဖန်ဆင်းပေး တော်မူပါ။

သောကြာ၊ ဧပြီ (၂၆)

**ဆာလံ ၁၀၄း၁၆**

ဆာလံ ၆၄း၉-၁၀

*"လူသည် အဘယ်သို့သောသူဖြစ်၍၊ ကိုယ်တော်သည်အောက်မေ့တော်မူရသနည်း"*

## မြတ်သော ဖန်ဆင်းရှင် ဘုရားသခင်

လေဗနုန် အာရဇ်ပင်တို့သည် ခရစ်ယာန် သင်္ကေတဖြစ်၍၊ ထာဝရဘုရား စိုက်တော်မူခြင်း ဖြစ်ပါသည်။ ဘုရားသခင်၏ စစ်မှန်သော သားသမီးတိုင်းသည် ထိုကဲ့သို့ဖြစ်ကြ၏။ လူတို့ စိုက်ပျိုးခြင်းမဟုတ်၊ မိမိကိုယ်ကို စိုက်ပျိုးခြင်းလည်း မဟုတ်ပါ။ ဘုရားသခင်၏ အံ့ဖွယ် ဝိညာဉ်တော် လက်တော်ဖြင့် သူကိုယ်တိုင် ပြင်ဆင်တော်မူသော စိတ်နှလုံးထဲသို့ အသက်ရှင်ခြင်း မျိုးစေ့ကို ကြဲတော်မူခြင်း ဖြစ်ပါသည်။ ကောင်းကင်ဘုံ အမွေတော်ကို အမှန်ခံရမည့်သူတိုင်းသည် ထိုမြတ်သောဥယျာဉ်မှူး စိုက်ပျိုးတော်မူခြင်း ဖြစ်ပါသည်။ ထို့ပြင်၊ လေဗနုန် အာရဇ်ပင်တို့သည် လူတို့၏ ရေလောင်းခြင်းကို အမှီပြုကြသည်မဟုတ်ပါ။ လူတို့မထွန်မယက်သော တောင်ကုန်းမြင့်ပေါ်၌ ရပ်တည်ကြပြီး၊ ဘုရားသခင်က ပြုစုကြီးထွားစေတော်မူ၏။ ယုံကြည်ခြင်းဖြင့် အသက်ရှင်သော ခရစ်ယာန်တိုင်းသည် ထိုကဲ့သို့ ဖြစ်ကြ၏။ အရာရာတိုင်း၌ လူတို့ကို အားမကိုးဘဲ၊ ရှင်သန်ကြီးထွား ရပ်တည်ခြင်းအမှုအတွက် မိမိ၏ ထာဝရဘုရားသခင်ကိုသာ မျှော်ကြည့်လျက်နေတတ်၏။ ကောင်းကင်မှ ကျလာသော နှင်းစက်သည် သူ့ဝေစုဖြစ်ပြီး၊ ကောင်းကင်ဘုံရှိ အဘဘုရားသည် သူ့အဖို့ စမ်းရေတွင်းဖြစ်၏။ ထို့ပြင်၊ လေဗနုန်အာရဇ်ပင်တို့သည် လူသားတို့၏ ကာကွယ်ထိန်းသိမ်းခြင်းကို မခံရကြပေ။ မုန်တိုင်းထန်သော အချိန်၌လည်း အဘယ်လူသားကမျှ ကွယ်ကာခြင်းမပေးကြပါ။ သူတို့သည် ထာဝရဘုရား၏ သစ်ပင်၊ ဘုရားသခင် ကွယ်ကာထိန်းသိမ်းခြင်း ခံရသောသူဖြစ်ကြ၏။ ခရစ်ယာန်သည်လည်း ထိုကဲ့သို့ဖြစ်ကြပါသည်။ သူသည် သွေးဆောင်ခြင်းရန်မှ ကွယ်ကာရန် အတွက် စိုက်ပျိုးထားသော၊ ဖန်အိမ်အတွင်း၌ စိုက်ထားခြင်းဖြစ်သောကြောင့်၊ မိမိကို စိုက်ပျိုး တော်မူသော ထာဝရဘုရား၏ ကြီးမားကျယ်ပြန့်သော အတောင်တော်ကိုသာ အားကိုးစရာရှိပါ၏။ အာရဇ်ပင်ကဲ့သို့၊ ယုံကြည်သူသည် ရေနှင့်ပြည့်ဝခြင်းရှိသဖြင့် ခြောက်သွေ့သောကာလ၌ပင် အစဉ် စိမ်းလန်းစိုပြည်ရသော အခွင့်ရှိ၏။ အာရဇ်ပင်၏ ကြီးထွားသန်မာခြင်း အမှုသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်နှင့် ကျေးဇူးတော် ချီးမွမ်းရန်သာ ဖြစ်ပါသည်။ ထို့ကြောင့် အာရဇ်ပင်အဖို့ အရာအားလုံးသည် ထာဝရဘုရား၌သာ တည်သည်ဖြစ်သောကြောင့်၊ ဒါဝိဒ်က ဆာလံထဲတွင် ဤသို့ ဖော်ပြထားပါသည်။ "အသီးကိုသီးသောအပင်၊ အာရဇ်ပင်ရှိသမျှတို့ . . . ထာဝရဘုရားကို ချီးမွမ်းကြလော့။" ယုံကြည်သူ၌ လူသားချီးမြှောက်ရမည့်အကြောင်း တစုံတခုမျှ မရှိချေ၊ သူသည် ထာဝရဘုရား လက်တော်ဖြင့် စိုက်ပျိုးထားသော၊ ပြုစုထားသော၊ ကွယ်ကာထားသောသူဖြစ်သော ကြောင့်၊ ဘုန်းအသရေတော်အားလုံးသည် ကိုယ်တော်အတွက်သာ ဖြစ်ရပါမည်။

(Spurgeon)

**ဆင်ခြင်ရန်** - အရာရာတိုင်း၌ ဘုရားသခင်၏ လက်တော်ကို မြင်တတ်ပါလော့။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ အသက်တာ၌ ကိုယ်တော်၏ လက်တော်တည်နေပါသောကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ ဧပြီ (၂၇)
**ဆာလံ ၁၀၄း၁၆**
ကော ၃း၁-၇

*“. . . စပျစ်ရည်နှင့် ယစ်မူးခြင်းကိုရှောင်၍ ဝိညာဉ်တော်နှင့် ပြည့်စုံလျက် ရှိကြလော့”*

# ဝိညာဉ်နှင့် ပြည့်ဝသောအသက်တာ

ရေမရှိလျှင် အပင်သည် မကြီးထွား၊ မတည်ရှိနိုင်ပါ။ လှုပ်ရှားမှုအားအင်သည် ခရစ်ယာန် အဖို့မရှိမဖြစ် လိုအပ်သောအရာဖြစ်၏။ ကျွန်ုပ်တို့၌ အသက်မရှိလျှင် ဘုရားသခင်၏ အပင်မဖြစ်နိုင်ပါ။ အမည်ခံ ခရစ်ယာန်ဖြစ်ခြင်းသည် အသေဖြစ်၏။ ကျွန်တော်တို့သည် အသက်ရှင်တော်မူသော ဝိညာဉ်တော်၏ ကျိန်းဝပ်တော်မူခြင်းနှင့် ထိုဝိညာဉ်၏ အားဖြည့်ခြင်း အမှန်ခံရကြပါမည်။ ထိုအသက်တာသည် အံ့ဖွယ်အသက်တာဖြစ်၏။ အဘယ်သို့ ထိုတန်ခိုးတော်သည် အသက်တာ၌ လည်ပတ်ကြောင်းကို ကျွန်တော်တို့ နားလည်သဘောမပေါက်နိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၌ တည်သော အသက်တာသည် အံ့ဖွယ်ဖြစ်ပါ၏။ ဒုတိယမွေးခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ပြုသောအမှုဖြစ်၍၊ ထိုဝိညာဉ်တော်သည် လူ၌ ကျိန်းဝပ်တော်မူပြီး၊ ထိုလူ၏ အသက်ဖြစ်လာခဲ့၏။

အပင်၏ ရေစုပ်ယူခြင်းသည် အံ့ဖွယ်အမှုဖြစ်ပါသည်။ အမြစ်တို့သည် မြေကြီးထဲသို့ တိုးဝင်၍ လိုအပ်သောရေနှင့် ဓာတုပစ္စည်းတို့ကို ရှာဖွေစုပ်ယူခဲ့၏။ ထိုအမှုကို ကျွန်တော်တို့ မမြင်ရပါ၊ မြေကြီးထဲ၊ အမှောင်ထဲ၌ ဖြစ်ပျက်ခြင်းဖြစ်၏။ ကျွန်ုပ်တို့၏ အပြစ်သည် ယေရှုခရစ်တော် ဖြစ်၍ ကျွန်ုပ်တို့၏ အသက်သည် ကိုယ်တော်၌ သိုထားလျက်ရှိ၏။ ဤသည်ကား ဘုရားသခင်၏ လျှို့ဝှက်ချက်ဖြစ်ပါသည်။ ခရစ်ယာန်အသက်တာ၏ အရင်းအမြစ်သည် အသက်ကဲ့သို့ပင် လျှို့ဝှက်ဆန်းကြယ်လှပါသည်။ အာရဇ်ပင်၌ တည်ရှိသောအားအင် စွမ်းရည်သည် အစဉ်အားကြီးခြင်းရှိ၏။ ခရစ်ယာန်၌တည်သော ဘုရားသခင်ထံမှ အသက်ရှင်ခြင်းသည် အစဉ်အားပြည့်လျက်ရှိပါ၏။ အစဉ်အသီးသီးသည်ဟု မဆိုလို၊ အတွင်းဘက်၌ အသက်ရှိခြင်းကို ဆိုလို၏။ ယုံကြည်သူခံရသော ကျေးဇူးများသည် အစဉ်အကုန်လုံးတသမတ်တည်း အလုပ်လုပ်ကြသည်ဟု မဆိုပါ။ သို့သော် လည်း၊ အတွင်းဘက်၌ အစဉ်နှလုံးခုန်သကဲ့သို့ လှုပ်ရှားအသက်ရှင်ခြင်းရှိ၏။ သူသည် ဘုရားသခင် အတွက် အစဉ်မပျက် အမှုတော်ဆောင်သည်ဟု မဆိုလို၊ သို့သော်လည်း ဘုရားသခင်၌ မိမိစိတ် နှလုံးတည်၍ အသက်ရှင်ခြင်းရှိ၏။ စုပ်ယူထားသော ရေတို့သည် အပင်အသီးသီးခြင်း၌ တွေ့မြင် ရသကဲ့သို့၊ စစ်မှန်သန်စွမ်းသော ခရစ်ယာန်တို့သည်၊ ဘုရားသခင်၏ ကျေးဇူးတော်ကို နေ့စဉ် အသက်တာ၌ ပေါ်လွင်ထင်ရှားခြင်းရှိ၏။ ထိုသူနှင့် စကားပြောလျှင်၊ ယေရှုအကြောင်း မပြောဘဲ မနေနိုင်ကြောင်း သင်တွေ့ရမည်။ သူ့အသက်တာကို သင်လေ့လာကြည့်လျှင်၊ ယေရှုနှင့်အတူ သွားလာသောသူဖြစ်ကြောင်း သင်သိရှိလိမ့်မည်။ သူ၌ အသက်ရှင်ခြင်းရှိကြောင်းကို သူ၏ အပြောအဆို၊ အပြုအမူ၌ ပေါ်လွင်ထင်ရှားခြင်းရှိ၏။

(Spurgeon)

**ဆင်ခြင်ရန်** - ဝိညာဉ်တော်နှင့် ပြည့်ဝခြင်းဆိုသည်မှာ ဝိညာဉ်တော်၏ ထိန်းချုပ်ခြင်းပင် ဖြစ်ပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အသက်တာကို ကိုယ်တော်၏ဝိညာဉ်တော်က ထိန်းချုပ်ခြင်းငှါ ကျွန်တော်အစဉ်အလိုရှိသောသူ ဖြစ်လိုပါ၏။

## သမိုင်းအကြောင်းနှင့်ဆိုင်သော ဆာလံ

ဤသမိုင်းနှင့်ဆိုင်သော ဆာလံကို ဒါဝိဒ်စပ်ဆိုခြင်းဖြစ်ပါသည်။ ပထမအပိုဒ်ငယ် ၁၅ အထိကို ဩဗဒေဒုံအိမ်မှ သေတ္တာတော်ချီပင့်စဉ် အသုံးပြုသော သီချင်းဖြစ်ပါသည်။ ဤအချက်ကို ၅ ရာ ၁၆း၇ မှစ၍ ဖော်ပြခဲ့ပါသည်- "ထိုနေ့၌ ဒါဝိဒ်သည် အာသပ်နှင့် သူညီတို့အားအပ်သော ထာဝရဘုရား၏ ကျေးဇူးတော်ကို ချီးမွမ်းရာဆာလံ သီချင်းသစ် ဟူမူကား . . . ။"

ဤဆာလံသည် ထိုနေ့ရက်မြတ်အဖို့ အလွန်သင့်တော်လှပါသည်။ အကြောင်းမှာ ဘုရားသခင်လူတို့၏ လှုပ်ရှားမှုနှင့် သူတို့၏ လမ်းခရီး၌ ဘုရားသခင် စောင့်ရှောက်မှုကို ဖော်ပြထားပါသည်။ ပဋိညာဉ် သေတ္တာတော် သယ်ဆောင်လှည့်လည်ခြင်းအကြောင်းသည် ပုံသာဓကအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။ ဆာလံ ၁၀၄ သည် ဖန်ဆင်းခြင်းအကြောင်း၊ ကမ္ဘာဦးကျမ်းကို ဖော်ပြ၍၊ ယခုဆာလံသည် ထိုအချက်ကို နိဂုံးချုပ်၍ ကျွန်ုပ်တို့အား ထွက်မြောက်ရာကျမ်းနှင့် တောလည်ရာကျမ်းသို့ ပို့ဆောင်ပေးခဲ့၏။

<u>အပိုင်းခွဲခြင်း</u>
ပထမပိုင်းအပိုဒ်တွင် ယေဟောဝါ ဘုရားကို ချီးမွမ်းခြင်းငှါ လူတို့အား ဖိတ်ခေါ်ခြင်းတွေ့ရ၏ (အငယ် ၁-၇)
ပေါ်ပေါက်ခါစ လူမျိုး၏ အစဦးနေ့ရက်တို့ကို ဖော်ပြ၏ (အငယ် ၈-၁၅)
အဲဂုတ္တုပြည်သို့ ဝင်ရောက်ခြင်း (အငယ် ၁၆း၂၃)
အဲဂုတ္တုပြည်မှ ထွက်မြောက်ခြင်း (အငယ် ၂၄-၃၈)
တောလည်ခြင်းနှင့် ခါနန်ပြည်သို့ ဝင်ရောက်ခြင်း (အငယ် ၃၉-၄၅)။

ဣသရေလလူတို့အား ဘုရားပြုတော်မူသော သမိုင်းကြောင်း အသိပေးခြင်းသည် ဘုရားသခင်ထံမှ လမ်းမလွဲအောင် သူတို့ကို စောင့်ရှောက်ပေးခြင်း ကျေးဇူးတော်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့သည် ဘုရားသခင်၏ အမှုတော်ကို အစဉ်ဆောင်ရွက်နိုင်ခြင်းငှါ၊ ဘုရားသခင် ပြုတော်မူသော ကယ်တင်ခြင်းအကြောင်းနှင့် အသင်းတော်၌ ကျွန်ုပ်တို့အား စုရုံးစေခြင်းအကြောင်းကို အစဉ်အောက်မေ့ကြပါစို့။

**ဆင်ခြင်ရန်** - ကျွန်ုပ်တို့၏ ပရိုတင့်စတန့် အသင်းတော်သမိုင်းကြောင်းကို ပြန်လည်လေ့လာခြင်းသည် အလွန်အရေးကြီးလှပါသည်။

**ဆုတောင်းချက်** - အဘဘုရား၊ ဘိုးဘေးတို့၏ ယုံကြည်ခြင်းမှ လမ်းမလွဲမည်အကြောင်း အကျွန်ုပ်ကို မစကယ်တင်တော်မူပါ။

*သင်တို့၏အဘသည်သစ္စာရှိသောသူဖြစ်သောကြောင့်၊*
*သင်တို့လည်း သစ္စာရှိကြလော့။*

## လူမျိုးနှင့်ဆိုင်သော အပြစ်ဝန်ခံခြင်း

ဆာလံ ၁၀၆ သည် "ထာဝရဘုရားကို ချီးမွမ်းကြလော့" ဟူသော စကားလုံးဖြင့် အစပြု၍ အဆုံးသတ်ခဲ့၏။ ဤစကားလုံးနှစ်ခုအကြားတွင် ဣသရေလလူတို့၏ ဝမ်းနည်းစရာကောင်းသော အပြစ်တို့နှင့် ဘုရားသခင်၏ အံ့ဘွယ်စိတ်ရှည်သည်းခံတော်မူခြင်း အကြောင်းကို ဖော်ပြထားပါသည်။

ဤမြတ်သောဆာလံသီချင်းထဲတွင် ဓမ္မဟောင်းကျမ်း၏သမိုင်း အကြောင်းအရာ ဖော်ပြထားပါသည်။ ဆာလံ ၁၀၅ ထဲတွင် ဘုရားသခင်၏ ကောင်းမြတ်တော်မူခြင်းအကြောင်း သီကုံးသကဲ့သို့၊ ဤ ဆာလံထဲတွင် ဣသရေလသမိုင်းကြောင်းကို လူ၏အပြစ် ဖော်ပြခြင်းသဖွယ် ရေးမှတ်ထားပါသည်။ အမှန်မှာလူမျိုးနှင့်ဆိုင်သော အပြစ်ဝန်ခံချက်ဖြစ်ပါ၏။

ဤဆာလံက အဲဂုတ္တုပြည်၊ တောထဲ၌၄င်း၊ ခါနန်၌၄င်း ဣသရေလကျူးလွန်ခဲ့သော အပြစ်များကို ဖော်ပြထား၏။ ထိုအပြစ်တို့ကို ခွင့်လွှတ်ခြင်းငှါ ကြိုးစားတောင်းလျှောက်ခြင်း ပြုခဲ့၏။ ဤသို့သောဆာလံသီချင်းကို နောင်မျိုးဆက်သစ်တို့က၊ အထူးသဖြင့် ဖမ်းဆီးခြင်းခံကြသောအချိန်၌ အသုံးပြုရန် အလွန်သင့်တော်လှပါသည်။

ဤဆာလံကို ကျွန်တော်တို့လေ့လာသောအခါ၊ မိမိကိုယ်ကို ဤဘုရားသခင်၏ ရှေးလူမျိုး နေရာ၌ ထားလျှက်၊ ဘုရားသခင်အပေါ် ကျူးလွန်မိသောအပြစ်များကြောင့် ဝမ်းနည်းခြင်းရှိကြပါစို့။ တချိန်တည်းမှာဘဲ ဘုရားသခင်၏ အနှိုင်းမဲ့ စိတ်ရှည်သည်းခံခြင်းကို သိမှတ်လျက်၊ ကြည်ညိုသော စိတ်နှင့် ချီးမွမ်းကြပါစို့။

"ကိုယ်တော်သည် ထာဝရကြီးမြတ်တော်မူ၏၊
ထာဝရပြောင်းလဲခြင်းရှိတော်မမူ၊
အကျွန်ုပ်တို့ ဣသရေလဘုရားကို ချီးမွမ်းကြပါစို့။
လူမျိုးအပေါင်းတို့ တညီတညွတ်တည်း၊
ဘုရားသခင်ကို ချီးမွမ်းကြပါစို့။
အသက်ရှင်တော်မူသော ဘုရားကို
ကြွေးကြော်ချီးမွမ်းကြပါလော့။"

**ဆင်ခြင်ရန်** - အပြစ်ကို လူသားတိုင်းကျူးလွန်တတ်ကြ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ဤလူမျိုး ကျူးလွန်သောအပြစ်များကို ခွင့်လွှတ်ပေးတော်မူပါ။

*"ယုံကြည်ခြင်းကို အစအဦးစီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့"*

## ထာဝရဘုရား ရွေးနှုတ်တော်မူသော သူတို့အဖို့ အမြတ်ဆုံးသောသီချင်း

ဆာလံ ၁၀၇ သည် ဘုရားသခင်ရွေးနှုတ်တော်မူသော သူတို့အဖို့ ရွေးနှုတ်ထားသော သီချင်းဖြစ်ပါသည် (အငယ် ၂)။ ဤဆာလံထဲတွင် ဘုရားသခင်၏ ကယ်နှုတ်ခြင်းအမျိုးမျိုး ဖော်ပြချီးမွမ်းခြင်းကို တွေ့ရသော်လည်း၊ အခက်အခဲဒုက္ခမှ ကွယ်ကာခြင်းခံရသောသူတိုင်း သီဆို၍ရသော သီချင်းဖြစ်ပါ၏။ အထူးသဖြင့် ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်ခြင်း အကြောင်းကို ဖော်ကျူးထားပါသည်။ အဓိကအကြောင်းအရာဟူမူကား ကျေးဇူးတော် ချီးမွမ်းခြင်းနှင့် ထိုသို့ ချီးမွမ်းရခြင်းအကြောင်းရင်းပင် ဖြစ်ပါသည်။ ဤဆာလံဖွဲ့စည်းတည်ဆောက်ပုံသည် ကဗျာဆန်ဆန် သီကုံးခြင်းဖြစ်ပါသည်။

<u>အပိုင်းခွဲခြင်း</u>

(၁) ဖမ်းဆီးခြင်းခံရသောသူတို့အား ရွေးနှုတ်တော်မူခြင်း (အငယ် ၁-၃)
(၂) အခက်အခဲကြုံတွေ့နေရသော ခရီးသွားများ (အငယ် ၄-၉)
(၃) သံလှောင်အိမ်ထဲမှ အကျဉ်းသားများ (အငယ် ၁၀-၁၆)
(၄) အနာရောဂါ ခံစားသူများ (အငယ် ၁၇-၂၂)
(၅) လှိုင်းတံပိုးပုတ်ခတ်ခြင်းခံရသော သင်္ဘောသားများ (အငယ် ၂၃-၃၂)
(၆) ဆန့်ကျင်သောသူတို့အပေါ် ဘုရားသခင်၏ စီရင်ခြင်းနှင့် နာကျင်ခြင်းဝေဒနာ ခံစားနေသော မိမိလူတို့အပေါ် ဘုရားသခင်၏ သနားခြင်းဂရုဏာတော် (အငယ် ၃၃-၄၂)
(၇) နိဂုံး၊ ဘုရားသခင်ပြုတော်မူသောအမှုနှင့် စီရင်ခြင်းကို လေ့လာသောသူသည် ဘုရားသခင်၏ ဘုန်းအသရေတော်နှင့် ကောင်းမြတ်ခြင်းကို သိမြင်ရပါလိမ့်မည်။

Spurgeon က "ကျွန်တော်တို့သည် အနည်းငယ်သာမြည်တမ်း၍ များစွာချီးမွမ်းခြင်း ပြုလျှင်၊ ကျွန်တော်တို့သည် ပို၍ဝမ်းမြောက်ခြင်းရှိပြီး၊ ဘုရားသခင်သည် ပို၍ ဘုန်းတော်ထင်ရှားပါလိမ့်မည်။ ဘုရားသခင်၏ ဂရုဏာတော်ကို အစဉ်အောက်မေ့လျက် နေ့ရက်စဉ်တိုင်း ချီးမွမ်းကြပါစို့။ ထိုဂရုဏာတော်မရှိလျှင် ကျွန်တော်တို့ပျက်စီးခြင်းသို့ ရောက်ရမည်ဖြစ်၏။ . . . ချစ်သူတို့၊ ကျွန်ုပ်တို့၏ ချီးမွမ်းခြင်းသီချင်းထဲတွင် အချိုမြိန်ဆုံးနှင့် ကျယ်လောင်စွာ ကြွေးကြော်ရမည့် အကြောင်းဟူမူကား၊ ရွေးနှုတ်ခြင်း မေတ္တာတော်ပေတည်း။ မိမိရွေးနှုတ်တော်မူသောသူတို့အား ဘုရားသခင် ကယ်တင်တော်မူခြင်းသည် ကျွန်ုပ်တို့၏ အနှစ်သက်ဆုံး အကြောင်းအရာဖြစ်ရ ပါမည်။ ရွေးနှုတ်ကယ်တင်တော်မူခြင်းကို ကျွန်တော်တို့ သိရှိနားလည်ပါလျှင်၊ ကျေးဇူးတော် ချီးမွမ်းခြင်းသီချင်းကို မဆိုဘဲမနေကြပါစို့။ . . . ဘုရားသခင်၏ သားသမီးတို့ သင်အသံမပြုဘဲနေနိုင်ပါသလား။ ဘုန်းတော်ကို အမွေခံမည့်သူတို့၊ ထကြလော့၊ ဒါဝိဒ်နှင့်အတူ "အို ငါ့ဝိညာဉ်၊ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ ငါ၏အထဲမှရှိသမျှတို့၊ သန့်ရှင်းသောနာမတော်ကို ကောင်းကြီးပေးကြလော့၊ ကြွေးကြော်ကြလော့" ဟု ရေးသားထားပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်တို့သည် ပျော်ဆုံးသောသူများ ဖြစ်ကြ၏။
**ဆုတောင်းချက်** - ထာဝရဘုရား၊ အကျွန်ုပ်ကို ကယ်တင်တော်မူပါ။

**ဆာလံ ၁၀၇း၇**

ယော ၁၂း၂၄-၂၆

*"ထိုအခါ ယေရှုက၊ ငါ၌ဆည်းကပ်လိုသောသူဖြစ်လျှင် . . . ငါ့နောက်သို့လိုက်ရမည် . . . ဟုတပည့်တော်တို့အားမိန့်တော်မူ၏"*

---

## ဘုရားသခင်၏နောက်တော်သို့အစဉ်လိုက်ပါလော့

ပြောင်းလဲနေသော ဘဝအချိုးအကွေ့၌ ပူပန်တတ်သောယုံကြည်သူသည် "အဘယ့်ကြောင့် ကျွန်ုပ်၌ဤအမှုဖြစ်ပျက်ပါသနည်း" ဟု မေးခွန်းထုတ်တတ်၏။ အလင်းကိုရှာဖွေသော်လည်း အမှောင်သာရောက်လာ၏။ ငြိမ်သက်ခြင်းရှာသော်လည်း ပြဿနာရောက်ရှိလာ၏။ အကျွန်ုပ်စိတ်နှလုံးထဲ၌ ဤသို့ဆိုပါ၏။ အကျွန်ုပ်သည်ခိုင်ခံ့ခြင်းရှိ၍ ဘယ်တော့မှမရွေ့ဟုဆိုပါသည်။ ထာဝရဘုရား၊ မျက်နှာလွှဲတော်မူသောအခါ အကျွန်ုပ်သည် ဒုက္ခရောက်ပါ၏။ မနေ့၌အကျွန်ုပ်သည် မြဲမြံခြင်းရှိသော်လည်း၊ အကျွန်ုပ်အားကိုးရာတို့သည် ယနေ့ပျောက်ဆုံးလျက်ရှိပြီး၊ မျှော်လင့်ချက်မဲ့နေခဲ့ပါသည်။ မနေ့၌ ပိသဂါတောင်ထိပ်သို့တတ်ရောက်နိုင်ခဲ့ပြီး၊ တောတောင်ကိုမျှော်ကြည့်၍ အနာဂတ်၌ခံရမည့်အမွေတော်အတွက် ယုံကြည်မှုရှိလျက် ဝမ်းမြောက်ခြင်းရှိသော်လည်း ယနေ့တွင်မူအကျွန်ုပ်စိတ်ဝိညာဉ်သည် မျှော်လင့်ချက်မဲ့လျက် ကြောက်ရွံ့ခြင်းရှိပြီး ဝမ်းမြောက်ခြင်းမရှိဘဲ စိတ်ပူပန်ခြင်းသို့ရောက်နေရ၏။ ဤအမှုသည် အကျွန်ုပ်အတွက်ဘုရားသခင်၏အစီအစဉ်ဖြစ်ပါသလား။ ယခုကျွန်တော်လျှောက်နေရသော ဤလမ်းဖြင့်ကောင်းကင်သို့ဘုရားသခင်အကျွန်ုပ်ကို ခေါ်ဆောင်လိုနေပါသလား။ မှန်ပါ၏။ ထိုသို့ဘုရားသခင်အလိုရှိပါ၏။ သင့်ယုံကြည်ခြင်းနှင့်စိတ်နှလုံးအမှောင်ဖုံးခြင်း၊ မျှော်လင့်ချက်မေးမှိန်ခြင်း စသည်တို့သည် မကြာမီသင်ခံစားရမည်။ မြတ်သောအမွေတော်အတွက်သင်အဆင်သင့်ဖြစ်စေခြင်းငှါ ဘုရားသခင်အသုံးပြုတော်မူသော နည်းလမ်းများဖြစ်ပါသည်။ ဤစုံစမ်းစစ်ကြောခြင်းတို့သည် သင့်ယုံကြည်ခြင်းခိုင်ခံ့အားဖြည့်စေရန်အတွက် ဖြစ်ပါ၏။ သင့်ကိုကျောက်ပေါ်သို့ရောက်စေခြင်းငှါ ဘုရားအသုံးပြုသောလှိုင်းလုံးများ ဖြစ်ကြပါ၏။ အလိုရှိရာဆိပ်ကမ်းသို့ သင်၏သင်္ဘောကိုအလျှင်အမြန်ပို့ဆောင်မည့် လေပြင်းဖြစ်ကြပါ၏။ "အလိုရှိရာ သင်္ဘောဆိပ်သို့ ပို့ဆောင်တော်မူ၏" ဟု ဒါဝိဒ်ဆိုသကဲ့သို့ သင်လည်းဆိုပါလော။ ရိုသေခြင်းနှင့် ကဲ့ရဲ့ခြင်းဖြင့်၎င်း၊ အတင်းပြောခြင်းနှင့်ချီးမွမ်းခြင်းဖြင့်၎င်း၊ ကြွယ်ဝခြင်းနှင့်ဆင်းရဲခြင်းဖြင့်၎င်း၊ ဝမ်းမြောက်ခြင်းနှင့်စိတ်ပူပန်ခြင်းဖြင့်၎င်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ငြိမ်သက်ခြင်းဖြင့်၎င်း၊ ဤအရာအလုံးစုံတို့အားဖြင့်သင့်ဘဝအသက်တာသည် ခိုင်ခံ့မြဲမြံစေခြင်းခံရပြီး သင့်ဘဝခရီးလမ်း၌ သင့်အားမစခြင်းပေးခဲ့ကြပါသည်။ သင်ကြုံတွေ့ခဲ့ရသော ဝမ်းနည်းခြင်းတို့သည် ဘုရားသခင်အစီအစဉ်မဟုတ်ဟု ယုံကြည်သူမတွေးပါနှင့်။ ထိုအရာတို့သည် မရှိမဖြစ်လိုအပ်ခြင်းရှိခဲ့ကြ၏။ " ငါတို့သည် များပြားသောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ရကြမည်"။ ထို့ကြောင့် "အထူးထူးအပြားပြားသောစုံစမ်းနှောက်ယှက်ခြင်းနှင့်တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်"ဟု မှတ်ယူခြင်းငှါ သင်ယူပါလော့။

(Spurgeon)

**ဆင်ခြင်ရန်** - ယေရှုနောက်တော်သို့ ခေါ်ဆောင်တော်မူရာအရပ်တိုင်းသို့ ကျွန်တော်လိုက်ပါမည်လော။

**ဆုတောင်းချက်** - အဘဘုရား၊ ခြေလှမ်းတိုင်း၌ ကိုယ်တော်ကိုယုံကြည်ကိုးစားခြင်းဖြင့် ကိုယ်တော်၏လမ်းပြတော်မူခြင်း၌ နာခံဆက်ကပ်ခြင်းရှိမည်အကြောင်း အကျွန်ုပ်စိတ်နှလုံးကို နူးညံ့စေတော်မူပါ။

## ဒါဝိဒ်၏ သီချင်း(သို့)ဆာလံ

ဆာလံ ၁၀၈ သည် လူမျိုးနှင့်ဆိုင်သောသီချင်းဖြစ်သကဲ့သို့ ဝမ်းမြောက်ဖွယ်ရွှင်စွာ သီဆိုရမည့်သီချင်းဖြစ်ပါသည်။

ဆာလံ ၅၇း၇ မှ အငယ် ၁၁ နှင့် ဆာလံ ၆၀း၅ မှ အငယ် ၆ အထိ ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်၏။ အဘယ့်ကြောင့် ဒါဝိဒ်ကထိုသို့ပြုရပါသနည်း။ သီကုံးရန်မိမိ၌စကားလုံးမရှိသောကြောင့်လော။ မဟုတ်ရပါ။ ဘုရားသခင်ရည်ရွယ်ချက်ရှိသောကြောင့် ဖြစ်ပါသည်။

ဤဆာလံသည် နံနက်ခင်းချိန်ခါသီဆိုရသော သူရဲကောင်းသီချင်းလည်းဖြစ်၏။ ဤသူရဲကောင်းသီချင်းအားဖြင့် ဆာလံဆရာသည် မိမိ၏ဘုရားသခင်ကို ရိုသေကြည်ညိုခြင်းပြုလျက် တစ်နေ့တာ ဒုက္ခပြဿနာကိုရင်ဆိုင်ကျော်ဖြတ်ခြင်းငှါ မိမိစိတ်နှလုံးကို အားဖြည့်ခြင်းဖြစ်ပါသည်။ ဒါဝိဒ်သည် ဘုရားသခင်ထံဆုတောင်းခြင်းဖြင့် ထာဝရဘုရား၏နာမတော်ကို အမှီပြု၍မိမိ၏အောင်လံတံခွန်ကို စိုက်ထူခဲ့ပါသည်။

<u>အပိုင်းခွဲခြင်း</u>

(၁) ချီးမွမ်းခြင်းစိတ်သဘောဖြင့် မြွက်ဆိုသောစကား (အငယ် ၁-၅)

(၂) ဆုတောင်းခြင်းစိတ်သဘောဖြင့် ဖွင့်ဟသောစကား (အငယ် ၆-၁၂)

(၃) နိဂုံး၊ မိမိ၏ရဲဘော်ရဲဘက်တို့နှင့်တကွ စစ်တိုက်ခြင်းငှါ ချီတက်စဉ်စိတ်ပိုင်းဖြတ်၍ နောက်ဆုံးမြွက်ဆိုသောစကား (အငယ် ၁၃)။

*"ကိုယ်တော်၏လက်ျာတော်သည် မိမိလူတို့ကို မစလျက်၊ သစ္စနှင့်ပြုသော ဂတိတော်သည် အကျွန်ုပ်ကိုခွန်အားနှင့်ပြည့်စေ၏။ ဖိလိတ္တိလူတို့၏ ပြည်ကိုဝင်ရောက်သိမ်းပိုက်၍ ဇေဲ့ပြည့်၌အောင်နိုင်ခြင်းသီချင်းဆိုကြမည်။ ကိုယ်တော်အားဖြင့် ကျွန်တော်တို့သည် ရဲရင့်စွာတိုက်လှန်၍ ရန်သူတို့ကိုခြေဖဝါးအောက်၌ နင်းခြေမည်။ ကိုယ်တော်အားဖြင့် အကျွန်ုပ်တို့၏ယုံကြည်ခြင်းက တောင်တို့ကိုရွှေ့စေ၍ ဖွဲကဲ့သို့လွှင့်စင်စေမည်။"*

**ဆင်ခြင်ရန်** - စစ်တိုက်ခြင်း၌ချီတက်စဉ် ဘုရားသခင်သည်ကျွန်ုပ်တို့၏အောင်လံတံခွန်ဖြစ်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နာမတော်အားဖြင့် ကျွန်တော်တို့အောင်နိုင်မည်။

သောကြာ၊ မေ (၃)

**ဆာလံ ၁၀၉**

ကော ၃း၂၃-၂၅ *ငါတို့သည် ဘုရားသခင် ဘက်၌နေကြပါ၏။*

## ကျိန်ဆဲခြင်းနှင့်ဆိုင်သောဆာလံ

ဤကျိန်ဆဲခြင်းဆာလံသည် ရှင်ဘုရင်ဒါဝိဒ်နှုတ်မှထွက်သောစကားဖြစ်ပါ၏။ Scofield ကဲ့သို့သော Dispensational ကျမ်းတတ်ပုဂ္ဂိုလ်တို့က ဤသို့သောဆာလံသည် မိမိရန်သူတို့ကို မုန်းတီးခွင့်ရှိသောဓမ္မဟောင်းခေတ် ဟေဗြဲလူတို့အတွက်ဖြစ်ပြီး၊ (ဓမ္မသစ်ခေတ်) တောင်ပေါ်ဒေသနာ၌ မိမိရန်သူတို့ကို ချစ်ခြင်းငှါ သွန်သင်ခြင်းခံရသော ယနေ့ခရစ်ယာန်များအတွက် မဟုတ်ဟုသင်ပေးကြ၏။ ဤသည်ကား ဘုရားသခင်မိမိကိုယ်ကို ဆန့်ကျင်တတ်၏ဟူသော မှားယွင်းသည့်အယူအဆဖြစ်ပါသည်။ ဓမ္မဟောင်းကလည်း ကျွန်ုပ်တို့၏ရန်သူတို့ကို ချစ်ခြင်းငှါ သွန်သင်ထားပါသည်။ ထွက် ၂၃း၄-၅ ထဲတွင် "မောရှေသည် ထာဝရဘုရား၏စကားတော်အလုံးစုံတို့ကို ရေးထားပြီးမှ၊ နံနက်စောစောထ၍၊ တောင်ခြေရင်း၌ ယဇ်ပလ္လင်ကိုဇင်း၊ ဣသရေလမျိုးတဆယ်နှစ်မျိုးနှင့်အမျှ ကျောက်တိုင်တဆယ်နှစ်တိုင်ကိုဇင်း၊ တည်လေ၏။ ဣသရေလအမျိုးသားလူပျိုတို့ကို စေခိုင်းသည်အတိုင်း သူတို့သည် နွားများကိုယူ၍ ထာဝရဘုရားရှေ့မှာ မီးရှို့သောယဇ်၊ မိဿဟာယယဇ်ကို ပူဇော်ကြ၏" ဟု ဖော်ပြထားပါသည်။ ဓမ္မဟောင်းထဲ၌ တွေ့ရသောရန်သူချစ်ခြင်း အကြောင်း၌ တိရိစ္ဆာန်ကိုပင် ပါဝင်ဖော်ပြထားပါသည်။

Dispensational ဆရာသမားတို့၏ မှားယွင်းသောအချက်ဟူမှုကား ဓမ္မသစ်ကျမ်းထဲ၌ ယေရှုသည်တစ်ဦးတစ်ယောက်၏ ရန်သူအကြောင်းကို ရည်ညွှန်းပြောဆိုခြင်းဖြစ်ကြောင်း မသိခဲ့ခြင်းဖြစ်ပါသည်။ "ငါသည် အပြစ်တရားကို စီရင်ပိုင်၏"။ ပြဿနာကိုဘုရားသခင်လက်တော်ထဲသို့ ဘုရားစီရင်ခြင်းငှါ အပ်နှံကြရပါမည်။

ဆာလံ ၁၀၉ ထဲတွင် ဒါဝိဒ်သည် မိမိဘုရားသခင်၏အမှုတော်ဆောင်ရွက်နေစဉ် ဖျက်ဆီးလိုသော ရန်သူအကြောင်းကို ပြောဆိုခြင်းဖြစ်ပါသည်။ ထိုသို့သောရန်သူသည် ဒါဝိဒ်ကိုသာဆန့်ကျင်သည်မဟုတ် သူကိုယ်စားပြုသောဘုရားသခင်ကိုလည်း ဆန့်ကျင်ရာရောက်၏။ ထို့ကြောင့် ဤသို့သော ကျိန်ဆဲခြင်းဆာလံသည် မှားသည့်မဟုတ်ပါ။ ဟေဗြဲဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ ဤဆာလံကို အသုံးပြုနိုင်ပါသည်။ သက်သေပြချက် "အို ဘုရားသခင်၊ ကိုယ်တော်သည် မတရားသောသူတို့ကို ကွပ်မျက်တော်မူပါစေသော။ လူအသက်ကိုသတ်တတ်သောသူတို့၊ ငါ့ထံမှဖယ်သွားကြ။ ထိုသူတို့သည် ကိုယ်တော်တဘက်၌ မနာလိုသောစိတ်နှင့်ပြောဆို၍၊ ကိုယ်တော်၏ရန်သူတို့သည် မတရားသဖြင့် ဝါကြွားကြပါ၏။ အိုထာဝရဘုရား၊ ကိုယ်တော်ကိုမုန်းသောသူတို့ကို အကျွန်ုပ်မုန်းပါသည်မဟုတ်လော။ အာဏာတော်ကိုဆန်သောသူတို့ကို အကျွန်ုပ်ရွံရှာပါသည်မဟုတ်လော။ ထိုသူတို့ကို စိတ်နှလုံးအကြွင်းမဲ့မုန်းပါ၏။ ကိုယ်ရန်သူကဲ့သို့ မှတ်ပါ၏" (ဆာလံ ၁၃၉း၁၉-၂၂)။

တစ်ဦးတစ်ယောက်နှင့်ဆိုင်သောအမှုနှင့် လူထုနှင့်ဆိုင်သောတရားသဖြင့် စီရင်ခြင်းကို မရောထွေးမိပါစေနှင့်။ လူသတ်မှုကိုလူထုနှင့်ဆိုင်သော တရားဥပဒေအောက်၌ ဖြောင့်မတ်မှန်ကန်စွာ သေဒဏ်ချမှတ်ခြင်းခံရ၏။ သင်သည် ဟေဗြဲလူမျိုးဖြစ်စေ၊ ခရစ်ယာန်ဖြစ်စေ၊ တစ်စုံတစ်ယောက်သောသူက သင့်ကိုမုန်းလျှင် ခွင့်လွှတ်ခြင်းငှါ တိုက်တွန်းခြင်းရှိပြီး၊ သင်နှင့်ထိုပုဂ္ဂိုလ်အကြား၌ ဘုရားသခင်စီရင်တော်မူလိမ့်မည်။ ဒါဝိဒ်၏အမှုတွင် ဘုရားသခင်ကို မုန်းတီးသောသူတို့အား သူမုန်းတီးခွင့်ရှိပါ၏။ အာမင်။

**ဆင်ခြင်ရန်** - ( ဆာလံ ၁၃၉း၂၁ ကို ဖတ်ပါ)။
**ဆုတောင်းချက်** - ( ဆာလံ ၁၃၉း၂၃-၂၄ ကိုအသုံးပြုပါ)။

စနေ၊ မေ (၄)

**ဆာလံ ၁၀၉း၄**

ဖိ ၄း၆-၇

*"သို့ဖြစ်၍၊ အရပ်ရပ်၌ ယောကျ်ားတို့သည်. . .
ဆုတောင်းစေခြင်းငှါ ငါအလိုရှိ၏"*

# စိတ်အားထက်သန်စွာ ဆုတောင်းပဌနာပြုလော့

မုသားစကားပြောသောနှုတ်တို့သည် ဒါဝိဒ်၏အသရေကို ရှုတ်ချပြောဆိုကြသော်လည်း၊ ဒါဝိဒ်သည် မိမိကိုယ်ကို ကာကွယ်ပြောဆိုခြင်းမပြုဘဲ ထိုအမှုကိုကောင်းကင်ခုံရုံးသို့တင်ပြလျက်၊ ကြီးမြတ်သောရှင်ဘုရင်ကိုယ်တိုင်ရှေ့၌ အယူခံဝင်ခဲ့ပါသည်။

ဆုတောင်းခြင်းသည် မုန်းတီးသောစကားတို့ကို တုန့်ပြန်ခြင်းငှါ အကောင်းဆုံးနည်းလမ်းဖြစ်ပါသည်။ ဆာလံဆရာသည် အေးတိအေးစက်ဆုတောင်းသည်မဟုတ်၊ အကြွင်းမဲ့မိမိစိတ်နှလုံးပုံအပ်ပြီး ယာကုပ်သည် ကောင်းကင်တမန်ကိုနပန်းလုံးသကဲ့သို့ မိမိ၏အားအင်အကုန်ထုတ်၍ ဆုတောင်းခဲ့ပါ သည်။ ထိုနည်းအားဖြင့်သာလျှင် ကျွန်တော်တို့သည် ကျေးဇူးတော်ပလ္လင်ကို ချဉ်းကပ်ရပါမည်။ အရိပ်၌ အားအင်ခွန်အားမရှိသကဲ့သို့၊ ဆုတောင်းပဌနာပြုခြင်း၌လည်း မိမိကိုယ်ကိုဆက်ကပ်မှု၊ ကြိုးစား အားထုတ်ခြင်း၊ စိတ်အားထက်သန်ခြင်းမရှိလျှင် အကျိုးမရှိဖြစ်တတ်၏။ ရှေးဘုရားသခင်၏လူတစ်ဦး က "စိတ်အားထက်သန်စွာ ဆုတောင်းပဌနာပြုခြင်းသည် ကောင်းကင်တံခါးဝ၌ထားရှိသော အမြောက်ကဲ့သို့ဖြစ်၍ ထိုတံခါးတို့ကို ဖွင့်စေတတ်၏" ဟု ဆိုခဲ့ပါသည်။ ကျွန်ုပ်တို့ကျူးလွန်သော တူညီသောအမှားဟူမူကား အာရုံစူးစိုက်မှုမရှိခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စိတ်နှလုံးအတွေးတို့သည် ဟိုရောက်ဒီရောက်တွေးတောပြီး၊ ကျွန်ုပ်တို့တောင်းလျှောက်လိုသောအရာကိုပင် ထိထိမိမိ မတောင်းတတ်ပါ။ ကျွန်ုပ်တို့စိတ်အတွေးသည ဟိုယိုင်ဒီယိုင်ဖြစ်တတ်၏။ အလွန်ဆိုးယုတ်လှပါ သည်။ ထိုသို့ပြုခြင်းသည် ကျွန်ုပ်တို့ကိုနာကျင်စေပြီး၊ ဘုရားသခင်ကိုမလေးစားရာလည်း ရောက်၏။ ရှင်ဘုရင်ထံတင်ပြတောင်းလျှောက်ခြင်းပြုသောသူတစ်ဦးသည် အာရုံစူးစိုက်ခြင်းမပြုဘဲ ပေ့ါပေ့ါတန်တန် ပြုပါလျှင် ကျွန်တော်တို့မည်သို့ ထင်မြင်မိပါမည်နည်း။

၎င်းကျမ်းပိုဒ်၌ ပေါ်လွင်သောအချက်ဟူမူကား အစဉ်မပြတ်ကြိုးစားအားထုတ်ခြင်းပင်ဖြစ်ပါသည်။ ဒါဝိဒ်သည် တစ်ကြိမ်တစ်ခါတောင်းလျှောက်ပြီးမှ ငြိမ်သက်၍နေမသွားပါ။ ကောင်းကြီးမင်္ဂလာရောက်မလာမချင်း အစဉ်မပြတ်စိတ်အားထက်သန်စွာ ဆုတောင်းပဌနာပြုခဲ့၏။ ဆုတောင်းခြင်းသည် တစ်ခါတစ်ရံသာပြုရမည့်အမှုမဟုတ်ဘဲ၊ ကျွန်ုပ်တို့၏နေ့စဉ်ပြုမည့်အမှု၊ ကျွန်ုပ်တို့၏အကျင့်ဖြစ်ရပါမည်။ အနုပညာသမားတို့သည် မိမိတို့အလုပ်၌ စိတ်နှစ်ထားသကဲ့သို့၊ ကဗျာဆရာတို့သည်လည်း ကဗျာရေးစပ်ခြင်း၌ မိမိကိုယ်ကိုဆက်ကပ်သကဲ့သို့ ကျွန်တော်တို့သည်လည်း ဆုတောင်းခြင်းအမှု၌ အစဉ်တည်နေကြရပါမည်။ ဆုတောင်းခြင်းအမှု၌ စိတ်ရောကိုယ်ပါနှစ်မြှပ်ထားကြရပါမည်။ မခြားမလပ်ဆုတောင်းပဌနာပြုခြင်းငှါ ကျွန်ုပ်တို့ကိုသွန်သင်မပေးတော်ပါ ဘုရား။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် မည်သို့မခြားမလပ်ဆုတောင်းနိုင်ပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ထံချဉ်းကပ်စဉ် ကိုယ်တော်အကြောင်းကို ကျွန်တော် အစဉ်သတိပြုတွေးတောခြင်းငှါ မစတော်မူပါ။

တနင်္ဂနွေ၊ မေ (၅)
**ဆာလံ ၁၁၀**
မ ၂၂း၄၁-၄၆

*“ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏အချုပ်အခြာဖြစ်၏”*

# ဒါဝိဒ်၏ သားသည်မည်သို့သူ၏ဖခင်ဖြစ်နိုင်သနည်း

“ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ၊ ငါမချမထားမှီတိုင်အောင်၊ ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟုငါ၏သခင်အား မိန့်တော်မူ၏” (ဆာလံ ၁၁၀း၁)။ ဤကျမ်းပိုဒ်ကို သခင်ယေရှုက မိမိအား ထောင်ချောက်ဆင်လျက်ဖမ်းခြင်းငှါ အမျိုးမျိုးမေးခွန်းထုတ်၍ နှောက်ယှက်ခဲ့ကြသော ဖာရိရှဲတို့အား နှုတ်ဆိတ်စေကြခြင်းငှါ ကိုးကားခဲ့ပါသည်။

ထိုအကြောင်းအရာကို မသဲ ၂၂း၄၁-၄၆ ထဲတွင် ဤသို့ဖော်ပြထားပါသည်။ “ဖာရိရှဲတို့သည် စုဝေး၍ နေကြစဉ်တွင် ယေရှုက၊ သင်တို့သည်ခရစ်တော်ကို အဘယ်သို့ထင်မှတ်ကြသနည်း။ အဘယ်သူ၏သားဖြစ်သနည်းဟု မေးတော်မူလျှင်၊ ဒါဝိဒ်၏သားဖြစ်သည်ဟု လျှောက်ကြသော်၊ သို့ဖြစ်လျှင် ဒါဝိဒ်သည်ခရစ်တော်ကို သခင်ဟူ၍ဝိညာဉ်တော်အားဖြင့် အဘယ်ကြောင့်ခေါ်သနည်း။ ဒါဝိဒ်၏စကားမှာ ထာဝရဘုရားက၊ သင်၏ရန်သူတို့ကို သင်၏ခြေတင်ရာ ငါမချမထားမှီတိုင်အောင် ငါ့လက်ျာဘက်၌ ထိုင်နေလော့ဟု ငါ၏သခင်အားမိန့်တော်မူသည်ဟု ဒါဝိဒ်ဆိုသတည်း။ ထိုသို့ ဒါဝိဒ်သည် ခရစ်တော်ကိုသခင်ဟူ၍ခေါ်လျှင် အဘယ်သို့သူ၏သားဖြစ်သနည်းဟု မေးတော်မူသည်ရှိသော်၊ အဘယ်သူမျှ စကားတခွန်းကိုပြန်လျှောက်ခြင်းငှါ မတတ်နိုင်ကြ။ ထိုနေ့မှစ၍ နောက်တဖန် အဘယ်သူမျှ မမေးမလျှောက်ဝံ့ကြ”။

သန့်ရှင်းသောဝိညာဉ်တော်အသိပေးတော်မူသောအဖြေမှုကား၊ ဒါဝိဒ်၏သားတော်သည် အပျိုကညာမှမွေးဖွားလာသော ဘုရားသခင်၏သားတော်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ဒါဝိဒ်က “သခင်” ဟုခေါ်ရခြင်းဖြစ်၏။ ဤအချက်ကိုယုဒလူတို့သိခဲ့ပါလျှင် ထိုသို့ပြောခဲ့ကြမည်မဟုတ်ပါ။ ထိုအကြောင်းကို သိခဲ့လျှင်အဘယ့်ကြောင့်ခရစ်တော်ယေရှုထံ မိမိကိုယ်ကိုနာခံဆက်ကပ်ခြင်းမပြုကြသနည်း။ ယေရှုကိုဒုက္ခရောက်စေမည့်အစား သူတို့ကိုယ်တိုင်အရှက်ရခဲ့ကြ၏။

ဤဆာလံ၏ အဓိကအကြောင်းသည် ယဇ်ပုရောဟိတ်-ရှင်ဘုရင်အကြောင်းတည်း။ ဒါဝိဒ်သည် ယဇ်ပုရောဟိတ်နှင့်ဆိုင်သောအမှုအချို့ကို ပြုခဲ့သော်လည်း၊ သူသည် ယဇ်ပုရောဟိတ်မဟုတ်ပါ။ သူသည်ဘုရင့်မျိုးနွယ် ယုဒလူမျိုးဖြစ်၏။ ထို့ပြင် ဒါဝိဒ်သည်ဘုရားသခင်ခန့်အပ်ခြင်းမရှိဘဲ မိမိကိုယ်ကိုယဇ်ပုရောဟိတ်အမှုပြုခြင်းငှါ အတင်းဆက်ကပ်သောသူဖြစ်ပါသည်။

ယဇ်ပုရောဟိတ်-ရှင်ဘုရင်သည် ဒါဝိဒ်၏သခင်ဖြစ်တော်မူသော၊ မေလခိဇေဒစ်ပုံဆောင်သော၊ ယုဒလူတို့စောင့်မျှော်သောမေရှိယပင်ဖြစ်ပါသည်။ သူသည် တခြားမဟုတ်နာဇရက်မြို့သား ယေရှု၊ ယုဒလူတို့၏ရှင်ဘုရင်ဖြစ်တော်မူ၏။ ဤဆာလံထဲတွင် ရှင်ဘုရင်ယဇ်ပုရောဟိတ်၊ သူ၏နောက်လိုက်တပည့်များ၊ သူ၏စစ်တိုက်ခြင်းနှင့်အောင်နိုင်ခြင်းအမှုတို့ကို ဖော်ပြထားပါသည်။

**ဆင်ခြင်ရန်** - သေးငယ်သောလူသားက ဘုရားသခင်ကိုလှည့်စားခြင်းငှါ ကြိုးစား၏။
**ဆုတောင်းချက်** - အဘဘုရား၊ သူတို့ပြုသည်နည်းတူ ခံစေတော်မူပါ။

တနင်္လာ၊ မေ (၆)
**ဆာလံ ၁၁၁**
ဗျာ ၄း၉-၁၁

*"ဖန်ဆင်းရှင်ထက် ဖန်ဆင်းသောအရာကို မကိုးကွယ်ပါနဲ့"*

---

## ဖန်ဆင်းခြင်း၊ ကွယ်ကာပြုစုထိန်းသိမ်းခြင်းနှင့်ကျေးဇူးတော်အမှု၌ တွေ့ရသောထာဝရဘုရား

ဤဆာလံသည် ဟေဗြဲအက္ခရာစလုံးအတိုင်း ရေးဖွဲ့ထားသောဆာလံဖြစ်၏။ ဤဆာလံတွင် ဖန်ဆင်းခြင်း၊ ပြုစုစောင့်ရှောက်ခြင်းနှင့်ကျေးဇူးတော်၌ ဘုရားသခင်၏တန်ခိုးကြီးမြတ်မှုကို တွေ့ရ၏။ ဤအသိဉာဏ်သည် Calvin ဖော်ပြသည့်အတိုင်း လူသား၏စစ်မှန်သောအသိဉာဏ်ဖြစ်ပါသည်။

များစွာသောလူတို့သည် ဖန်ဆင်းရှင်ပြုတော်မူသောအရာကို လျစ်လျူရှုကြပြီး၊ မိုက်မဲသောသူဖြစ်ကြ၏။ ဘုရားသခင်ကိုဘယ်သောအခါမျှ ချီးမွမ်းခြင်းမပြုကြပါ။ ခရစ်ယာန်သည် ဘုရားသခင်၏အကြောင်းဖြစ်သော၊ ဖန်ဆင်းရှင်ဖြစ်ခြင်း၊ ပြုစုစောင့်ရှောက်သူဖြစ်ခြင်းနှင့် ရွေးနှုတ်ကယ်တင်သောအရှင်ဖြစ်ခြင်းစသည့် အကြောင်းကို ဘုရားသခင်သိခွင့်ပေးသည်ဖြစ်သောကြောင့် ဘုရားသခင်ကို အစဉ်ချီးမွမ်းရပါမည်။

*ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ချီးမွမ်းပါမည်၊ ဖြောင့်မတ်သော*
*လူတို့စုဝေးရာအရပ်၌ ချီးမွမ်းပါမည်။ ထာဝရဘုရားပြုသောအမှုတို့သည်*
*ကောင်းမြတ်သောအမှုဖြစ်ကြ၏။ ထိုအမှုတို့သည်*
*နှစ်သက်စရာကောင်းပြီး ဝမ်းမြောက်စရာ ကောင်းလှ၏။*
*အကြောင်းမှာ ဘုရားသခင်၏ကရုဏာတော်သည် အစဉ်အမြဲတည်၏၊*
*သူပြုသောအမှုသည် ဘုန်းအသရေတော်နှင့်ပြည့်စုံကြ၏။ ပြုတော်မူသော*
*အံ့ဖွယ်အမှုတို့ကို သတိရအောက်မေ့စေလို၏။ ထာဝရဘုရား၌ သနားကြင်*
*နာခြင်းနှင့် ကောင်းမြတ်ခြင်းရှိ၏။ မိမိကိုကြောက်ရွံ့သောသူတို့အား*
*ဘုရားသခင်က စားစရာပေးတော်မူ၏။ မိမိပဋိညာဉ်ကိုလည်း*
*ထာဝရစောင့်တော်မူပြီး၊ မိမိတန်ခိုးတော်ဖြင့် ဖန်ဆင်းထားသောမိမိလူတို့ကို*
*ကြည့်ရှု၍ တစ်ပါးအမျိုးသား တို့၏ အမွေကိုခံစေတော်မူ၏။*
*လက်တော်ပြုသောအမှုသည် အမှန်တရားနှင့်*
*တရားသဖြင့်ပြုသောအမှုဖြစ်ကြ၏။ သူ၏ဥပဒေသတို့သည် ထာဝရတည်၍*
*မြဲမြံခြင်းရှိကြ၏။ သက်သေခံတော်မူချက်တို့သည် ဖြောင့်မတ်မှန်ကန်သော*
*တရားဖြစ်ကြ၏။ မိမိလူတို့ထံ ကယ်တင်ခြင်းပေးတော်မူ၍ သူတို့ထံပြုသော*
*ပဋိညာဉ်ကို တည်စေတော်မူ၏။ ကိုယ်တော်၏နာမသည်*
*သန့်ရှင်း၍ဖြောင့်မတ်ခြင်းရှိ၏။ ဘုရားသခင်ကိုကြောက်ရွံ့ခြင်းသဘောသည်*
*ပညာ၏အချုပ်အခြာ အမှန်ဖြစ်၏။ ထိုသို့ပြုသောသူတို့၌*
*ကောင်းသောနားလည်သဘောပေါက်ခြင်း ရှိ၏။ကိုယ်တော်ကို*
*စိတ်အားထက်သန်စွာ အစဉ်ထာဝရချီးမွမ်းရပါမည်။*

**ဆင်ခြင်ရန်** - ( ဆာလံ ၁၉ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ဖန်ဆင်းခြင်းအမှု၌ ကိုယ်တော်ပြုတော်မူသော အံ့ဖွယ်လက်ရာတော်ကို မြင်တွေ့ရမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ မေ (၇)

**ဆာလံ ၁၁၁း၉**

တ ၃း၂၅-၂၆ *“သင်တို့သည်. . . ပဋိညာဉ်တရားတော်နှင့်ဆိုင်ကြ၏”*

## ပဋိညာဉ်၌တည်သောဝမ်းမြောက်ခြင်း

ထာဝရဘုရား၏ လူတို့သည် ပဋိညာဉ်ကိုနှစ်သက်ခြင်းရှိကြ၏။ ပဋိညာဉ်သည် သူတို့အတွက် ထာဝရတည်သောနှိမ့်သိမ့်ခြင်းအရင်းအမြစ်ဖြစ်၍ သန့်ရှင်းသောဝိညာဉ်တော်က ထိုပဋိညာဉ်၏ စားသောက်ပွဲအိမ်တော်သို့ ခေါ်ဆောင်လေ့ရှိပြီး၊ ချစ်ခြင်းမေတ္တာအောင်တံခွန်ကို စိုက်ထူလေ့ရှိပါသည်။ ထိုပဋိညာဉ်တရား၏ တည်မြဲမှုကိုဆင်ခြင်တွေးတောခြင်း၌ ပျော်မွေ့ခြင်းရှိကြ၏။ ကြယ်များ၊ နက္ခတာတာရာများမတည်မရှိမှီကတည်းက သန့်ရှင်းသူတို့၏ ဝမ်းမြောက်ပျော်ရွှင်မှုကို သတိရအောက်မေ့ခြင်းသည် ဝမ်းမြောက်စရာဖြစ်၍ “ဒါဝိဒ်၌ မြဲမြံသောကျေးဇူးတော်” (ဟေရှာ ၅၅း၃) ဆင်ခြင်တွေးတောခြင်းသည် နှစ်သက်စရာကောင်းလှပါသည်။ “သေချာစွာတံဆိပ်ခတ်ထားသော” ပဋိညာဉ်ဖြစ်သောကြောင့် ဘုရားသခင်၏လူတို့သည် ရွှင်လန်းခြင်းရှိကြ၏။ ဤပဋိညာဉ်သည် အချိန်ကာလ (သို့) အသက်ရှင်ခြင်း (သို့) သေခြင်းစသည်တို့၏ ချိုးဖောက်ပြောင်းလဲစေနိုင်သောအရာမဟုတ်ဘဲ၊ ထာဝရတည်၍ မြဲမြံသောကျောက်ဆောင်ကဲ့သို့ဖြစ်သောကြောင့် သူတို့၏စိတ်နှလုံးသည် ဝမ်းမြောက်ခြင်းရှိကြ၏။ ဤပဋိညာဉ်ပြည့်စုံခြင်းနှင့်ဆိုင်သော၊ ကောင်းကြီးမင်္ဂလာခံစားကြသောအခါ အလွန်ဝမ်းမြောက်ခြင်းရှိကြ၏။ ဘုရားသခင်သည် သူတို့ပိုင်ဆိုင်သောဝေစု၊ ခရစ်တော်သည် သူတို့၏ အဆွေတော်၊ ဝိညာဉ်တော်သည် သူတို့ကိုနှိမ့်သိမ့်ပေးသောသူဖြစ်၍ ဤကမ္ဘာသည် သူတို့တည်းခိုရာ၊ ကောင်းကင်ဘုံသည် သူတို့၏အိမ်တော်ဖြစ်တော်မူ၏။ သူတို့အတွက် သိုထားသောထာဝရကျေးဇူးနှင့် အမွေတော်တို့ကို ပဋိညာဉ်၌မြင်တွေ့ခဲ့ရ၏။ ထို့ပြင် သမ္မာကျမ်းစာ၌ဖော်ပြသောအမွေရတနာတို့ကို သူတို့သိမြင်ကြသောအခါ သူတို့၏မျက်ဝန်းတို့သည် လင်းလက်တောက်ပ၍ ဝမ်းမြောက်ခြင်းနှင့် ပြည့်လျက်ရှိ၏။ အထူးသဖြင့် ဤပဋိညာဉ်တရားတော်၏ ကျေးဇူးကြီးမားမှုကို ဆင်ခြင်တွေးတောခြင်းသည် ဘုရားသခင်၏လူတို့အတွက် ဝမ်းမြောက်နှစ်သက်စရာပင်ဖြစ်ပါသည်။ ပညတ်တရားသည် အလုပ်ပဋိညာဉ်နှင့်ဆိုင်၍ ကောင်းမှုကုသိုလ်၌တည်မှီသည်ဖြစ်သောကြောင့် ဤပညတ်တော်လိုက်လျှောက်ခြင်းဖြင့် ထာဝရအသက်မရနိုင်ကြောင်း သိခဲ့ကြပြီး၊ ကျေးဇူးတော်ပဋိညာဉ်မူကား ကျေးဇူးတော်သည် အခြေခံအုတ်မြစ်၊ ကျေးဇူးတော်သာလျှင် အစအဆုံးပြီးစီးဆောင်ရွက်သောသူဖြစ်သောကြောင့် ထာဝရတည်လျက် မြဲမြံခြင်းရှိ၏။ ပဋိညာဉ်သည် ကြွယ်ဝခြင်းဘဏ္ဍာ၊ အစားအစာသိုလှောင်ရုံ၊ အသက်စမ်းရေတွင်း၊ ကယ်တင်ခြင်းအိမ်တော်၊ ငြိမ်သက်ခြင်းစီးဆင်းရာ၊ ဝမ်းမြောက်ဖွယ်ဆိပ်ကမ်းဖြစ်တော်မူ၏။

(Spurgeon)

**ဆင်ခြင်ရန်** - ဘုရားသခင်က ပဋိညာဉ်ကိုပေးတော်မူ၍ စောင့်ရှောက်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် ပဋိညာဉ်ကိုစောင့်ထိန်းသောသူဖြစ်၍ ကိုယ်တော်၏ နှုတ်ကပတ်တရားသည် မြဲမြံတည်ကြည်သည်ဖြစ်သောကြောင့် ကျေးဇူးတင်ပါ၏။

*“. . . အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် အသေဖြစ်သည်. . .”*

# ဖြောင့်မတ်သောသူသည် မင်္ဂလာရှိ၏။

ဆာလံ ၁၁၂ သည် ဆာလံ ၁၁၁ နှင့်သဏ္ဍာန်တူ၏။ ဤဆာလံသည်လည်း ဟေဗြဲအက္ခရာစလုံးအတိုင်း ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။ ဤဆာလံ အပိုဒ်၏အရေအတွက်နှင့် အပိုင်းတိုင်း၌တွေ့ရသောစကားစုအရေအတွက်တို့သည် ဆာလံ ၁၁၁ နှင့်တူညီမှုရှိ၏။ စာဖတ်သူသည် ဤဆာလံနှစ်ခုကို စာကြောင်းချင်းစီ နှိုင်းယှဉ်၍လေ့လာသင့်ပါသည်။

ဤဆာလံ၏အဓိကအကြောင်းသည် “ဖြောင့်မတ်သောသူ၏မင်္ဂလာရှိခြင်းအကြောင်း” ဖြစ်ပါသည်။ ဤဆာလံသည် ဆာလံ ၁၁၁ နှင့် နေနှင့်လ ပမာဆက်နွယ်မှုရှိ၏။ ဆာလံ ၁၁၁ က ဘုရားသခင်၏ဘုန်းတော်ကိုဖော်ပြ၍ ဤဆာလံက ဘုရားသခင်မွေးဖွားစေတော်မူသောသူ၌ တည်ရှိသည့်တောက်ပမှုကိုဖော်ပြ၏။ ဆာလံ ၁၁၁ တွင် ဘုရားသခင်သည် မိမိပြုတော်သောအမှုကြောင့်ချီးမွမ်းခြင်းခံရသည်ဖြစ်၍ ဤဆာလံတွင်မူ မိမိလူတို့၌ ပေါ်လွင်စွာတွေ့ရသောထိုဘုန်းတော်ကြောင့်ချီးမွမ်းခြင်းခံရ၏။

ဆာလံ ၁၁၁ သည် အဘဘုရားကိုချီးမွမ်း၏။ ဆာလံ ၁၁၂ က မိမိသဏ္ဍာန်တော်အတိုင်း ပြုပြင်ခြင်းခံရသော ဘုရားသခင်၏သားသမီးများအကြောင်း ဖော်ပြထား၏။ ဆာလံ ၁၁၂ တွင် ဖြောင့်မတ်သောသူ၌ထင်ရှားသော ဘုန်းအသရေအပေါင်းကို ဘုရားသခင်ထံဆက်ကပ်ခြင်းအနေဖြင့် “ထာဝရဘုရားကို ချီးမွမ်းကြလော့” ဟူသောစကားဖြင့် စတင်ခဲ့၏။

“မကောင်းသောသိတင်းကို မကြောက်ရ” (အငယ် ၇)။ Spurgeon က “ဘုရားသခင်ကိုယုံကြည်ကိုးစား၍ စိတ်ရှည်စွာမျှော်လင့်စောင့်စားလော့။ သင်အကောင်းဆုံးပြုရမည့်အရာဟူမူကား၊ ပင်လယ်နီ၌ မောရှေပြုသကဲ့သို့ ‘မစိုးရိမ်ကြနှင့်၊ ငြိမ်ဝပ်စွာရပ်နေကြ။ ထာဝရဘုရားသည် ယနေ့ပြုတော်မူသော ကယ်တင်ခြင်းကို ကြည့်ရှုကြလော့’ ဟု ဆိုခြင်းပေတည်း (ထွက် ၁၄း၁၃)။ သင်သည် မကောင်းသတင်းကြားသိသောအခါ ကြောက်ရွံ့တုန်လှုပ်ခြင်းရှိလျှင် ပြဿနာကိုစိတ်ငြိမ်သက်စွာ ရင်ဆိုင်ကိုင်တွယ်နိုင်မည်မဟုတ်ပါ။ စိတ်ငြိမ်သက်ခြင်းသည် အခက်အခဲဒုက္ခအောက်၌ မိမိတာဝန်ကိုကျေပွန်နိုင်ခြင်းငှါ ကြံ့ကြံ့ခံစေသော၊ စောင့်ရှောက်ပေးသောအရာ ဖြစ်၏။ သင်သည် ကြောက်ရွံ့တုန်လှုပ်ခြင်းရှိလျှင် မည်သို့ဘုရားသခင်၏ဘုန်းတော်ကို သင်ထင်ရှားစေနိုင်မည်နည်း။ သန့်ရှင်းသူတို့သည် မီးထဲ၌ပင် ဘုရားသခင်ချီးမွမ်းခြင်းသီချင်းကို ဆိုခဲ့ကြ၏။ အဘယ်သူမျှမစမည့်သူမရှိသကဲ့သို့၊သင်သည် ကြောက်ရွံ့စိတ်ရှိ၍ စိတ်ချောက်ခြားနေပါလျှင် အမြင့်ဆုံးသော ဘုရားကိုသင်မည်သို့ချီးမြှောက်နိုင်မည်နည်း။ ထို့ကြောင့် ရဲရင့်ခြင်းရှိလော့၊ ပဋိညာဉ်ပြုတော်မူသော သင်၏ဘုရားသခင်၏သစ္စာတော်ကို ယုံကြည်ကိုးစားခြင်းရှိကြလော့။ ‘သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်’ (ယော ၁၄း၂၇)” ဟုဆို၏။

**ဆင်ခြင်ရန်** - ယေရှုအဖို့ ကောင်းသောအမှုတစ်စုံတစ်ခုနေ့စဉ်ပြုလော့။

**ဆုတောင်းချက်** - အဘဘုရား၊ သူတစ်ပါးအမှုဆောင်ရွက်ခြင်းငှါ ကျွန်တော်ကယ်တင်ခြင်းခံရသည်ဖြစ်သောကြောင့်၊ ကူညီမစခြင်းလိုအပ်သောသူအပေါင်းတို့ထံ ကောင်းသော အမှုပြုခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ မေ (၉)
**ဆာလံ ၁၁၃**
ဟေဗြဲ ၁၃း၁၂-၁၆

*“. . . သင်တို့သည် ဘုရားသခင်၏ အစေကိုင်၄င်း၊ လောကီစည်းစိမ်၏ အစေကိုင်၄င်း မခံနိုင်ကြ”*

## ထာဝရဘုရားချီးမွမ်းခြင်းဆာလံအစ

ဤဆာလံသည် ရိုးရှင်းလှသောချီးမွမ်းခြင်းဖြစ်၍ ရှင်းပြစရာမလိုပါ။ အဓိကအကြောင်းအရာဟူမူကား၊ ဆင်းရဲသောသူနှင့် ငတ်မွတ်သောသူတို့ကို သူတို့၏နိမ့်ကျသော အခြေအနေမှချီးမြှောက်တော်မူသော ဣသရေလဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် ကောင်းမြတ်တော်မူခြင်းပင်ဖြစ်၏။

ဤဆာလံသည် ယုဒလူတို့ကမိမိတို့၏ မြတ်သောပွဲများ၌ သီဆိုလေ့ရှိသော၊ ထာဝရဘုရားချီးမွမ်းခြင်းနှင့်အစပြုခဲ့၏။ ဤဆာလံသည် အဲဂုတ္တုပြည်မှ ဣသရေလလူတို့လွတ်မြောက်ခြင်းအအကြောင်းသတိရအောက်မေ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဤဆာလံအစတွင် ဖာရောဘုရင်၏ကျွန်မဟုတ်တော့သော “ထာဝရဘုရား၏ကျွန်တော်တို့၊ ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့။ ချီးမွမ်းကြလော့” ဟူ၍ တွေ့ရ၏။

မြေမှုန့်ထဲမှဆင်းရဲသောသူနှင့် နောက်ချေးပုံထဲက ငတ်မွတ်သောသူဟူသောအချက်တို့က အဲဂုတ္တုပြည်မှ ဣသရေလ၏အခြေအနေကိုအမှတ်ရစေခဲ့ပါသည်။ ထို့ပြင် မျှော်လင့်ခြင်းမရှိသော်လည်း များစွာသောသားသမီးထွန်းကားခြင်းကိုလည်း ဖော်ညွှန်းလျက်ရှိပါသည်။

*ထာဝရဘုရား၏ကျွန်တို့၊ ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့။*
*ထာဝရဘုရား၏ ဘုန်းတော်ကိုကြည်ညိုရိုသေကြလော့။ ယခုမှစ၍ ကာလ*
*အဆက်ဆက်ချီးမွမ်းကြလော့။ နေထွက်ရာမှနေဝင်ရာတိုင်အောင်*
*ထာဝရဘုရား၏ နာမတော်ချီးမွမ်းခြင်းသည်*
*သင်၏တခုတည်းသောသီချင်းဖြစ်ပါစေ။*

(Richard Mant)

**ဆင်ခြင်ရန်** - အနန္တတန်ခိုးရှင်ဘုရားသခင်သည် အကောင်းဆုံးသောသခင်ဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကို စိတ်နှလုံးအကြွင်းမဲ့ဥာဏ်ရှိသမျှ၊ အစွမ်းရှိသမျှဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

**ဆာလံ ၁၁၃း၈**
၂ တိ ၄း၈

*“. . . ကမ္ဘာအဆက်ဆက် အသက်ရှင်တော်မူသောသူကို ကိုးကွယ်လျက်. . . ပလင်တော်ရှေ့၌မိမိတို့သရဖူကိုချထားကြ၏”*

## မင်းသားတို့နှင့်အတူ နေရာပေးခြင်း

ကျွန်ုပ်တို့ခံရသော ဝိညာဉ်နှင့်ဆိုင်သည့်အခွင့်များသည် အလွန်မြင့်မြတ်သောအရာများဖြစ်ကြ၏။ “မင်းသားတို့တွင်” ဟူသည်မှာ မြင့်မြတ်သောနေရာပင်ဖြစ်ပါသည်။ “အမှန်မှာ ကျွန်ုပ်တို့၏မိသဟာယသည် ခမည်းတော်နှင့်၎င်း၊ သားတော်ယေရှုခရစ်တော်နှင့်၎င်း ဖြစ်၏”။ ဤအခွင့်ထူးထက်ကြီးမြတ်သောနေရာမရှိတော့ပါ။ “ကျွန်တော်တို့သည် ရွေးချယ်တော်မူသောအမျိုး၊ ပိုင်ထိုက်တော်မူသော အပေါင်းအသင်း၊ မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး ဖြစ်ကြ၏”။ “ကျွန်တော်တို့သည် ကောင်းကင်ဘုံ၌ အမည်ရေးထွင်းခြင်းခံရသောအသင်းတော်မှ လူထုဖြစ်ကြ၏”။ သန့်ရှင်းသူတို့သည် နန်းတော်ထဲသို့ဝင်ခွင့်ရှိကြ၏။ မင်းသားတို့သည် ဘုရင့်နန်းတော်ထဲ၌ဝင်ခွင့်ရှိနေစဉ် လူထုသည် အဝေး၌ရပ်နေကြရ၏။ ဘုရားသခင်၏သားသမီးတို့သည် ကောင်းကင်နန်းတော်အတွင်းသို့ လွတ်လပ်စွာဝင်ထွက်ခွင့်ရှိ၏။ “အကြောင်းမူကား၊ ထိုခရစ်တော်အားဖြင့် ငါတို့နှစ်ဦးသည် စိတ်ဝိညာဉ်တလုံးတဝတည်းဖြစ်၍ ခမည်းတော်ထံသို့တိုးဝင်ရမည်အခွင့်ကို ရကြပြီ”။ တမန်တော်က “ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြကုန်အံ့” ဟု ဆိုခဲ့၏။ မင်းသားတို့တွင် များစွာသောစည်းစိမ်ရှိပါ၏။ ထိုမင်းသားတို့၏ စည်းစိမ်ကြွယ်ဝမှုသည် ယုံကြည်သူတို့၏ ကြွယ်ဝမှုနှင့်နှိုင်းယှဉ်နိုင်ပါမည်လော။ အကြောင်းမူကား “ခပ်သိမ်းသောအရာတို့သည် သင်တို့အဘို့ဖြစ်ကြ၏. . . သင်တို့သည်လည်း၊ ခရစ်တော်အဘို့ဖြစ်ကြ၏။ ခရစ်တော်သည်လည်း ဘုရားသခင်အဘို့ ဖြစ်တော်မူ၏”။ “မိမိသားတော်ရင်းကို မနှမြောဘဲ၊ ငါတို့ရှိသမျှအဘို့အလိုငှါ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခပ်သိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲအဘယ်သို့ နေတော်မူမည်နည်း” (ရောမ ၈း၃၂)။

မင်းတို့၌ ပိုင်ဆိုင်သောတန်ခိုးရှိ၏။ ကောင်းကင်နိုင်ငံ၏မင်းသား၌ ကြီးမြတ်သောတန်ခိုးရှိပါသည်။ မိမိအစိုးရသောသူတို့အပေါ်၌ မိမိသန်လျက်ကိုဝှေ့ယမ်း၏။ ယေရှု၏ပလ္လင်တော်ပေါ်၌ ထိုင်လျက်နေ၏။ အကြောင်းမူကား၊ “မိမိခမည်းတော်ဘုရားသခင့်ရှေ့၌ ငါတို့ကိုရှင်ဘုရင်အရာ၌၎င်း၊ ယဇ်ပုရောဟိတ်အရာ၌၎င်း ခန့်ထားတော်မူသောသူသည် ကမ္ဘာအဆက်ဆက်ဘုန်းအသရေ၊ အစွမ်းသတ္တိရှိတော်မူစေသတည်း။ ကျွန်တော်တို့သည် ထာဝရနိုင်ငံတော်ကိုအစိုးရကြ၏။ မင်းသားတို့သည် အထူးရိုသေလေးစားမှုကို ခံရကြ၏။ ကျွန်တော်တို့သည် ကျေးဇူးတော်အားဖြင့်ပိုင်ဆိုင်ထားသော ကောင်းကင်အရပ်မှ ဤလောကီကမ္ဘာမင်းများတို့ကို ကြည့်ရှုကြလိမ့်မည်။ လူသား၏ကြီးမြတ်မှုသည် ကျွန်ုပ်တို့ခံသောအရာနှင့် နှိုင်းယှဉ်စရာမရှိပါ။ “ယေရှုခရစ်အားဖြင့် ငါတို့ကိုထမြောက်စေ၍ ကောင်းကင်အရပ်၌နေရာပေးတော်မူပြီ”။ ကျွန်တော်တို့သည် ခရစ်တော်၏ဘုန်းအသရေတော်ကို အတူခံရသောသူဖြစ်ကြပြီး၊ ထိုဘုန်းအသရေတော်သည် ဤလောကီဘုန်းအသရေနှင့်လုံးဝနှိုင်းယှဉ်၍မရပါ။ ယေရှုနှင့်အတူ တလုံးတဝဖြစ်ခြင်းသည် ရှင်ဘုရင်၏သရဖူ၌တပ်ထားသော တောက်ပသောရတနာထက်ပို၍ အဖိုးကြီးလှပါသည်။ ကိုယ်တော်နှင့်တလုံးတဝဖြစ်ခြင်းသည် ရှင်ဘုရင်၏အယောင်အဆောင်တောက်ပမှု အလုံးစုံထက်ပို၍ တောက်ပသော၊ အလွန်လှပသည့်သရဖူဖြစ်ပါသည်။

(Spurgeon)

**ဆင်ခြင်ရန်** - ကျွန်ုပ်အတွက် ပြင်ဆင်ထားသောဘုန်းအသရေတော်ကို ကျွန်တော်တန်ဖိုးထားပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်မျက်စိကို ဤလောကီဘုန်းအသရေကိုမကြည့်စေဘဲ၊ အထက်အရပ်ကိုသာ ကြည့်စေတော်မူပါ။

စနေ၊ မေ (၁၁)

**ဆာလံ ၁၁၄**

၂ ကော ၁၂း၉-၁၀

*အိုဘုရားရှင်၊ ကိုယ်တော်ကို နာရီတိုင်း*
*ကျွန်တော်လိုအပ်ပါ၏။*

## ထွက်မြောက်ရာကျမ်းသီချင်း

ဤအလွန်လှပသော ထွက်မြောက်ရာသီချင်းသည် အလွန်ကောင်းလှပါ၏။ ဤဆာလံထဲတွင် မိမိလူတို့အားတောကိုဖြတ်၍ ခါနန်အထိပို့ဆောင်တော်မူသောဘုရားသခင်၏လမ်းပြမှုကို အလှပဆုံးသီကုံးဖွဲ့ဆိုထားကြောင်း တွေ့ရပါသည်။ Isaac Watts (၁၇၁၂) ကမိမိစကားလုံးတို့ဖြင့် ဤသို့ပြန်၍ ဖော်ပြခဲ့ပါသည်။

*ဣသရေလသည် ဖာရောမင်း၏လက်မှလွတ်မြောက်သောအခါ*
*ထိုဝါကြွားသော မင်းနှင့်သူ၏ပြည်ကိုပစ်ထားခဲ့၏။ ဣသရေလသည်*
*မိမိနိုင်ငံတော်တည်၍ ဘုရင်တင်မြောက်လျက် ယုဒသည်*
*ရှင်ဘုရင်နန်းတည်ရာဖြစ်၏။ ပင်လယ်ကို ဖြတ်၍ခရီးသွားခဲ့ကြပြီး၊*
*ထိုပင်လယ်ကို နှစ်ခြမ်းကွဲစေတော်မူ၏။ ယောဒန်မြစ် သည်လည်း*
*သူတို့ကိုမြင်၍နောက်ပြန်ဆုတ်၍ မစီးဆင်းဘဲနေ၏။ တောင်ကြီးတို့ သည်*
*သိုးကဲ့သို့ကြောက်လန့်၍ တောင်ငယ်တို့သည် သိုးသူငယ်ကဲ့သို့ခုန်ခဲ့ကြ၏။*
*သိနာတောင်သည် ဘုရားသခင်၏အဆုံးစွန်အာဏာတော်ရှေ့၌*
*မရပ်တည်နိုင် ခဲ့ပါ။ အဘယ်တန်ခိုးက ပင်လယ်ကိုနှစ်ခြမ်းကွဲစေသနည်း။*
*အဘယ်တန်ခိုးက ယောဒန်မြစ်ကို နောက်ပြန်ဆုတ်စေပါသနည်း။*
*တောင်ငယ်တို့ အဘယ်ကြောင့် ခုန်ကြပါသနည်း။ အဘယ်ကြောင့်*
*သိနာတောင်သည် ထိတ်လန့်ခြင်းရှိသနည်း။ တောင်ရှိသမျှနှင့်*
*ပင်လယ်အပေါင်းတို့ ဣသရေလရှင်ဘုရင် ဘုရားသခင်ချဉ်း*
*ကပ်တော်မူကြောင်း သိကြလော့။ အသင်မြေကြီး၊*
*ကြောက်ရွံ့၍တုန်လှုပ်လျက် အရိုအသေပေးလော့။ အသံတော်ပြုသောအခါ*
*သတ္တဝါအပေါင်းတို့သည် မြည် တမ်းညည်းတွားကြ၏။*
*ကျောက်ကိုရေကန်အဖြစ်သို့၎င်း၊ မီးကျောက်ကို စမ်းရေ တွင်းအဖြစ်သို့၎င်း*
*နှုတ်တော်အားဖြင့် ပြောင်းလဲစေ၍ မီးနှင့်ပင်လယ်တို့သည်*
*ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေ၍ဝန်ခံကြ၏။*

**ဆင်ခြင်ရန်** - ဘုရားသခင်ပြုတော်မူသော ကြီးမြတ်သောအမှုတို့ကို ကျွန်တော်တို့ မြင်တွေ့နိုင်ပါသည်။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘ၊ အကျွန်ုပ်ယုံကြည်ပါ၏။

တနင်္ဂနွေ၊ မေ (၁၂)

**ဆာလံ ၁၁၅**

ယာ ၃း၆-၁၃

*ယေရှု၊ အကျွန်ုပ်၏*
*စိတ်နှလုံးထဲသို့ဝင်လာတော်မူပါ။*

## "သူတို့၏ဘုရားသခင်သည် အဘယ်မှာရှိသနည်း"

ဆာလံ ၁၁၄ ထဲတွင် ဘုရားသခင်ပြုတော်မူခဲ့သော ရှေးကအံ့ဖွယ်အမှုများကို ပြန်၍ဖော်ပြခဲ့ပါသည်။ ယခုဆာလံတွင်မူ လောကီလူတို့ကပျက်ရယ်ပြုကြသောကြောင့် ဘုရားသခင်အား မိမိ၏ဘုန်းအသရေတော်ထင်ရှားစေခြင်းငှါ တောင်းလျှောက်ခြင်းကိုတွေ့ရ၏။ အံ့ဖွယ်အမှုမတွေ့ကြသောအခါ လောကီလူတို့က "သူတို့၏ဘုရားသခင်သည် ယခုဘယ်မှာရှိသနည်း" ဟု မေးခွန်းထုတ်ကြ၏။

ဆာလံဆရာသည် ရုပ်တုဆင်းတုကိုးကွယ်သော လောကီလူတို့ကအသက်ရှင်တော်မူ၍စစ်မှန်သောဘုရားသခင်ကိုးကွယ်သောသူတို့အား ထိုသို့ပျက်ရယ်ပြုခဲ့သောကြောင့် အမျက်ထွက်ခဲ့ပါသည်။ ထို့ကြောင့် ရုပ်တုဆင်းတုနှင့်ထိုရုပ်တုတို့ကို ပြုလုပ်သောသူတို့အား တမင်ရွဲ့ပြောလျက် အမျက်ဒေါသကိုဖော်ပြပြီးမှ ဣသရေလလူတို့အား ဘုရားသခင်ကိုကိုးစား၍နာမတော်ကို ချီးမွမ်းခြင်းငှါတိုက်တွန်းခဲ့ပါသည်။ ထို့နောက် ဘုရားသခင်၏နာမတော် ချီးမွမ်းကြလော့ဟု နိဂုံးချုပ်ခဲ့၏။ အသက်ရှင်သောလူသားတို့သည် အသက်ရှင်တော်မူသောသူတို့၏ ဘုရားသခင်ကိုချီးမွမ်းသင့်သည်မဟုတ်လော။

<u>အပိုင်းခွဲခြင်း</u>

(၁) မိမိ၏ဘုန်းအသရေတော်ကို ပြသကွယ်ကာခြင်းငှါ ဘုရားသခင်အား တောင်းလျှောက်ခြင်း (အငယ် ၁-၂)။

(၂) မှားယွင်းသောဘုရားများနှင့် ကိုးကွယ်သူတို့အားတမင်စောင်းပြောခြင်း(အငယ်၃-၈)

(၃) သစ္စာရှိသောသူတို့အား ဘုရားသခင်ကိုးစားခြင်းငှါ တိုက်တွန်းခြင်း (အငယ် ၉-၁၅)။

(၄) ယခု သူတို့၏အခြေအနေအပေါ် ဘုရားသခင်နှင့်ဆက်နွယ်မှုရှင်းပြချက် (အငယ်၁၆)။

(၅) သေသောသူမဟုတ်ဘဲ အသက်ရှင်သောသူတို့က ဘုရားသခင်ကိုချီးမွမ်းရမည်အကြောင်း သတိပေးခြင်း (အငယ် ၁၇-၁၈)။

ဘုရားသခင်လူတို့၏ ဆုတောင်းခြင်းနှင့်မျက်ရည်တို့ကို မျက်နှာလွှဲတော်မူ၍ သူတို့၏အခက်အခဲ ပြဿနာကြီးထွားလာသောအခါ လူဆိုးတို့သည် ထိုသူတို့ကိုပို၍ ပျက်ရယ်ပြုလျက်ကဲ့ရဲ့တတ်ကြ၏ (အငယ် ၂)။ ကျွန်ုပ်တို့ကြုံတွေ့ရသော ဒုက္ခပြဿနာနှင့် စိတ်အားငယ်ခြင်းတို့သည်ကျွန်ုပ်တို့အား ဘုရားသခင်မချီးမွမ်းနိုင်စေခြင်းငှါ မဖြစ်စေရပါ (အငယ် ၁၈)။

ဝိညာဉ်အသက်မရှိသောသူသည် ဘုရားသခင်ကိုမချီးမွမ်းနိုင်။ သို့သော်လည်း ကျွန်ုပ်တို့၌အသက်ရှင်တော်မူသောသူသည် ထိုသို့ပြုခြင်းငှါ နိုးဆော်တော်မူ၏။ ဘုရားသခင်အား မချီးမွမ်းဘဲနေခြင်းငှါ အဘယ်အရာ၊ အဘယ်အကြောင်းအရင်းကမျှ မဆီးတားနိုင်ပါ။ သေသောသူသည်ဘုရားသခင်ကိုမချီးမွမ်းနိုင်၊ လူဆိုးတို့သည်လည်း မချီးမွမ်းလို၊ သတ္တိမရှိသောသူကလည်း ချီးမွမ်းခြင်းမပြုကြ၊ သို့သော်လည်း ကျွန်တော်တို့သည် ထာဝရဘုရား၏နာမတော်ကို ထာဝရချီးမွမ်းကြွေးကြော်ကြပါမည်။

(Spurgeon)

**ဆင်ခြင်ရန်** - ရုပ်တုဆင်းတုတို့သည် မှားယွင်းသောဘုရားများဖြစ်၍၊ ထုလုပ်သောသူတို့သည်လည်း ထိုရုပ်တုတို့ကဲ့သို့ပင် ဖြစ်ကြ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်တော်အသက်ရှင်စဉ်အခါ ကိုယ်တော်၏နာမတော်ကို ချီးမွမ်းမည်အကြောင်း မစတော်မူပါ။

*"... ဘုရားသခင် ထာဝရဘုရားကို စိတ်နှလုံး အကြွင်းမဲ့ ညဏ်ရှိသမျှနှင့် ချစ်လော့"*

## ထာဝရဘုရား၏ ဝမ်းမြောက်ခြင်းဖြင့်မြွက်ဆိုသောသီချင်း

ဤဆာလံကို ကျမ်းတတ်ပုဂ္ဂိုလ်တစ်ဦးက အပိုင်းသုံးပိုင်း ဤသို့ခွဲထားပါသည်။ "ဤဆာလံတွင် ဘုရားသခင်ထံ ဆာလံဆရာ၏ကျေးဇူးတော်ချီးမွမ်းခြင်းအပိုင်းသုံးပိုင်းကို တွေ့ရပါသည်။ ထိုသို့ ချီးမွမ်းရခြင်းအကြောင်းအရင်းများမှာ မိမိအပေါ်ထားရှိသော ဘုရားသခင်၏ကရုဏာတော်၊ အထူးသ ဖြင့် ခန္ဓာ၊စိတ်၊ ဝိညာဉ်အား သေခြင်းမှကယ်နှုတ်တော်မူခြင်းတို့ဖြစ်ကြပါသည်။ ပထမအပိုင်းသည် ဘုရားသခင်ထံချစ်ခြင်းအားဖြင့် ဆုတောင်းပဌနာပြုလျက် မစခြင်းကိုတောင်းလျှောက်၏ (အငယ် ၁-၂)။ ထိုသို့ ပြုရခြင်းအကြောင်းအရင်းများမှာ ရှေးကကယ်နှုတ်တော်မူခြင်းခံရသောကြောင့် ဖြစ်၏ (အငယ် ၃-၈)။

ဒုတိယအပိုင်းသည် သန့်ရှင်းသောအကျင့်ကိုကျင့်ခြင်းဖြစ်၍ (အငယ် ၉)၊ အကြောင်းရင်းများကို အငယ် ၁၀ မှ ၁၃ ထဲတွင်ဖော်ပြထားပါသည်။

တတိယအပိုင်းသည် အစဉ်ချီးမွမ်းခြင်း၊ အမှုတော်ဆောင်ခြင်းနှင့် အထူးသဖြင့် ခက်ခဲသော နေ့ရက်ကာလ၌ အသင်းတော်ရှေ့ပြုခဲ့သော ကတိပြုချက်တို့ကို ဆောင်ရွက်ခြင်းဖြစ်၍အကြောင်း အရင်းများကို အငယ် ၁၄ မှ ၁၉ ထဲတွင်ဖော်ပြထားပါသည်။"

လူ၏မပြည့်စုံခြင်းနှင့် မုသာပြောခြင်းအမှု၌ အနည်းငယ်မြည်တမ်းခြင်းပြုခဲ့၏၊ သို့သော်လည်း ဘုရားသခင်၏ပြည့်စုံခြင်းနှင့် သစ္စာရှိတော်မူခြင်းကို ချီးမွမ်းခြင်းသည် အလွန်ကောင်းလှပါ၏။ ထာဝရဘုရားသည် ကျွန်ုပ်တို့အပေါ်၌ ကရုဏာတော်ကြီးလှသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်းအကြောင်း ထင်ရှားပြသခြင်းငှါ ကြိုးစားရှာဖွေရမည်ဖြစ်ပါသည်။ အရိုးရှင်းဆုံးချီးမွမ်းခြင်းပြုကြရမည်သာမက သန့်ရှင်းသောစိတ်သဘောဖြင့် ကျွန်ုပ်တို့ဘုရားသခင်ကို မည်သို့ ချီးမွမ်းရမည်အကြောင်း အစဉ်တွေးတောဆင်ခြင်ကြရပါမည်။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်အပေါ် သွန်းလောင်းတော်မူသောကောင်းကြီးအပေါင်းအတွက် ဘုရားသခင်ထံ အဘယ်အရာကိုကျွန်တော်ဆက်သရပါမည်နည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏လူတို့ရှေ့၌ ယခုပြုသောသစ္စာကတိကို ကျွန်တော် အမှန်ဆောင်ရွက်နိုင်မည်အကြောင်း မစတော်မူပါ။

**ဆာလံ ၁၁၇** *"... သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိသမျှသို့သွား၍၊*
ဗျာ ၁၅ *ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကို ဟောကြလော့"*

## သမ္မာကျမ်းစာထဲမှ အတိုဆုံးသောဆာလံ

စကားလုံးအနည်းငယ်သာရှိသော ဤဆာလံသည် အလွန်ကျယ်ပြန့်ကြီးမားလှသည်ဖြစ်၍ လူမျိုးခွဲခြားမှုစည်းကို ကျော်လွန်လျက်ဤကမ္ဘာလူသားအပေါင်းတို့ကို ထာဝရဘုရား၏နာမတော်ချီးမွမ်းခြင်းငှါ ဖိတ်ခေါ်လျက်ရှိ၏။ ဤဆာလံသည် ဝတ်ပြုကိုးကွယ်ခြင်းချိန်တို့အတွက်သော်၎င်း၊ အချိန်ခါသမယအလုံးစုံအတွက် သင့်တော်သောဆာလံဖြစ်ပါသည်။ ဝတ်ပြုကိုးကွယ်ခြင်းအစနှင့်အဆုံးတို့၌လည်း အသုံးပြုတတ်ကြ၏။ ဤဆာလံသည်တိုသော်လည်း အလွန်မြတ်သောဆာလံဖြစ်ပါသည်။ ဆာလံ ၁၁၉ ကိုကျယ်ပြန့်စွာရေးသားသော ဘုရားသခင်၏ဝိညာဉ်တော်သည် ဤနှစ်ပိုဒ်သာရှိသည့်ဆာလံကိုလည်း သိပ်သည်းစွာရေးထားပြီး၊ တူညီသောဘုရားသခင်၏စုံလင်မှုကို သိရှိမြင်တွေ့နိုင်ပါသည်။ မှတ်သားသင့်သောအချက်ဟူမူကား ဤဆာလံသည်သမ္မာကျမ်းစာမှ အတိုဆုံးသောအခန်းတစ်ခန်းဖြစ်၍ ကျမ်းစာတစ်အုပ်လုံး၏အလယ်ဗဟိုလည်းဖြစ်ပါသည်။

"အကြောင်းမူကား ငါတို့၌ကရုဏာတော်ကြီးလှ၏" (အငယ် ၂)။ ဖန်ဆင်းခံဖြစ်သောကျွန်ုပ်တို့အပေါ်၌ဘုရားသခင်သည် ကောင်းမြတ်တော်မူ၍ အပြစ်သားကျွန်ုပ်တို့အပေါ်၌ ကရုဏာထားတော်မူ၏။ ဤကရုဏာတော်သည် အလွန်ကြီးမြတ်လှသည်ဖြစ်၍ တန်ခိုးကြီးလှပါ၏။ ရေတို့သည် ကမ္ဘာမြေကြီးကိုလွှမ်းမိုးသကဲ့သို့ ဘုရားသခင်၏တန်ခိုးကြီးသော ကျေးဇူးတော်သည် အဆီးအတားအပေါင်းကို ချိုးဖြတ်၍လူမျိုးအပေါင်းတို့ထံသို့ စီးဆင်းသက်ရောက်တော်မူ၏။

ခရစ်တော်ယေရှု၌ ဘုရားသခင်သည် ကရုဏာတော်နှင့်ကောင်းမြတ်တော်မူခြင်းကို အမြင့်ဆုံးပြသတော်မူခဲ့ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အားလုံးသည် ဤဝမ်းမြောက်စရာအကြောင်းကို သိမှတ်လျက် ဘုရားသခင်ခံထိုက်တော်မူသော ချီးမွမ်းခြင်းကိုကြွေးကြော်ကြရပါမည်။ "ထာဝရဘုရား၏ သစ္စာတော်သည်အစဉ်အမြဲတည်၏"။

အာဗြဟံ၏အမျိုး၌ ဤလောကလူသားအပေါင်းကို ကောင်းကြီးပေးမည်ဟူသောမိမိ၏ပဋိညာဉ်ကတိတော်ကို စောင့်ထိန်းခဲ့ပြီး မိမိအားယုံကြည်ကိုးစားသောသူတို့ထံ ထိုပဋိညာဉ်နှင့်ဆိုင်သော ကတိတော်အပေါင်းကို ထာဝရစောင့်ရှောက်သွားမည်ဖြစ်ပါသည်။ ဤသည်ကား ဘုရားသခင်ကို အစဉ်မပြတ်ချီးမွမ်း၍ ဝမ်းမြောက်ရမည့်အကြောင်းအရင်းဖြစ်ပါသည်။ ထို့ကြောင့် ဤဆာလံသည် "ထာဝရဘုရား၏နာမတော်ကိုချီးမွမ်းကြလော့" ဟူသောဟာလေလုယစကားလုံးဖြင့် အဆုံးသတ်ခဲ့ ၏။

(Spurgeon)

**ဆင်ခြင်ရန်** - လူမျိုးအပေါင်းတို့ကို ဘုရားသခင်အကုန်အစင်သိမြင်တော်မူ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်မြင်သကဲ့သို့မြင်နိုင်မည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

ဗုဒ္ဓဟူး၊ မေ (၁၅)
**ဆာလံ ၁၁၈**
၁ တိ ၁း၁၅-၁၇

*ယေရှုသည် အကျွန်ုပ်၏ အကောင်းဆုံး မိတ်ဆွေဖြစ်တော်မူ၏။*

## ဒါဝိဒ်နှင့်ပို၍ကြီးမြတ်သောဒါဝိဒ်

ဤဆာလံ၌ တွေ့ရသောပုဂ္ဂိုလ်သည် ဒါဝိဒ်(သို့)ဣသရေလ၌ ရာထူးကြီးမြင့်သော ဘုရားသခင်၏လူတစ်ဦးဦးဖြစ်မည်ဟု ထင်ရပါသည်။ ဤပုဂ္ဂိုလ်သည် မိမိမိတ်ဆွေသူငယ်ချင်းများက ပစ်ပယ်၍ မိမိရန်သူတို့၏ဆန့်ကျင်ခြင်းကို ခံရသောပုဂ္ဂိုလ်ဖြစ်ပါသည်။ မိမိ၏ရာထူးနေရာအတွက် ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းဖြင့် တိုက်ပွဲဝင်လျက် အချိန်တန်မှဘုရားသခင်၏တန်ခိုးတော်သည် ထင်ရှား၍အောင်မြင်မှုရခဲ့၏။ ထိုအခါ ဘုရားသခင်၏မစတော်မူခြင်းအကြောင်းကြောင့် ဝမ်းမြောက်သောအားဖြင့် ယဇ်ပူဇော်ရန်အတွက် ဘုရားသခင်၏အိမ်တော်သို့သွားရောက်ခဲ့၏။ လူအပေါင်းတို့သည် သူ့ကိုကောင်းကြီးပေး၍ များစွာသောကောင်းကြီးမင်္ဂလာခံစားစေရန် ဆုတောင်းမေတ္တာပို့ကြ၏။ ဤပုဂ္ဂိုလ်သည် သခင်ယေရှုကိုပုံဆောင်သောဒါဝိဒ်ဖြစ်မည်ဟု ကျွန်တော်တို့ထင်ပါ၏။

<u>အပိုင်းခွဲခြင်း</u>

(၁) သစ္စာရှိသောသူတို့သည် ထာဝရဘုရား၏ကရုဏာတော်အစဉ်အမြဲတည်သောကြောင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြရပါမည် (အငယ် ၁-၄)။
(၂) ဆာလံဆရာက မိမိ၏အတွေ့အကြုံနှင့်ယုံကြည်ခြင်းကို ဖော်ပြခဲ့၏(အငယ် ၅-၁၈)။
(၃) ဆာလံဆရာက ဘုရားသခင်၏အိမ်တော်သို့ ဝင်ရသောအခွင့်ကိုတောင်း၏ (အငယ်၁၉-၂၁)။
(၄) ယဇ်ပုရောဟိတ်တို့နှင့်လူတို့သည် သူတို့၏ဘုရင်ကိုသိမှတ်၍ကောင်းကြီးပေးကြ၏ (အငယ် ၂၂-၂၇)။
(၅) ဤသူ့ရဲကောင်းသည် ကရုဏာတော်ကြီးလှ၍အစဉ်ကောင်းမြတ်တော်မူသော ဘုရားသခင်ကို ဝမ်းမြောက်စွာချီးမြှောက်ပေ၏ (အငယ် ၂၈-၂၉)။

ယနေ့ဖတ်ရသော ဤအကြောင်းအရာသည်မတည်မြဲသောအရာအတွက် ပူပန်လျက်ရှိသော ဘုရားသခင်၏သားသမီးအား စိတ်ကျေနပ်မှုပေးပါသလား။ သင်၏ကယ်တင်ခြင်းအတွက် ယေရှုတစ်ပါးတည်းကိုသာ ယုံကြည်ကိုးစားခြင်းရှိလော့။ သို့ဆိုလျှင် အဘယ့်ကြောင့်သင်ပူပန်နေရပါမည်နည်း။

"ခရစ်ယာန်၊ သင်၏စပျစ်ရည်ကို ရေမရောပါနှင့်၊ သင်၏ယုံကြည်ခြင်းရွှေကို လူ့ကိုကိုးစားခြင်းအညစ်အကြေးနှင့် ရောခြင်းဖြင့် တန်ခိုးမလျော့စေပါနှင့်။ ဘုရားသခင်ကိုသာ မျှော်လင့်စောင့်စားခြင်းရှိပါလော့။ မတည်မြဲသောအရာကိုးစားခြင်းတည်းဟူသော သဲပေါ်၌အုတ်မြစ်တည်ခြင်းကို မိုက်သောသူတို့ကသာ ရွေးချယ်ခြင်းပြုပါစေ၊ သူကမူ လေမုန်တိုင်းကိုကြိုမြင်သောသူကဲ့သို့ သင်၏အိမ်တော်ကို ထာဝရတည်သောကျောက်ပေါ်၌တည်ဆောက်ပါလော့"။

(Spurgeon)

**ဆင်ခြင်ရန်** - မင်းတို့ကို ကိုးစားခြင်းထက် ထာဝရဘုရားအားကိုးစားခြင်းသည် သာ၍ကောင်း၏။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏ခွန်အား၊ အကျွန်ုပ်၏သီချင်းဖြစ်၍ အကျွန်ုပ်၏ကယ်တင်ခြင်းဖြစ်တော်မူ၏။

ကြာသပတေး၊ မေ (၁၆)
**ဆာလံ ၁၁၈း၁၂**
တရား ၁း၂၉-၃၀

*"ထိုသူတို့ကို မကြောက်နှင့်။ သင်၏ဘုရားသခင်ထာဝရဘုရားသည် သင့်ဘက်၌ စစ်ကူတော်မူမည်ဟု ငါမှာထားလေ၏"*

## ထာဝရဘုရား၏နာမတော်အားဖြင့်

ကျွန်ုပ်တို့၏သခင်ယေရှုက အသေခံခြင်းအားဖြင့် အချို့သောကျွန်ုပ်တို့၏ ကိုယ်အင်္ဂါအစိတ်အပိုင်းကိုသာ အစိုးရခြင်းငှါမဟုတ်ဘဲ ကျွန်ုပ်တို့၏ခန္ဓာကိုယ်၊ စိတ်ဝိညာဉ်တစ်ခုလုံးအပေါ် အစိုးရခြင်းငှါ အခွင့်ရယူခဲ့ပါသည်။ ထိုသို့အသေခံခြင်းအားဖြင့် "ကျွန်ုပ်တို့၏စိတ်၊ ဝိညာဉ်နှင့်ခန္ဓာကိုယ်တစ်ခုလုံးကို သန့်ရှင်းစေခဲ့ပြီး၊ အတုမဲ့အုပ်စိုးခြင်းအခွင့်ကို ရယူခဲ့ပါသည်"။ ဘုရားသခင်ပေးတော်မူသောအသက်တာသစ်ပိုင်ဆိုင်သောသူသည် ထိုသခင်ယေရှုခရစ်တော်၏တန်ခိုးအစွမ်းတို့ကို လက်တွေ့အသုံးပြုကြပါမည်။ အို ငါ့ဝိညာဉ်၊ သင်သည်ဘုရားသခင်၏သားဖြစ်သောကြောင့် သင်ခန္ဓာကိုယ်အစိတ်အပိုင်းအလုံးစုံတို့ကို အုပ်စိုးအောင်နိုင်ရပါမည်၊ ယေရှု၏ကျေးဇူးတော်အုပ်စိုးခြင်းအောက်၌ သင့်လိုအင်ဆန္ဒအပေါင်းကို အနိုင်ယူရပါမည်၊ အဖိုးအခပေးခြင်းဖြင့် ရှင်ဘုရင်ဖြစ်လာသောယေရှုသည် သင့်အသက်တာ၌ကျေးဇူးတော်ကို သိမှတ်ခြင်းဖြင့် လိုလိုလားလားဘုရင်တင်မြှောက်ခြင်းမခံသရွေ့၊ လုံးဝအုပ်စိုးခြင်းနေရာမရသရွေ့ ကျေနပ်ခြင်းမရှိပါနှင့်။ ထိုအခါ အပြစ်သည် သင့်အသက်တာ၌အခွင့်မရဘဲနေ၍ ဘုရားသခင်၏နာမတော်ဖြင့် ကောင်းသောစစ်ကိုတိုက်လျှင် အပြစ်ကိုချေမှုန်းမောင်းထုတ်နိုင်မည်ဖြစ်၏။ အကျွန်ုပ်၏ခန္ဓာကိုယ်၊ သင်သည်ခရစ်တော်ခန္ဓာကိုယ်ဖြစ်ပါ၏။ အမှောင်မင်း၏လက်အောက်သို့ ကျွန်တော်အဝင်မခံပါ။ အိုး အကျွန်ုပ်စိတ်ဝိညာဉ်၊ ခရစ်တော်သည် သင့်အပြစ်များအတွက်အသေခံ၍ အသွေးတော်မြတ်ဖြင့် ရွေးဝယ်ခြင်းခံခဲ့ရပြီဖြစ်သောကြောင့် သင့်စိတ်အတွေးကိုမကောင်းမှုအုပ်စိုးခြင်း မခံစေလိုပါ၊ သင့်လိုအင်ဆန္ဒသည်လည်း မကောင်းမှုတပ်မက်ခြင်း၏ လောင်စာဆီမဖြစ်စေရပါ။ အကျွန်ုပ်၏ဘုရားသခင်စီရင်ခြင်းကို အမှားအားဖြင့် မလွဲချော်စေရပါ။ အကျွန်ုပ်၏အသိဉာဏ်ကို မကောင်းမှုသံကြိုး၏ ချည်နှောင်ခြင်းမခံစေလိုပါ။ မခံစေရပါ။ အကျွန်ုပ်၏အသက်ဝိညာဉ် သင်သည်ခရစ်တော်၏အပိုင်ဖြစ်သောကြောင့် အပြစ်သည် သင့်၌ဘယ်အခွင့်အာဏာမျှမရှိပါ။

အို ခရစ်ယာန် ဤအမှု၌ရဲရင့်ခြင်းရှိပါလော့။ သင်၏ဝိညာဉ်ရန်သူတို့သည် အစဉ်ရှိနေကြမည်ဖြစ်သော်လည်း၊ စိတ်အားမငယ်ပါနှင့်။ သင်၏အစွမ်းခွန်အားဖြင့် အငယ်ဆုံးသောရန်သူကိုပင် မနိုင်နိုင်သော်လည်း၊ သိုးသူငယ်၏အသွေးတော်အားဖြင့် ရန်သူအပေါင်းတို့ကိုသင်နိုင်နိုင်ပါ၏။ "သူတို့သည် အကျွန်ုပ်ထက်ကြီးမား၍ ခွန်အားကြီးကြသည်ဖြစ်သောကြောင့်၊ အဘယ်သို့ကျွန်တော်မောင်းထုတ်နိုင်မည်နည်း" ဟု မဆိုပါနှင့်။ အားကြီးတော်မူသော ဘုရားသခင်ထံချဉ်းကပ်၍ အားယူပါလော့။ ယာကုပ်၏တန်ခိုးကြီးသော ဘုရားသခင်သည် သင့်ကိုကယ်တင်မစခြင်းငှါ အမှန်ကြွလာတော်မူမည်ဖြစ်၍ ကိုယ်တော်၏ကျေးဇူးတော်အားဖြင့် အောင်နိုင်ခြင်းသီချင်းသင်သီဆိုရပါလိမ့်မည်။

(Spurgeon)

**ဆင်ခြင်ရန်** - "အို ငါ့ဝိညာဉ်၊ သင်သည်အဘယ့်ကြောင့် ပြိုးငယ်သနည်း၊ ငါ့အထဲမှာ အဘယ်ကြောင့် မငြိမ်မဝပ်ရှိသနည်း" (ဆာလံ ၄၂း၁၁)။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုမျှော်လင့်၍ ရန်သူတို့၏ရှေ့မှောက်၌ ကိုယ်တော်၏နာမတော်ကိုချီးမွမ်းပါမည်။

သောကြာ၊ မေ (၁၇)
**ဆာလံ ၁၁၉း၁-၁၆**
၁ သက် ၁း၅

*“သမ္မာကျမ်းစာသည် မမှားနိုင်သော၊ အမှားမရှိသော၊ ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်၏”*

## ဘုရားသခင်၏နှုတ်ကပတ်တော်အရေးကြီးခြင်းအကြောင်း ရေးသားသောအရှည်ဆုံးသောဆာလံ

ဆာလံ ၁၁၉ သည် ဟေဗြဲအက္ခရာစာလုံး ၂၂ လုံးအတိုင်း အစဉ်လိုက်ရေးသားထားခြင်းဖြစ်၏။ စာလုံးတစ်လုံးနောက်၌ စာကြောင်း ၈ ကြောင်းလိုက်လာသောကြောင့် အကုန်လုံးအပိုဒ်ငယ် ၁၇၆ ပိုဒ်ရှိပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်၊ ပညတ်တော်၊ အထုံးအဖွဲ့တော်နှင့်စီရင်တော်မူရာနှုတ်တော်ထွက် သိနားလည်ခြင်းနှင့် လိုက်နာကျင့်သုံးခြင်းနှင့် အရေးကြီးမှုအကြောင်းကို အကြိမ်ကြိမ်ဖော်ပြထားပါသည်။ ထိုသို့ပြုခြင်းသည် အကျွန်ုပ်တို့အား အပြစ်၌မကျင်လည်ဘဲ၊ ဘေးအန္တရာယ်ထဲသို့ မကျရောက်စေခြင်းငှါရင်း၊ ဖြောင့်မတ်စွာနေထိုင်စေခြင်းငှါရင်း ရည်ရွယ်ထားခြင်းဖြစ်၏။

“အို ထာဝရဘုရား၊ နှုတ်ကပတ်တော်အတိုင်း ကိုယ်တော်၏ကျွန်၌ ကျေးဇူးပြုတော်မူ၏။ ပညတ်တော်တို့ကိုအကျွန်ုပ်ယုံကြည်သည်ဖြစ်၍ ကောင်းသောဉာဏ်နှင့်ပညာတော်အတတ်ကို သွင်းပေးတော်မူပါ။ အကျွန်ုပ်သည် ဆင်းရဲမခံမှီလမ်းလွဲပါ၏။ ယခုမူကား၊ ဗျာဒိတ်တော်အတိုင်းကျင့်စောင့်ပါ၏။ ကိုယ်တော်သည် ကောင်းသောသဘော၊ ကျေးဇူးပြုတတ်သောသဘောရှိတော်မူ၏။ အထုံးအဖွဲ့တော်တို့ကို အကျွန်ုပ်၌သွန်သင်တော်မူပါ။ မာနကြီးသောသူတို့သည် အကျွန်ုပ်တဘက်၌ မုသာစကားကိုကြံစည်သော်လည်း၊ ကိုယ်တော်၏ဥပဒေသများကို စိတ်နှလုံးအကြွင်းမဲ့ကျင့်ပါ၏။ သူတို့နှလုံးသည် ဆီဥကဲ့သို့ခဲလျက်ရှိ၏။ အကျွန်ုပ်မူကား၊ ကိုယ်တော်၏တရား၌မွေ့လျော်ပါ၏။ အထုံးအဖွဲ့တော်တို့ကို သွန်သင်စေခြင်းငှါ အကျွန်ုပ်ဆင်းရဲခံရသောကျေးဇူးသည် ကြီးပါ၏။ နှုတ်တော်ထွက်တရားတော်သည် ရွှေငွေအထောင်အသောင်းထက်မက၊ အကျွန်ုပ်၌သာ၍ ကောင်းပါ၏” (ဆာလံ ၁၁၉း၆၅-၇၂)။

Yale University မှ ပါမောက္ခ William Lyon Phelps က “တက္ကသိုလ်ပညာရပ်မသင်ကြားရသော်လည်း သမ္မာကျမ်းစာအသိဉာဏ်ရှိသောသူသည် သမ္မာကျမ်းစာအသိဉာဏ်မရှိဘဲ တက္ကသိုလ်ပညာရပ်တတ်မြောက်သောသူထက် သာ၍ကောင်း၏” ဟုဆိုခဲ့၏။ အပိုဒ်ငယ် ၉၇-၁၀၀ ၌တွေ့ရသည်အတိုင်း ဤအချက်သည်မှန်ပါ၏။ “ကိုယ်တော်၏ တရားကို အကျွန်ုပ်သည် အလွန်နှစ်သက်ပါ၏။ တနေ့လုံးဆင်ခြင်အောက်မေ့လျက်နေပါ၏။ ပညတ်တရားတော်သည် အကျွန်ုပ်၏ရန်သူတို့ထက်၊ အကျွန်ုပ်ကိုသာ၍ ပညာရှိစေပါ၏။ ပညတ်တရားတော်သည် အကျွန်ုပ်၌ အစဉ်တည်ပါ၏။ သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့် အကျွန်ုပ်၏ဆရာအပေါင်းတို့ထက်သာ၍ နားလည်ပါ၏။ ကိုယ်တော်၏ဥပဒေသများကို စောင့်သောကြောင့် အသက်ကြီးသူတို့ထက်သာ၍ ဉာဏ်ကောင်းပါ၏”။

ဤနိဒါန်းအကြောင်းအရာအားဖြင့် သင်သည်နှိုးဆော်ခြင်းခံရ၍ ဤဆာလံကိုလေ့လာသင်ယူလျက် သင်ကောင်းကြီးခံစားရပါစေသော။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်သည် အခြားမဟုတ်ဘဲ သမ္မာကျမ်းစာသာလျှင်ဖြစ်ပါသည်။

**ဆုတောင်းချက်** - အို အဘဘုရား၊ အကျွန်ုပ်အား ကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ကြိုးစားသင်ယူလေ့လာသောသူဖြစ်စေခြင်းငှါ မစတော်မူပါ။

စနေ၊ မေ (၁၈)

**ဆာလံ ၁၁၉း၁၅**

ဆာလံ ၁

". . . တရားတော်ကို နေ့ညဉ့်မပြတ်ဆင်ခြင်
အောက်မေ့သောသူသည် မင်္ဂလာရှိ၏"

## ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို တွေးတောဆင်ခြင်ပါလော့

လူအစုအဝေးနှင့်နေခြင်းထက် တစ်ကိုယ်တည်းနေခြင်း ပို၍ကောင်းသောအချိန်ရှိတတ်သလို စကားပြောခြင်းထက် နှုတ်ဆိတ်၍နေခြင်းပို၍ကောင်းသောအချိန် ရှိတတ်၏။ ကျွန်တော်တို့အား တစ်ကိုယ်တည်းအချိန်ယူ၍ ဘုရားသခင်၏အမှုတော်ဆောင်ခြင်း၌ ဝိညာဉ်ခွန်အားကို နှုတ်ကပတ်တော်ဆင်ခြင်နှလုံးသွင်းခြင်းဖြင့် စုဆောင်းလျက်ဘုရားသခင်ကို စောင့်နေခြင်းက ပို၍ကောင်းသောခရစ်ယာန်ဖြစ်စေတတ်၏။ ကျွန်တော်တို့သည် စစ်မှန်သောအာဟာရ၏ အရင်းအမြစ်ဖြစ်သော ဘုရားသခင်၏အကြောင်းကို တွေးတောလေ့လာနေကြရပါမည်။ သမ္မာတရားသည် စပျစ်သီးခိုင်ကဲ့သို့ ဖြစ်ပါ၏။ သင်စပျစ်ရည်ကိုလိုချင်ပါလျှင် ထိုစပျစ်သီးကိုအကြိမ်များစွာ ကြိတ်နယ်ရပါမည်။ ကြိတ်နယ်သောသူသည် စပျစ်သီးခိုင်တို့ကို ကောင်းစွာနင်းခြေရပါမည်။ သို့မှသာ စပျစ်ရည်ကောင်းစွာထွက်၍ အလေအလွင့်နည်းပါးမည်ဖြစ်၏။ ထိုနည်းတူ ကျွန်တော်တို့သည်ဆင်ခြင်တွေးတောနှလုံးသွေးခြင်းဖြင့် သမ္မာကျမ်းစာစပျစ်ခိုင်ကို ကြိတ်နယ်လျက်ထိုမှစီးကျလာသော နှစ်သိမ့်ခြင်းစပျစ်ရည်ကိုရရှိကြမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ပါးစပ်ထဲအစာထည့်ရုံဖြင့် အားအင်ခွန်အားရရှိသည်မဟုတ်ဘဲ အစာခြေခြင်းအမှုကသာ ကိုယ်ခန္ဓာကိုလိုအပ်သော အာဟာရကိုကြွက်သား၊ အကြောနှင့်အရိုးတို့ထံ ပို့ဆောင်ပေးခြင်းဖြစ်၏။ ထိုသို့ကြေညပ်စွာအစာခြေခြင်းအားဖြင့် ထိုအစာနှုတ်ကပတ်တော်သည် အသက်တာအကျင့်ဖြစ်လာခဲ့၏။ ထို့ကြောင့် ကြားနာရုံမဟုတ်ဘဲ နှုတ်ကပတ်တရားတော်ကို ဆင်ခြင်နှလုံးသွင်းရပါမည်။ ကြားနာခြင်း၊ ဖတ်ရှုခြင်း၊ လေ့လာသင်ယူခြင်းတို့သည် ဆင်ခြင်နှလုံးသွင်းခြင်းအတွက် လိုအပ်သောအရာများဖြစ်ကြသည်။ ထိုသို့သမ္မာတရားဆင်ခြင်နှလုံးသွင်းခြင်းက အမှန်ခွန်အားကိုရယူပေးတတ်၏။ အဘယ့်ကြောင့် အချို့သောခရစ်ယာန်တို့သည် တရားဟောချက်များစွာကြားနာခဲ့ကြသော်လည်း အသက်တာ၌ကြီးထွားမှုမရှိဖြစ်ကြပါသနည်း။ အကြောင်းမှာ တစ်ကိုယ်တည်းဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကိုဆင်ခြင်နှလုံးသွင်းခြင်းမပြုကြသောကြောင့်ပေတည်း။ ဂျုံမှုန့်ကိုသူတို့လိုချင်သော်လည်း မကြိတ်လိုကြ၊ စပါးလိုချင်ကြသော်လည်း မစိုက်ပျိုး၊ မသိမ်းရိမ်းလိုကြ။ အသီးသည် အပင်ပေါ်၌ရှိသည်ဖြစ်၍ မခူးလိုကြ။ ရေသည်စီးဆင်းနေသော်လည်း မသောက်လိုကြ။ ထိုသို့သောမိုက်မဲခြင်းမှ ကျွန်ုပ်တို့ကို ကယ်နှုတ်တော်မူပါ၊ အို ထာဝရဘုရား။ ယနေ့ကျွန်တော်တို့ ကတိသစ္စာပြုသည်ကား "ကိုယ်တော်၏တရားတော်တို့ကို ဆင်ခြင်နှလုံးသွင်းပါမည်" ဟူ၍ဖြစ်၏။

(Spurgeon)

**ဆင်ခြင်ရန်** - ဆာလံ ၁၁၉း၉၇ သည် အကျွန်ုပ်အသက်တာနှင့်ကိုက်ညီမှုရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို ကျွန်တော်ချစ်နှစ်သက်သင့်သလောက် မနှစ်သက်သောကြောင့် ခွင့်လွှတ်တော်မူပါ။

တနင်္ဂနွေ၊ မေ (၁၉)

**ဆာလံ ၁၁၉း၃၇**

ဒေ ၁၂း၈-၁၄

*အကျွန်ုပ်၏ အသက်တာကို*
*အကျွန်ုပ်ပိုင်သည် မဟုတ်ပါ။*

## "အကျွန်ုပ်အသက်ရှင်စေတော်မူပါ"

အနတ္တအမျိုးမျိုးရှိပါ၏။ လူမိုက်၏ကျော်ကြားအောင်မြင်မှု၊ ဤလောကီအပျော်ကြူးခြင်း၊ ကခုန်ခြင်း၊ သီချင်းဆိုခြင်းနှင့် အကျင့်ပျက်ခြင်း စသည်တို့သည် အချည်းနှီးဖြစ်ကြကြောင်း လူတို့သိပါ၏။ လူ့ဂုဏ်ပုဒ်နှင့်ရာထူးတို့သည်လည်း အချည်းနှီးဖြစ်ပါ၏။ ထိုနည်းတူသစ္စာမရှိသောသူတို့သည် အချည်းနှီးဖြစ်ကြ၏။ ဤလောကီတပ်မက်ခြင်းနှင့်စည်းစိမ်ဥစ္စာ၏ လှည့်စားခံရခြင်းတို့သည်လည်း အနတ္တသက်သက်ဖြစ်ကြ၏။ လူသည် အချည်းနှီးသောအရာကို တကယ့်စည်းစိမ်သဖွယ်ရှာတတ်၏။ ဘဝတစ်ခုလုံး ထိုစည်းစိမ်ကြွယ်ဝမှုကိုသာ ရှာဖွေသောသူသည် အချည်းနှီးမိမိဘဝကုန်ဆုံးစေခြင်းဖြစ်၏။ ခရစ်တော်၏နောက်မလိုက်ဘဲ ဘုရားသခင်ကိုဘဝ၏အဓိကအရာအဖြစ် မထားပါလျှင် ကျွန်တော်တို့သည် အနတ္တကိုပုံစံတစ်မျိုးဖြင့် ရှာနေခြင်းသာဖြစ်၏။ ဤကျမ်းပိုဒ်မှ ပထမဆုတောင်းချက်သည် ယနေ့အလွန်လိုအပ်သောဆုတောင်းခြင်းဖြစ်ပါ၏။

"လမ်းခရီးတော်၌ အကျွန်ုပ်အသက်ရှင်စေတော်မူပါ"။ ဆာလံဆရာက မိမိသည် ရိုးအသောသူ၊ ဉာဏ်ထိုင်းသောသူ၊ သေသောသူဟုဝန်ခံခဲ့ပါသည်။ ချစ်သောစာဖတ်သူ သင်သည်လည်း ထိုနည်းတူ ခံစားနိုင်ပါသည်။ ကျွန်တော်တို့သည် ဘုရားသခင်ကိုယ်တိုင်မှအပ အဘယ်အရာကမျှ အသက်မရှင်စေနိုင်ပါ။ ငရဲကလည်း အကျွန်ုပ်ကိုအသက်မရှင်စေနိုင်သလော။ ပျက်စီးလျက်ရှိနေသောအပြစ်သားတို့ကို ဆင်ခြင်ခြင်းဖြင့် ကျွန်တော်အသက်ရှင်ခြင်းမရနိုင်သလော။ ကောင်းကင်ဘုံက အကျွန်ုပ်ကိုအသက်မရှင်စေနိုင်သလော။ ဖြောင့်မတ်သောသူတို့ ခံစားရမည့်ဆုလာဘ်ကို ဆင်ခြင်ခြင်းကလည်း ကျွန်ုပ်ကိုမနိုးကြားစေဘဲ ကျွန်တော်အိပ်စက်နေလျက်ရှိသလော။ သေခြင်းက အကျွန်ုပ်ကိုအသက်ရှင်ခြင်းမပေးနိုင်သလော။ သေမည့်အချိန်ကိုတွေးတောလျက် ဘုရားသခင်ရှေ့၌ ရပ်နေလျက်ပင် သခင့်အမှုတော်၌ကျွန်တော်နိုးကြားမှုမရှိဖြစ်နေပါသလား။ ခရစ်တော်၏ချစ်ခြင်းမေတ္တာက ကျွန်ုပ်ကိုအနိုင်အထက်ပြု၍ မနိုးကြားစေနိုင်သလော။ သူခံစားခဲ့သောဝေဒနာတို့ကို တွေးတောလျက် ကားတိုင်အောက်၌ထိုင်နေလျက်ပင် အကျွန်ုပ်သည်စိတ်အားထက်သန်မှုမရှိဘဲ ဖြစ်နေပါသလား။ ထိုသို့ဖြစ်နေသည်ဟု ထင်ရပါ၏။ ထိုသို့စဉ်းစားတွေးတောရုံဖြင့် ကျွန်တော်တို့နိုးကြားမှုမရှိနိုင်ကြပါ။ ဘုရားသခင်ကိုယ်တိုင် အသက်ရှင်နိုးကြားစေမှသာလျှင် ရ၏။ ထို့ကြောင့် "အကျွန်ုပ်အသက်ရှင်စေတော်မူပါ" ဟု တောင်းလျှောက်ကြရပါမည်။ ဆာလံဆရာသည် စိတ်ရောကိုယ်ပါ ကြိုးစားဆုတောင်းပဌနာပြုခဲ့ပါသည်။ "အကျွန်ုပ်မျက်စိကို အခြားသို့လွှဲတော်မူပါ" ဟု ခန္ဓာကိုယ်အော်ဟစ်ပြီး၊ "အကျွန်ုပ်အသက်ရှင်စေတော်မူပါ" ဟု စိတ်နှလုံးကကြွေးကြော်ခဲ့ပါသည်။ ဤသည်ကား နေ့စဉ်တောင်းလျှောက်ရမည့်အရာဖြစ်ပါသည်။ အိုထာဝရဘုရား ယနေ့အကျွန်ုပ်အသံကို နားညောင်းတော်မူပါ။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဤလောကီအရာတို့၌ ကျင်လည်ခြင်းမပြုရပါ။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အတွက် သားတော်ယေရှုပြုတော်မူသောအမှုကို အစဉ်သတိရခြင်းဖြင့် အသက်တာလျှောက်လှမ်းလိုပါ၏။

တနင်္လာ၊ မေ (၂၀)
**ဆာလံ ၁၁၉း၃၃-၄၀**
၁ တိ ၂း၈

*“. . . သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြားလျှောက်ကြလော့”*

---

## ဆုတောင်းပါ၊ ဆုတောင်းပါ၊ ဆုတောင်းပါ

ဤအပိုဒ်သည် ဆုတောင်းခြင်းဝန်ထုပ်ထမ်းရွက်ခြင်းအပိုင်းဖြစ်ပါသည်။ အားကိုးရှာခြင်းစိတ်နှင့် လိုအပ်ချက်ပြင်းပြမှုအသိဉာဏ်တို့သည် ဤဆုတောင်းချက်ကိုလွှမ်းမိုးလျက် တောင်းလျှောက်ခြင်းကို ပြုစေခဲ့၏။

အပိုဒ်ငယ် ၃၃ တွင် ဆာလံဆရာသည် လမ်းပြမှုကိုတောင်းလျှောက်ခဲ့၏။ သေခြင်းသို့ပို့ဆောင်သောလမ်းများစွာရှိပါ၏။ သို့သော်လည်း အသက်ရှင်ခြင်းသို့ပို့ဆောင်သော လမ်းမှုကား၊ တစ်လမ်းတည်းရှိ၏။ ထို့ကြောင့် ထာဝရဘုရားအား ထိုလမ်းကိုပြတော်မူခြင်းငှါ တောင်းလျှောက်၍ ထိုလမ်းကိုအဆုံးတိုင်အောင် လျှောက်ခြင်းငှါကတိသစ္စာပြုခဲ့ပါသည်။ “သွန်သင်တော်မူပါ” ဆိုသည်မှာ “ညွှန်ပြတော်မူပါ”၊ “ပြသပေးတော်မူပါ” ဟူ၍ အဓိပ္ပာယ်ရ၏။

“အဆုံးတိုင်အောင်လိုက်သွားပါမည်” ဟူသောစကားစုကို “ထိုအရာအား ဆုလာဘ်သဖွယ်စောင့်ရှောက်ပါမည်” ဟုလည်း ဖော်ပြ၍ရပါ၏။ ဆိုလိုသည်မှာ ထာဝရဘုရား၏သွန်သင်မှုရလဒ်သည် နာခံခြင်းဖြစ်၏။ ဤနာခံခြင်းသည်လည်း ဘုရားသခင်ထံမှရရှိသော ဆုလာဘ်ဖြစ်ပါ၏။

အငယ် ၃၄ သည် အငယ် ၃၃ ကိုအကျယ်ချဲ့ခြင်းဖြစ်၏။ သမ္မာတရားလမ်းပြသတော်မူခြင်းခံရပြီးနောက် ဆာလံဆရာသည် မိမိအသက်တာ၌အသုံးပြုနိုင်မည်အကြောင်း ထိုသမ္မာတရားနားလည်သဘောပေါက်ခြင်း ဆုကျေးဇူးကိုတောင်းလျှောက်ခဲ့၏။ ဝိညာဉ်အသိဉာဏ်သည် ဝိညာဉ်ဆုကျေးဇူးတစ်ပါးဖြစ်၏။ “နားလည်သဘောပေါက်ခြင်း” သည် စိတ်ထဲမှသိနားလည်ခြင်းဖြစ်၍ သိရုံသက်သက်နှင့် ကွဲပြားမှုရှိပါသည်။ “စိတ်နှလုံးအကြွင်းမဲ့” ဟူသောစကားစုသည် နှုတ်ကပတ်တရားတော်ကို လုံးဝနှစ်သက်လျက် အပြည့်အဝနာခံလိုက်လျှောက်ခြင်း၏အရေးပါမှုကို ဖော်ပြခြင်းဖြစ်၏။ “စိတ်နှလုံးစုစည်းမှုမရှိသရွေ့ ဘုရားသခင်လက်ခံသောစိတ်နှလုံးမဖြစ်နိုင်ပါ”။

ထို့နောက် အငယ် ၃၅ ထဲတွင် ထိုလမ်းကိုမြင်၍နားလည်သဘောပေါက်ခြင်းရှိသောအခါ ဒါဝိဒ်သည် ထိုဘုရားသခင်၏လမ်းသို့ လိုက်လျှောက်နိုင်သောတန်ခိုးကို တောင်းလျှောက်ခဲ့ပါသည်။ အငယ် ၃၆ တွင် မိမိ၏စိတ်နှလုံးမတည်ကြည်မှုကိုသိသဖြင့် ဒါဝိဒ်သည် မိမိကိုယ်ကိုကာကွယ်ပြောဆိုခြင်းမပြုဘဲ မိမိ၏အားနည်းချက်ကို ဝန်ခံဖော်ပြခဲ့၏။

လူသည် ဖြောင့်မတ်ခြင်းသို့ရောက်ခြင်းငှါ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ထို့ကြောင့် မျက်စိဖြင့်မြင်၍ သဘောပေါက်ခြင်းရှိပြီး သမ္မာတရားလမ်းသို့လိုက်ခြင်းငှါ အဆင်သင့်ရှိသော်လည်း စိတ်နှလုံးထဲမှစိတ်ပါနာခံခြင်းမရှိလျှင် အသုံးမဝင်ပါ။ ထို့ကြောင့် သင်၏စိတ်နှလုံးအခြေအနေမည်သို့ရှိပါသနည်း။

(Herbert Lockyer)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၁၉း ၃၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ( ဆာလံ ၁၁၉း၃၃-၃၆ ကို အသုံးပြုပါ)။

အင်္ဂါ၊ မေ (၂၁)

**ဆာလံ ၁၁၉း၄၉**

ဟေရှာ ၄၃း၂၂-၂၅

*“များစွာသော ကရုဏာနှင့်*
*တဖန်သိမ်းဆည်းဦးမည်”*

## မိန့်တော်မူသည့်အတိုင်း ဘုရားသခင်ပြုတော်မူမည်

သင်လိုအပ်သောအရာသည် ထူးခြားသောအရာဖြစ်နေပါစေ၊ သမ္မာကျမ်းစာထဲ၌ ထိုအရာနှင့်ကိုက်ညီသော ကတိတော်သင်တွေ့ရှိနိုင်ပါသည်။ သင်၏လမ်းခရီးသည် ကြမ်းတမ်း၍ သင်မောပန်းခြင်းရှိသောကြောင့် သင်စိတ်ပျက်အားပျော့ခြင်းရှိပါသလား။ ကတိတော်စကားကို နားထောင်ကြပါစို့ “ထိုဘုရားသည် မောသောသူတို့အား ခွန်အားကိုပေးတော်မူ၏” ထိုသို့သောကတိတော်ကို သင်ဖတ်ရသောအခါ ထိုကတိတော်ထားတော်မူသော ကြီးမြတ်သောဘုရားသခင်ထံ ပြန်ယူဆောင်လျက် ထိုစကားတော်ပြည့်စုံစေခြင်းငှါ တောင်းလျှောက်ပါလော။ သင်သည် ခရစ်တော်ကိုရှာနေပါသလား။ ခရစ်တော်နှင့်ပို၍ ရင်းနှီးစွာမိသဟာယဖွဲ့ခြင်းငှါ ငတ်မွတ်ခြင်းရှိနေပါသလား။ သို့ဆိုလျှင် ဤသို့သောကတိတော်ရှိ၏ “ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ထိုသူတို့သည် ဝပြောခြင်းသို့ရောက်ကြလတ္တံ့”။ ဤကတိတော်ကို ပလ္လင်တော်ရှေ့သို့ အစဉ်ယူဆောင်ပါလော။ အခြားဘယ်အရာမျှ မတောင်းဘဲ ဤကတိတော်ပြည့်စုံစေခြင်းငှါ “ကိုယ်တော်မိန့်တော်မူသည်အတိုင်း ပြည့်စုံစေပါ” ဟု တောင်းလျှောက်ပါလော။ အပြစ်ကြောင့် သင်သည် ပင်ပန်းခြင်းရှိပါသလား။ သင်ပြုသောဒုစရိုက်အမှုကြောင့် ဝန်လေးနေပါသလား။ ဤစကားကိုနားထောင်ပါလော။ “ငါတစ်ပါးတည်းသာလျှင် ကိုယ်အတွက်ကြောင့် သင်၏အပြစ်တို့ကို ဖြေမည်။ သင်၏ဒုစရိုက်အမှုတို့ကိုမအောက်မေ့”။ ကိုယ်တော်သင့်ကိုခွင့်လွှတ်ရလောက်အောင် သင်ပြုသောအမှုတစ်စုံတစ်ရာရှိပါသလား။ ကိုယ်တော်ပြုတော်မူသောကတိတော်ကိုသာ အခြေခံ၍ တောင်းလျှောက်ခြင်းပြုလော၊ ကိုယ်တော်ပြည့်စုံစေတော်မူလိမ့်မည်။ သင်သည် ဘုရားသခင်၏သားဖြစ်သည်ဟု မိမိကိုယ်ကိုမှတ်ယူပြီးမှ အဆုံးတိုင်အောင်မခံမည်ကိုငှင်း၊ စွန့်ပစ်ခြင်းခံရမည်ကိုငှင်း သင်ကြောက်နေပါသလား။ ထိုသို့သော အခြေအနေ၌သင်ရှိနေပါလျှင် ဤကျေးဇူးတော်ကတိတော်ကို ယူဆောင်လျက် ပလ္လင်တော်ရှေ့၌ဆုတောင်းပါလော။ “တောင်ကြီးတို့သည် ပျောက်ကွယ်၍ တောင်ငယ်တို့သည်ရွေ့သွားကြသော်လည်း ချစ်ခြင်းမေတ္တာ၌တည်သော ငါ၏ပဋိညာဉ်သည် သင့်ထံမှ မထွက်မခွာရ”။ ကယ်တင်ရှင်အတူပါရှိတော်မူခြင်း၊ စိတ်ခံစားချက်ပျောက်ဆုံးသဖြင့် ဝမ်းနည်းသောစိတ်နှင့် ကိုယ်တော်ကို သင်ရှာနေပါလျှင် ဤကတိတော်ကိုအောက်မေ့လော့။ “ငါထံသို့ ပြန်လာကြလော့၊ ငါသည်လည်း သင်တို့ဆီကိုပြန်လာမည်”။ “သင့်ကို ခဏသာငါစွန့်သည်ဖြစ်၍ များစွာသော ကရုဏာနှင့် တစ်ဖန်သိမ်းဆည်းအုံးမည်”။ ဘုရားသခင်၏နှုတ်ထွက်စကားတော်၌ တည်သောသင်၏ယုံကြည်ခြင်းကို သုံးဆောင်ပါလော။ သင်ကြောက်စိတ်ဝင်သည်ဖြစ်စေ၊ လိုအပ်သောအရာဖြစ်သည်ဖြစ်စေ၊ အကျွန်ုပ်မျှော်လင့်စရာအကြောင်း ကိုယ်တော်၏ကျွန်၌ထားတော်မူသော နှုတ်ကပတ်တော်ကို အောက်မေ့တော်မူပါ” ဟူသော ကတိတော်စကားနှင့် တကွ အဘဘုရားထံတော်သို့ တိုးဝင်လျက် ချဉ်းကပ်ပြင်ဆင်ပါလော့။

(Spurgeon)

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ဘုရားသခင်သည် ယုံကြည်ကိုးစားထိုက်သောပုဂ္ဂိုလ်ဖြစ်၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏မယုံကြည်ခြင်းကို ဖယ်ရှားပေးတော်မူပြီး၊ ကိုယ်တော်ကို ယုံကြည်ကိုးစားမည်အကြောင်း အခွင့်ပေးတော်မူပါ။

ဗုဒ္ဓဟူး၊ မေ (၂၂)

**ဆာလံ ၁၁၉း၅၃**

ကောလ ၃း၁-၁၇

*“. . . ဝိညာဉ်တော်အားဖြင့် ကိုယ်ကာယ၏ အကျင့်တို့ကို သေစေလျှင်အသက်ရှင် ကြလိမ့်မည်”*

# အပြစ်ကို ရွံ့ရှာပါလော့

အကျွန်ုပ်၏ဝိညာဉ် သူတစ်ပါးအပြစ်များကို သန့်ရှင်းသောမုန်းတီးရွံ့ရှာမှု သင်ရှိပါသလား။ ထိုသို့မရှိလျှင် သင်အတွင်းစိတ်သန့်ရှင်းမှုမရှိသောကြောင့် ဖြစ်၏။ ဒါဝိဒ်၏ပါးပြင်သည် မသန့်ရှင်းသောအမှုကြီးထွားမှုကြောင့် မျက်ရည်ဖြင့်စိုရွှဲလျက်ရှိ၏။ ဣသရေလ၏ မကောင်းမှုဒုစရိုက်အတွက် ငိုကြွေးခြင်းငှါ ယေရမိသည်စမ်းချောင်းကဲ့သို့သောမျက်စိ တောင့်တခဲ့ပါသည်။ လောတသည် သောဒုံလူတို့ ၏ အပြုအမူကြောင့် စိတ်မငြိမ်မသက်ဖြစ်ခဲ့ရပါသည်။ ယေရုရှလင်မြို့၏စက်ဆုပ်ရွံ့ရှာဖွယ်အမှုကြောင့် ညည်းတွားငိုကြွေးသောသူတို့၏ နဖူး၌အမှတ်အသားထိုးထားကြောင်း ယေဇကျေလအနာဂတ္တိကျမ်းတွင် တွေ့ရ၏။ လူတို့ငရဲသို့သွားကြသည့်အမှုက သနားကြင်နာတတ်သော စိတ်နှလုံးကို နာကျင်စေပါ၏။ သူတို့သည် လက်တွေ့ကျကျအပြစ်၏ ဆိုးယုတ်မှုကို သိကြပြီး သူတစ်ပါးတို့သည် ပိုးဖလံကဲ့သို့မီးကိုတိုးလျက်နေကြသည်ကိုမြင်၍ သတိပေးခြင်းကိုခံရပါ၏။ အပြစ်သည် ဖြောင့်မတ် သောသူကို တုန်လှုပ်စေ၏။ အကြောင်းမှာ ထိုအပြစ်သည်သန့်ရှင်းသော ပညတ်တော်ကို ချိုးဖောက်သောကြောင့်တည်း။ သူတစ်ပါးပြုသောအပြစ်က ယုံကြည်သူကို ခြောက်လှန့်၍သတိပေးလျက်ရှိ၏။ အကြောင်းမှာ ထိုအမှုက မိမိ၏စိတ်နှလုံးအားနည်းမှုကို အသိပေးသောကြောင့် အပြစ်ကျူးလွန်သောသူမြင်တွေ့သောအခါ Bernard ဖော်ပြသကဲ့သို့ ဤသို့မြွက်ဆိုလျက်ရှိ၏။ “ယနေ့ သူလဲကျခဲ့ပြီ၊ နက်ဖြန် ကျွန်ုပ်အလှည့်ဖြစ်နိုင်၏” ယုံကြည်သူ အတွက် အပြစ်သည်ကြောက်စရာကောင်းလှ၏။ အကြောင်းမှာ ဤအပြစ်ကကယ်တင်ရှင်ကို ကားတိုင်၌တင်သတ်ခဲ့၏။ ယုံကြည်သူသည် အပြစ်ဒုစရိုက်တိုင်း၌ သံမှိုနှင့်လှံတံကို အစဉ် အောက်မေ့ခြင်းရှိရပါမည်။ ကယ်တင်ခြင်းခံရသောသူသည် ခရစ်တော်ကိုအသေသတ်ခဲ့သော အပြစ်သားအားမရွံ့ရှာဘဲနေနိုင်မည်နည်း။ ဤအချက်တို့ကို သင်သတိပြုရပါမည်။ ဘုရားသခင် အားကဲ့ရဲ့ခြင်းသည် အလွန်ဆိုးယုတ်သောအမှုဖြစ်၏။ ကောင်းမြတ်တော်မူသောဘုရားသခင်ကို မိမိခံထိုက်သောချီးမွမ်းခြင်းပေးကြပါစို့။ မိမိရန်သူတို့ကို ဘုရားသခင်စီရင်တော်မူလိမ့်မည်။ နိုးကြားသောစိတ်နှလုံးသည် အပြစ်၏ဆိုးယုတ်မှု၌ တုန်လှုပ်ခြင်းရှိ၍ခံရမည့်ပြစ်ဒဏ်ကို တွေးတောခြင်းဖြင့် သတိရှိစွာနေထိုင်တတ်၏။ ဆန့်ကျင်ခြင်းပြုခြင်းသည် အလွန်မိုက်မဲသောအမှုဖြစ်၏။ ဘုရားကိုမသိသောသူတို့၊ မယုံကြည်သေးသူတို့အဖို့ ပြင်ဆင်ထားသောပြစ်ဒဏ်သည် အလွန်ကြောက်စရာကောင်းလှ၏။ အို အကျွန်ုပ်ဝိညာဉ်၊ အပြစ်ကိုပြုံးမပြပါနှင့်၊ အပြစ်ကိုလည်း မကစားပါနှင့်။ ထိုအပြစ်သည် သင်၏ရန်သူ၊ သင့်သခင်၏ရန်သူဖြစ်ပါ၏။ အပြစ်ကိုရွံ့ရှာမုန်းတီးခြင်းရှိပါလော့။ သို့မှသာသင်သည် သန့်ရှင်းခြင်းပိုင်ဆိုင်ကြောင်း သက်သေပြနိုင်လိမ့်မည်။ သန့်ရှင်းခြင်းမရှိလျှင် အဘယ်သူမျှဘုရားသခင်မမြင်တွေ့နိုင်ပါ။

**ဆင်ခြင်ရန်** - အပြစ်သည် အကျွန်ုပ်ထွေးပွေ့သော မိတ်ဆွေဖြစ်ပါသလား။(Spurgeon)

**ဆုတောင်းချက်** - အဘဘုရား၊ များစွာသောအကျွန်ုပ်အပြစ်များကို ခွင့်လွှတ်တော်မူပါ။ အပြစ်ကိုရွံ့ရှာမုန်းတီးခြင်းရှိ၍ သန့်ရှင်းခြင်းအသက်တာဖြင့် အသက်ရှင်နိုင်ခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ မေ (၂၃)

**ဆာလံ ၁၁၉း၅၇**

မ ၆း၁၉-၂၀၊ ဟေဗြဲ ၁၃း၅

*"သို့ဖြစ်၍၊ စားရန်၊ ဝတ်ရန်ရှိသမျှနှင့် ရောင့်ရဲလျက်နေကြကုန်အံ့"*

---

# "အလုံးစုံကျွန်တော်ပိုင်ပါ၏"

အို ယုံကြည်သူ သင်ပိုင်ဆိုင်သောအရာတို့ကိုကြည့်၍ အခြားသောသူတို့၏ဝေစုနှင့် သင့်ဝေစုကို နှိုင်းယှဉ်ကြည့်ပါလော့။ အချို့သောသူသည် လယ်ယာရှိ၍၊ ကြွယ်ဝခြင်းရှိပြီး၊ များစွာသောအသီးအနှံရိတ်သိမ်းခဲ့ကြ၏။ သို့သော်လည်း ထိုအရာတို့သည် သင်၏ဘုရားသခင်ရိတ်သိမ်းခြင်းကို ဘုရားနှင့်ယှဉ်၍မရပါ။ စပါးကျီသည် ပြည့်လျက်ရှိသော်လည်း ထိုစပါးကျီသည် သင့်ကိုပြုစုကျွေးမွေးတော်မူသော လယ်ပိုင်ရှင်ဘုရားသခင်နှင့် ယှဉ်၍မရပါ။ အချို့သောမြို့ကြီး၊ ပြကြီးမှာနေ၍ များစွာသောကြွယ်ဝချမ်းသာခြင်းရှိပြီး ရွှေ၊ ငွေ ဝင်လာမဆဲ တသဲသဲဖြစ်ကြသော်လည်း ထိုရွှေသည် ဘုရားသခင်နှင့်ယှဉ်၍မရပါ။ ထိုရွှေ၊ ငွေအားဖြင့် သင်အသက်မရှင်နိုင်ပါ။ သင်၏ဝိညာဉ်အသက်တာသည် ထိုအရာအားဖြင့် ပြုစုထိန်းသိမ်း၍မရပါ။ ထိုအရာက စိတ်ဝေဒနာကိုမကုစားနိုင်၊ နာကျင်မှုကို မလျှော့ချစေနိုင်ပါ။ အထီးကျန်နေသောသူကို ထိုအရာတို့က မညည်းတွားဘဲနေစေနိုင်သလော။ သို့သော်လည်း သင်သည်ဘုရားသခင်ကိုပိုင်ဆိုင်ပါ၏။ ထိုဘုရားသခင်၌ ရွှေ၊ ငွေမဝယ်နိုင်သော ကြွယ်ဝချမ်းသာခြင်းအပေါင်းတည်လျက် ရှိပါသည်။ အချို့သောနာမည်ကျော်ကြားမှုကို ပိုင်ဆိုင်ထားကြ၏။ သို့သော်လည်း ထိုအရာထက်သင်၏ဘုရားသခင်သည် ပို၍ကြီးမြတ်သည်မဟုတ်လော။ သင့်ကိုလူအပေါင်းတို့က ချီးမြှောက်ခဲ့လျှင်လည်း ထိုအရာကသင့်ကို ယောဒန်မြစ်ကူးခြင်း၌ အဆင်သင့်ဖြစ်စေပါမည်လော။ ကြုံတွေ့မည့်စီရင်ခြင်းအတွက် ဂုဏ်ပြုကြရပါမည်လော။ ဘဝ၌ကြုံတွေ့ရသော နာကျင်ခြင်းဒုက္ခတို့ကို အဘယ်ကြွယ်ဝချမ်းသာခြင်းကမှ မဖယ်ရှားပေးနိုင်ပါ။ အထူးသဖြင့် သေခြင်းကို အဘယ်ငွေကြေးကမှ မဖယ်ရှားနိုင်ပါ။ သို့သော်လည်း မိမိဝေစုအဖြစ် ဘုရားသခင်ကိုပိုင်သောသင်သည် အလုံးစုံကိုပိုင်သောသူဖြစ်၏။ သင်၏ဝေစုသည် ဘုရားသခင်ဖြစ်သောအခါ သင်သည်အမှန်ကြွယ်ဝချမ်းသာခြင်းရှိ၏။ အကြောင်းမှာ ဘုရားသခင်သည် သင့်လိုအပ်ချက်ကို ဖြည့်ဆည်းပေးတော်မူမည်၊ နှစ်သိမ့်တော်မူမည်၊ သင့်နာကျင်မှုကို လျှော့ချပေးတော်မူမည်၊ သင့်လမ်းခရီးကို ပဲ့ပြင်တော်မူမည်၊ အမှောင်လမ်းခရီးထဲ၌ အတူလျှောက်သွားတော်မူမည်၊ ကိုယ်တော်နှင့်အတူ ထာဝရဘုန်းတော်ဝင်စားခြင်း၌ အိမ်တော်သို့ခေါ်ဆောင်တော်မူလိမ့်မည်ဖြစ်၏။ အသက်ရှင်စဉ်အခါ၌၎င်း၊ သေသောအချိန်၌၎င်း၊ လိုအပ်ချက်မှန်သမျှ ဘုရားသခင်ပြည့်စုံစေတော်မူမည်။ "ငါ၌လုံလောက်အောင်ရှိ၏"။ (ဟေဗြဲစကားလုံး၊ rab ) ဟု ဧသောဆို၏။ ဤစကားသည် လောကီလူသားမြွက်ဆိုနိုင်သော အကောင်းဆုံးစကားဖြစ်ပါသည်။ သို့သော်လည်း ယာကုပ်ကမူ "အကျွန်ုပ်၌ အလုံးစုံရှိ၏" (ဟေဗြဲစကားလုံး၊ kol) ဟု ဆိုခဲ့၏။ ဤသံစဉ်စာသားသည် ဇာတိပကတိလူမမှီနိုင်သော အလွန်မြင့်သောစကားဖြစ်ပါ၏။

(Spurgeon)

**ဆင်ခြင်ရန်** - "သင့်ဝေစုသည် ဘုရားသခင်ဖြစ်သောကြောင့် သင်သည်ကြွယ်ဝခြင်းရှိ၏"

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၌တည်သောအကျွန်ုပ်၏ဝိညာဉ်ကြွယ်ဝချမ်းသာမှုကို မြင်နိုင်မည်အကြောင်း မစတော်မူပါ။ သို့မှသာ ပျက်ဆီးပျောက်ကွယ်သွားမည့် ဤလောကီစည်းစိမ်ကို တပ်မက်လိုချင်သောစိတ်မရှိဘဲ နေနိုင်မည်ဖြစ်၏။

သောကြာ၊ မေ (၂၄)
**ဆာလံ ၁၁၉း၁၂၉-၁၃၆**
မ ၂၂း၂၉

*“. . . ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နာ၍ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်ဟုမိန့်တော်မူ၏”*

---

## သက်သေခံတော်မူချက်တို့သည် အံ့ဩဖွယ်ဖြစ်ကြ၏

“သက်သေခံတော်မူချက်” (ဆာလံ ၁၁၉း၁၂၉)၊ Sicily ရှင်ဘုရင်ရောဘတ်က “သမ္မာကျမ်းစာကို ငါ့နိုင်ငံတော်ထက်ပို၍ ငါခင်တွယ်မြတ်နိုးပါ၏။ တစ်ခုခုကိုမဖြစ်မနေဆုံးရှုံးမည်ဆိုလျှင် သမ္မာကျမ်းစာထက် ငါ့သရဖူကိုပို၍အရှုံးခံမည်”ဟု ဆိုခဲ့ပါသည်။ ဒါဝိဒ်က “အကျွန်ုပ်ဝိညာဉ်သည်” နာခံလိုက်လျှောက်ပါ၏ဟု ဆိုခဲ့၏။ ဦးနှောက်အသိနှင့်သာမဟုတ်၊ လက်တွေ့လုပ်ဆောင်ခြင်းဖြင့်သာမဟုတ်၊ မိမိစိတ်ဝိညာဉ်အားဖြင့် ထိုတရားတို့ကိုစွဲမြဲစွာတိုင်းတာပြီး ထိုတရားတို့သည် သူ့အသက်တာ၏အစိတ်အပိုင်းဖြစ်လာခဲ့ပါသည်။

“နှုတ်ကပတ်တော်” (ဆာလံ ၁၁၉း၁၃၀)၊ “ဖွင့်ပြခြင်း” ဆိုသည်မှာ ဖော်ထုတ်ခြင်း၊ အသိပေးခြင်းဟူ၍ဖြစ်၏။ ထိုဖွင့်ပြခြင်းအားဖြင့် အလင်းနှင့်နားလည်သဘောပေါက်ခြင်းဝင်ရောက်လာတတ်၏။ နေလို နေအလင်းအားဖြင့် ကျွန်တော်မြင်တွေ့ခဲ့ရ၏။ သမ္မာကျမ်းစာသည်လည်း ထိုနည်းတူဖြစ်ပါသည်။ ထိုအလင်းကို မိမိအလင်းအားဖြင့် ကျွန်တော်တို့မြင်တွေ့ရ၏။ ထိုမှနားလည်သဘောပေါက်ခြင်းကိုလည်း ကျွန်တော်တို့ရကြ၏။

“မလိမ္မာသောသူ” ဟုပြောထားသော လိမ္မာပါးနပ်ခြင်းမရှိသော၊ အတွေးအခေါ်နည်းပါးသောသူတို့၏စိတ်နှလုံးထဲသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ဝင်ရောက်ဖို့လိုအပ်ပါသည်။

“ပညတ်တော်” (ဆာလံ ၁၁၉း၁၃၁)၊ “နှုတ်ဖွင့်ဟခြင်း” ကမျှော်လင့်စောင့်စားခြင်းကို ဖော်ပြခြင်းဖြစ်၏။ “အတွင်းလူ၏နှုတ်ပါးစပ်ဆိုသည်မှာ စိတ်နှလုံးကိုဆိုခြင်းဖြစ်၏။ (Ambrose) ဒါဝိဒ်သည် နှုတ်ကပတ်တော်ရေးကို တောင့်တငတ်မွတ်လျက်ရှိ၏။ ဖတ်သမျှသောနှုတ်ကပတ်တရားကို လိုက်နာခြင်းငှါ ကျွန်တော်တို့တောင့်တသောဆန္ဒရှိပါသလား။

ဆာလံ ၁၁၉း၁၃၂-၁၃၄ သည် စိတ်နှလုံးအတွင်းမှပြင်းပြစွာထွက်လာသော တောင်းလျှောက်မှုအချက် ၃ ချက်ဖြစ်သည်။

အဆုံးသတ်အပိုဒ်ငယ် ၂ ပိုဒ်၌ (ဆာလံ ၁၁၉း၁၃၅-၁၃၆) မျက်နှာနှစ်ခုတွေ့ရ၏။ ဘုရားသခင်၏ထွန်းတောက်သောမျက်နှာတော်နှင့် ဘုရားသခင်၏ပညတ်တော်ကို လူဆိုးတို့ဆန့်ကျင်ကြသောကြောင့်မျက်ရည်နှင့်ပြည့်နေသောဘုရားသခင်၊ ကျွန်ုပ်၏မျက်နှာတို့ဖြစ်ပါသည်။

စာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို တန်ဖိုးထား၍နှုတ်ကပတ်တော်အတိုင်း အသက်ရှင်ပါလော့။ အပြစ်မှကျွန်ုပ်တို့စိတ်နှလုံးကို စောင့်ရှောက်ပေးခြင်းငှါ ကျွန်ုပ်တို့အား ကျေးဇူးတော်သွန်းလောင်းတော်မူပါ။ ကျွန်ုပ်တို့၏မျက်စိသည် ဘုရားသခင်နှင့်မသင့်မြတ်သော သူတို့အဖို့ ကျသော သနားခြင်းမျက်ရည်ဖြင့်ပြည့်လျက်ရှိသည်။

(Herbert Lockyer)

**ဆင်ခြင်ရန်** - (ဆာလံ ၁၁၉း၁၃၀ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ( ဆာလံ ၁၁၉း၁၃၃ ကိုအသုံးပြုပါ)။

**ဆာလံ ၁၁၉း၁၆၉-၁၇၆**
ဧ ၃း၃-၅

*"သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင်
ငါ့တပည့်အမှန်ဖြစ်ကြ၏"*

## အကျွန်ုပ်အား နားလည်သဘောပေါက်ခြင်းဉာဏ်ပေးတော်မူပါ

ဆာလံ ၁၁၉း၁၆၉-၁၇၂ ထဲတွင် ဒါဝိဒ်သည်အချက်သုံးချက်ကို ဆုတောင်းခဲ့ပါသည်။ မိမိဆုတောင်းသံကို ဘုရားသခင်နားညောင်းတော်မူရန် ဉာဏ်နှင့်လွတ်မြောက်ခြင်းအခွင့် ပေးသနားတော်မူရန်ဖြစ်ပါသည်။ ဆုတောင်းချက်ဖြေပေးလျှင် ချီးမွမ်းခြင်းပြုမည်ဟု ကတိပြုပါသည်။ တောင်းလျှောက်ခြင်းကိုပြုသောနှုတ်သည် ဝမ်းမြောက်ခြင်းနှုတ်ဖြစ်လာခဲ့၏။ ဘုရားသခင်ချီးမွမ်းခြင်းအမှုသည် ဘဝ၌အမွန်မြတ်ဆုံးသောအမှုတစ်ခုဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေ၏။

ဆာလံ ၁၁၉း၁၇၃-၁၇၅ တွင် ဒါဝိဒ်ကမိမိသည် အဘယ်အရာမျှမပြုနိုင်ကြောင်း၊ အချည်းနီးသာဖြစ်ကြောင်း ဝန်ခံခဲ့ပါသည်။ ပထမအချက်အနေဖြင့် "လက်တော်သည်အကျွန်ုပ်ကိုမစပါစေသော" ဟုတိုက်ရိုက်တောင်းလျှောက်ခဲ့၏။ ဒုတိယအနေဖြင့် "စီရင်တော်မူတို့သည် အကျွန်ုပ်ကိုမစကြပါစေသော" ဟုဆိုပြန်၏။ ကိုယ်တော်၏တရားတော်အားဖြင့် အသက်ရှင်ရန်တွေးခဲ့သည်ဖြစ်သောကြောင့်၊ ထိုတရားတော်တို့ကိုနှစ်သက်လျှက်၊ အသက်တာအသစ်ဖြင့် အသက်ရှင်ပြီး မိမိအားလိုအပ်သောအချိန်၌ မစတော်မူသောဘုရားသခင်၏ နှုတ်ကပတ်တော်ကိုနှုတ်ဖြင့် ချီးမွမ်းခဲ့ပါသည်။

ဆာလံ ၁၁၉း၁၇၆ တွင် ဒါဝိဒ်က ဤဆာလံကိုမိမိကိုယ်ကိုနှိမ့်ချခြင်းဖြင့်၊ ပျောက်သောသိုးကဲ့သို့မိမိအား ရှာဖွေခြင်းပြုရန်တောင်းလျှောက်ခဲ့ပါသည်။ ဝမ်းမြောက်စရာအမှန်တရားဟူမူကား လမ်းလွှဲသောသိုးဖြစ်သောဒါဝိဒ်သည် ဘုရားသခင်၏ကျွန်တော်ဖြစ်သေး၏။ ထိုအခြေအနေ၌ မိမိအား ထာဝရဘုရားရှာဖွေ၍ သိုးခြံထဲသို့ပြန်၍ခေါ်ဆောင်ခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။ သူသည် ပျောက်ဆုံးသောသိုးသာဖြစ်ခဲ့လျှင် ရှာဖွေခြင်းငှါ တောင်းဆိုမည်မဟုတ်။ သို့သော်လည်း သူသည် ဘုရားသခင်၏ ကျွန်တော်ဖြစ်သောကြောင့် ပြန်လည်ပြုပြင်ခြင်းခံရခြင်းငှါ၊ ခွင့်လွှတ်ခြင်းငှါ၊ အမှုတော်မြတ်၌ မိမိသခင်ကပြန်လည်တာဝန်ခန့်အပ်ခြင်းငှါ တောင်းလျှောက်ခဲ့ပါသည်။

ဒါဝိဒ်သည် အတိတ်၌၎င်း၊ ယခုလက်ရှိအချိန်၌၎င်း အမှားပြုခဲ့သော်လည်း ဤသို့စိတ်အားထက်သန်စွာဆိုခဲ့၏။ "အကျွန်ုပ်သည် ပညတ်တော်တို့ကို မမေ့လျော့ပါ"။ ထိုပညတ်တော်တို့ကိုနှစ်သက်အောက်မေ့လျက် ပို၍သိရှိလိုက်လျှောက်ခြင်းငှါ တောင့်တခြင်းရှိသောကြောင့်၊ မိမိသည် လုံးဝပျောက်ဆုံးသောသိုးမဟုတ်ဘဲ သိုးထိန်း၏စောင့်ရှောက်မှုအောက်၌ ရှိသေးကြောင်းသိခဲ့ပါသည်။ သူသည် ဘုရင့်လမ်းခရီးတော်မှ လမ်းဘေးစားကျက်မြေသို့ လွဲသွားခဲ့သော်လည်း ရှင်ဘုရင်နှင့်အတူ လုံးဝမိသဟာယဖွဲ့ခြင်း ခံရခြင်းအတွက် ပြန်လည်ခေါ်ဆောင်ခံခြင်းငှါ တောင့်တခဲ့ပါသည်။ စာဖတ်သူ ထိုကဲ့သို့ သင်ကောပြင်းပြသောဆန္ဒရှိပါသလား။

(Herbert Lockyer)

**ဆင်ခြင်ရန်** - (ဆာလံ ၁၁၉း၁၆၉ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၁၁၉း၁၇၀ ကိုအသုံးပြုပါ)။

တနင်္ဂနွေ၊ မေ (၂၆)
**ဆာလံ ၁၂၀**
ရော ၂း၁-၁၁

*“မိမိနှုတ်နှင့်လျှာကို စောင့်သောသူသည် မိမိစိတ်ဝိညာဉ်ကို ဒုက္ခနှင့်လွတ်စေခြင်းငှါ စောင့်ရာရောက်၏”*

# လှည့်စားတတ်သောလျှာ

ဤဆာလံအရေးအသားကို ကြည့်ခြင်းဖြင့် အချို့သောကျမ်းစာပုဂ္ဂိုလ်တို့က ဤဆာလံသည် ရှောလုထံမှမိမိအား စွပ်စွဲခဲ့သောဒေါဂကို ဆန့်ကျင်၍ဒါဝိဒ်ရေးသားဖြစ်သည်ဟု ထင်မှတ်ကြပါသည်။ သေတ္တာတော်ကိုရွှေ့ခြင်းငှါ လာသောဒါဝိဒ်သည် အရင်အချိန်၌ ယဇ်ပုရောဟိတ်အဟိမလတ်က ဆာလောင်နေသောမိမိအား တဲတော်မှမုန့်ကိုယူ၍ပေးခဲ့ကြောင်း အောက်မေ့ခဲ့ပါသည်။ ထိုအမှုကို မိမိ၏ရန်သူ ဧဒုံလူမျိုးဒေါဂက သိခဲ့၏။

ဤဆာလံထဲတွင် ဒါဝိဒ်က “သစ္စာမရှိသောနှုတ်မှရင်း၊ လှည့်စားတတ်သောလျှာမှရင်း” ကယ်တော်မူပါဟူ၍ ထိုပုဂ္ဂိုလ်အား အမှားအမှန်ကိုခွဲခြားစီရင်တော်မူသော ဘုရားသခင်ထံ တင်ပြခဲ့ပါသည်။ “ဒါဝိဒ်သည် အဟိမလတ်အိမ်သို့ရောက်ကြောင်းကို ဧဒုံအမျိုးသားဒေါဂသည် ရှောလုထံသို့ လာ၍လျှောက်သောအခါ စပ်ဆိုသောဆာလံဟူ၍ ခေါင်းစဉ်ပေးထားသော” ဆာလံ ၅၂ နှင့် ဤဆာလံကို နှိုင်းယှဉ်လျှင် စကားလုံးတူညီကြောင်း တွေ့ရပါလိမ့်မည်။ “သင်သည့်လျှာသည် ထက်သောသင်တုန်းကဲ့သို့လှည့်စားသဖြင့် သူ့အကျိုးကိုပျက်ခြင်းအမှုလို ပြုစုတတ်၏။”

*ငါသည် မေရှက်ပြည်၌တည်းခို၍ ကေဒါတဲ၌နေရသည်အရာမှာ*
*အမင်္ဂလာရှိ ၏။ ငြိမ်သက်ခြင်းကိုမုန်းသောသူတို့နှင့်အတူ ငါ့ဝိညာဉ်သည်*
*ကြာမြင့်စွာနေရပါသည်တကား။ ငါသည် ငြိမ်သက်ခြင်းအတွက်*
*စကားပြောလျှင်သူတို့သည် စစ်တိုက်ခြင်းငှါ အလိုရှိကြ၏။*

*ငါ့ဝိညာဉ်သည် စိတ်ပူပန်ခြင်းနှင့်ဒုက္ခပြုသောသူတို့မရှိရာ ထိုငြိမ်သက်ခြင်း*
*ဆိပ်ကမ်းသို့ရောက်ခြင်းငှါ အလွန်ပင်ပန်းခြင်းရှိ၍*
*မိန်းမောခြင်းရှိပါ၏။*

**ဆင်ခြင်ရန်** - အကျွန်ုပ်ရန်သူသည် အကျွန်ုပ်နာကျင်မှုအတွက် ကြံစည်နေ၏။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်၏တရားသူကြီးဖြစ်တော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

တနင်္လာ၊ မေ (၂၇)

**ဆာလံ ၁၂၀း၅**

၂ ကော ၄း၁-၇ *"... သူတပါးရှေ့၌ **သင်တို့**အလင်းကိုလင်းစေကြလော့"*

## ဘုရားသခင်၏အလိုတော်အားဖြင့် ဤကမ္ဘာလောကန္တ

ခရစ်ယာန်ဖြစ်သောသင်သည် ဘုရားကိုမသိသောလောကီလူတို့အကြား၌ နေထိုင်ရမည်ဖြစ်ပြီး၊ "အကျွန်ုပ်သည် အမင်္ဂလာရှိ၏" ဟုအော်ဟစ်မနေပါနှင့်။ သင် ဤကမ္ဘာလောကမှနုတ်ယူခံရခြင်းငှါ ယေရှုတောင်းလျှောက်တော်မမူခဲ့ပါ။ ထို့ကြောင့် ယေရှုသင့်အဖို့မတောင်းသောအရာကို သင်လိုချင်သောစိတ်မရှိပါနှင့်။ ဘုရားသခင်၏ခွန်အားဖြင့် အခက်အခဲကိုရင်ဆိုင်လျက်၊ ထိုအမှုအားဖြင့် ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေခြင်းသည် သာ၍ကောင်း၏။ သင်၏ရန်သူသည် သင့်အသက်တာ၌ အပြစ်အနာဆာရှာခြင်းငှါ အစဉ်စောင့်ကြည့်လျက်ရှိသည်ဖြစ်သောကြောင့်၊ သင်သည် သန့်ရှင်းခြင်းရှိရပါမည်။ လူအပေါင်းတို့သည် သင်ကိုစောင့်ကြည့်နေကြသည်ဖြစ်သောကြောင့် သင်သတိထားရပါမည်။ အခြားသူတို့ထက် သင့်ထံမှဘုရားသခင်ပို၍ မျှော်လင့်လျက်ရှိ၏။ အပြစ်တင်ခွင့်နှင့်လွတ်မည်အကြောင်း ကြိုးစားခြင်းပြုလော့။ သင့်အသက်တာ၌ သူတို့အပြစ်တင်ခွင့်အရာဟူမူကား သင်၏ကောင်းမြတ်ခြင်းသာဖြစ်ပါစေ။ သင်၏အကြောင်းနှင့်ပတ်သက်၍ သူတို့ဆိုနိုင်သောအရာဟူမူကား ဒံယေလနည်းတူ "ဘုရားသခင်၏သာယာမှုမှတစ်ပါး၊ အခြားသောအမှုတွင် ဒံယေလ၌ အပြစ်တင်ခွင့်ကို ငါတို့မတွေ့နိုင်ကြ" ဟူ၍ဖြစ်ပါစေ။ အစဉ်အသုံးဝင်သောသူဖြစ်ခြင်းငှါ ကြိုးစားအားထုတ်ပါ။ သင်သည် "ကျွန်တော့်အခြေအနေ ဒီထက်ကောင်းလို့ရှိရင် ဘုရားသခင်၏အမှုကျွန်တော်ဆောင်ရွက်နိုင်မည်ဖြစ်၏။ ယခုအခြေအနေတွင် ကျွန်တော်ကောင်းသောအမှုမပြုနိုင်" ဟု သင်ထင်ကောင်းထင်နိုင်ပါသည်။ သို့သော်လည်း သင့်ပတ်ဝန်းကျင်ရှိလူတို့သည် သင်ထက်အခြေအနေဆိုးသော၊ သင့်အကူအညီလိုအပ်သောသူများဖြစ်ကြ၏။ သူတို့သည် လမ်းမှားနေလျှင် သင်တည့်မတ်ပေးရပါမည်။ သူတို့သည် ဆိုးသွမ်းလျှင်၊ သူတို့၏ထောင်လွှားသောစိတ်ကို သမ္မာတရားသို့လမ်းပြရပါမည်။ များစွာသောလူတို့သည် နာမကျန်းဖြစ်နေစဉ် သမားတော်သည်အဘယ်မှာ ရှိသင့်ပါသနည်း။ စစ်သားသည် စစ်မတိုက်ဘဲချီးမြှောက်ခြင်းခံရပါမည်လော။ သင်အခက်အခဲဒုက္ခခံ၍ အပြစ်ကြောင့် ပင်ပန်းခြင်းရှိသောအခါ ထိုအရာထက်ပိုခက်ခဲသော ဒုက္ခဆင်းရဲကို ကြုံတွေ့ခဲ့ကြသောသန့်ရှင်းသူတို့ကို သတိရအောက်မေ့ပါလော့။ သူတို့သည် ကောင်းကင်နိုင်ငံသို့အခက်အခဲမကျော်ဖြတ်ဘဲဝင်ခဲ့ကြသည်မဟုတ်။ ထို့ကြောင့် သူတို့ထက်ပို၍ လွယ်ကူသောလမ်းလျှောက်ရမည်ဟု မထင်ပါနှင့်။ သူတို့သည် မိမိတို့အသက်ကိုပင်မငဲ့ဘဲ ကြိုးစားလျှောက်သွားခဲ့ကြ၏။ သင်သည်လည်း ယေရှုခရစ်တော်၏ကောင်းသောစစ်သူရဲကဲ့သို့ အခက်အခဲဒုက္ခကို သည်းမခံလျှင် ချီးမြှောက်ခြင်းခံရမည်မဟုတ်ပါ။ ထို့ကြောင့် "ယုံကြည်ခြင်း၌မြဲမြံစွာရပ်တည်လျက်၊ ရဲရင့်ခြင်းရှိပြီး၊ ကြိုးစားအားထုတ်ပါလော့"။

(Spurgeon)

**ဆင်ခြင်ရန်** - ဘုရားသခင်သည် အဘယ့်ကြောင့်ကျွန်ုပ်ကို ဤကမ္ဘာလောက၌ ရှိစေပါသနည်း။

**ဆုတောင်းချက်** - အဘဘုရား၊ ဤကမ္ဘာလောက၌ ကိုယ်တော်ပြုစေလိုသောအမှုကို ကျွန်တော်အမိကထားဆောင်ရွက်မည်အကြောင်း မစတော်မူပါ။

အဂ်ီ၊ မေ (၂၈)

**ဆာလံ ၁၂၁**

ဖိ ၄း၄-၉

"နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ
မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏"

## ခရီးသွားဆာလံ

ဤဆာလံ၌ တွေ့ရသောဆာလံဆရာ ခရီးသွားဖြတ်လျှောက်ရသည့်နယ်မြေသည် အလွန်ကျယ်ဝန်းလှသောကန္တာရလွင်ပြင်ဖြစ်ပါသည်။ အခက်ခဲဆုံးသောအခြေအနေဟူမူကား၊ အခြားဘာမှမရှိဘဲ ပူလောင်နေသောနေပူအောက်၌ ခရီးသွားရခြင်းပင် ဖြစ်ပါသည်။ သက်သာရာရောက်စေသော အချက်ဟူမူကား ရုတ်တရက်အဝေး၌ တောင်တစ်ခုပေါ်လာခြင်းပင်ဖြစ်၏။ ထိုသို့သောတောင်သည် ခရီးသွားတို့အဖို့ ခိုနားစရာဖြစ်ပါ၏။ ထိုအရပ်၌ကျောက်ဂူနှင့်ရေအရင်းအမြစ်ရှိတတ်၏။ အင်ဂေဒိအရပ်သည် သန့်ရှင်းသောပြည် (ဣသရေလနိုင်ငံ) သို့ ခရီးသွားသောဧည့်သည်များအဖို့ ထိုသို့သောနေရာဖြစ်ပါသည်။ အေအိုစစ်အရပ်ဖြစ်၏။

ကျွန်တော်တို့သည် ဝိညာဉ်နှင့်ဆိုင်သော ခရီးလမ်း၌ခရီးသွားဧည့်သည်များဖြစ်ကြ၏။ ထိုသို့သောခရီး၌လည်း ပင်ပန်းနွမ်းနယ်သောခရီးသွားသည် နားခိုရာအရိပ်လိုအပ်ပါ၏။ ပထမဆုံး ကျွန်တော်တို့သည် ကျွန်ုပ်တို့အားအသက်ရှင်ခြင်းပေးခြင်းငှါ ကျွန်ုပ်တို့အပြစ်အတွက် ကယ်တင်ရှင်ကားတိုင်၌တင် သတ်ခြင်းခံရာအရပ်ဖြစ်သော ကာရနီတောင်ကုန်းသို့သွားရမည်ဖြစ်၏။ ထိုမတိုင်မီ၊ ကျွန်တော်သည် မောရှေကဘုရားသခင်၏ပညတ်တော်ပေးရာအရပ် သိနာတောင်သို့သွားရပါမည်။ ပညတ်တရားကိုကျွန်တော်တို့ မလိုက်လျှောက်နိုင်သောကြောင့် ထိုပညတ်တော်ကကျွန်ုပ်တို့ကို ခရစ်ယာန်ထံပို့ဆောင်ပေးတော်မူ၏။

သမ္မာကျမ်းစာထဲ၌ ဝိညာဉ်အကျိုးကိုသယ်ပိုးသောတောင် မည်မျှရှိသနည်း၊ သင်မည်မျှရေတွက်နိုင်သနည်း။ Scofield ကအခုနှစ်ဆယ်ဖော်ပြထားပါသည်။ ထိုအထဲမှရွေးနှုတ်သော အောက်ပါဆယ်ခုနှင့်ဆက်စပ်သော ဝိညာဉ်အကျိုးတို့ကို သင်ကိုယ်တိုင်လေ့လာရှာဖွေပါလေ့။

| | |
|---|---|
| အာရရတ်တောင် | သံလွင်တောင် |
| ကရမေလတောင်ဆ | ဝိရတောင် |
| ဟောရပ်တောင် | သိနတောင် |
| မောရိတောင် | တာမော်တောင် |
| နေဗောတောင် | ဇိအုန်တောင် |

**ဆင်ခြင်ရန်** - "ဂေသရှေမန်ကို မမေ့ခြင်းငှါ၊ ကိုယ်တော်ခံရသောဝေဒနာမမေ့ခြင်းငှါ၊ အကျွန်ုပ်အပေါ် ထားရှိသောကိုယ်တော့်၏ ချစ်ခြင်းမေတ္တာမမေ့ခြင်းငှါ အကျွန်ုပ်ကို ကာရနီတောင်သို့ ပို့ဆောင်ပါလေ့"

**ဆုတောင်းချက်** - ( ဆာလံ ၂၄း၃-၄ ကိုအသုံးပြုပါ)။

*"ရှေ့ဦးစွာ၌ယုဒလူ၊ နောက်၌ဟေလသလူ၊
ကောင်းသောအကျင့်ကိုကျင့်သောသူရှိသမျှတို့သည်
ဘုန်းအသရေချမ်းသာကို ခံစားရကြလတ့်"*

## ယေရုရှလင်မြို့သို့ဘုရားဖူးသွားခြင်း

ကျွန်တော်တို့သည် သန့်ရှင်းသောပြည်သို့ဘုရားဖူးသွားခြင်းအမှုကို ၁၉၈၃ မှ ၂၀၀၁အထိ ဆယ်ကြိမ်တိုင်တိုင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့သွားကြသောအခါ "ငါတို့သည် ဘုရား၏အိမ်တော်သို့သွားကြကုန်အံ့ဟု သူတစ်ပါးတို့သည် ပြောကြသောအခါ ငါသည်ဝမ်းမြောက်ခြင်းရှိ၏။ အို ယေရုရှလင်မြို့၊ သင်၏တံခါးတို့အတွင်း၌ ငါတို့သည်ရပ်၍နေကြလိမ့်မည်" (ဆာလံ ၁၂၂) ဟူ၍ စိတ်နှလုံးအတွေးဖြင့် သွားရောက်ခဲ့ကြ၏။ အဘယ့်ကြောင့် ယေရုရှလင်မြို့သို့ ကျွန်တော်တို့ သွားကြရမည်နည်း။ "အကြောင်းမှာ ဤမြို့သည် သခင်ဘုရားကိုယ်တိုင်တည်သောမြို့ဖြစ်၏။ ယေရုရှလင်မြို့သည် ဒါဝိဒ်မင်း၏မြို့တော်ဖြစ်၍ ယေရုရှလင်မြို့သည် မိမိ၏ဗိမာန်တော်တည်ဆောက်ခြင်းငှါ ဘုရားသခင်သတ်မှတ်ရာနေရာဖြစ်ပါသည်"။

ဘုရားသခင်၏လူတို့သည် အပြစ်ပြုကြသောကြောင့် ရှောလမုန်ဗိမာန်တော်နှင့် ဒုတိယဗိမာန်တော်ဖျက်ဆီးခြင်းခံရ၍ ဘုရားသခင်၏လူတို့သည် ကမ္ဘာအရပ်ရပ်သို့ကွဲပြားပြန့်ကျဲခဲ့သော်လည်း ဘုရားသခင်သည်ထိုသူတို့အား ပြန်လည်စုစည်းခေါ်ဆောင်၍ ဤမြို့ကိုပြန်လည်တည်ထောင်မည်အကြောင်း ကတိထားတော်မူခဲ့၏။ ဘုရားသခင်သည် ထိုသို့ပြန့်ကျဲခဲ့သောယုဒလူတို့ကို ဒုတိယကမ္ဘာစစ် ၁၉၁၄-၁၈ နောက်ပိုင်း၌စတင်စုစည်းခေါ်ဆောင်တော်မူခဲ့၏။ ဘုရားသခင်က သူတို့၏ပြည်(အချို့သာ) ကို ဣသရေလ (အစ္စရေး) လွတ်လပ်ရေးရသောအချိန် မေလ ၁၄၊ ၁၉၄၈ ခုနှစ်တွင် ပေးတော်မူခဲ့၏။ (အယ်ဒီတာမှတ်ချက် - ၂၀၁၈ တွင် အစ္စရေးနိုင်ငံသည် အင်အားကြီးနိုင်ငံဖြစ်လာခဲ့၏။ လူဦးရေ ၆၅၀၀၀ မှ ၈၅၀၀၀၀ အထိ ပွားများလာခဲ့ပြီး ယေရုရှလင်မြို့တွင် လူဦးရေ ၈၆၀၀၀၀ အထိ ရှိလာခဲ့၏။

ဓမ္မဟောင်းကျမ်း၏အပိုဒ်ငယ် ၃၄ ပိုဒ်ထဲတွင် မှတ်တမ်းတင်ထားသော ပြန်လည်ပြုပြင်ခေါ်ဆောင်ခြင်းအမှုသည် ခရစ်တော်(ဒါဝိဒ်၏ပို၍မြတ်သောသားတော်) ဤလောကသို့ပြန်လည်ကြွလာတော်မူ၍ ငြိမ်သက်ခြင်းဖြင့် နှစ်တစ်ထောင်အုပ်စိုးခြင်းငှါ ကြိုတင်ပြင်ဆင်ခြင်းအမှုဖြစ်ပါသည်။

ယေရုရှလင်မြို့နှင့်ဆန့်ကျင်ဘက်ဖြစ်သော ရှမာရိမြို့(မြောက်ပိုင်းအမျိုးဆယ်မျိုးတို့၏မြို့တော်သည်) ဖျက်ဆီးခြင်းခံရ၍ မိက္ခာ၏ပုရောဖက်ပြုချက်အတိုင်း ဘယ်တော့မှပြန်လည်ပြုပြင်ခြင်းခံရမည်မဟုတ်ပါ (မိက္ခာ ၁း၆)။ ယနေ့ သင်ရှမာရိကိုသွားရောက်ခဲ့လျှင် အမှိုက်ပုံဘဲပြန်တွေ့ရလိမ့်မည်။

သခင်ယေရှု ပြန်လည်ကြွလာတော်မမူမီ များစွာသောဤကမ္ဘာလူသားတို့သည် ဘုရားသခင် ရွေးနုတ်တော်မူသောမြို့သို့ ဘုရားဖူးသွားကြမည်ဖြစ်၏။ ယေရုရှလင်မြို့သို့ သွား၍ ယေရုရှလင်မြို့ ငြိမ်သက်ခြင်းအဖို့ ဆုတောင်းသောသူသည် မင်္ဂလာရှိ၏။

**ဆင်ခြင်ရန်** - ယုဒလူတို့အပေါ် အကျွန်ုပ်စိတ်သဘောသည် မည်သို့ရှိသနည်း။ ဤကမ္ဘာလူသားအပေါင်းတို့၏ စိတ်သဘောထားသည် သူတို့ကိုဆန့်ကျင်လျက် ရှိပါ၏။

**ဆုတောင်းချက်** - အဘဘုရား၊ ယုဒလူနှင့်အာရပ်လူတို့အပေါ်၌ သူတို့စစ်တိုက်ခြင်းရပ်စဲစေခြင်းငှါ ကရုဏာထားတော်မူပါ။

ကြာသပတေး၊ မေ (၃၀)

**ဆာလံ ၁၂၃**

ယော ၁၀း၇-၁၁

*". . . ဇေမာန္ဒေလအနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟုဆိုလိုသတည်း"*

## မျှော်ကြည့်ခြင်းဆာလံ

ဤဆာလံသည် အကြောင်းအရာတစ်ခုတည်းကို အလွန်လေးနက်စွာဖော်ပြ၍ ရေးသားထားသောဆာလံဆိုလေးဖြစ်ပါသည်။ ဤသီချင်းကို ဘုရားသခင်၏လူတို့က အလွန်နှစ်သက်ကြ၏။ ဤဆာလံကို နေဟမိခေတ်၌ဦးစွာသီချင်း ကြားသိခဲ့ကြသည်ဟု ထင်မှတ်ထားကြ၏။ ဒါဝိဒ်ခေတ်ကာလနောက်ပိုင်း၌ရှိသော အခက်အခဲကြုံတွေ့ရသောသူတိုင်းအတွက် ဤဆာလံသည် အလွန်သင့်တော်သောဆာလံဖြစ်ပါသည်။

*"ဆုတောင်းခြင်းသည် ပင်ပန်းသောသူ ပြုရမည့်ဝတ္တရား အဘယ်သူမျှမရှိ၊ ဘုရားသခင်သာလျှင် အနီးနား၌ရှိချိန် အထက်အရပ်ကိုမျှော်ကြည့်လျှက် ကျဆင်းလာသောမျက်ရည်ပင်ဖြစ်၏"*

ကိုယ်တော်ကို အကျွန်ုပ်မျှော်ကြည့်ပါ၏ (ဆာလံ ၁၂၃း၁)။ အားကိုးစရာရှိခြင်းသည် အလွန်ကောင်းပါ၏။ ဆာလံဆရာသည် အမြင့်ဆုံးသောအရပ်ကို မျှော်ကြည့်ခဲ့ပါသည်။ မျှော်ကြည့်ခြင်းဆိုသည်မှာ ထာဝရဘုရားအပေါ်၌ ထားရှိသောစိတ်နှလုံး၊ လိုအပ်ဆန္ဒ၊ မျှော်လင့်ချက်၊ ယုံကြည်ချက်နှင့် တောင့်တခြင်းတို့ကို ဖော်ပြခြင်းဖြစ်၏။

ကျွန်ုပ်တို့ပတ်ဝန်းကျင်၌ ကူညီမည့်သူမရှိသောအခါ၊ ကျွန်ုပ်တို့ထက်ကြီးမြတ်တော်မူသောသူ၏အကူအညီရှာခြင်းသည် ကောင်းသောအမှုဖြစ်ပါသည်။ အမှန်မှာ၊ ကူညီမည့်သူမြောက်များစွာရှိစေကာမူ၊ ကျွန်တော်တို့သည် ထာဝရဘုရားကိုသာ မျှော်ကြည့်ကြရပါမည်။ ကြီးမြတ်တော်မူသော၊ အထက်အရပ်၌ ကျိန်းဝပ်တော်မူသော ဘုရားသခင်အားမျှော်လင့်ခြင်းသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းအတွက်သာ၍ ကောင်း၏။ ကျွန်တော်တို့သည် ဤဝိညာဉ်နှင့်ဆိုင်သောမျက်စိ၊ မျှော်လင့်ခြင်းအတွက် ကျေးဇူးတင်လျက်ဝမ်းမြောက်ခြင်းရှိရပါမည်။ ကျွန်တော်တို့သည် ကျွန်ုပ်တို့မျက်စိကိုအထက်အရပ်သို့မဟုတ်ဘဲ၊ အောက်အရပ် (သို့) မိမိ၏ခွန်အား (သို့) အခြားသောနေရာသို့ မရောက်စေခြင်းငှါင်း၊ ထာဝရဘုရားကိုသာမျှော်ကြည့်ခြင်းငှါင်း သတိပြုရန်ဆုံးဖြတ်ချက်ချရပါမည်။ ဘုရားသခင်ကိုမမြင်နိုင်သော်လည်း ဘုရားသခင်ရှိရာအရပ်ကို မျှော်ကြည့်ကြပါစို့။ ရှင်ဘုရင်သည် မိမိနန်းတော်၌ နေထိုင်သကဲ့သို့ ဘုရားသခင်သည် ကောင်းကင်ဘုံ၌ရှိတော်မူ၏။ ထိုအရပ်၌ မိမိကိုယ်ကိုဖော်ပြ၍၊ ကြည်ညိုခြင်းခံလျက် ချီးမွမ်းခြင်းခံတော်မူ၏။ ထို့နောက် ဤကမ္ဘာလောကကို ကြည့်ရှုတော်မူ၍ မိမိသန့်ရှင်းသူတို့အား လိုအပ်သည်အတိုင်း နှိမ့်သိမ့်မှုပေးတော်မူ၏။ ထို့ကြောင့် ဝမ်းနည်းအားငယ်သောအခါ၌လည်း အထက်အရပ်သို့မျှော်ကြည့်ကြပါစို့။

(Spurgeon)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၂၃း၁ ကိုဖတ်ပါ)။

**ဆုတောင်းချက်** - ( ဆာလံ ၁၂၃း၃ ကိုအသုံးပြုပါ)။

သောကြာ၊ မေ (၃၁)

**ဆာလံ ၁၂၄**

ကော ၂း၇

*“. . . ဘုရားသခင်သည် ငါတို့ဘက်၌ရှိတော်မူလျှင်၊
အဘယ်သူသည် ငါတို့တဘက်၌နေနိုင်မည်နည်း”*

## ထာဝရဘုရားသည် ကျွန်ုပ်တို့ဘက်၌ရှိတော်မူ၏

ဤဆာလံထဲတွင် အထူးကယ်နှုတ်တော်မူခြင်းကျေးဇူးကို အသိအမှတ်ပြုခြင်း (ဆာလံ ၁၂၄း၁-၅)၊ ထို့နောက် ထာဝရဘုရားကိုချီးမွမ်းခြင်းဖြင့် ဝမ်းမြောက်စွာဝတ်ပြုကိုးကွယ်ခြင်း (ဆာလံ ၁၂၄း၆-၇) နှင့် အနာဂတ်ကြုံတွေ့ရမည့်စစ်ကြောခြင်းအမှု၌လည်း ထာဝရဘုရားအပေါ် ယုံကြည်ကိုးစားမှုရှိခြင်းအကြောင်း ဖော်ထုတ်ခြင်းတို့ကို တွေ့ရပါသည်။ ဒါဝိဒ်ခေတ်ကာလ၌ရှိသော သန့်ရှင်းသူတို့နည်းတူ အကျွန်ုပ်တို့ကြုံတွေ့ရသောအရာတို့သည် ဘုရားသခင်ကိုးစားခြင်းကို ဖြစ်ပေါ်ပါစေသော်။ လူကိုမကိုးစားဘဲ ဘုရားသခင်ကိုသာကိုးစားမည်အကြောင်း ဘုရားသခင်မစတော်မူပါစေ။

(Spurgeon)

*အကျွန်ုပ်ဝိညာဉ်က ဤသို့ဆိုပါစေ၊ ထာဝရဘုရားသည် အကျွန်ုပ်ဘက်၌
ရှိတော် မမူခဲ့လျှင်၊ ကယ်နှုတ်တော်မူခြင်းမယူဆောင်ခဲ့လျှင်၊
အကူအညီမဲ့နေသော အကျွန်ုပ်ဝိညာဉ်သည် သေခဲ့ပါလိမ့်မည်။*

*ထာဝရဘုရားသည် အကျွန်ုပ်ဘက်၌ရှိတော်မမူခဲ့လျှင် အကျွန်ုပ်ဝိညာဉ်သည်
စာတန်သတ်ဖြတ်ခြင်းကို ခံလျှက် တောဖက်ကုန်း(Tophet) သည်
အကျွန်ုပ်အဖို့ အချည်းနှီးသက်သက်
ကျယ်ဝန်းသောကွင်းပြင်ဖြစ်ခဲ့မည်မဟုတ်ပါ။*

*အမျက်တော်ရေလှိုင်းနှင့် မရဏာရေနိုင်းတို့သည်
ကြောက်မက်ဖွယ်ပုပ်ခတ်ကြသည်ဖြစ်၍ ထာဝရဘုရားသာ
ကွယ်ကာတော်မမူခဲ့လျှင် ထိုရေတို့သည် အကျွန်ုပ်ဝိညာဉ်ကို
လွှမ်းမိုးခဲ့ပါလိမ့်မည်။*

*မုဆိုး၏ပိုက်ကွန်သည် ကျိုးပျက်၍ဝမ်းမြောက်စွာ
လွတ်မြောက်သောငှက်ငယ် ကဲ့သို့ အကျွန်ုပ်ဝိညာဉ်သည်
စာတန်၏နှောင်ကြိုးမှ လွတ်မြောက်၍ ပျော်ရွှင် ဝမ်းမြောက်စွာပျံသန်းလျှက်
သီချင်းဆိုပါ၏။*

*ကယ်တင်ရှင်အားချီးမွမ်းသီချင်းဆိုလျှက် ဝမ်းမြောက်ရွှင်လန်းစွာ
ကိုယ်တော်ကို ချီးမွမ်းလျက်သီချင်းဆိုပါ၏။
ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသော သူ့အား ချီးမွမ်းရင်း
ကောင်းကင်ယံထိအောင် မိမိသီချင်းဆိုသံကိုလွှင့်ပါမည်။*

**ဆင်ခြင်ရန်** - (ဆာလံ ၁၂၄း၆ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၁၂၄း၈ ကိုအသုံးပြုပါ)။

စနေ၊ ဇွန် (၁)
**ဆာလံ ၁၂၅**
၂ သက် ၂း၁၅-၁၇

*“အတောင်တော်အမွေးနှင့် ဖုံးအုပ်တော်မူ၍၊*
*အတောင်တော်အောက်၌ သင်သည်လုံခြုံစွာနေရလိမ့်မည်”*

## ထာဝရဘုရားကို ယုံကြည်ကိုးစားသောသူတို့သည်

ယုံကြည်ခြင်းက ယေဟောဝါအား အတိတ်ကာလတို့၌ပြုသော ကယ်တင်ခြင်းတို့အတွက် ချီးမွမ်းခဲ့သည်။ ဤနေရာတွင် ယုံကြည်သူတို့အတွက် ယခုဘဝနှင့် အနာဂတ်တို့အတွက် လုံခြုံမှုရှိကြောင်းကို စိတ်ချမှုရှိစေ၏။ ထာဝရဘုရားကို ယုံကြည်ကိုးစားသောသူတို့သည် အမြဲလုံခြုံမှုရှိမည့်အကြောင်းကို ခိုင်မာစေ၏။

<u>အပိုင်းပိုင်းခြင်း</u>

၁။ရှေးဦးစွာဖြင့်၊ ကျွန်ုပ်တို့သည် မြတ်သောစိတ်ချယုံကြည်မှုသီချင်းတစ်ပုဒ်ကို ပိုင်ဆိုင်၏ (အငယ် ၁-၂)

၂။ ထို့နောက် ဂတိတော်ကိုလက်ခံရရှိ၏ (အငယ် ၃)

၃။ ဆုတောင်းချက်တစ်ခု လိုက်လာ၏ (အငယ် ၄)

၄။ ထို့နောက်တွင် သတိပေးချက်ကိုပေး၏ (အငယ် ၅)

ဘုရားသခင်ထံတော်၌ နားခိုရသောအခွင့်ကို ရရှိခြင်းသည် အလွန်ထူးသောအခွင့်ရေးပါတကား။ မိမိ၏လူတို့အတွက် ယုံကြည်ချက်ခိုင်မာစေသော ယေဟောဝါသည် အလွန်နှိမ့်ချသောသူဖြစ်ပေ၏။ အသက်ရှင်တော်မူသော ဘုရားသခင်မှအပ အခြားသောအရာတစ်ခုခုကို ကိုးစားခြင်းသည် အချည်းနှီးဖြစ်၍ စိတ်ပျက်ဝမ်းနည်းခြင်းနောက်ကို လိုက်နေခြင်းသာဖြစ်ပေ၏။ သို့သော် အသက်ရှင်သောဘုရားသခင်ကို ကိုးစားခြင်းမူကား ဆင်ခြေပေးစရာမလိုသည့်သန့်ရှင်းသော အသိဉာဏ်ဖြစ်၍ အကောင်းဆုံးသောသက်သေထူခြင်းဖြစ်လိမ့်မည်။ ကျွန်ုပ်တို့သည် ယေဟောဝါအား မကိုးစားရမည့်အကြောင်းပြချက်မရှိပေ။ ထိုသို့ကိုးစားရခြင်းအတွက်ကြောင့် ငြင်းခုန်စရာရှိကြမည်ဖြစ်သော်လည်း ငြင်းခုန်ချက်အားလုံးကို ဖယ်ရှား၍ အဆုံးသတ်က ယုံကြည်မှုဟူသောပညာကို သက်သေထူလိမ့်မည်။

ယုံကြည်ခြင်း၏အကျိုးရလဒ်ဖြစ်သော ကောင်းချီးမင်္ဂလာသည် ထာဝရဘုရားကို ကိုးစားသောသူအချို့တို့ထံသို့သာမဟုတ်၊ ကိုးစားသောသူအားလုံးထံသို့ အခါအားလျော်စွာဖြင့်သော်ငင်း၊ မတော်တဆဖြင့်သော်ငင်းမဟုတ်ဘဲ အမှန်ရောက်ရှိနေ၏။ ယေဟောဝါကို ယုံကြည်ကိုးကွယ်သူသည် ငြိမ်သက်ခြင်းကိုအမှန်ရရှိခံစားကြသည်။ သူ၏မျှော်လင့်ခြင်းသည် အမှန်သေချာသောကြောင့် သူ၏ယုံကြည်စိတ်ချမှုကြောင့် ဘယ်သောအခါမှရှက်ကြောက်ခြင်းသို့ ရောက်ရှိမည်မဟုတ်ပေ။ ထာဝရဘုရားသည် ထာဝရရှင်ဘုရင်ဖြစ်သကဲ့သို့ သူ၏လူတို့သည် သူ့အပေါ်၌ခိုင်မာစွာဖြင့် ကိုးစားကြသောအခါ ပြီးပြည့်စုံသောငြိမ်သက်ခြင်းကို ရရှိကြမည်။ ဤအချက်သည် ကျွန်ုပ်တို့၏ဝေစုဖြစ်၏။ ဘုရားသခင်ကို ယုံကြည်ကိုးစားခြင်းသည် အစွမ်းသတ္တိကိုတည်ဆောက်ခြင်းဖြစ်၏။ တောင်တို့ကိုမိမိ၏စွမ်းအားတော်ဖြင့် ခိုင်မာစွာတည်ထားတော်မူသော ဘုရားသခင်၏ တန်ခိုးတော်သည် မိမိအားကိုးစားသောသူတို့၏ နှလုံးသားတွင်လည်း နေရာယူတော်မူ၏။ ဤတည်ကြည်ခိုင်မာခြင်းသည် “နိစ္စထာဝရ” တည်လိမ့်မည်။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၂၅း၁ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၁၂၅း၄ ကို အသုံးပြုလော့)။

## ကယ်နှုတ်တော်မူခြင်းဆာလံ

*မိမိသားသမီးတို့ကို ချုပ်နှောင်ခြင်းမှဘုရားသခင်ရွေးနှုတ်၍ ဇိအုန်သို့လမ်းပြ ခေါ်ဆောင်တော်မူသောအခါ ကျွန်တော်တို့သည် အလွန်ဝမ်းမြောက်ခြင်းနှင့် ဆိုင်သော အိပ်မက်ကိုမက်သောသူများကဲ့သို့ ဖြစ်ကြ၏။*

*ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်းနှင့်ပြည့်လျှက် ကယ်တင်တော်မူခြင်း သီချင်းကို ကြွေးကြော်ကြ၏။ လူမျိုးအပေါင်းတို့သည် အံ့ဩမိန်းမောခြင်းရှိခဲ့ ကြပါသည်။*

*"ဘုရားသခင်ပြုတော်မူသော အံ့ဖွယ်အမှုကိုကြည့်ကြလော့။ သူတို့အပေါ်ထားရှိ သော ချစ်ခြင်းမေတ္တာကို မှတ်သားကြလော့"။ "မှန်ပါ၏။ အကျွန်ုပ်တို့သည် ဤအမှုကိုကြားပြောပါမည်။ ထိုသို့ဖြစ်၍ ကျွန်တော်တို့သည် ဝမ်းမြောက်ခြင်းရှိ၏"။*

*ထာဝရဘုရား၊ ခမ်းခြောက်သောချောင်းသည် တောင်ပိုင်းစမ်းရေများစီးဆင်း ခြင်းဖြင့် စိမ်းလန်းသကဲ့သို့ ကိုယ်တော်ပြုတော်မူသော ကျေးဇူးတော်အမှုအားဖြင့် ကျွန်ကျခံရသောသူအပေါင်းတို့သည် ပြန်လည်ခေါ်ထုတ်ခြင်းကိုခံရကြ၏။*

*ယခု ဝမ်းနည်းငိုကြွေး၍ မျက်ရည်ကျလျှက် မျိုးစေ့ကြဲသောသူသည် များမကြာမီ များစွာသောအသီးကိုရိတ်လျှက် ဝမ်းမြောက်ခြင်းနှင့် ပြည့်ဝပါလိမ့်မည်။*

*မျိုးစေ့ကြဲသောသူသည် ဝမ်းနည်းသောစိတ်နှင့်မျိုးစေ့ကိုယူဆောင်သွားသော် လည်း ကောက်လှိုင်းများဆောင်လျှက် ဝမ်းမြောက်စွာပြန်လာပါလိမ့်မည်။*

(from "The Hebrew Paslter")

**ဆင်ခြင်ရန်** - စိတ်ပျက်အားလျော့ခြင်းမရှိပါနှင့်။
**ဆုတောင်းချက်** - အဘဘုရား၊ အစဉ်ယုံကြည်ခြင်းရှိမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ ဇွန် (၃)
**ဆာလံ ၁၂၆း၃**
ဟဗ ၃း၁၆-၁၉

*“သခင်ဘုရား၌ အစဉ်မပြတ် ဝမ်းမြောက်ခြင်းရှိကြလော့။*
*တဖန်ငါဆိုသည်ကား၊ ဝမ်းမြောက်ကြလော့”*

## ထာဝရဘုရား၌ ဝမ်းမြောက်လော့

တစ်ချို့သော ခရစ်ယာန်တို့သည် အရာရာတိုင်း၌ ဆိုးသောအရာ၊ မှောင်မိုက်နှင့်ဆိုင်သော အရာဘက်ကို ကြည့်ရှုတတ်ကြသည်မှာ ဝမ်းနည်းစရာကောင်း၏။ မိမိတို့အပေါ်တွင် ဘုရားသခင် လုပ်ဆောင်ပေးခဲ့သောအရာတွေထက် မိမိတို့ဖြတ်သန်းခဲ့ရသော အရာအပေါ်တွင်သာ၍ ရှင်သန်နေထိုင်တတ်ကြ၏။ ခရစ်ယာန်အသက်တာနှင့်ပတ်သတ်၍ မိမိတို့ထင်မြင်ချက်အကြောင်းကို မေးလျှောက်ခံရသောအခါတွင် မိမိတို့၏သဘာဝထားကွဲလွဲမှုများ၊ ဒုက္ခရောက်နေခြင်းများ၊ ဝမ်းနည်းစရာပြဿနာများနှင့် မိမိတို့စိတ်နှလုံး၌ အပြစ်နှင့်ပြည့်နေခြင်းအကြောင်းများကို ဖော်ပြကြသော်လည်း မိမိတို့အား ဘုရားသခင်ချီးမြှောက်ကူညီခဲ့ခြင်းနှင့် ကရုဏာထားခြင်းတို့အကြောင်းကိုမူ ခဲယဉ်းစွာဖော်ပြတတ်ကြ၏။ သို့သော် ဝိညာဉ်ရေး၌ ကျန်းမာသောခရစ်ယာန်ကမူ ဝမ်းမြောက်စရာကောင်းသောစကားထွက်လာပြီး၊ မြွက်ဆိုမည်မှာ “ငါ၏ဘုရားသခင်ကို ငါရိုသေလေးမြတ်သောကြောင့် ငါ့အကြောင်းကို ငါပြောမည်မဟုတ်ပေ။ ပျက်စီးရာတွင်းနှင့် အလွန်ဆိုးသောရွံ့ထဲက ငါ့ကိုဆယ်နှုတ်ပြီးလျှင် ငါ့ခြေတို့ကိုကျောက်ပေါ်မှာတင်၍ ငါ့ခြေရာတို့ကို တည်စေတော်မူ၏။ ထိုသို့ငါတို့ဘုရားသခင်ကို ချီးမွမ်းရာသီချင်းသစ်ကို ငါမြွက်ဆိုစေခြင်းငှါ အခွင့်ပေးတော်မူ၏။ ထာဝရဘုရားသည် ကျွန်ုပ်အတွက် ကြီးသောအမှုတို့ကို ဘုရားသခင်၏သားသမီးတိုင်း တင်ဆက်နိုင်သည့် အကောင်းဆုံးအရာဖြစ်၏။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခသည်းခံရသည်မှာ အမှန်ဖြစ်သော်လည်း ထိုဒုက္ခထဲမှ ဘုရားသခင်ကယ်တင်ခြင်းမှာ အမှန်ဖြစ်ပေ၏။ ကျွန်ုပ်တို့သည် အကျင့်စာရိတ္တပျက်ပြားမှုနှင့် ဝမ်းနည်းစွာလုပ်ရသည့်အရာရှိသည်မှာ အမှန်ဖြစ်သော်လည်း ထိုအရာတို့၏အုပ်စိုးမှုတို့မှ ကျွန်ုပ်တို့အား ကယ်တင်ပြီး အကျင့်စာရိတ္တပျက်ပြားမှုတို့ကိုအောင်နိုင်သော၊ အလုံးစုံအတွက် လုံလောက်တော်မူသော ကယ်တင်ရှင်ကို ကျွန်ုပ်တို့ပိုင်ဆိုင်ကြောင်းမှာ အမှန်ဖြစ်ပေ၏။ ကျွန်ုပ်တို့အခြေအနေကို ပြန်ကြည့်လျှင် ကျွန်ုပ်တို့သည် အလွန်စိတ်ပျက်စရာချိုင့်ထဲသို့ ဖြတ်သန်းခဲ့ကြသည်မှ ငြင်းပယ်လျှင် မှားယွင်းသောအရာဖြစ်သော်လည်း ကျွန်ုပ်တို့ကို ထိုသို့သောအနေအထားတွင် မကျန်ရစ်စေဘဲအန္တရာယ်ကင်းစွာ ကျော်ဖြတ်စေ၍ ကျွန်ုပ်တို့ပအားကြွယ်ဝသောအရပ်ထဲသို့ ပို့ဆောင်တော်မူသော အနန္တအတန်ခိုးတော်နှင့် ပြည့်စုံသောကူညီသူခေါင်းဆောင်အား ကျေးဇူးတင်ဖို့ရန်မေ့လျော့ခြင်းသည် အလွန်ဆိုသောအရာဖြစ်လိမ့်မည်။ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခသည် နက်ရှိုင်းလေလေ ယခုတိုင်အောင်ကျွန်ုပ်တို့အား ထိန်းသိမ်းစောင့်ရှောက်၍ လမ်းပြပို့ဆောင်နေသောဘုရားသခင်အား ကျေးဇူးချီးမွမ်းခြင်းအသံသည် ကျယ်လောင်လေလေဖြစ်၏။ ကျွန်ုပ်တို့၏ဝမ်းနည်းခြင်းတို့က ကျွန်ုပ်တို့၏ချီးမွမ်းခြင်းအသံကို မဖျက်ဆီးနိုင်ယုံသာမက ထိုဝမ်းနည်းခြင်းတို့ကို ကျွန်ုပ်တို့ဘဝသီချင်း၏ Bass နေရာအဖြစ် ရေတွက်ထားကြ၏။ “ထာဝရဘုရားသည် ကျွန်ုပ်တို့အတွက်ကြီးမားသောအမှုတို့ကို ပြုသောကြောင့်ရွှင်လန်းခြင်းရှိကြ၏”။

(Spurgeon)

**ဆင်ခြင်ရန်** - ထာဝရဘုရားကိုသာ အစဉ်မျှော်ကြည့်လော့။
**ဆုတောင်းချက်** - (ဆာလံ ၄၂း၅ ကိုအသုံးပြုလော့)။

## ဆောက်လုပ်သူ၏ဆာလံသီချင်း

ဤဆာလံသီချင်းသည် ရှောလမုန်အတွက် ဘုရားဖူးသီချင်းထဲကတစ်ပုဒ်ဖြစ်၏။ ဤဆာလံ၏ ခေါင်းစီးကကျမ်းရေးသူမှာ ဗိမာန်တော်ကိုတည်ဆောက်သော မိမိ၏သားတော်အတွက် ဒါဝိဒ်က ဤသီချင်းကိုရေးစပ်သည်ဟု ယူဆစေ၏။ သို့မဟုတ်လျှင် ရှောလမုန်ကိုယ်တိုင်သည် ကျမ်းရေးသူဖြစ်ကောင်းဖြစ်နိုင်ပေ၏။

ဤကျမ်းပိုဒ်တွင် သူ့လူတို့အပေးတွင်ရှိသော ဘုရားသခင်၏ကောင်းချီးမင်္ဂလာကို ဖော်ပြထား၏။ ထာဝရဘုရားမပါဘဲ အိမ်များ၊ မြို့များ၊ အင်ပါယာများနှင့်အသင်းတော်များကို ဆောက်လုပ်သူတို့သည် အချည်းနှီးလုပ်ဆောင်ကြောင်းကို သင်ကြားပို့ချထား၏။ ဟေဗြဲဘာသာစကားဖြင့် “ဆောက်လုပ်သူများ” ဟူ၍ခေါ်ဆိုခြင်းခံရသော သားသမီးတို့မှာ သူတို့၏မိဘတို့အား ဘုရားသခင် ဂုဏ်ပြုပေးသော ကောင်းချီးမင်္ဂလာများဖြစ်ကြောင်းကို ရှင်းလင်းတင်ပြထား၏။ အိမ်တိုင်းသည် တစ်ချို့သောသူတို့အားဖြင့် တည်ဆောက်ခြင်းဖြစ်သော်လည်း အရာခပ်သိမ်းကို တည်ဆောက်သူသည် ဘုရားသခင်ဖြစ်၏။

*ဘုရားသခင်သည် အိမ်ကိုတည်၍ဆောက်တော်မမူလျှင်၊ အဘယ်သူက*
*အုပ်မြစ်ကိုချသည်ဖြစ်စေ၊ သေချာသည်မှာ ထိုအိမ်သည်တစ်နေ့တာမျှပင်*
*မုန်တိုင်းဒဏ်ခံနိုင်မည်မဟုတ်ပေ။*
*ဘုရားသခင်သည် မြို့၏ အကာအရံတွင်မဖြစ်ခဲ့ပါလျှင်၊ ဘုရားသခင်သည်*
*မြို့တံခါး၏ ကန့်လန့်ကျင်နှင့် မြို့ရိုးမဖြစ်ခဲ့ပါလျှင်၊ စောင့်ကြည့်မျှော်စင်*
*သော်ငှင်း၊ လူတို့နှင့်အရာအားလုံးတို့သည် အချည်းနှီးသာဖြစ်ကြ၏။*

*သင်သည် အခြားသူနားနေစဉ်နိုး၍ နေမထွက်မှီထသော်လည်း၊*
*သင်၏နေ့စဉ် အစားအစာအတွက် ကြိုးစားအလုပ်လုပ်သော်လည်း*
*သင်ကြိုးစားအားထုတ်သမျှ သည် အချည်းနှီးဖြစ်ကြပါ၏။ သို့သော်လည်း*
*ဘုရားသခင်သည် မိမိသားသမီး တို့ကို ကျွေးမွေးပြုစု၍*
*အိပ်ပျော်ခြင်းအခွင့်ကိုပေးတော်မူ၏။*

(Phineas Fletcher)

**ဆင်ခြင်ရန်** - အဆောက်အအုံတိုင်းကို ဘုရားသခင်တည်ဆောက်တော်မူ၏။
**ဆုတောင်းချက်** - အဘဘုရား၊ မိမိကိုယ်ကို ကျွန်အဖြစ်သာသိမှတ်မည်အကြောင်း မစတော်မူပါ။

# **"ချိုမြိန်သောအိမ်"**

ဤဘုရားဖူးသီချင်းတွင် ၁၂၇ ခုမြောက်သော ဆာလံသီချင်းမှအဆက်ဖြစ်ကြောင်း သက်သေရှိ၏။ အိမ်တစ်အိမ်သည် ဆောက်လုပ်ပြီးသော်လည်း ဤအချက်ကဆောက်ပြီးသော အိမ်၏ အသွင်အပြင်ကို ပြသ၏။ ထို့နောက်တွင် ထိုအိမ်ကို ဘုရားသခင်၏ကောင်းချီးပေးခြင်းအားဖြင့် ချမ်းသာသုခနှင့်အတူ ဆင်မြန်းထား၏။

ဤနေရာတွင် မိမိသားသမီးတို့၌ဘွားမြင်သော သားသမီးတို့ကိုပင် မြင်ရမည်ဖြစ်သော ကြောင့် ကျွန်ုပ်တို့အသက်သည် အိုမင်းခြင်းရှိမည်မှာ သေချာ၏။ ကျွန်ုပ်တို့သည် ရှင်လန်းခြင်းအရာ မှာလည်း တိုးပွားခြင်းရှိကြမည်။ ၁၂၇ခုမြောက်သော ဆာလံ၌သားသမီးတို့သည် မြားများဖြစ်ခဲ့ကြပြီး ဤဆာလံ၌မူ စိုက်ပျိုးသောသံလွင်ပင်များဖြစ်ကြ၏။ ကျွန်ုပ်တို့သည် ရှေ့သို့တက်လှမ်းကြသည့် အတိုင်း ရှေ့သို့လှမ်းခြင်းသီချင်းသီဆိုကြသည်။

ဤဆာလံသည် မိသားစုသီချင်းဖြစ်၏။ ထိမ်းမြားခြင်း(သို့) မွေးဖွားခြင်းအတွက် သီချင်းတစ် ပုဒ်ဖြစ်၏။ သို့မဟုတ် ပျော်ရွှင်သောမိသားစုက ဘုရားသခင်ကိုချီးမွမ်းဖို့ လုပ်ဆောင်သည့်နေ့ရက်တိုင်း သီချင်းတစ်ပုဒ်ဖြစ်၏။ ဤဆာလံသည် တိုတောင်းသော်လည်း အလွန်ကြွယ်ဝ၍ အကြံပြုချက်တို့ဖြင့် ပြည့်ဝ၏။ ဤဆာလံသီချင်းသည် "ချိုမြိန်သောအိမ်ထောင်"သီချင်းဖြစ်၏။

*"သင်၏မယားသည် သင့်အိမ်အတွင်း၌ အသီးသီးသော စပျစ်ပင်
ကဲ့သို့လည်းကောင်း၊ သားသမီးတို့သည် သင့်စားပွဲပတ်လည်၌
စိုက်ပျိုးသောသံလွင်ပင်များကဲ့သို့လည်းကောင်း ဖြစ်ကြလိမ့်မည်"။*

မင်္ဂလာရှိသူအဖြစ် ဘုရားသခင်ဖော်ပြထားသော (ဆာလံ ၁၂၈း၁) သူတို့၏အသက်တာ သည် လက်တွေ့အသုံးဝင်သောအရာနှင့် စိတ်ခံစားမှုနှင့်ဆိုင်သောအရာတို့၌ မင်္ဂလာခံစားရပါမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှိသည် မရှိသည်ကို ဂရုမစိုက်သောသူတို့ကဲ့သို့ပြုမူကြလျှင် ထာဝရဘုရား ကို ကြောက်ရွံ့ခြင်းအကြောင်းကို ပြောဆိုခြင်းသည် အချည်းနှီးသာဖြစ်၏။ ကျွန်ုပ်တို့၏နှလုံးသည် ဘုရားသခင်နှင့်ချိတ်ဆက်၍ ကျွန်ုပ်တို့၏ခြေတို့သည် ဘုရားသခင်၏နောက်တော်သို့ ခိုင်မြဲစွာ လိုက်လျှင် ဘုရားသခင်ကို ရိုသေကြည်ညိုခြင်းရှိသည်ဖြစ်၍ ကျွန်ုပ်တို့၏စိတ်နှလုံးသည် သူလျှောက် လှမ်းသောအရာအားဖြင့် သိမြင်နိုင်မည်။ ထိုစိတ်နှလုံးနှင့် လျှောက်လှမ်းချက်တို့သည် ဘုရားသခင်နှင့် အတူရှိလျှင် ကောင်းချီးမင်္ဂလာသည် ရောက်လိမ့်မည်။ ဘုရားသခင်၏နည်းလမ်းတို့သည် မင်္ဂလာရှိ သောနည်းလမ်းဖြစ်၏။ ချစ်သောစာဖတ်သူတို့ ကောင်းချီးမင်္ဂလာရှိသောလမ်းကို သင်အလိုမရှိ ဘူးလား။

**ဆင်ခြင်ရန်** - မိမိအိမ်ကဲ့သို့သော နေရာအရပ်မရှိပေ။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်၏အိမ်ကို ကောင်းချီးပေးတော်မူ၏။

## ဝမ်းနည်းခြင်းနှင့် စိုင်မာသောဖြေရှင်းချက်ရောနေခြင်း

ဤဆာလံသည် ဝမ်းနည်းခြင်းနှင့်ခိုင်ခန့်သော ဖြေရှင်းချက်ရောနှောခြင်းသီချင်းတစ်ပုဒ်ဖြစ်၏။ ပြင်းထန်စွာရိုက်နှက်ခံရသော်လည်း၊ နာကျင်ခြင်းစိတ်နှလုံးအကြောင်းဖြစ်၏။ သူသည်ရန်သူတို့ကို အညံ့ခံဖို့ရန် ငြင်းပယ်ခဲ့၏။

၁။ ကဗျာဆရာက က္ကသရေလလူတို့၏ဆင်းရဲဒုက္ခကို သီဆို၏(အငယ် ၁-၃)

၂။ ထာဝရဘုရား၏ ကြားဖြတ်ဝင်ခြင်းအကြောင်း (အငယ်၄)

၃။ က္ကသရေလလူတို့ ရန်သူတို့၏ အမင်္ဂလာရှိသောအခြေအနေ (အငယ် ၅-၈)

ဤသီချင်းသည် တောရွာနှင့်သက်ဆိုင်သောသီချင်းဖြစ်ပြီး စိုက်ပျိုးမွေးမြူခြင်းအကြောင်းကို သွယ်ဝှက်ဖွဲ့ဆိုခြင်းနှင့် ပြည့်နေ၏။ ဤဆာလံက ကျွန်ုပ်တို့အား ရုသဝတ္တုနှင့် အာမုတ်အနာဂတ္တိကျမ်းတို့ကို အမှတ်ရစေ၏။

**ရှင်းလင်းချက်**

"ထွန်သောသူတို့သည် ငါ့ကျောပေါ်မှာ ထွန်၏" လယ်ထွန်သောသူသည် လယ်ယာကိုထွန်သကဲ့သို့ ညှင်းပန်းနှိပ်စက်သောသူတို့သည် ကိုယ်ခန္ဓာကို ဆုတ်ပြဲစေကြ၏။ ရာဇဝတ်သားကို ရဲတို့က ကြာပွတ်နှင့်ပြင်းထန်စွာ ရိုက်နှက်သကဲ့သို့ လူတို့သည်ညှင်းပန်းနှိပ်စက်ခြင်းကို ခံရကြ၏။ က္ကသရေလတိုင်းပြည်၏ကျောပြင်သည် ဖိနှိပ်သူတို့ကြောင့် အစွန်းအထင်းနှင့်အတွန့်ဖြစ်နေ၏။

ဘုရားတရားလူတို့သည် ရန်သူတို့၏ရက်စက်စွာ ထွန်ယက်ခြင်းကို ခံရကြသော်လည်း၊ ထိုအမှုကို သည်းခံကြပြီး ရိတ်သိမ်းခြင်းကာလတွင် ကောင်းကြီးမင်္ဂလာအသီးကို သီးကြသည်ကိုငင်း၊ ဘုရားတရားကို မသိသောလောကီလူတို့သည် ကြီးပွားခြင်းရှိ၍ အခက်အခဲဒုက္ခ၏ နှောင့်ယှက်ခြင်းမခံနိုင်သော လုံခြုံသောဘဝ၌ နေထိုင်ကြသည်ဟု မိမိကိုယ်ကို ထင်မှတ်ကြပြီး ခဏတာပျော်ရွှင်ခဲ့ကြသော်လည်း၊ များမကြာမီ သူတို့သည် ကွယ်ပျောက်သွားခဲ့ကြပြီး အဘယ်သူကမျှ သတိမရကြတော့မည်ကိုငင်း သိမှတ်ကြပါလော့။

အဘဘုရား၊ ကိုယ်တော်၏သန့်ရှင်းသူတို့နှင့်အတူ အကျွန်ုပ်ကို ရေတွက်တော်မူပါ။ သူတို့ခံရမည့် ဘုန်းအသရေကို ကျွန်တော်ခံရမည်အကြောင်း သူတို့ခံရသော ဝမ်းနည်းခြင်းကိုလည်း ကျွန်ုပ်ခံလိုပါ၏။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၂၉း၄ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၁၂၉း၅ ကိုအသုံးပြုလော့)။

သောကြာ၊ ဇွန် (၇)

**ဆာလံ ၁၃၀**

ဖိ ၄း၄

*“ငါတို့သည် ခရစ်တော်၏ အသွေးတော်ဖြင့် ရွေးဝယ်ခြင်း ခံရသောသူ ဖြစ်ကြ၏”*

# နက်နဲရာထဲမှထွက်ခြင်း

ဤဆာလံသည် ၁၂၉ ခမြောက်သောဆာလံမှ အဆက်ဖြစ်၏။ ကျွန်ုပ်တို့သည် လူတို့ထံမှ ရောက်လာသောညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို အောင်နိုင်သောအခါ၊ ဘုရားသခင်ဆီသို့ ကျွန်ုပ်တို့အရေးကိစ္စကြောင့်မဟုတ်ဘဲ ဖြစ်ပေါ်လာသော ပို၍ဝမ်းနည်းစရာတို့ကို ရင်ဆိုင်ရန်ကျွန်ုပ်တို့အား ပို၍ကောင်းသောပြင်ဆင်မှုဖြစ်စေ၏။ ကျွန်ုပ်တို့သည် ဤဆာလံကို “နက်နဲရာတို့၏အပြင်ဘက်” ဟူ၍ မှည့်ခေါ်ကြ၏။ ကျွန်ုပ်တို့သည် ဤနက်နဲရာတို့၏ အပြင်ဘက်သို့မျှော်လင့်စောင့်စားနေကြ၏။ ဤဆာလံတွင် ကျွန်ုပ်တို့သည် ရွေးနှုတ်ခြင်းပုလဲကုံးကို ပိုင်ဆိုင်ကြ၏ (အငယ် ၇-၈)။

**<u>အပိုင်းပိုင်းခြင်း</u>**

၁။ အလွန်ကြီးမားသော ဆန္ဒ (အငယ် ၁-၂)
၂။ နောင်တတရားနှင့် ယုံကြည်ခြင်းတရားကို ဝန်ခံခြင်း (အငယ် ၃-၄)
၃။ သတိနှင့်စောင့်စားခြင်း (အငယ် ၅-၆)
၄။ မိမိအတွက်နှင့် ဣသရေလလူတို့အတွက် ဝမ်းမြောက်ဖွယ်မျှော်လင့်ခြင်း (အငယ် ၇-၈)

“ဣသရေလအမျိုးသည် ထာဝရဘုရားကို မျှော်လင့်ပါစေ” (အငယ် ၇)။ လူဟောင်း ဣသရေလ (ယာကုပ်)သည် ယေဟောဝါကို စောင့်မျှော်၍ တစ်ညလုံးနပန်းလုံးခဲ့၏။ ထို့နောက်တွင် သူသည် ဣသရေလလူတို့၏ မျှော်လင့်ရာအရှင်၏ ကူညီမစမှုဖြင့် မိမိ၏လမ်းခရီးကို ဆက်သွားခဲ့၏။ သူ၏မျိုးဆက်တို့အားလုံးထံသို့ ထိုကဲ့သို့သောအရာဖြစ်ပေါ်လိမ့်မည်ဟု မျှော်လင့်ခဲ့သည်။

စတိုးဆိုင်တွင် ဘုရားသခင်က မိမိ၏လူတို့အတွက် ကြီးမားသောအရာတို့ကို ပိုင်ဆိုင်ထား၏။ သူ၏လူတို့သည် မျှော်လင့်ချက်ကြီးကြီးမားမားထားသင့်ပေ၏။ “အကြောင်းမူကား၊ ထာဝရဘုရား၌ ကရုဏာရှိ၏” ဤကရုဏာသည် ဘုရားသခင်၏ပင်ကိုယ်စရိုက်၌ရှိ၍ ထိုပင်ကိုယ်စရိုက်၏ ရောင်ခြည်တို့ကို မြင်တွေ့ကောင်းမြင်တွေ့ရနိုင်၏။ သို့သော် ကျွန်ုပ်တို့သည် ကျေးဇူးတော်ရောင်ခြည်ကိုလည်း ပိုင်ဆိုင်ကြသောကြောင့် ဘုရားသခင်၏ကရုဏာတော်ကို ယခုတိုင်အောင်သာ၍ မြင်တွေ့ရ၏။ ကျွန်ုပ်တို့၌အပြစ်ရှိ၏။ သို့သော် ဘုရားသခင်၌ကရုဏာရှိသောကြောင့် မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့ဥစ္စာဖြစ်၏။ ကျွန်ုပ်တို့၏နှစ်သိမ့်မှုသည် ကျွန်ုပ်တို့၌ရှိသောအရာအပေါ်တွင် အမှီပြုခြင်းမဟုတ်ဘဲ ကျွန်ုပ်တို့၏ဘုရားသခင်၌ရှိသော အရာအပေါ်တွင်မှီခိုနေ၏။ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုနှင့် ဆင်းရဲမှုကိုကျော်လွန်၍ ယေဟောဝါနှင့်သူ၏ကရုဏာကြွယ်ဝမှုတို့ကို ကြည့်ရှုကြပါစို့။ “ထာဝရဘုရား၌ များစွာသောရွေးနှုတ်ခြင်းကျေးဇူးရှိ၏”။ သူသည် မိမိလူတို့၏ကြီးမား၍များပြားသောဆင်းရဲဒုက္ခတို့မှ ကယ်တင်ခြင်းအမှုကိုပြုနိုင်၏။ ကယ်တင်ခြင်းကိုလည်း လုပ်ဆောင်ပေးလိမ့်မည်။ သူ့အား စောင့်မျှော်သူတို့အား လုပ်မပ်သောအချိန်တိုင်း ပြည့်ဝစွာအကျိုးခံစားမှုပေးနိုင်ဖို့ရန် ရွေးနှုတ်မည့်နည်းလမ်းကို သူ့ဆီမှာ ပုံဖော်ချထားပြီးဖြစ်၏။ ကရုဏာဟူသောဂုဏ်သတ္တိနှင့်ရွေးနှုတ်ကယ်တင်ခြင်းဟူသောအချက်တို့သည် ယေဟောဝါအားမျှော်လင့်ရခြင်း၏အကြောင်းရင်းအတွက် လုံလောက်ခြင်းရှိ၏။ အခြားသောအရပ်တွင် ကရုဏာတရားနှင့်ကယ်တင်ခြင်းတရားသည် မရှိပေ။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၀း၁ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၁၃၀း၂ ကိုအသုံးပြုလော့)။

*"...ကိုယ်ကိုကိုယ် နှိမ့်ချသောသူ မည်သည်ကား ချီးမြှောက်ခြင်းသို့ရောက်လတံ့"*

# ဒါဝိဒ်၏ဘုရားဖူးသီချင်း

ဒါဝိဒ်က သူ၏အတွေ့အကြုံတို့ကို အခြေခံ၍ ဤဆာလံအားရေးသားခဲ့၏။ ဒါဝိဒ်သည် ကျမ်းရေးသူနှင့်ဤဆာလံ၏ အဓိကဇာတ်ကောင်ဖြစ်ကြောင်းကို Spurgeon က ပြောကြား၏။ သူ့အသက်တာ၌ တွေ့ကြုံရသောအကြောင်းအရာများစွာတို့ကို သရုပ်ပြဖို့ရန်ဤဆာလံကို အသုံးပြုထား၏။ ဆာလံကျမ်းအားလုံးကို ကျောက်မြတ်ရတနာအဖြစ် ပုံဖော်ခိုင်းနှိုင်းမည်ဆိုလျှင် ဤဆာလံကို ပုလဲနှင့်ဆင်တူ၏။ အလွန်လှပသောလည်ဆွဲပါတကား။

ဤဆာလံသည် အတိုဆုံးသောကျမ်းအဖြစ် ပါဝင်သော်လည်း၊ သင်ယူဖို့ရန်အရှည်ဆုံးသော ဆာလံကျမ်းအဖြစ်ပါဝင်၏။ ဤဆာလံက ငယ်ရွယ်သောသူငယ်အကြောင်းကို ဖော်ပြသော်လည်း ခရစ်တော်၌ရှိသောလူကြီးတစ်ဦး၏ အတွေ့အကြုံတို့ ပါဝင်ကြ၏။ စိတ်နှလုံးစင်ကြယ်သန့်ရှင်းပြီးသော သူနှင့်သက်ဆိုင်သောနှိမ့်ချခြင်းနှင့် ရိုကျိုးခြင်းအကြောင်းကို မြင်တွေ့ရ၏။ သူ၏မျှော်လင့်ခြင်းသည် ထာဝရဘုရားတစ်ပါးတည်း၌သာ ရှိ၏။ သူ၏ဆန္ဒကို ဘုရားသခင်၏စိတ်တော်၌ဆက်ကပ်အပ်နှံထား၏။ ဤစကားလုံးကို မှားယွင်းခြင်းမရှိဘဲ မိမိစကားအဖြစ်အသုံးပြုနိုင်သောသူသည် မင်္ဂလာရှိ၏။ အကြောင်းမူကား "ငါသည်နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏" (မသဲ ၁၁း၂၉) ဟူသောစကားကို ထိုသူသည်သခင်ယေရှုနှင့်အတူ အသုံးပြုနိုင်၏။ နှိမ့်ချမှုရှိခြင်းသည် ဘုရားသခင်၌ရှိသောအသက်တာထဲမှတစ်ခုကို ရယူပိုင်ဆိုင်ခြင်းဖြစ်၏။ ဤဆာလံသည် တိုသောလေ့ကျင့်ခန်းကဲ့သို့ ဖြစ်သော်လည်း အတွေးအခေါ်သည် အလွန်မြင့်မားလှ၏။ ဤဆာလံသည် မိမိတို့၏ရုပ်တုဆင်းတုတို့ကို စွန့်ပစ်၍နှိမ့်ချသောစိတ်နှင့် ဗာဗုလုန်နိုင်ငံမှ ပြန်လာကြသောယုဒလူတို့၏ သီချင်းဖြစ်သည်ဟု စာရေးဆရာတစ်ပါးက ယူဆ၏။ အဘယ်သို့ဆိုစေကာမူ ဝိညာဉ်နှင့်ဆိုင်သော အခက်အခဲကျော်ဖြတ်ပြီးနောက်တွင် ကျွန်ုပ်တို့၏စိတ်နှလုံးခံစားမှုသည် ထိုကဲ့သို့ဖြစ်ရပါမည်။

ဆာလံဆရာသည် အကျင့်စာရိတ္တအကောင်းဆုံးအနေအထားတွင်ရှိနေ၏(ဆာလံ ၁၃၁း၂)။ မိမိ၏ရိုင်းစိုင်းသောအလိုဆန္ဒကို ယဉ်ကျေးစေခဲ့ပြီ။ သူသည် ဘုရားသခင်အားဆန့်ကျင်ပုန်ကန်ခြင်း မရှိရန်သော်၎င်း၊ လူတို့ထံသို့မမောက်မာမည်အကြောင်း မိမိ၏စိတ်ကိုအုပ်စိုးနိုင်ရန် ကြိုးပမ်းခဲ့၏။ လူသည် မိမိကိုယ်ကို ယဉ်ကျေးစေခြင်းထက် ကျားကိုယဉ်ကျေးစေခြင်းသော်၎င်း (သို့) လေကိုအုပ်စိုး ခြင်းသော်၎င်း၊ (သို့) ပင်လယ်ကိုငြိမ်သက်စေခြင်းသော်၎င်း ပို၍လွယ်ကူကောင်းလွယ်ကူနိုင်၏။ ထို့ကြောင့် မိမိကိုယ်ကို သိမ်မွေ့စေခြင်းမှာ လွယ်ကူသောအရာမဟုတ်ပေ။ ကျွန်ုပ်တို့သည် ဆူညံသော သူ၊ စိုးရိမ်တတ်သောသူ၊ ညည်းညူတတ်သောသူနှင့်ဘာမျှမဟုတ်သောသူဖြစ်ကြ၏။ သို့သော်လည်း ကျေးဇူးတော်သည် ကျွန်ုပ်တို့အား ဆင်းရဲဒုက္ခများအောက်တွင်၎င်း၊ ဒေါသအောက်တွင်၎င်း၊ စိတ်ပျက်ခြင်းတို့အောက်တွင်၎င်း တည်ငြိမ်စေနိုင်၏။

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၁း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်သည် ကိုယ်တော်ကိုမျှော်လင့်မည်အကြောင်း ကျွန်တော်ဆုတောင်းပါ၏။

*"နောက်တဖန် သင်တို့ကို ငါတွေ့မြင်သဖြင့် သင်တို့သည်
စိတ်နှလုံးဝမ်းမြောက်ခြင်းရှိကြလိမ့်မည်။ ထိုဝမ်းမြောက်ခြင်းကို
အဘယ်သူမျှလုယူဖျက်ဆီးခြင်းငှါ မတတ်နိုင်"*

## ဘုရားပူးသီချင်း (သို့) တက်သွားခြင်းသီချင်း

ဤဆာလံသည် ဝမ်းမြောက်ဖွယ်ရာဆာလံဖြစ်၏။ အသစ်သောယေရုရှလင်မြို့သို့ သွားရောက်လည်ပတ်သောသူအားလုံး ဤဆာလံကိုသီဆိုကြပါစေ။ ချီတက်ခြင်းများ (သို့) တက်သွားခြင်းတို့သည် အလွန်မြင်သာလှ၏။

ဤဆာလံ၏အဓိကဆိုလိုရင်းသည် "ဒုက္ခဝေဒနာ" မှ "သရဖူ" ဟူ၍၎င်း၊ "ဒါဝိဒ်ကိုအောက်မေ့ခြင်း" မှ "ဒါဝိဒ်၏ဦးချိုကိုငါပေါက်စေမည်" ဟူ၍၎င်း တစ်လှမ်းပြီးတစ်လှမ်း တက်နေ၏။ နောက်ပိုင်းထက်ဝက်သည် ကောင်းကင်မျက်နှာကြက် ဖြာကျခြင်းကဲ့သို့ဖြစ်ပါသည်။ "စကားလုံးတည်ဆောက်သူတို့ကို" ကနဦးအစိတ်အပိုင်း၏ဆုတောင်းချက်တို့၌ ရှာတွေ့နိုင်သည်။

<u>အပိုင်းပိုင်းခြင်း</u>

၁။ ထာဝရဘုရား၏အိမ်တော်ကို တည်ဆောက်ဖို့ရန်အတွက် ဒါဝိဒ်၏လိုလားတောင့်တချက်ကို ထုတ်ပြန်ချက် (အငယ် ၁-၇)

၂။ ဓမ္မသေတ္တာအား ဖယ်ရှားခြင်း၌ဆုတောင်းချက် (အငယ် ၈-၁၂)။

၃။ ဘုရားသခင်၏ပဋိညာဉ်တရားနှင့် ကတိတော်တို့အကြောင်းကို လျှောက်လဲခြင်း (အငယ် ၁၁-၁၈)။

သန့်ရှင်းခြင်းနှင့် ဝမ်းမြောက်ခြင်းတို့သည် အတူတကွသွားနေကြသောကြောင့် တစ်ခုကိုရှာတွေ့လျှင်အခြားတစ်ခုကိုလည်း တွေ့ရမည်။ သန့်ရှင်းသောသူတို့သည် အလွန်ထင်ရှားသိသာစေသော ဝမ်းမြောက်ရွှင်လန်းခြင်းကို ပြသခွင့်ရှိကြ၏။ သူတို့သည် ဝမ်းမြောက်သောကြောင့် အော်ဟစ်ကောင်း အော်ဟစ်ကြလိမ့်မည်(အငယ် ၉b )။ သန့်ရှင်းသူတို့သည် သခင်ဘုရား၌ဝမ်းမြောက်ဖို့ရန်မိန့်ဆိုခြင်းခံရ၏။ ဖြောင့်မတ်ခြင်းတရားကို ဝတ်ဆင်သောအရပ်၌ ဝမ်းမြောက်ခြင်းသည် နေရာယူတတ်၏။

(Spurgeon)

ချစ်သောစာဖတ်သူတို့ ဘုရားသခင်၏သားသမီးတစ်ဦးအနေဖြင့် သင့်အသက်တာ၌ ဘုရားသခင်တည်ရှိနေခြင်းက သင့်ရဲ့စိတ်နှလုံးကို ဝမ်းမြောက်ခြင်းနှင့်ပြည့်စေ၍ သင့်ရဲ့နှုတ်ကို ဝမ်းမြောက်ခြင်းသီချင်းတို့ဖြင့် ပြည့်စေလိမ့်မည်။

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၂း၁ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၁၃၂း၇ ကိုအသုံးပြုလော့)။

တနင်္လာ၊ ဇွန် (၁၀)

**ဆာလံ ၁၃၃**

၁ ကော ၁၀း၂၃-၂၄

*“ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်ကြလော့”*

## ညီအစ်ကိုချစ်ခြင်းနှင့်ဆိုင်သောသီချင်း

ဒါဝိဒ်ရေးဖွဲ့သော ဤညီအစ်ကိုချစ်ခြင်းနှင့်ဆိုင်သောသီချင်းသည် ဇာတိအားဖြင့်ဖြစ်သော သူ့ညီအစ်ကိုတို့အား ရည်ညွှန်းထားခြင်းမဟုတ်ပေ။ ရှောလုတပ်ထဲတွင်စစ်မှုထမ်းနေသော ဒါဝိဒ်၏ အစ်ကိုသုံးဦးရှိခဲ့ကြ၏။ ထိုသူတို့မှာ သားဦးဧလျာဘ၊ ဒုတိယသားအဘီနဒပ်နှင့်ရှိမာဖြစ်ကြ၏။ ထိုသူတို့သည် မိမိတို့၏အငယ်ဆုံးသောညီဒါဝိဒ်အား ကြင်နာမှုကိုပြရမည့်အစား ဒါဝိဒ်သည် ဂေါလျက်ပါဝင်သော ဖိလိတ္တိတပ်တို့နှင့်တိုက်ပွဲကို သွားရောက်ကြည့်ရှုသောအခါ သူ့အစ်ကိုအကြီးဆုံး ဧလျာဘက သူ့အားကြမ်းတမ်းစွာ ပြောဆိုခဲ့၏။ တစ်ခါတစ်ရံတွင်မိသားစုတစ်စုမှ ညီအစ်ကိုတို့သည် သူတို့ရှိသင့်သည့်အတိုင်း ရင်းနှီးမှုမရှိတတ်သည်ကို တွေ့ရ၏။

ဒါဝိဒ်က ဤဆာလံတွင် ဝိညာဉ်ရေးရာနှင့်ဆိုင်သော ညီအစ်ကိုမေတ္တာသီချင်းကို ချီးမွမ်းသီဆိုခြင်းဖြစ်၏“ထို့ကြောင့် ရှေ့တော်မှာထင်ရှားသော ငါ၏ဖြောင့်မတ်ခြင်း၊ လက်စင်ကြယ်ခြင်းရှိသည်နှင့် အလျောက် ထာဝရဘုရားသည် ငါ၏အကျိုးကိုပေးတော်မူပြီ” (သု ၁၈း၂၄)။ ဤပုံပြင်က ဒါဝိဒ်၏အရင်းနှီးဆုံးသောဗိုလ်ချုပ်တွေထဲက တစ်ဦးအကြောင်းကို ပြောဆိုရာတွင် “ထိုအခါ ဒါဝိဒ်သည် ရဲတိုက်တွင်နေ၍ ဖိလိတ္တိလူတို့သည် ဗက်လင်မြို့၌ တပ်ချကြ၏။ ဒါဝိဒ်ကလည်း တစ်စုံတစ်ယောက်သောသူသည် ဗက်လင်မြို့တံခါးနားမှာ ရှိသောရေတွင်းထဲက ရေကိုခပ်၍ ငါ့အားပေးပါစေသောဟု တောင့်တသောစိတ်နှင့်ဆိုသော် ထိုသူရဲသုံးယောက်တို့သည် ဖိလိတ္တိတပ်ကို ဖျက်၍ ဗက်လင်မြို့တံခါးနားမှာရှိသော ရေတွင်းထဲက ရေကိုခပ်ပြီးလျှင် ဒါဝိဒ်ထံတော်သို့ ဆောင်ခဲ့ကြ၏။ သို့သော်လည်း ဒါဝိဒ်သည်မသောက်ဘဲ ထာဝရဘုရားရှေ့တော်၌ သွန်လျက် အိုထာဝရဘုရား ဤရေကိုသောက်သောအမှုသည် ကျွန်ုပ်နှင့်ဝေးပါစေသော။ ဤရေသည် ကျွန်ုပ်ကို မနှမြောဘဲသွားသောသူတို့၏ အသွေးဖြစ်ပါသည်မဟုတ်ပါလော ဟုလျှောက်၍ မသောက်ဘဲနေ၏။ ထိုသူရဲသုံးယောက်တို့သည် ထိုသို့သောအမှုတို့ကိုပြုကြ၏” (၂ ဓမ္မရာ ၂၃း၁၄-၁၇)။

ထိုကဲ့သို့ ဝိညာဉ်ရေးရာနှင့်ဆိုင်သော ညီအစ်ကိုချစ်ခြင်းမေတ္တာတုန့်ပြန်မှုသည် ဇာတိအားဖြင့်သာ ညီအစ်ကိုဖြစ်ခြင်း၏ ခိုင်မြဲခြင်းထက် များစွာသာလွန်မှုရှိ၏။ ဤဝိညာဉ်ရေးရာနှင့်ဆိုင်သော ညီအစ်ကိုချစ်ခြင်းခိုင်မြဲခြင်းကြောင့် ဒါဝိဒ်၏နောက်လိုက်သူတို့၏ အသက်တာအားမိမိတို့၏ဘုရင်ဒါဝိဒ်ထံချည်နှောင်ထားခြင်းဖြစ်၏။ ခရစ်တော်၏နောက်လိုက်တို့သည် မိမိတို့၏ကယ်တင်ရှင်ခရစ်တော်ထံသို့ ချည်နှောင်ထားသည့်အရာမှာ ထိုကဲ့သို့သော ခရစ်ယာန်ချစ်ခြင်းမေတ္တာခိုင်မြဲခြင်းကြောင့်ဖြစ်၏။

သူတို့အမှုတော်၏ အကျိုးသက်ရောက်မှုမှာ ယဇ်ပုရောဟိတ်မင်းဖြစ်သောအာရုန်အပေါ်သို့လောင်းထားသည့် နံ့သာဆီနှင့်တူ၏။ ထိုအရာသည် ဟေရမုန်တောင်မှ ဇိအုန်တောင်ရိုးပေါ်သို့ ကျသောနှင်းကဲ့သို့ဖြစ်၏။

**ဆင်ခြင်ရန်** - (၁ ယော ၄း၇ ကိုဖတ်လော့)။
**ဆုတောင်းချက်** - ဒါဝိဒ်၏ဗိုလ်ချုပ်သုံးဦးတို့က ဒါဝိဒ်အားချစ်သကဲ့သို့ အကျွန်ုပ်တို့အား ကိုယ်တော်ကို ချစ်ပါမည်အကြောင်း ကူညီတော်မူပါအဖ။

အင်္ဂါ၊ ဇွန် (၁၁)

**ဆာလံ ၁၃၄**

၁ တိ ၂း၈

*"အမှုတော်ဆောင်၊ သာသနာပြုများ*
*အတွက် ဆုတောင်းပေးကြပါ"*

---

## ဘုရားဖူးစရီး သီချင်း

တစ်ဆက်တည်းဖြစ်နေသော ဆာလံသီချင်းများ၏နောက်ဆုံးပိုင်းကို ကျွန်ုပ်တို့ရောက်ရှိ၏။ ခရီးသည်များသည် မိမိတို့နေအိမ်သို့ပြန်ကျ၍ ဓမ္မတေးစာအုပ်၏နောက်ဆုံးကို သီဆိုကြ၏။ သူတို့တွင် အချို့သောသူတို့အတွက် ခရီးစဉ်သည် ရှည်လျားသောကြောင့် နေမထွက်ခင် နံနက်စောစောတွင် စတင်ထွက်ခွာခဲ့ကြ၏။ ညအမှောင်ရှိနေသော်လည်း သူတို့သည်ခရီးထွက်ခဲ့ကြ၏။ သူတို့သည် တံခါး၏အပြင်ဘက်သို့ရောက်ကြသည်နှင့် ဗိမာန်တော်၏နံရံပေါ်တွင် အစောင့်တို့ကိုရင်း၊ ဗိမာန်တော်ပတ်လည်တို့၌ရှိသော ပြတင်းပေါက်တို့မှဆီမီးအလင်းရောင်တို့ လင်းလက်နေသည်ကို မြင်တွေ့ရကြ၏။ ထို့နောက် သူတို့သည်လှည့်လည်ကြည့်ရှုပြီး သန့်ရှင်းသောဗိမာန်တော်ပေါ်၌ အမြဲတက်ရောက်နေကြသောသူတို့ကို သံပြိုင်ခွဲခွာနှုတ်ဆက်ချင်းကို ပြုကြ၏။ သူတို့ခွဲခွာခြင်း၌ပြုသော တိုက်တွန်းနိုးဆော်ချက်တို့က ယဇ်ပုရောဟိတ်တို့အား နိုးစေ၍သန့်ရှင်းရာဌာန၏အပြင်ဘက်၌ သူတို့အပေါ်သို့ ကောင်းချီးမင်္ဂလာကို မြွက်ဆိုစေကြ၏။ ဤကောင်းချီးမင်္ဂလာပေးခြင်းသည် အခန်းငယ် ၃ တွင်ပါဝင်၏။ ယဇ်ပုရောဟိတ်တို့က "သင်တို့သည်ငါတို့အား ထာဝရဘုရားသည် သင်တို့ကိုကောင်းချီးပေးပါစေ" ဟူ၍ မြွက်ဆိုကြ၏။

ဤဆာလံက ကျွန်ုပ်အား ဘုရားသခင်၏အမှုတော်ကို ဆောင်ရွက်နေကြသောသူတို့အတွက် ဆုတောင်းပေးဖို့ရန် သင်ကြားပေး၏။ ထို့အတူ အမှုတော်ကိုဆောင်ရွက်နေသောသူတို့ကလည်း မိမိတို့အတွက် အမြဲဆုတောင်းပေးနေကြသော ချစ်မိတ်ဆွေတို့အတွက် ကောင်းချီးပေးခြင်းမင်္ဂလာကိုမြွက်ဆိုပေးရမည်။

ယနေ့တွင်လည်း ထာဝရဘုရားက မိမိ၏လူတို့တစ်ယောက်စီတိုင်းကို မိမိ၏အသင်းတော်အားဖြင့်သော်ငင်း၊ ဧဝံဂေလိသတင်းကောင်းအားဖြင့်သော်ငင်း၊ အမှုတော်ဆောင်များ (သင်းအုပ်၊ သင်းထောက်၊ စသည်ဖြင့်) အားဖြင့်သော်ငင်း ကောင်းချီးပေးနေ၏။ သန့်ရှင်းသူတို့နှင့်အတူ သခင်ဘုရား၏ပွဲတော်မင်္ဂလာကို သုံးဆောင်ခြင်းအားဖြင့် မရေတွက်နိုင်သောကောင်းချီးမင်္ဂလာကို သုံးဆောင်ခြင်းအားဖြင့် မရေတွက်နိုင်သောကောင်းချီးမင်္ဂလာတို့ကို ကျွန်ုပ်တို့ခံစားရ၏။ ထာဝရဘုရား တစ်ပါးတည်းထံမှလာသော ကောင်းချီးမင်္ဂလာအဖြာဖြာကို ကျွန်ုပ်တို့တစ်ယောက်ချင်းစီတိုင်း ရရှိနိုင် ပါစေ။ ထိုအရာကို ကျွန်ုပ်တို့အလိုရှိပါသလား။ ထာဝရဘုရားကို ကျွန်ုပ်တို့ကိုယ်တိုင် ကောင်းချီးပေး ကြပါစို့။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၄း၁ ကိုဖတ်လော့)။

**ဆုတောင်းချက်** - (ဆာလံ ၁၃၄း၂-၃ ကိုအသုံးပြုလော့)။

# ဓမ္မောရှေနှင့်ဆိုင်သောဆာလံ

ဤဆာလံ၌ ခေါင်းစဉ်မပါရှိပေ။ ဤဆာလံကို အခြားကျမ်းချက်များထဲမှ ရွေးချယ်မှုပေါင်းစပ်ထားခြင်းဖြစ်၏။

ဤဆာလံတစ်ပိုဒ်လုံးသည် ကောက်နုတ်ချက်များစွာဖြင့် ဖွဲ့စည်းသီကုံးထားခြင်းဖြစ်သော်လည်း မူရင်းကဗျာ၏အနှစ်သာရအားလုံး ဆက်လက်တည်ရှိနေ၏။

အခန်းငယ် ၁ မှ ၁၄ တို့မှာ ယေဟောဝါအား -

(၁) သူ၏ကောင်းမြတ်ခြင်းကြောင့် (အငယ် ၃)
(၂) သူ၏ရွေးကောက်ခြင်းနှင့်ဆိုင်သော မေတ္တာတော်ကြောင့် (အငယ် ၄)
(၃) သူ၏ကြီးမြတ်ခြင်းကြောင့် (အငယ် ၅-၇)
(၄) သူ၏တရားစီရင်ခြင်းကြောင့် (အငယ် ၈-၁၂)
(၅) သူ၏မပြောင်းလဲနိုင်သော ဂုဏ်အင်္ဂါကြောင့် (အငယ် ၁၃)
(၆) သူ့လူတို့အပေါ်၌ ထားရှိသောသူ့မေတ္တာတော်ကြောင့် (အငယ် ၁၄)

ချီးမွမ်းဖို့ရန် တိုက်တွန်းထား၏။ ထို့နောက် ရုပ်တုဆင်းတုတို့ကို ဖျက်ဆီးခြင်းအကြောင်း (အငယ် ၁၅-၁၈)နှင့် သူ၏နာမတော်ကို ကောင်းချီးပေးဖို့ရန် တိုက်တွန်းနှိုးဆော်ချက်တို့က လိုက်လာ၏။ ဤဆာလံသည် အသက်ဝင်လှသော၊ အင်အားပြည့်ဝလှသော၊ အမျိုးအစားစုံလင်လှ၍ ကိုးကွယ်ဆည်းကပ်မှုနှင့်ပြည့်ဝသော သီချင်းဖြစ်၏။

ကျွန်တော်တို့ကိုယ်တိုင်သာ ဘုရားသခင်အားချီးမွမ်းဖို့ရန် လုံလောက်မှုမရှိပေ။ ထိုအမှုကိုပြုဖို့ရန် ကျွန်ုပ်တို့သည် တစ်ကယ်ကိုမျှတမှုမရှိပေ။ ထို့ကြောင့် ဘုရားသခင်အား ချီးမွမ်းဖို့ရန်ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် အိမ်နီးချင်းများကို ဖိတ်ခေါ်ကြပါစို့။ ဤမိတ်ဆွေတို့နှင့် အိမ်နီးချင်းတို့သည် ထိုချီးမွမ်းခြင်းအလုပ်ကို လုပ်ဆောင်ဖို့ရန် တက်ကြွမှုမရှိလျှင် မေတ္တာနှင့်ပြည့်ဝသောတိုက်တွန်းမှုနှင့်အတူ သူတို့အားလှုံ့ဆော်ကြပါစို့။ "ထာဝရဘုရား၏နာမတော်ကို ချီးမွမ်းကြလော့"။ ထာဝရဘုရားသည် ဘုရားသခင်ဖြစ်ကြောင်းကိုသာ ချဲ့ကားဖော်ပြဖို့ရန်မဟုတ်ပေ။ သို့သော် သူ၏ဂုဏ်အင်္ဂါရပ်နှင့်လုပ်ဆောင်သောအရာတို့ကို လေ့လာ၍ ဉာဏ်ပညာနှင့်နှစ်လိုဖွယ်ကောင်းသောချီးမွမ်းခြင်းကို ပေးရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား လုံလောက်သောချီးမွမ်းခြင်းကိုမပြုလုပ်ပေ။ အလွန်များစွာ မချီးမွမ်းနိုင်ကြပေ။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၃၅း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၁၃၅း၂၀ ကိုအသုံးပြုလော့)။

*"အကျွန်ုပ်သည် စိတ်နှလုံးအကြွင်းမဲ့ ကိုယ်တော်ကိုချီးမွမ်းပါမည်"*

# "ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်"

ဤဆာလံရေးစပ်သူသည် အဘယ်သူဖြစ်ကြောင်းကို ကျွန်ုပ်တို့မသိသော်လည်း ဤဆာလံသီချင်းအား ရှောလမုန်၏ဗိမာန်တော်၌သီဆိုခဲ့ကြောင်းကို ကျွန်ုပ်တို့သိရ၏ ( ၆ရာ ၇း၃,၆)။ ဤဆာလံ၌ရှိသော ထပ်ဆိုရန်အပိုဒ်ဖြစ်သည့် "ကရုဏာတော်သည် အစဉ်အမြဲတည်သောကြောင့်" ဟူသောစာသားကို မိမိတို့၏ရန်သူတို့ဖြစ်သော အမ္မုန်၊ မောဘနှင့် ဧဒုံတောင်သားတို့ ရှေ့မှောက်၌ ယောရှဖတ်မင်း၏တပ်သားတို့က သီဆိုခဲ့ကြ၏။ ဤအချက်များကို ကြည့်ခြင်းအားဖြင့် ဤသီချင်းသည် ရှေးခေတ်ကဘုရားသခင်၏လူတို့ကြားတွင် ကျော်ကြားခဲ့သောသီချင်းဖြစ်ကြောင်း ကောက်ချက်ချလို့ရသည်။ ဤသီချင်းတွင် ချီးမွမ်းခြင်းသာ ပါဝင်ပြီးကျေးဇူးသိတတ်သော စိတ်နှလုံးရှိသောသူတို့က ဘုရားသခင်အား ရိုသေလေးစားစွာဖြင့် ဤသီချင်းကိုသီဆိုခဲ့ကြ၏။

Andrew A.Bonar ဟူသော ပုဂ္ဂိုလ်က ဤဆာလံအား အတိုချုံးဖော်ပြခဲ့သည်မှာ -

(၁) ထာဝရဘုရားသည် ဘုရားသခင်ဖြစ်သောကြောင့် ချီးမွမ်းကြလော့ (အငယ် ၁-၃)။

(၂) ထာဝရဘုရားသည် တတ်စွမ်းနိုင်သောကြောင့် ချီးမွမ်းကြလော့(အငယ် ၄)

(၃) ဖန်ဆင်းခြင်းအမှုတွင် လုပ်ဆောင်ခဲ့သောအရာတွေကြောင့် ချီးမွမ်းကြလော့ (အငယ် ၅-၉)။

(၄) ဣသရေလလူတို့အား ကျွန်အဖြစ်မှကယ်တင်ခဲ့ရာ၌ လုပ်ဆောင်ခဲ့သောအမှုတို့ကြောင့် ချီးမွမ်းကြလော့ (အငယ် ၁၀-

(၅) ဣသရေလလူတို့အား ကြည့်ရှုစောင့်ရှောက်ပေးရာ၌ သူပြုခဲ့သော အမှုကြောင့် ချီးမွမ်းကြလော့(အငယ် ၁၆-၂၂)။

(၆) ဘေးဒုက္ခကျရောက်သောအချိန်၌ သူပြုသောကျေးဇူးတော်ကြောင့် ချီးမွမ်းကြလော့ (အငယ် ၂၃-၂၄)။

(၇) ဤလောကအတွက် သူ၏ကျေးဇူးတော်သည် အလွန်ကြီးမားသောကြောင့် ချီးမွမ်းကြလော့ (အငယ် ၂၅)။

(၈) သူသည်ကောင်းကင်ဘုံ၏အရှင်ဘုရားသခင်ဖြစ်ကြောင်းကို အောက်မေ့လျက် ချီးမွမ်းကြလော့ (အငယ် ၂၆)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ကရုဏာတော်သည် အစဉ်အမြဲတည်၏။
**ဆုတောင်းချက်** - ကျွန်ုပ်၏နိမ့်ကျသောအရပ်၌ ရှိခြင်းကို အောက်မေ့သောကြောင့် ကိုယ်တော်ရှင်အဖကို ကျေးဇူးတင်ပါ၏။

သောကြာ၊ ဇွန် (၁၄)
**ဆာလံ ၁၃၇**
ရော ၁း၂၁-၂၄

*"ဘုရားသခင်သည် အရာအားလုံးကို သိကျွမ်းသောသူဖြစ်၏"*

## အခြားကျိန်ဆဲခြင်းနှင့်ဆိုင်သောဆာလံ

ဤ "ကျိန်ဆဲခြင်းနှင့်ဆိုင်သော" ဟူသည့် စကားလုံးကို နားလည်နိုင်ဖို့ရန် ဆာလံ ၁၀၉သို့ ပြန်ဖတ်လော့။ ဤဆာလံသည် ဆာလံ ၁၀၉ ကဲ့သို့သော ဆာလံဖြစ်၏။

ဣသရေလသည် တိုင်းပြည်တစ်ခုအနေဖြင့် ရန်သူများစွာရှိကြ၏။ ဘုရားသခင်က ရှမာရိလူတို့အား အပြစ်ပေးဖို့ရန်အတွက် အာရှုရိလူတို့ကို အသုံးပြုခဲ့သော်လည်း အင်အားနည်းသောလူတို့ကို လုယူတိုက်ခိုက်ရန်စိတ်ရှိကြသော အာရှုရိလူတို့ကို ဘုရားသခင်သည်ပြန်၍အပြစ်ပေးလိမ့်မည်။

ဘုရားသခင်က ယုဒလူတို့ကို အပြစ်ဒဏ်ပေးဖို့ရန် နေဗုဒ်ခနေဇာမင်းကြီးကို အသုံးပြုခဲ့သော်လည်း ယုဒလူတို့ကထိုသူတို့အား ဘုရားသခင်ကတန်ဆာပလာအဖြစ် အသုံးပြုခဲ့ကြောင်းကို မသိရှိကြပေ။ နေဗုဒ်ခနေဇာနှင့် သူ့လူတို့၏စိတ်ခံစားမှုမှာ အာရှုရိလူတို့ကဲ့သို့ပင် အင်အားနည်းသောသူတို့ကိုလုယူဖို့ရန်ပင်ဖြစ်၏။ ထို့ကြောင့် အာရှုရိနှင့်ဗာဗုလုန်တို့သည် နောက်ပိုင်းတွင် ဘုရားသခင်၏ ပြစ်ဒဏ်စီရင်ခြင်းကိုခံရ၏။

ယုဒလူတို့သည် ဗာဗုလုန်တို့၏ ညှင်းပန်းခြင်းအောက်၌နာကျင်စွာ ခံစားနေကြစဉ်တွင် အနန္တတန်ခိုးရှင်ဘုရားသခင်တစ်ပါးတည်းသာ သူတို့အား တရားသဖြင့်စီရင်ပေးသူရှိ၏။ ယုဒလူတို့တွင်လည်း သူတို့အား ရက်စက်စွာသတ်ဖြတ်သောသူတို့၏ ညီအစ်ကိုဖြစ်သည့်၊ ဧဒုံ(ဧသော)အမျိုး၊ ရန်သူလည်းရှိကြ၏။ ထို့ကြောင့် သူတို့ကဤကျိန်ဆဲခြင်းနှင့်ဆိုင်သောဆုတောင်းချက်ကို တောင်းခဲ့ကြခြင်းဖြစ်၏။

"အို ထာဝရဘုရား၊ ယေရုရှလင်မြို့၏နေ့ရက်အချိန်ရောက်သောအခါ မြို့ရိုးကို အမြစ်တိုင်အောင် ရှင်းလိုက်ကြ၊ ရှင်းလိုက်ကြဟု ဆိုကြသော ဧဒုံအမျိုးသားတို့ကို အောက်မေ့ တော်မူပါ။ ဖျက်ဆီးတတ်သောဗာဗုလုန်မင်းသမီး၊ သင်သည် ငါတို့၌ပြုသည့်အတိုင်း သင်၌အပြစ်ကို ဆပ်ပေးသောသူသည် မင်္ဂလာရှိ၏။ သင်၏သူငယ်တို့ကို ကိုင်ယူ၍ ကျောက်ပေါ်မှာ စောင့်သောသူသည် မင်္ဂလာရှိ၏။" (ဆာလံ ၁၃၇း၇-၉)။

တရားမျှတခြင်းအတွက် သူတို့သည် ဘုရားသခင်အားတောင်းလျှောက်နိုင်ကြသလော။ ချစ်သောစာဖတ်သူတို့၊ ဤအဖြေကို သင်ကိုယ်တိုင်ဖြေဆိုလော့။

**ဆင်ခြင်ရန်** - ဘုရားသခင်သည် တိုင်းနိုင်ငံတိုင်း၏ တရားသူကြီးဖြစ်တော်မူ၏။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်ကို ကိုက်စားဖို့ရန်ကြိုးစားသူတို့အပေါ် တရားသဖြင့်စီရင်ဖို့ရန် ကိုယ်တော်ကိုမျှော်ကြည့်ပါ၏။

## ဒါဝိဒ်၏ဆာလံသီချင်း

ဤဆာလံသည် ဒါဝိဒ်၏စရိုက်ကို ဖော်ပြသောဆာလံဖြစ်၏။ ဤဆာလံက ဣသရေလ သမိုင်း၌ အကြီးမြတ်ဆုံးရှင်ဘုရင်တစ်ပါး၏ သစ္စာရှိခြင်း၊ သတ္တိနှင့်ဆုံးဖြတ်ချက် ပြတ်သားမှုအားလုံး ကို ထုတ်ဖော်ပြသထား၏။

<u>အပိုင်းပိုင်းခြင်း</u>

<u>ယုံကြည်ချက်ပြည့်ခြင်း</u>၊ ဒါဝိဒ်သည် တစ်ခြားတစ်ပါးသော ဘုရားတို့ရှေ့၌ဖြင့်ငှ (သို့) ကောင်းကင်တမန်များ (သို့) အုပ်စိုးသူမင်းများရှေ့မှောက်၌ဖြင့်ငှ မိမိ၏ဘုရားသခင်အား ဝန်ခံဖို့ရန် ပြင်ဆင်ထား၏ (အငယ် ၁-၃)။

သူသည် ရှင်ဘုရင်များနှင့် လူအပေါင်းတို့ကို သိမ်းသွင်းစည်းရုံး၍ ထာဝရဘုရားအား ချီးမွမ်းရန်ညွှန်ကြားမည့်အကြောင်း၊ လမ်းမကြီးတိုင်းတွင်ပင် လူတို့သည် ထာဝရဘုရားအား ချီးမွမ်း ခြင်းသီဆိုကြမည့်အကြောင်းကို ဒါဝိဒ်ဖော်ပြ၏ (အငယ် ၄-၅)။

ဆက်လက်၍ပြောရာတွင် ဒါဝိဒ်က သူ့အပေါ်၌အမျက်ထွက်သောလူတို့၏ ဒုက္ခရောက်စေ ရန် ရည်ရွယ်ချက်တို့အားလုံးမှ သူ့အားကွယ်ကာမည့်သူ၊ နှိမ့်ချသောအစေခံကျွန်ဖြစ်သော မိမိအား ကူညီမစမည့်သူ၊ ယေဟောဝါ၌ယုံကြည်ချက်ထားကြောင်းကို ဖွင့်ဟထား၏။

Spurgeon က သုံးသပ်ချက်ပေးသည်မှာ "အကြောင်းမူကား ကတိတော်ကို သတင်းတော် ရှိသမျှထက် ချီးမြှောက်တော်မူပြီ။ ဒါဝိဒ်ထံသို့ပြုလုပ်သောကတိတော်စကားသည် သူ့မျက်စိရှေ့တွင် အမြင့်ဆုံးသောဘုရား၏အကြောင်းကို ကြားထားသောအရာအားလုံးထက်သာ၍ ကြီးကျယ်ခမ်းနား တော်မူ၏။ ဗျာဒိတ်တော်က ဖန်ဆင်းခြင်းကို စုံလင်ခြင်းအရာ၌ဖြင့်ငှ၊ တိကျခြင်းအရာ၌ဖြင့်ငှ၊ သွန်သင်မှုရှင်းလင်းခြင်းအရာ၌ဖြင့်ငှ ကျော်လွန်၏။ သဘာဝတရား၌ ပေါ်လွန်သောဘုရားသခင်၏ နာမတော်သည် လူ့ဘာသာစကားအားဖြင့် ရေးထားသော သမ္မာကျမ်းစာထဲက ထာဝရဘုရား၏ နာမတော်ကဲ့သို့ လွယ်ကူစွာ နားမလည်နိုင်ပေ။ . . . ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အစဉ်အမြဲတည်လိမ့်မည်"။

**ဆင်ခြင်ရန်** - သမ္မာကျမ်းစာသည် လူတို့ထံသို့ဘုရားသခင်၏ အထူးဖွင့်ပြချက်ဖြစ်သည်။

**ဆုတောင်းချက်** - ကိုယ်တော်၏နှုတ်ကပတ်တော်အား ပါးနပ်စွာလေ့လာနိုင်ဖို့ရန် အကျွန်ုပ်ကို ကူညီတော်မူပါ အဖ။ အကြောင်းမူကား "သက်သေခံတော်မူချက်တို့ကို အကျွန်ုပ်သည် ဆင်ခြင်အောက်မေ့သောကြောင့် အကျွန်ုပ်၏ဆရာအပေါင်းတို့ ထက်သာ၍ နားလည်ပါ၏" (ဆာလံ ၁၁၉း၉၉) ဟူ၍ ကိုယ်တော်၏နှုတ်ကပတ် တော်မိန့်ဆို၏။

တနင်္ဂနွေ၊ ဇွန် (၁၆)
**ဆာလံ ၁၃၈း၅**
ဧ ၅း၁၉-၂၀

*" . . . တပါးအမျိုးသားတို့တွင် ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်း၍၊ နာမတော်ကို ထောပနာသီချင်းဆိုပါမည်"*

# ငါ၏ထာဝရဘုရားထံတော်သို့ သီချင်းသစ်ကိုသီဆိုမည်

ခရစ်ယာန်တို့သည် ထာဝရဘုရား၏လမ်းခရီးတော်တို့၌ သီချင်းစတင်သီဆိုမည့်အချိန်မှာ မိမိတို့၏ဝန်ထုပ်များကို လက်ဝါးကားတိုင်၏ခြေတော်ရင်း၌ စတင်ပစ်ချထားသောအချိန်မှဖြစ်သည့် ကောင်းကင်တမန်တို့၏သီချင်းတို့ပင်လျှင် အပြစ်ခွင့်လွှတ်ခြင်းခံရသော ဘုရားသခင်၏သားသမီးတို့၏ အတွင်းကျဆုံးသောစိတ်ဝိညာဉ်မှ ထွက်ပေါ်လာသည့်ပထမဦးဆုံး ဝမ်းမြောက်ပီတိသီချင်းလောက် ချိုမြိန်မည်မထင်ပေ။ John Bunyan ဖော်ပြထားသောအချက်ကို သင်သိမည်ဟုယုံကြည်၏။ ဆင်းရဲသောခရီးသည်တစ်ဦးက မိမိ၏ဝန်ထုပ်အား လက်ဝါးကပ်တိုင်တွင် စွန့်ပစ်သောအခါဟု ပြောဆို၍ ခုန်လွှားခြင်းကို သုံးကြိမ်ပြုလုပ်၍ မိမိ၏လမ်းသို့ထွက်သွားပြီး သီဆိုသည်မှာ "လက်ဝါးကပ်တိုင်သည် မင်္ဂလာရှိစေ။ သင်္ချိုင်းဂူသည် မင်္ဂလာရှိပါစေ။ ကျွန်ုပ်အတွက် ရှက်ကြောက်ခြင်းကို ခံသောထိုလူသားသည် သာ၍မင်္ဂလာရှိပါစေ"။

ယုံကြည်သူ၊ သင့်ရဲ့လက်ထိပ်လွတ်ကျသွားသောနေ့ရက်ကို သင်မှတ်မိပါသလား။ သင့်အား သခင်ယေရှုတွေ့ဆုံ၍ "ထာဝရမေတ္တာနှင့်သင့်ကို ငါချစ်၏။ သင်၏ဒုစရိုက်တို့ကို တိမ်တိုက်ကဲ့သို့လည်းကောင်း၊ သင်၏အပြစ်တို့ကို တိမ်လွှာကဲ့သို့လည်းကောင်း ငါချေပြီ။ ပြုမိသမျှသောဒုစရိုက်အပြစ်တို့ကို သင့်တစ်ဘက်၌ထာဝရမမှတ်ရ" ဟူ၍ မိန့်ဆိုသောနေရာကို သင်မှတ်မိပါသလား။ အိုး အပြစ်တရား၏ဝေဒနာကို သခင်ယေရှုယူဆောင်ပစ်သောရာသီသည် အလွန်ချိုသော ရာသီပါတကား။ ထာဝရဘုရားသည် ကျွန်ုပ်၏အပြစ်ကို ခွင့်လွှတ်သောအချိန်တွင် ကခုန်ခြင်းကို ရှောင်ရှား၍ မလွယ်ကူသော အလွန်ဝမ်းမြောက်ရွှင်လမ်းခြင်းဖြစ်၏။ ကျွန်ုပ်၏ကယ်တင်ခြင်းအကြောင်းကို လမ်းပေါ်တွင်ရှိသော ကျောက်တုံးတို့အားကြားပြောရမည့်အကြောင်းကို ကျွန်ုပ်လွတ်လပ်ခြင်းရရှိသော နေအိမ်မှ ကျွန်ုပ်အိမ်အပြန်လမ်းတွင် တွေးတောခဲ့၏။ ထို့ကြောင့် ဆန့်ကျင်ပုန်ကန်သူတို့ထဲမှ ခေါင်းဆောင်ဖြစ်သောသူတစ်ဦး၏ အပြစ်တို့ကို ချေပစ်ခဲ့သောယေရှု၏ ကောင်းကင်မှဆင်းသက်လာသော အံ့ဖွယ်မေတ္တာအကြောင်းကို နှင်းခဲတို့ကို ပြောပြချင်လောက်အောင် ကျွန်ုပ်၏စိတ်ဝိညာဉ် ဝမ်းမြောက်ခြင်းရှိခဲ့၏။ သို့သော် ယုံကြည်သူတို့သည် သီချင်းသီဆိုဖို့ရန် ခရစ်ယာန်အသက်တာအစပိုင်း၌သာ မဖြစ်ရပေ။ သူတို့သည် အသက်ရှင်သည့်ကာလပတ်လုံး ဘုရားသခင်ကိုချီးမွမ်းသီဆိုရပါမည်။ ဘုရားသခင်၏လမ်းခရီးတော်သို့ လေ့လာစမ်းစစ်မှုက ဘုရားသခင်အားချီးမွမ်းသီချင်းဆိုဖို့ရန် လှုံ့တော်ပေး၏။ ဘုရားသခင်၏ခိုင်မြဲသော မေတ္တာတော်ကိုတွေ့ကြုံခံစားခြင်းက သူတို့အား "ငါသည် အချိန်တိုင်း၌ ထာဝရဘုရားကိုကောင်းချီးပေးပါမည်။ ကျွန်ုပ်၏နှုတ်တွင် သူ့အားချီးမွမ်းခြင်းဆက်လက်တည်ရှိပါမည်" ဟူ၍ ပြောဆိုစေ၏။ မိတ်ဆွေ၊ ယနေ့တွင် သင်သည်ထာဝရဘုရားကို ချီးမြှောက်နေကြောင်းကို ကြည့်ရှုလော့။

"ဤသဲကန္တာရကို ကျွန်ုပ်တို့သွားနေသရွေ့ အသစ်သောကရုဏာတို့က အသစ်သောသီချင်းကို တောင်းဆိုလိမ့်မည်"။

(Spurgeon)

**ဆင်ခြင်ရန်** - (ကောလော ၃း၆ ကိုဖတ်လော့)။
**ဆုတောင်းချက်** - ကျွန်ုပ်သည် ကိုယ်တော်အားအမြဲချီးမွမ်းနိုင်ပါစေ အဖဘုရား။

## ဘုရားသခင်တစ်ပါးတည်းကိုသာ စိတ်ချယုံကြည်မှု

ဤနေရာတွင် ဆာလံဆရာဖော်ပြသော အထင်ရှားဆုံးစိတ်ချယုံကြည်ချက်မှာ ဘုရားသခင်နှင့်ဆိုင်သောစိတ်ချမှုဖြစ်၏။ သူက "ငါသည် ငါ၏အမှုကိုပြီးစီးစေဖို့ရန် ကရုဏာရှိ၏။ ငါ၏ယုံကြည်ခြင်းသည် အလွန်မြဲမြံ၍ယိမ်းယိုင်လိမ့်မည်မဟုတ်ပေ။ ငါ၏ချစ်မေတ္တာသည် အလွန်ပူနွေး၍ ဘယ်တော့မှအေးသွားမည်မဟုတ်ပေ။ ငါ၏ဆုံးဖြတ်ချက်တို့သည် အလွန်ခိုင်မာ၍ ဘယ်အရာကမှ ရွေ့စေနိုင်မည်မဟုတ်ပေ" ဟူ၍မပြောခဲ့ပေ။ သူ၏အားကိုးမှီခိုမှုမှာ ထာဝရဘုရားတစ်ပါးတည်းအပေါ်၌သာ ဖြစ်၏။

ကျောက်ဖြစ်သောခရစ်တော်အပေါ်တွင် အမြစ်မတွယ်သည့်ယုံကြည်စိတ်ချမှုကို ကျွန်ုပ်တို့အလိုလိုက်လျှင် ထိုကျွန်ုပ်တို့၏စိတ်ချမှုသည် အိပ်မက်ထက်သာ၍ဆိုးကာ ကျွန်ုပ်တို့အပေါ်သို့ကျပြီး၊ ၎င်း၏ပျက်စီးခြင်းတို့က ကျွန်ုပ်တို့ကို ဖုံးလွှမ်း၍ ဝမ်းနည်းခြင်းနှင့်စိတ်ရှုပ်ခြင်းများကို ဖြစ်ပေါ်စေမည်။ သဘာဝအတိုင်းဖြစ်သောအရာအားလုံးသည် ထိုအရာကို ကိုးစားသောသူတို့အား အစဉ်ရှုပ်ထွေးခြင်းပေးပါလိမ့်မည်။ ဆာလံဆရာသည် ထာဝရဘုရားသခင်၏အလုပ်အပေါ်တွင်သာ ခိုနားနေ သောကြောင့် ပညာရှိသူဖြစ်၏။ ကျွန်ုပ်တို့အထဲ၌ကောင်းသောအလုပ်စတင်ခဲ့သောသူမှာ ထာဝရဘုရားသာဖြစ်၍ ထိုကောင်းသောအလုပ်ကို ဆက်လက်အကောင်အထည်ဖော်နေ၏။ ထိုအလုပ်ကို သူသည်ပြီးစီးအောင် မဆောင်ရွက်လျှင် ဘယ်သောအခါမှ ပြီးနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့၏ ဖြောင့်မတ်ခြင်းဝတ်လုံ၌ ကျွန်တော်တို့က တစ်ချက်ကလေးချုပ်ဖို့လိုခဲ့သော် ကျွန်တော်တို့ပျောက်ဆုံးမည်သာဖြစ်ပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏အားကိုးရာဟူမှုကား စတင်တော်မူခဲ့သော ဘုရားသခင်က စုံလင်စေမည်ဖြစ်ပါသည်။ သူသည် ခပ်သိမ်းသောအရာတို့ကို ပြုခဲ့ပြီးပြီ။ ပြုလုပ်ထားပြီး၊ ဆက်လက်ပြုလုပ်လိမ့်မည်။ ကျွန်ုပ်တို့၏ ယုံကြည်စိတ်ချမှုမှာ ကျွန်ုပ်တို့လုပ်ခဲ့ပြီးသောအရာ၌သော်၎င်း၊ လုပ်ရမည့်အရာကို ဖြေရှင်းခဲ့ပြီးသောအရာ၌သော်၎င်း မဟုတ်ရပေ။ သို့သော် ထာဝရဘုရားလုပ်ဆောင်သည့်အရာ၌သာ လုံးလုံးဖြစ်ရပါမည်။ မယုံကြည်ခြင်းက "သင်ဘယ်တော့မှ ရပ်တည်နိုင်မည်မဟုတ်ပေ။ သင့်၏စိတ်ထဲ၌ရှိသော ဆိုးယုတ်ခြင်းကိုကြည့်၊ ဘယ်သောအခါမှ အပြစ်တရားကိုသင်သည်အောင်နိုင်မည်မဟုတ်ပေ။ သင်၏ပတ်ပတ်လည်တွင်ရှိသော လောကီ၏စုံစမ်း သွေးဆောင်ခြင်းနှင့် အပြစ်နှင့်ပြည့်သော ပျော်မွေ့ခြင်းတို့ကို အောက်မေ့လော့။ ထိုအရာတို့က သင့်အားအမှန်သွေးဆောင်ကြ၍ လမ်းလွဲစေကြမည်" ဟူ၍ တဖြည်းဖြည်းသိမ်းသွင်းမည်။ မှန်လှပေ၏။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ခွန်အား တစ်ခုတည်းသာ ကျန်ရှိကြလျှင် အမှန်တကယ်ပျက်စီးရလိမ့်မည်။ ရေစီးအလွန်ကြမ်းသော ပင်လယ်တွင် ကျွန်ုပ်တို့၏အလွန်ထိခိုက်လွယ်သောလှေဖြင့် သွားရမည်ဆိုလျှင် ထိုခရီးစဉ်ကို ကျွန်ုပ်တို့မသွားတော့ဘဲ စိတ်ပျက်စွာဖျက်သိမ်းကြပေလိမ့်မည်။ သို့သော် ဘုရားသခင်အားကျေးဇူးတင်ပါ၏။ အကြောင်းမူကား သူသည်ကျွန်ုပ်တို့နှင့်သက်ဆိုင်သော အရာမှန်သမျှကိုပြည့်စုံစေ၍ အလွန်တောင့်တစရာကောင်းသော ကောင်းကင်ဘုံဆိပ်ကမ်းသို့ ကျွန်ုပ်တို့ကို သူပို့ဆောင်ပေးလိမ့်မည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားကိုသာ ယုံကြည်အပ်နှံသောအခါ၊ ကျွန်ုပ်တို့၏ယုံကြည်စိတ်ချမှုသည် အလွန်အားကြီးသည်ဟူ၍ မရှိပေ။ ထိုကဲ့သို့ ကိုးစားမှုရှိခြင်းကိုလည်း လွန်သည်ဟု စိုးရိမ်စရာမလိုပေ။

**ဆင်ခြင်ရန်** - (သုတ္တံ ၃း၂၆ ကိုဖတ်လော့)။

**ဆုတောင်းချက်** - ကျွန်ုပ်သည် မိမိကိုယ်ကိုစိတ်ချယုံကြည်မှုထားသောကြောင့် ခွင့်လွှတ်တော်မူပါအဖ။ ကျွန်ုပ်၏မိုက်မဲမှုတို့ကို မြင်တွေ့၍ ကိုယ်တော်ရှင်တစ်ပါးတည်း၌သာ ကျွန်ုပ်၏ယုံကြည်စိတ်ချမှုထားစေတော်မူပါ။

## စပ်သိမ်းသောအရာကို ကယ်တင်တော်မူသောဘုရားသခင်၏ လက်တော်ထဲ၌ ကျွန်ုပ်တို့အသက်တာသည် လုံခြုံမှုနှစ်ဆရှိ၏။

ဘုရားသခင်က စာတန်အား ယောဘ၏သားသမီးတို့နှင့် ပိုင်ဆိုင်မှုအားလုံးကို ဖျက်ဆီးစေခြင်းအားဖြင့် ယောဘကိုစုံစမ်းရန် အခွင့်ပေးခဲ့သောအခါ ယောဘသည်နှိမ့်ချစွာဖြင့် ဒူးထောက်လျက် "ထာဝရဘုရားပေးတော်မူ၏။ ထာဝရဘုရားလည်း ရုပ်သိမ်းတော်မူ၏။ ထာဝရဘုရား၏နာမတော်သည် မင်္ဂလာရှိပါစေသတည်းဟု ဆိုလေ၏" (ယောဘ ၁း၂၁)။ ယောဘ၏ကိုယ်ခန္ဓာနှင့်အရေပြားတွင် အလွန်ပြင်းထန်သောနာကျင်စေမှုဖြင့် ဆက်လက်စုံစမ်းခြင်းကို ပြုသောအခါတွင် ယောဘကမိမိကိုယ်ကို နှိမ့်ချစွာဖြင့် "သူသည်ငါ့ကို သတ်သော်လည်း၊ သူ့ကိုငါကိုးစားမည်။ သူ၏ရှေ့တော်၌ ကျွန်ုပ်၏လမ်းတို့ကို ဆက်လက်ထိန်းသိမ်းပါမည်" (ယောဘ ၁၃း၁၅) ဟူ၍ မြွက်ဆို၏။ သင်၏ဘုရားသခင်အကြောင်းကို မည်ကဲ့သို့သင်သိသနည်း။

ဘုရားသခင်၏အကြောင်းကို ဒါဝိဒ်သိရှိနားလည်ခြင်းသည် ဆာလံ ၁၃၉ ၌ ဖော်ပြထားသကဲ့သို့ အမြင့်ဆုံးအခြေအနေဖြစ်ကြောင်း ဆုံးဖြတ်လို့ရ၏။ အမေရိကမှ ဆရာတစ်ပါးက အစိတ်အပိုင်းလေးပိုင်းဖြင့် အဓိကအချက်များကို အလှပဆုံးဖော်ပြထားမှုကိုတင်ပြပေးပါမည်။ ဤခွဲခြားစိတ်ဖြာခြင်းအားဖြင့် ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်တို့ကို ပီပြင်စွာသင်မြင်တွေ့နိုင်မည်။

(၁) ဘုရားသခင်၏အရာခပ်သိမ်းကို သိရှိခြင်း၏ကြီးမားသည့်ဉာဏ်ပညာ(အငယ် ၁-၆)

(၂) ဘုရားသခင်၏နေရာတိုင်း၌ ရှိခြင်း၏ခမ်းနားကြီးကျယ်ခြင်း (အငယ် ၇-၁၂)။

(၃) ဘုရားသခင်၏အရာခပ်သိမ်းကို တတ်စွမ်းနိုင်ခြင်း၏ကြီးမြတ်ခြင်း(အငယ် ၁၃-၁၈)။

(၄) ဘုရားသခင်၏အရာခပ်သိမ်း၌ ပြည့်ဝစုံလင်ခြင်း၏ဘုန်းတော် (အငယ် ၁၉-၂၄)။

ချစ်သောစာဖတ်သူတို့၊ ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်တို့သည် သင့်အတွက် တန်ခိုးကြီးသလား။ ထိုအရာတို့ကို ဆုတ်ကိုင်ထားလော့။ "လူသည် မိမိဘာသာအလိုလို ဖြစ်တည်လာခြင်းနှင့် မိမိဘာသာ အုပ်စိုးခြင်းကိစ္စတို့ကို ပြော၍ အသက်မဲ့သောဘုရားအကြောင်းကို ဟောပြောသောလူမိုက် (အရူး) တို့၏ အတွေးအခေါ်တို့ကြောင့် သင်သည်ကိုယ့်ကိုကိုယ် လမ်းလွဲခွင့်မပြုပါနှင့်။ ထာဝရဘုရား သည် အသက်ရှင်၍ကျွန်ုပ်တို့အကြောင်းကို အမြဲစဉ်းစားတော်မူ၏။ ဤအချက်ကို ပေါ့ပေါ့တန်တန် တန်ဖိုးဖြတ်လျှင် ကျွန်ုပ်တို့အတွက် အလွန်ကြီးမားသည်မှာ အမှန်ဖြစ်၏။ ကျွန်ုပ်တို့အကြောင်းကို ဘုရားသခင်တွေးတောနေလျှင် အရာရာတိုင်းသည်ကောင်းပေ၏။ ကျွန်ုပ်တို့သည် အစဉ်ဝမ်းမြောက် ကြ၏။

**ဆင်ခြင်ရန်** - ထိုကဲ့သို့ ကြီးမြတ်သောဘုရားသခင်နှင့်အတူ ငါသည် "ငြိမ်ဝပ်စွာအိပ်၍ (Spurgeon) ပျော်ပါမည်။ အကြောင်းမူကား အကျွန်ုပ်သည် လုံခြုံစွာနေရသောအခွင့်ကို ကိုယ်တော်အရှင်ထာဝရဘုရားသာလျှင် အခွင့်ပေးတော်မူ၏ (ဆာလံ ၄း၈)။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ကို အိပ်ပျော်နေစဉ်မှာပင်လျှင် ထိခိုက်စေနိုင်သော အရာတို့မှ ကွယ်ကာပေးသောကြောင့် ကျေးဇူးတင်ပါ၏။

ဗုဒ္ဓဟူး၊ ဇွန် (၁၉)
**ဆာလံ ၁၄၀**
လု ၁၈း၁

*"သင်တို့သည် သူတပါးတို့၏ အပြစ်ကိုမလွှတ်လျှင်၊ သင်တို့အဘသည်သင်တို့၏ အပြစ်ကိုလွှတ်တော်မမူ။"*

---

## သောကရောက်နေစဉ်၌ ဒါဝိဒ်၏ဟာစ်အော်ခြင်း

ရှောလု၊ ဒေါဂတို့နှင့်အတူ ဒါဝိဒ်ရှိနေစဉ်ကအသက်တာသည် ဤဆာလံအားရှင်းလင်းပြသဖို့ရန် အကောင်းဆုံးဖြစ်၏။ ဒါဝိဒ်သည် ပြည်နှင်ဒဏ်ခံရစဉ်နှင့် ဘေးအန္တရာယ်ရောက်နေစဉ်က ဤဆာလံကို ရေးသားခဲ့၏။

ဤဆာလံ၏နောက်ဆုံးပိုင်းတွင် အံ့ဖွယ်တုန်လှုပ်စရာကောင်းသည့် ပူလောင်သောရင်ဖွင့်မှုကို တွေ့ရ၏။ ထိုသို့သောအရာမှာ အရာရာတိုင်း၌ အဇမေဟုတ်၊ အပူမဟုတ် နွေးရုံမျှသာမဖြစ်ဖူးသော ဒါဝိဒ်၏ပင်ကိုယ်စရိုက်သာ ဖြစ်၏။ ဒါဝိဒ်သည် သူ့ရန်သူများနှင့်ပတ်သက်၍ သူ၏နာကြည်းမှုကို ပြင်းထန်စွာပြောကြားလေ့ရှိသော်လည်း သူ၏အပြုအမူမှာမူ အေးစက်နေ၏။ အကြောင်းမှာ သူသည်ကလဲ့စားချေလိုစိတ် မပြင်းပြပေ။ သူသည် သူတစ်ပါးအားပျက်စီးစေလိုစိတ်မရှိပေ။ သူ့အမျက်တော်သည်လည်း ဖြောင့်မတ်ခြင်းအတွက် ဖြစ်ပေါ်လာသည့်အမျက်တော်ဖြစ်၏။ မာန်မာနထောင်လွှားသောသူနှင့် ဆိုးသွမ်းသောသူတို့အပေါ်သို့ ဘုရားသခင်၏ဖြောင့်မတ်သောလက်စားချေခြင်းကို သူလိုချင်ခဲ့၍ ကြိုမြင်ခဲ့ပြီး၊ ကြိုပြောဆိုခဲ့သည်။ သူ့အပေါ်၌ အမှားကျူးလွန်သောသူအပေါ်၌လည်း သူကိုယ်တိုင်ကလဲ့စားချေရန် အခွင့်အရေးကိုလည်း အသုံးမချခဲ့ပေ။ သူ၏ကြီးမြတ်သောရှင်ဘုရင်အား မေတ္တာရပ်ခံချက်က သူ့အပေါ် ဒေါသကိုငြိမ်းအေးစေရန် မိမိ၏အကြမ်းဖက်သော အပြုအမူကြောင့် ပြန်၍ပြင်လို့မရနိုင်မည့်အမှားများကို ချန်ထားစေနိုင်ခြင်းဖြစ်နိုင်၏။ ဒါဝိဒ်သည် မိမိကြုံတွေ့ရသော မထိုက်တန်ဘဲညှင်းပန်းနှိပ်စက်ခြင်းနှင့် မတရားသဖြင့်စွပ်စွဲခြင်းတို့ကို ကြုံတွေ့သောအခါ မိမိ၏ကိစ္စရပ်တို့ကို ဖြေရှင်းပေးနိုင်မည့် ဘုရင်တကာတို့၏ဘုရင်၏ ပလ္လင်တော်ခြေရင်း၌ဝမ်းမြောက်စွာထား၏။

ဆာလံတစ်ခုလုံး၌ စာရေးသူသည် သတ္တိရှိစွာဖြင့် စိတ်ချယုံကြည်မှုရှိ၍ သူလုံးဝသံသယကင်းသည့်အကြောင်းအရာတို့ကို ပြောဆိုခဲ့၏။ သူတစ်ပါးနစ်နာစေရန် ကဲ့ရဲ့တတ်သူတို့ကို ဆန့်ကျင်ခြင်း၌ ဤဆာလံထက် ခမ်းနား၍အပြုသဘောဆောင်သော ဆာလံမရှိနိုင်ပေ။ ကဲ့ရဲ့ခြင်းကို ခံရသောသန့်ရှင်းသူက ယေဟောဝါသည်ဆင်းရဲသောသူ၏ အမှုကို ဂရုစိုက်နေကြောင်းကိုသိ၏။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်၌ကြုံရသောအရာအားဖြင့် မှန်သောသက်သေများစွာကို သူရရှိခဲ့၏ (အငယ် ၁၂)။

(Spurgeon)

**ဆင်ခြင်ရန်** - (ရောမ ၁၂း၁၉ ကိုဖတ်လော့)။
**ဆုတောင်းချက်** - ကိုယ်တော်နှင့်စိတ်တွေ့သော သူတစ်ဦးဖြစ်သည့် ဒါဝိဒ်ကဲ့သို့ဖြစ်ဖို့ရန် ကျွန်ုပ်ကို ကူညီမစတော်မူပါ အဖ။

**ဆာလံ ၁၄၁** *"ဘုရားသခင်သည် ဖြောင့်မတ်သောသူတို့၏အမှုနှင့်၊*

ကော ၃း၂၃-၂၅ *မတရားသောသူတို့၏အမှုကို စစ်ကြောစီရင်တော်မူမည်"*

# ဒါဝိဒ်သည် တရားစီရင်ဖို့အတွက် ဘုရားသခင်ကိုမျှော်ကြည့်၏

ဤဆာလံသည် ဒါဝိဒ်၏ဆာလံဖြစ်တော်မူ၏။ ဒါဝိဒ်သည် မသက်လာမှုခံရ၍မိမိကိုယ်ကို ဖြေရှင်းဖို့ကြိုးစားနေစဉ်တွင် မလိုအပ်သောစကားကိုပြောမိမည့်စိုးသောကြောင့် စကားပြောဖို့စိုးရွံ့နေ၏။ ဒါဝိဒ်သည်ရန်သူတို့အားဖြင့် ကဲ့ရဲ့ခြင်းကိုခံရ၏။ ဒါဝိဒ်သည်မိမိမိတ်ဆွေတို့ကပင် အပြစ်တင်ခြင်းခံရသော်လည်း ကြင်နာစွာတုန့်ပြန်ခဲ့၏။ ဒါဝိဒ်သည်တစ်ချိန်က မိမိအားအသိအမှတ်ပြုခဲ့သော ဘုရားတရားကြည်ညိုသောအုပ်စုတို့၏ အခြေအနေကြောင့်ဝမ်းနည်းနေ၏။ ဒါဝိဒ်သည် ဘုရားအား ခိုင်မာသောယုံကြည်မျှော်လင့်ချက်ဖြင့် စောင့်မျှော်နေ၏။

<u>အပိုင်းပိုင်းခြင်း</u>

(၁) ဆုတောင်းခြင်းကိုလက်ခံပေးဖို့ရန်အတွက် ဆာလံဆရာဟစ်ကြွေး၏ (အငယ် ၁-၂)

(၂) သူ၏စကားကိုစောင့်ထိန်းပေးရန် သူတောင်းပန်၏။ သူသည်ဆိုးသွမ်းသောသူတို့၏ မြှောက်ပင့်ခြင်းကိုခံရခြင်းထက် ဖြောင့်မတ်သောသူတို့၏ ဆုံးမခြင်းကိုသာ၍နှစ်သက်တော်မူ၏ (အငယ် ၃-၆)။

(၃) သူသည် ညှင်းပန်းနှိပ်စက်ခြင်းကိုခံရသော အသင်းတော်ကိုကိုယ်စားပြု၍ မိမိအား ဖိနှိပ်သူတို့ အပြစ်ပေးခံရဖို့ရန် စောင့်ကြည့်၏ (အငယ် ၇-၁၀)။

ဒါဝိဒ်သည် အထက်ကိုသာမော့ကြည့်ပြီး ထိုနေရာ၌ပင် အမြဲဆက်၍ကြည့်ရှုနေ၏ (အငယ် ၈)။ သူသည်အခြေအနေထက် တာဝန်ကိုပို၍အာရုံစူးစိုက်၏။ အပြင်ပန်းထောက်ပံ့ပေးခြင်း ထက် ကတိတော်ကိုသာ၍ စဉ်းစားဆင်ခြင်၏။ လူတို့ထံထက် ဘုရားသခင်ထံတော်၌မျှော်လင့်ချက် ထား၏။ သူသည်ဘုရားကိုသာ ကြည့်မျှော်သောကြောင့် ကြောက်စရာတစ်ခုမှမမြင်တွေ့ပေ။ ဒါဝိဒ် သည် မိမိ၏ဘုရားသခင်အား ဘယ်တော့မှမစွန့်ပစ်ပါ။ သူ့ကိုသာအမြဲစိတ်ချစွာဖြင့် ပြည့်ပြည့်ဝဝ ယုံကြည်ကိုးစားတော်မူ၏။ ငွေရေးကြေးရေး၌အလွန်ဆင်းရဲချို့တဲ့ခြင်းသည် ဆိုးရွားလှ၏။ သို့သော် လည်း ဝိညာဉ်ရေး၌ဆင်းရဲချို့တဲ့ခြင်းသည် သာ၍ဆိုး၏။ "ငါသည်သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍ မထား" ဟူ၍ ဘုရားသခင်မိန့်ဆိုသောအချက်က ကျွန်ုပ်တို့အတွက်နှစ်သိမ့်ရာဖြစ်တော်မူ၏။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၄၁း၅ ကိုဖတ်လော့)။

**ဆုတောင်းချက်** - (ဆာလံ ၁၄၁း၁ ကိုအသုံးပြုလော့)။

သောကြာ၊ ဇွန် (၂၁)
**ဆာလံ ၁၄၂**
ယာ ၅း၁၃

*"သနားစုံမက်တတ်သောသူသည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သနားစုံမက်ခြင်းကိုခံရကြလတံ့"*

## နှုတ်ဖြင့်သင်ကြားပြသသောဆာလံ

ဤသင်ကြားပို့ချခြင်းနှင့်ဆိုင်သော ဒါဝိဒ်၏ဆာလံသည် ကျွန်ုပ်တို့အားသင်ကြားပို့ချဖို့ရန်အတွက် ရေးခဲ့ခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် စိတ်သောကရောက်နေစဉ်တွင် မည်ကဲ့သို့ဆုတောင်းရမည်ကို သာဓကအားဖြင့် ကျွန်ုပ်တို့အားသင်ကြားပေး၏။ မည်ကဲ့သို့ဆုတောင်းရမည်ကို သင်ယူခဲ့ပြီးသောသူက အသုံးဝင်ဆုံးသော စာပေနှင့်သိပ္ပံအတတ်ကို သင်ကြားခြင်းခံခဲ့ပြီး၏။ ဒါဝိဒ်ကဆုတောင်းခြင်း၌ သူလက်တွေ့ကြုံဆုံခဲ့ပြီးသောအရာတို့ကို ဤနေရာ၌မှတ်တမ်းတင်ခြင်းအားဖြင့် တန်ဖိုးကြီးသောသင်ခန်းစာကို ကျွန်ုပ်တို့အားပေး၏။

ဤဆာလံမှာ ဒါဝိဒ်၏ကိုယ်ထဲ၌ရှိနေစဉ်က ဆုတောင်းချက်ဖြစ်၏။ ဒါဝိဒ်သည်ရှောလုထံမှပုန်းခဲ့သော အင်္ဂေဒိ(သို့)အဒုလံ၌ရှိသောဂူမှသော်၎င်း၊ သို့မဟုတ် အခြားသောဂူတစ်ခုခုတွင် ရှိနေစဉ်၌ ဤဆာလံကိုရေးသားခဲ့၏။ ဂူတို့သည် ဆုတောင်းရန်အတွက်နေရာကောင်းဖြစ်၏။ ဂူ၏အမှောင်နှင့် လူသူဝေးရာရှိခြင်းက ဘုရားရှိခိုးခြင်းကိုပြုရာ၌ အကူအညီဖြစ်စေ၏။

ဤဆာလံသီချင်းကို ရေးစပ်ခဲ့သောအချိန်မှာ ရှောလုကဒါဝိဒ်အားပြင်းထန်စွာ ညှဉ်းပန်းနေသည့်နေ့ရက်တို့၌ဖြစ်မည်ဟူသော အချက်မှာအနည်းငယ်သံသယဖြစ်စရာရှိ၏။ ဒါဝိဒ်ကိုယ်တိုင်သည် ဝိညာဉ်ပိုင်းဆိုင်ရာပြဿနာရှိခဲ့၏။ ထိုပြဿနာမှာ ဒါဝိဒ်အားတိုင်းတစ်ပါးမင်းတို့နှင့် မဟာမိတ်ဖွဲ့ဖို့ရန်ပို့ဆောင်ခဲ့သော ယုံကြည်ခြင်းအားလျော့ခြင်းကြောင့် ပေါ်ထွက်ခဲ့သည့်ပြဿနာဖြစ်၏။ သူ၏ကံကြမ္မာတို့မှာ အနိမ့်ကျဆုံးသောအနေအထားတွင် ထင်ရှားစွာရှိနေ၏။ အဆိုးဆုံးအချက်မှာ သူ၏ဂုဏ်သတင်းကျော်ကြားမှုမှာ ကျဆုံးခဲ့ပြီ။ သို့ဖြစ်လင့်ကစား သူသည်ဖိနှိပ်ခံစားနေသည့် ဝမ်းနည်းခြင်းတို့ကို သူအသိပေးသည့်ဘုရားသခင်အပေါ် စစ်မှန်သောယုံကြည်ခြင်းကိုပြသခဲ့၏။

ဤဆာလံသည် ဂူ၏အမှောင်နှင့်ပြည့်နေ၏။ သို့သော် ဒါဝိဒ်သည်ဂူတံခါးဝ၌ရှိနေသောအခါ အလင်းတန်းတစ်ခုထိန်လင်းနေသည်ကို မြင်တွေ့ခဲ့ရ၏။

စစ်မှန်သောဆုတောင်းခြင်းများသည် စကားလုံးအသုံးအနှုန်းများတွင် ခြားနားမှုရှိသော်လည်း ရည်မှန်းချက်တို့မှာ အတူတူပင်ဖြစ်၏။ ကြိုတင်ပြင်ဆင်မှုမရှိသောဟစ်အော်ခြင်းနှင့် ကြိုတင်မှန်းဆထားသောတောင်းလျှောက်အသနားခံခြင်းတို့မှာ ဆုတောင်းချက်တိုင်းကိုကြားသော ဘုရားသခင်ထံသို့ အတူတကွတက်ကြပြီး ထိုဆုတောင်းချက်တို့ကို လက်ခံဖို့ရန်ဘုရားသခင်သည် အဆင်သင့်ဖြစ်နေ၏။ ဆုတောင်းချက်၏ကြီးမားသော ပင်ကိုယ်စရိုက်သည်မှတ်သားထိုက်ပေ၏။ အခြားသူတို့၏ ဆုတောင်းချက်တို့ကြောင့် ဆာလံဆရာဝမ်းမြောက်ခဲ့သည်မှာ သံသယဖြစ်စရာမရှိသော်လည်း သူကိုယ်တိုင်လည်းတိတ်ဆိတ်စွာရှိနေဖို့ရန်မှာ နှစ်သက်အားရမှုမရှိပေ။ သူကိုယ်တိုင်ဆုတောင်းချက်တို့ကို ကြည့်ကြပါစို့။ "ငါအသံကိုထာဝရဘုရားထံသို့ လွှင့်၍ဆုတောင်းပဋ္ဌနာပြု၏။ ကျွန်ုပ်တို့၏အဘ" ဟူ၍ အများကိန်းကိုသုံး၍ဆုတောင်းသည်မှာ ကောင်းသော်လည်းဘဲ ကျွန်ုပ်တို့သည် ဒုက္ခပြဿနာကိုကြုံတွေ့ရသောအခါ "ဤခွက်သည် ကျွန်ုပ်ကိုလွန်သွားနိုင်လျှင်လွန်သွားပါစေသော" ဟူသော အနည်းကိန်းကိုအသုံးပြု၍ကျွန်ုပ်တို့၏ ခံစားချက်ကအတင်းတွန်းပို့၏။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၄၂း၇ ကိုဖတ်လော့)။
**ဆုတောင်းချက်** - ( ဆာလံ ၁၄၂း၃ ကိုအသုံးပြုလော့)။

*"အိုဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါ"*

## ကယ်တင်ခြင်းအတွက်စိုးမွမ်းခြင်း

ဤဆာလံသည် ဒါဝိဒ်၏နောင်တနှင့်ဆိုင်သောဆာလံ ၇ မျိုးအနက် အမျိုးအစားတစ်ခုအဖြစ်သတ်မှတ်၏။ သို့သော် ထိုအချက်ကို Spurgeon ကသဘောမတူပေ။ ဤဆာလံမှာ ဒါဝိဒ်က မိမိ၏အမှားများကိုဝန်ခံမှုပြုခြင်းထက် မိမိကိုကဲ့ရဲ့သူတို့အား မခံရပ်နိုင်၍ဆန့်ကျင်ဆုတောင်းခြင်းနှင့်မိမိ၏ရိုးသားမှုကို သက်သေထူခြင်းဖြစ်သည်။

ဒါဝိဒ်သည် ထာဝရဘုရားရှေ့တော်၌မိမိကိုယ်ကို မှန်ကန်ကြောင်းသက်သေထူဖို့ရန် မစဉ်းစားဖူးကြောင်းကို အခန်းငယ် ၂ ကဖော်ပြ၏။ ဤဆာလံတွင် ကျိုးပဲ့၍နောင်တရခြင်းကိုပင်လျှင်မမြင်ရပေ။ ဤဆာလံသည်လွန်ကျူးခြင်းအပြစ်တို့ကို သိရှိနားလည်၍ ငိုကြွေးခြင်းထက်ဒုက္ခပြဿနာမှ ကယ်တင်ရန်တောင်းလျှောက်ခြင်းသာဖြစ်၏။

ဤဆာလံသည် ဝိညာဉ်ရေးရာရင့်ကျက်ခြင်း၌မတည်သော ခဏတာစိတ်ဖိစီးမှုဒဏ်ကြောင့် ငိုကြွေးနေသောသူ၏ ကြွေးကြော်ခြင်းဖြစ်ပါသည်။ သို့သော်လည်း ထိုသို့ရုန်းကန်ခြင်းအားဖြင့်အကောင်းဆုံးအခြေအနေသို့ ရောက်နိုင်ပါသည်။

သီဆိုသူသည် ဒုက္ခကြားထဲ၌ ငိုကြွေးမြည်တမ်း၏။ ကောင်းကင်သို့မိမိ၏လက်ကို ဖြန့်ကားထား၏။ သို့သော် ဤဆာလံကိုအဆုံးသတ်ရာတွင် ဓားအိမ်မှတရွတ်ရွတ်အသံမြည်နေသော ဓားထက်ထက်တစ်လက်ကို မိမိ၏ခါးပတ်၌ချိတ်ဆွဲထား၏။

ဤဆာလံ၏သမိုင်းနှင့်ဆိုင်သောအဖွဲ့တစ်ခုမှာ " Savonarol " ဆိုသူနှင့်ပတ်သက်မှုရှိ၏။ သူသည်ကြောက်ရွံ့ခြင်းမရှိဘဲ သမ္မာတရားကိုဟောကြားသောကြောင့် ရော်မန်ကတ်သလစ်အကြီးအကဲတို့မှ မေလ ၂၃၊ ၁၄၉၈ ခုနှစ်ခုနှစ်တွင် ကွပ်မျက်ခဲ့ကြ၏။ သူသည်သမိုင်း၌ဆွဲဆောင်မှုအကောင်းဆုံးသောပုဂ္ဂိုလ်တွေထဲက တစ်ဦးအဖြစ်ရပ်တည်ခဲ့ပြီး ဖလောရိယန်၏ကံကြမ္မာကိုသူ့လက်ထဲ၌ဆုပ်ကိုင်ထားသည့် ငါးနှစ်ကာလအတွင်း၌ လူထုကိုအလွှမ်းမိုးနိုင်ဆုံးသော တရားဟောဆရာဖြစ်၏။ သူရေးသားချက်အမြောက်အများကိုကြည့်သောအခါ သူသည်ဆာလံကျမ်းကို အလွန်နှစ်သက်ကြောင်း သက်သေထူ၏။ ခက်ခဲမှုနှင့်ပြည့်သည့် လူငယ်အရွယ်တွင် သူသည်ဤလောက၏စိတ်ဆင်းရဲခြင်းနှင့် အပြစ်ဒုစရိုက်တို့ကိုတွေးတောဆင်ခြင်၍ သူ၏ဖခင်၊ ခမည်းတော်ဘုရားထံသို့ ဆာလံ၁၄၃း၈၌ရှိသော "ကိုယ်သွားရမည့်လမ်းကိုသိတော်မူပါ၊ ကိုယ်တော်ကိုအကျွန်ုပ်မြော်လင့်ပါ၏" ဟူသော စကားလုံးကိုအသုံးပြု၍ ဆုတောင်းခဲ့၏။ မိမိ၏ပတ်ပတ်လည်၌ရှိ၍ မွန်းကျပ်စေသည့်ဆိုးသွမ်းခြင်းလေထုမှ လွတ်မြောက်ရန်လိုက်ရှာရာတွင် Savonarola သည် ကျမ်းစာသင်ကျောင်းသို့ထွက်ပြေး၍ အကျင့်သီလကောင်းသောပုဂ္ဂိုလ်အဖြစ် ကျန်ရစ်ခဲ့၏။

(Herbert Lockyer)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၄၃း၆ ကိုဖတ်လော့)။
**ဆုတောင်းချက်** - ( ဆာလံ ၁၄၃း၁ ကိုအသုံးပြုလော့)။

တနင်္ဂနွေ၊ ဇွန် (၂၃)

**ဆာလံ ၁၄၄**

တိ ၃း၁-၄ *"ထာဝရဘုရား၌ အစဉ်အမြဲခိုလှုံကြလော့"*

## အနန္တတန်ခိုးရှင်ဘုရားသခင်သည် သင်၏ခွန်အားဖြစ်၏

ဤဆာလံ၏ ဂုဏ်ပုဒ်သည် ဒါဝိဒ်၏အကြောင်းဖြစ်၏။ ဤဆာလံကိုဒါဝိဒ်ရေးသားထားသည်မှာ သံသယဖြစ်စရာမလိုပါ။ ဤအရာသည် Tennyson (သို့) Longfellow ၏အကြောင်းဖြစ်သည်ဟု ကျွန်ုပ်တို့သည်တိကျစွာပြောနိုင်သကဲ့သို့ ဤဆာလံသည်ဒါဝိဒ်၏အကြောင်းဖြစ်သည်ဟု ကျွန်ုပ်တို့ပြောနိုင်၏။

ဤဆာလံသည် ဘုရားတရားကိုရိုသေသော စစ်သည်တစ်ဦးက ဘုရားသခင်ထံသို့သီဆိုသောသီချင်းဖြစ်၏။ အကြောင်းမှာ သူသည်ထာဝရဘုရားအားမိမိ၏ခွန်အားနှင့် နေထိုင်ရာအဖြစ် ချီးမွမ်းသီဆိုခဲ့၏ (အငယ် ၁-၂)။ မိမိအား ဘုရားသခင်၏ဂရုစိုက်မှုကို အံ့အားသင့်ခဲ့ပြီး လူ၏အနည်းငယ်သောပမာဏသာဖြစ်ခြင်းကို ကြေငြာ၏ (အငယ် ၃-၄)။ သို့သော် သူသည်စစ်မှုကြုံတွေ့သောအခါလျှင် "စစ်သူရဲ" အဖြစ်ထင်ရှားသောထာဝရဘုရားထံတော်သို့လှည့်၍ ထာဝရဘုရားက သူတောင်းပန်ချက်တို့ကို အောင်မြင်စွာကြားဝင်ဖြေရှင်းပေး၏ (အငယ် ၅-၈)။ သူသည် အငယ် ၉-၁၁ တို့တွင် ချီးကျူးခြင်းနှင့်တောင်းလျှောက်ခြင်းတို့ကို ပြု၍ ထာဝရဘုရားကိုမိမိတို့၏ဘုရားအဖြစ်ပိုင်ဆိုင်သောလူမျိုးတို့ကို ဘုရားသခင်ရွေးကောက်တော်မူသောလူမျိုးတို့အတွက် ထာဝရဘုရား၏အလုပ်ကို အလွန်နှစ်သက်ဖွယ်ရာ ရုပ်ပုံကားချပ်ဖြင့် ဖော်ပြအဆုံးသတ်ထား၏။

စိတ်နှလုံးသည် မှန်သောအခြေအနေတွင်ရှိလျှင် ၎င်းကိုချုပ်ချယ်ကန့်သတ်၍မရဘဲ ဘုရားသခင်ကိုချီးမွမ်းမည်ဖြစ်၏။ ရေသည် မူလအရပ်မှမိမိ၏လမ်းကြောင်းအတိုင်း အတင်းစီးထွက်သကဲ့သို့ ချီးမွမ်းခြင်းကိုဖွင့်ဟမည်။ ဒါဝိဒ်ကမိမိအစွမ်းသတ္တိရှိသမျှဖြင့် မိမိ၏ခွန်အားဖြစ်သော ဘုရားသခင်ကို ကောင်းကြီးပေး၏။ ကျွန်ုပ်တို့သည်ခွန်အားကို အဘယ်သူကပေးသည်ကိုမသိဘဲ အပြစ်ကိုခုခံရန်သော်၎င်း၊ သမ္မာတရားကိုကာကွယ်ရန်သော်၎င်း၊ မှားယွင်းမှုကိုအောင်နိုင်ရန်သော်၎င်း ခွန်အားအဖြစ်အလွန်ကြီးသောဆုမြတ်ကို လက်မခံသင့်ပေ။ ဘုရားသခင်၏ဘုန်းတော်ကိုလည်း မချေးငှားသင့်ပေ။ ယေဟောဝါသည် မိမိသန့်ရှင်းသူတို့အား ခွန်အားကိုသာပေးသည်မဟုတ်ဘဲ သူကိုယ်တိုင်သည်ထိုသူတို့၏ခွန်အားဖြစ်၏။ ဘုရားသခင်သည် သူတို့၏ဘုရားသခင်ဖြစ်တော်မူသောကြောင့် ခွန်အားသည်သူတို့အတွက်ဖန်တီးပေး၏။ ဘုရားသခင်သည်တန်ခိုးနှင့်ပြည့်စုံ၍ သူ့အားကိုးစားသောသူတို့အတွက်တန်ခိုးဖြစ်တော်မူ၏။ ကျွန်ုပ်တို့၏ခွန်အားသည် သူ့အပေါ်၌တည်နေ၍ ကျွန်ုပ်တို့နှုတ်ဖြင့်ဖွင့်ဟနိုင်သည်ထက်သာ၍ ကောင်းကြီးမင်္ဂလာကိုသူ့အားဖြင့် ပေးတော်မူ၏။

(Spurgeon)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၄၄း၃ ကိုဖတ်လော့)။

**ဆုတောင်းချက်** - ( ဆာလံ ၁၄၄း၁ ကိုအသုံးပြုလော့)။

တနင်္လာ၊ ဇွန် (၂၄)

**ဆာလံ ၁၄၅**

၁ ပေ ၁း၃

*“. . . ပြုပြင်တော်မူသောအမှုတို့သည် အံ့သြဘွယ် ဖြစ်ကြောင်းကို. . . ”*

## ဒါဝိဒ်၏ချီးမွမ်းခြင်းဆာလံ

ဤဆာလံသည် အက္ခရာနှင့်ပတ်သတ်သောဆာလံဖြစ်၏။ ဒါဝိဒ်ကိုယ်တိုင်ရေးစပ်ထား၏။ ဤဆာလံတစ်ခုလုံးသည် ချီးမွမ်းခြင်းဖြစ်၏။ မြင့်သော Key ဖြင့်ချီးမွမ်းခြင်းဖြစ်၏။ ဒါဝိဒ်ကအခြားသောဆာလံကျမ်း၌ ဘုရားသခင်အားများစွာကောင်းကြီးပေးချီးမွမ်းပြီးဖြစ်သော်လည်း ဤဆာလံမှာ ချီးမွမ်းခြင်း၏ကျောက်မျက်သရဖူအဖြစ် ရှုမြင်ရ၏။

ကျွန်ုပ်တို့သည် ဒါဝိဒ်၏ဆာလံအား စံပြအဖြစ်ယူနိုင်၏။ စာဖတ်သူခရစ်ယာန်တိုင်းက မိမိ၏ ချီးမွမ်းခြင်းကို ထာဝရဘုရားထံတော်သို့ ယူဆောင်လာကြ၍မိမိကိုယ်တိုင် နာမမှည့်ခေါ်ကြပါစေ။ ခရစ်တော်အားဖြင့် ကြွယ်ဝများပြားသောချီးမွမ်းခြင်းကို ယူဆောင်လာကြမည်မှာ သေချာ၏။

“ကိုယ်တော်ကိုနေ့တိုင်း အစဉ်ကောင်းကြီးပေးပါမည်” (အငယ် ၂)။ ဘယ်လိုအနေအထား၊ ဘယ်လိုပတ်ဝန်းကျင်နှင့် ဘယ်လိုအခြေအနေဖြစ်ပေါ်နေသည်ဖြစ်စေ၊ ထိုနေ့ရက်တွင် ကိုယ်တော်ရှင်ကို အကျွန်ုပ်ဆက်လက်ချီးမြှောက်ပါမည်။ ထာဝရဘုရားထံတော်သို့ ထူးကဲသောကောင်းကြီးမင်္ဂလာပေးဖို့ရန်အတွက် နေ့တိုင်းကျွန်ုပ်တို့မြင်တွေ့သင့်သည့် များစွာသောအကြောင်းအရင်းတို့ကို စဉ်းစားဖို့ရန် ကျွန်ုပ်တို့အခြေအနေကောင်းပါ၏လော။ တစ်နှစ်ပတ်လုံး၌ ညတိုင်း၊ နေ့တိုင်း ရောက်လာမည့်နေ့အားလုံးတို့သည် ကျွန်ုပ်တို့၏ဘုရားသခင်ကို ဂုဏ်အသရေကြီးမားစေဖို့ရန်အတွက် ဖြစ်ရပါမည်။ ဘုရားသခင်အားကျွန်ုပ်တို့ချစ်ခြင်းအရာမှာ သန့်ရှင်းသောနေ့များတို့အတွက်သာ မဟုတ်ရပေ။ သန့်ရှင်းသောလူတို့အတွက် နေ့စဉ်နေ့တိုင်းသည် သန့်ရှင်းသောနေ့ကဲ့သို့ဖြစ်၏။

ဒါဝိဒ်က “နာမတော်ကိုကောင်းကြီးပေးပါမည်” ဟူ၍ မြွက်ဆိုခဲ့ချိန်ထက် “ကိုယ်တော်ကိုနေ့တိုင်းအစဉ်ကောင်းကြီးပေးပါမည်” ဟူ၍ မြွက်ဆိုခြင်းဖြင့် ဘုရားသခင်ထံသို့ပို၍နီးကပ်လာ၏။ ဤအချက်မှာ မှန်သောကိုးကွယ်ခြင်း၏အချက်အခြာ၊ အလယ်ဗဟိုဖြစ်၏။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏စကားတော်နှင့်လုပ်ဆောင်ချက်တို့ကိုသာ ကြည်ညိုရမည်မဟုတ်။ ထာဝရဘုရားသခင်ကိုယ်တိုင်ကို ကြည်ညိုရပါမည်။ ဘုရားသခင်၏ပင်ကိုယ်စရိုက်ကို နားလည်ခြင်းမရှိဘဲ ကောင်းမွန်သောချီးမွမ်းခြင်းသည် မဖြစ်နိုင်သလောက်ဖြစ်၏ ။ “နာမတော်ကိုကမ္ဘာအဆက်ဆက်ချီးမွမ်းပါမည်” သူသည် ထိုနာမတော်ကိုကောင်းကြီးပေးမည့်အကြောင်းကို မြွက်ဆိုခဲ့၍ ယခုတွင်မူ ထိုနာမကိုချီးမွမ်းဖို့ရန် သစ္စာကတိပြု၏။ သူသည်မိမိ၏အသိဉာဏ်ရှိသမျှနှင့် နည်းလမ်းရှိသမျှဖြင့် ထာဝရဘုရားကို ချီးမွမ်းဂုဏ်ပြုမည်။

ထာဝရနှင့်ဆိုင်သောဝတ်ပြုခြင်းသည် ပြောင်းလဲခြင်းမရှိရပေ။ ထိုအရာသည် ငြီးငွေ့ဖွယ်ရာဖြစ်မည်မဟုတ်ပေ။ ကောင်းကင်ဘုံနှင့်ဆိုင်သော တေးဂီတသည်ကြိုးတစ်ချောင်းကိုဘဲ တီးနေရသည်မဟုတ်၊ ချီးမွမ်းခြင်းတစ်ပုဒ်အတွက် ကြိုးအားလုံးကိုတီးခတ်ရပါမည်။ ဤနေရာ၌ “ငါ -- လိမ့်မည်” ဟူသော တစ်ဦးဆိုင်နာမ်စားကို လေးကြိမ်တိုင်အသုံးပြုသည်ကို မှတ်သားကြည့်လော့။ ချီးမွမ်းခြင်းသည် ကိုယ်စားစေခိုင်းလို့မရပေ။ သင်ကိုယ်တိုင်ပါဝင်ချီးမွမ်းရမည်ဖြစ်၏။ တစ်ခြားနည်းလမ်းမရှိပေ။

(Spurgeon)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၄၅း၃ ကိုဖတ်လော့)။

**ဆုတောင်းချက်** - ( ဆာလံ ၁၄၅း၁ ကိုအသုံးပြုလော့)။

## ချီးမွမ်းခြင်းဆာလံ

ကျွန်ုပ်တို့သည် ဆာလံ ၁၄၆ ကို ရောက်လာကြသည့်အတိုင်း ကျွန်ုပ်တို့သည် ဟာလေလုယ ဟူသော ချီးမွမ်းခြင်းကြား၌ရှိကြ၍ ဤစာအုပ်၏နောက်ဆုံးပိတ်ချီးမွမ်းခြင်းကို ထည့်ဖော်ပြ၏။ ဤသီချင်း၏သော့ချက်မှာ လေးနက်မြင့်မား၏။ တေးဂီတမှာ မြင့်သောလင်းကွင်းများအသံဖြစ်၏။ ကျွန်ုပ်တို့စိတ်နှလုံးသည် ပျော်ရွှင်ခြင်းနှင့်ပြည့်ဝနေလျှင် ဤဆာလံ၌ပြသည့်အတိုင်း ကျွန်ုပ်တို့ ပြေးလွှား၊ ခုန်ပေါက်၍ ဘုရားသခင်အား ဘုန်းတော်ထင်ရှားစေနိုင်မည်။

"မင်းများကို ... မကိုးစားနှင့်"။ Shakespeare က ဤစိတ်ကူးတို့အား Wolsey ၏နှုတ်ထဲသို့ ထားခဲ့၏-

"ရှင်ဘုရင်၏မျက်နှာသာပေးခြင်းကို ဖက်တွယ်သော
ထိုဆင်းရဲသားသည်
အလွန်သနားစရာကောင်းလှပါသည်
တကား။ ကျွန်တော်တို့မျှော်လင့်သောအရာသည်
ရှင်ဘုရင်၏အပြုံးနှင့်ချိုမြိန်သောမျက်နှာပင်ဖြစ်၏။
သူတို့၏ပျက်စီးခြင်းသည်
စစ်ပွဲနှင့်အမျိုးသမီးခံရသောဝေဒနာထက် ပို၍နာကျင်ပြီး
ကြောက်စရာကောင်းလှပါ၏။
သူကျဆုံးသောအခါ နံနက်သားမိုးသောက်ကြယ်ကဲ့သို့ကျဆုံးပြီး
မျှော်လင့်စရာလုံးဝမရှိတော့ပါ။

Herbert Lockyer က ဆာလံ ၁၄၆ သည် ယေဟောဝါတစ်ပါးတည်းသာလျှင် မကျဆုံးနိုင်သော ကယ်တင်ရှင်အဖြစ် ကြေငြာပြီး ဤအပိုဒ်ငယ် ၁၀ ပိုဒ်သည် အချင်းချင်းဆက်စပ်မှုရှိကြ၏။ စာကြောင်းမှာ "သန့်ရှင်းသောနံ့သာမွှေးကို ထားသည့် စင်ကြယ်သောပုလဲခွက်မှ ချိုမြိန်သောရေမွှေးတစ်ခုကို ဖျန်းပက်သကဲ့သို့ ဤအခန်းငယ်ဆယ်ခန်းတို့မှာ ဆက်စပ်ဖြစ်ပေါ်လာကြ၏။ သို့တိုင်အောင်၊ ကဏ္ဍနှစ်ခုသည် ရှင်းလင်းစွာပေါ်ပေါက်သည်မှာ -

(၁) လူကိုမကိုးစားဘဲ ယေဟောဝါတစ်ပါးတည်းသာကိုးစားရမည်။ ထာဝရဘုရားကို ကိုးစား သောတိုင်းသည် ထာဝရဘုရားကောင်းကြီးပေးတော်မူလိမ့်မည် (အငယ် ၁-၅)။

(၂) အကြောင်းအရင်းမှာသူ၏ဘုရားသခင်နှင့်ဆိုင်သော စုံလင်ခြင်းအပေါ်၌နေထိုင်၏။ ယေဟောဝါသည် ဖန်ဆင်းသူ၊ တရားသူကြီး၊ ကယ်တင်သူနှင့်ရှင်ဘုရင်ဖြစ်တော်မူ၏ (အငယ် ၆-၁၀)။

**ဆင်ခြင်ရန်** - (ဆာလံ ၁၄၆း၉ ကိုဖတ်လော့)။
**ဆုတောင်းချက်** - အကျွန်ုပ်သည် မင်းများမှစ၍မကယ်တင်နိုင်သောလူသားကို မကိုးစားဖို့ရန် ကူညီတော်မူပါ အဘ။

# ဘုရားသခင်၏ကြီးမြတ်ခြင်းနှင့်ကောင်းမြတ်ခြင်း

ဤဆာလံသည် အထူးမှတ်သားဖွယ်ရာသီချင်းတစ်ပုဒ်ဖြစ်၏။ ဤဆာလံက ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းနှင့် နှိမ့်ချကောင်းမြတ်ခြင်းတို့ကို ချီးကျူးဂုဏ်ပြု၏။ အငယ် ၁ မှ ၆ တွင် စိတ်ကြေမွသောသူတို့အား ကောင်းကြီးပေးသည့်အချက်နှင့် ဇိအုန်တောင်အား တည်ဆောက်ပေးသည့် အချက်တို့ကြောင့် ယေဟောဝါသည်ချီးကျူးခြင်းကိုခံရ၏။ အငယ် ၇ မှ ၁၁ တို့တွင် ဘုရားသခင် သည် သူတို့အားအားရနှစ်သက်ခြင်းနှင့် ဆင်းရဲသောသူတို့အား ကူညီထောက်ပံ့ပေးသည့်အရာကြောင့် ချီးမွမ်းဂုဏ်ပြုခြင်းခံရ၏။ အငယ် ၁၂ မှ ၂၀ တွင် ဘုရားသခင်သည် သဘာဝတရားနှင့်ကျေးဇူးတော် ၌ ရှိသောမိမိ၏နှုတ်ကပတ်တော်၏ တန်ခိုးတော်အားဖြင့်၊ သူ့လူတို့ကိုယ်စား သူပြုခဲ့သောအမှုတို့ အတွက်ကြောင့်ဂုဏ်သတင်းကျော်စောစေခြင်းကိုခံရ၏။ (Spurgeon)

*စိတ်ကြေမွသောသူတို့၏မျက်ရည်ကို ခမ်းခြောက်စေသောသူ၊*
*ဤလောကသည် မှောင်မိုက်ဖုံးအုပ်နေ၏။ ကျွန်ုပ်တို့သည်လည်းစားခံရ၍*
*ဒဏ်ရာရရှိကြသောအခါကိုယ်တော်ထံသို့မပျံသန်းနိုင်ကြပေ။*
*နေသာစဉ် ရောက်လာကြပြီး၊ ဆောင်းတွင်း၌*
*ပျောက်ကွယ်သွားကြသောသူငယ်ချင်းများ၊*
*အခြားပေးစရာမရှိ ငိုကြွေးခြင်းငှါ မျက်ရည်သာပေးသောသူ၊*
*သို့သော်လည်း သင်သည် ကြေကွဲသောစိတ်နှလုံးကို*
*သက်သာစေသောသူ၊ ချိုးဖဲ့ခြင်းခံရသော နေရာမှ*
*မိမိနံ့သာကို ထုတ်ပေးသောအပင်ကဲ့သို့*
*ခက်ခဲသောအမှုမှ ဝမ်းမြောက်ခြင်း ပေါ်ထွက်စေပါ။*

*ပျော်ရွှင်ခြင်းမရှိ၍၊ မျှော်လင့်ခြင်းကင်းမဲ့သောအချိန်၌ ကျွန်တော်တို့သည်*
*မျက်ရည်ကျလျက်၊ လမ်းစပျောက်၍ လမ်းပျောက်သွားတတ်ပါသည်။*
*အို အဘယ်သူသည် ဘဝမုန်တိုင်းဒဏ်ကို ကူ၍ထမ်းပေးမည်နည်း။*
*ကိုယ်တော်၏ချစ်ခြင်းမေတ္တာအတောင်တော်ပင်မဟုတ်လော။*
*ကျွန်ုပ်တို့၏ငြိမ်သက်ခြင်းသည် အထက်အရပ်မှရောက်လာပါစေသော်။*
*ဝမ်းနည်းခြင်းသည် ကိုယ်တော်အနားမှာရှိလျှင် ဝမ်းမြောက်ခြင်းအဖြစ်သို့*
*ပြောင်းလျက်၊ မှောင်မိုက်သည်လည်း နေ့အခါ၌ပင် မမြင်ဖူးသော*
*အလင်းကမ္ဘာဖြစ်သွားပါ၏။*
(Thomas Moore)

**ဆင်ခြင်ရန်** - ( ဆာလံ ၁၄၇း၄ ကိုဖတ်လော့)။
**ဆုတောင်းချက်** - (ဆာလံ ၁၄၇း၆ ကိုအသုံးပြုလော့)။

ကြာသပတေး၊ ဇွန် (၂၇)
**ဆာလံ ၁၄၈**
၁ ကော ၁း၄-၉

*“အကြောင်းမူကား၊ ထိုသားတော်သည် . . .
ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏”*

## သဘာဝတရားနှင့်ကျေးဇူးတော်၏ဆာလံ

ဤသီချင်းသည် သီချင်းတစ်ပုဒ်ဖြစ်၍ ပိုင်းခြား၍မရပေ။ ဤအရာကိုအသေးစိတ်ရှင်းပြရန် မဖြစ်နိုင်သလောက်နည်းပါးဖြစ်၏။ အကြောင်းမှာ အသက်ရှင်သောကဗျာသည် အခန်းငယ်တစ်ခုမှ တစ်ခုဖြင့် ခွဲခြားစိတ်ဖြာဖို့မဟုတ်ပေ။ ဤသီချင်းသည် သဘာဝတရားအကြောင်းနှင့် ကျေးဇူးတော် အကြောင်းကို ရေးစပ်ထားခြင်းဖြစ်၏။ လျှပ်ပြက်ခြင်း၌ ဖြာထွက်သောအလင်းရောင်သည် နေ့ရာ လပ်တစ်ခုတည်းသို့ လင်းလက်သကဲ့သို့ ဘုန်းတော်နှင့်ပြည့်သောဝတ်လုံဖြင့် ကောင်းကင်နှင့်မြေကြီးကို ဖုံးအုပ်တော်မူ၏။ ထိုနည်းတူ ဤဆာလံတွင်ထာဝရဘုရားကိုကြည်ညိုခြင်းက စကြာသဋ္ဌာတစ်ခုလုံး ကို လင်းစေ၍ထိုအလင်းရောင်ကြောင့် ချီးမွမ်းခြင်းကိုဖြစ်စေ၏။ ဤသီချင်းသည် ကောင်းကင် အကြောင်းမှစတင်၍ မြေအောက်တွင်းထိ လှည်းကျင်း၏။ ထို့နောက် တစ်ဖန်အထက်သို့တက်ပြန်ပြီး၊ လူတို့သည် ယေဟောဝါနှင့်အနီးဆုံးရောက်သည့်တိုင်အောင် အသံမြင့်တင်၏။ ဤဆာလံကိုရှင်းလင်း ရာတွင် အဓိကလိုအပ်သောအချက်မှာ ထာဝရဘုရားကို ကြည်ညိုခြင်းနှင့်ပြည့်သောစိတ်နှလုံးအ ကြောင်းကို ဖော်ပြခြင်းဖြစ်၏။ ထာဝရဘုရားသည် အစဉ်မင်္ဂလာရှိစေသတည်း။ (Spurgeon)

*အသင် ရွှေနေမင်း ကိုယ်တော်ကိုချီးမွမ်းလော့။*
*အသင် လှပသောငွေလမင်း ကိုယ်တော်ကိုချီးမွမ်းလော့။*
*အသင် ဖြာထွက်သောအလင်းတန်းတို့၊*
*ကောင်းကင်၌ပျံ့သန်းသော မိုးတိမ်တို့၊*
*အမြင့်ဆုံးသောအရပ်၌ ထိုင်တော်မူသော*
*ကိုယ်တော်ကိုချီးမွမ်းကြလော့။*
(Richard Mant)

*ထာဝရဘုရားဖန်ဆင်းတော်မူသော သတ္တဝါအပေါင်းနှင့်လူတို့၊*
*ကိုယ်တော်၏နာမတော်ကို နည်းအမျိုးမျိုးဖြင့် ချီးမွမ်းကြလော့။*
*အထောင်အသောင်းသောသစ်ပင်တို့နှင့်တကွ*
*အနန္တတန်ခိုးရှင်ထာဝရဘုရားကို ချီးမွမ်းကြွေးကြော်ကြလော့။*
*လေတိုက်၍လှုပ်ယမ်းသော သစ်ရွက်တိုင်းသည် အလွန်ကြည်ညိုစရာ*
*ကောင်းသောစကားလုံးတို့ဖြင့် ဘုရားသခင်ကို ချီးမွမ်းနေသည်ဟု*
*ထင်ရပါသည်။ မွှေးကြိုင်သော၊ အမျိုးမျိုးသောပန်းပင်တို့သည်*
*ဘုရားသခင်၏ဘုန်းတော်ကို အမျိုးမျိုးထင်ရှားစေကြ၏။*
*ဤဖန်ဆင်းထားသောအရာအားလုံးသည် ဘုရားသခင်ကိုချီးမွမ်းကြသည်*
*ဖြစ်၍ လူတို့ကိုလည်း ထိုသို့ချီးမွမ်းခြင်း၌ နှိုးဆော်ကြပါစို့။*
(Peter Pett)

**ဆင်ခြင်ရန်** - (ဆာလံ ၁၄၈း၃ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - ( ဆာလံ ၁၄၈း၁ ကိုအသုံးပြုပါ)။

သောကြာ၊ ဇွန် (၂၈)
**ဆာလံ ၁၄၅း၁၄**
ဗျာ ၂၁း၁-၃

*"ဘုရားသခင်၌ ချဉ်းကပ်ကြလော့၊ သို့ပြုလျှင်၊ သင်တို့၌ချဉ်းကပ်တော်မူလိမ့်မည်"*

## ဘုရားသခင်၌ချဉ်းကပ်လော့

ပဋိညာဉ်တရားဟောင်း၏ အထူးခွင့်ပြုချက်မှာ ခပ်ခွာခွာနေဖို့ရန်အကြောင်းဖြစ်၏။ မိမိ၏အစေခံကျွန်မောရှေထံသို့ ဘုရားသခင်ပေါ်လာသောအခါတွင် ဘုရားသခင်က "မချဉ်းနှင့်၊ သင်၏ခြေနင်းကိုချွတ်လော့" ဟူ၍မိန့်တော်မူ၏။ ထို့အတူ ဘုရားသခင်သည်သူရွေးကောက်၍ သီးသန့်ထားတော်မူသော သူ့လူမျိုးတို့ထံသို့သိနာတောင်ပေါ်၌ ကိုယ်တိုင်ထင်ရှားပြသောအခါတွင် သူမိန့်တော်မူသောပထမအချက်မှာ "မကျော်ရသောအဆီးအတားတို့ကို တောင်ပတ်လည်၌စီရင်လော့" ဟူ၍ဖြစ်၏။ တဲတော်နှင့်ဗိမာန်တော်တို့၌ သန့်ရှင်းသောဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်ခဲ့ချိန်တွင်ခပ်ခွာခွာနေခြင်းဟူသောအတွေးကို အရေးကြီးသောအချက်အဖြစ် အစဉ်ရှိနေခဲ့၏။ သာမန်လူထုသည် ဝတ်ပြုရာတဲတော်၏အပြင်ဘက်အခန်းပင် မဝင်ရောက်ရပါ။ အတွင်းဘက်အခန်းတွင် ယဇ်ပုရောဟိတ်တို့သာဝင်ရောက်သော်လည်း သာမန်လူထုသည်လုံးဝမဝင်ရပေ။ အတွင်းဘက်အကျဆုံးသောအခန်း (သို့) အသန့်ရှင်းဆုံးသောအခန်းတွင် ယဇ်ပုရောဟိတ်မင်းသာ တစ်နှစ်တွင်တစ်ကြိမ်ဝင်ရောက်ရ၏။ ဤအချက်သည် ဓမ္မဟောင်းခေတ်တွင် ထာဝရဘုရားက အပြစ်ရှိသောလူသားကို အလွန်ရွံ့ရှာကြောင်းသင်ကြားပို့ချသကဲ့သို့ဖြစ်၏။ နူနာစွဲသောသူတို့ကို တပ်၏အပြင်ဘက်၌ထားသကဲ့သို့ ဘုရားသခင်က လူတို့ကိုဆက်ဆံရမည်။ သူသည်လူတို့ထံသို့ အနီးဆုံးချဉ်းကပ်သောအခါတွင်ပင် သန့်ရှင်းသောဘုရားသခင်နှင့်ညစ်ညမ်းသောအပြစ်သားတို့ကြားတွင် အလွန်ကျယ်သောခြားနားချက်ရှိနေကြောင်းကို ခံစားစေ၏။ ဧဝံဂေလိသတင်းရောက်လာသောအခါ ကျွန်ုပ်တို့ကိုအခြားသောစည်းကမ်းချက်အောက်၌ချထား၏။ "သွားလော့" ဟူသောစကားလုံးကို "လာပါ" ဟူသောစကားလုံးဖြင့် လဲလှယ်ထားခြင်းဖြစ်၏။ ဝေးကွာနေသည်ကို အနီးသို့ရောက်စေ၏။ အရင်ကအဝေး၌ရှိကြသော ကျွန်ုပ်တို့ကိုယေရှုခရစ်တော်၏အသွေးတော်အားဖြင့် အနီးသို့ရောက်စေ၏။ ဤအကြောင်းတွင် လူ့ဇာတိခံယူသောဘုရား၌ မီးနံ့ရံမရှိပေ။ "ဝန်လေး၍ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့လာကြလော့၊ ငါသည် ချမ်းသာပေးမည်" ဟူသောစကားသည် လူ့ဇာတိခံယူသောဘုရားသခင်၏ ဝမ်းမြောက်ဖွယ်ရာကြေညာချက်ဖြစ်၏။ ယခုတွင်သခင်ဘုရားသည် နူနာစွဲသောသူအားအဝေးသို့သွားနေဖို့ရန် ပို့ချနေခြင်းမဟုတ်ဘဲ မိမိကိုယ်တိုင် ထိုသူညစ်ညမ်းခြင်းအပြစ်ဒဏ်ကို ခံနေရ၏။ ယေရှုအားဖြင့် ဘုရားသခင်အားနီးကပ်ခွင့်ရခြင်းသည် အလွန်လုံခြုံမှုဖြစ်ပါသည်တကား။ ထိုအချက်ကိုသင်သည် လက်တွေ့သိမြင်ပါသလား။ ထိုအချက်ကို သင်သိလျှင်ထိုအရာ၏တန်ခိုးတော်အားဖြင့် သင်အသက်ရှင်ပါသလား။ ဤနီးကပ်ခြင်းသည် အံ့ဖွယ်ကောင်း၏။ သို့တိုင်အောင် သာ၍နီးကပ်ခြင်းဟူသောအသက်တာက ဆက်လိုက်ရန်ဖြစ်ပါ၏။ "ဘုရားသခင်၏တဲတော်သည် လူတို့တွင်ရှိ၏။ လူတို့နှင့်အတူ ကျိန်းဝပ်တော်မူမည်" ဟူ၍ တစ်နေ့တွင်မိန့်ဆိုမည်။ အမြန်ဆောင်ရွက်တော်မူပါ သခင်ဘုရား။

(Spurgeon)

**ဆင်ခြင်ရန်** - ဘုရားသခင်က အကျွန်ုပ်ကိုသူနှင့်နီးစေချင်၏။
**ဆုတောင်းချက်** - ကျွန်ုပ်သည် နေ့စဉ်ကိုယ်တော်ထံသို့ နီးကပ်ဖို့ဆန္ဒရှိပါမည်အကြောင်း ကိုယ်တော်ကိုချစ်ခြင်းအား တိုးပွားစေတော်မူပါ။

စနေ၊ ဇွန် (၂၉)
**ဆာလံ ၁၄၉**
၁ ပေ ၁း၃-၆

*"ငါသည် အလျှင်အမြန်လာမည်
မှန်ပေ၏ဟု. . . "*

## အသစ်သောသီချင်း

ကျွန်ုပ်တို့သည် ဆာလံနောက်ဆုံးပိုင်းနားကို ရောက်လုနီးသော်လည်း ဟာလေလုယ (ချီးမွမ်း ခြင်းသီချင်း) ထဲတွင်ရှိနေကြသေး၏။ ဤသီချင်းသည် အသစ်သောစိတ်နှလုံးရှိသောလူတို့၊ အသစ် ပြုပြင်သောသတ္တဝါတို့အတွက်ရည်ရွယ်ထားသည့် "အသစ်သောသီချင်း"တစ်ပုဒ်ဖြစ်၏။ ဤသီချင်း သည် သန့်ရှင်းသူတို့ကိုဂုဏ်ပြု၍ ဆိုးသွမ်းသောသူတို့ကို ကျဆုံးစေခြင်းကိုယူဆောင်လာမည့် အသစ် သောခေတ်ကာလ၊ သခင်ဘုရားကြွလာမည့်အချိန်၌ သီဆိုရမည့်သီချင်းမျိုး ဖြစ်၏။ သီချင်း၏သံစဉ် မှာ အလွန်ဝမ်းမြောက်၍မြူးထူးခြင်းရှိ၏။ ပတ်သာနှင့်စောင်းကိုတီးသော အမျိုးသမီးများ၏ ကခုန် လျက်ရှိသောခြေသံကို ကြားရပါသည်။

အို ယုံကြည်သူတို့ စိတ်နှလုံးဝမ်းမြောက်စေကြလော့။ သို့သော် သင်၏ဝမ်းမြောက်ခြင်းသည် ဘုရားသခင်ထံမှ ထွက်ပေါ်လာသော ဝမ်းမြောက်ခြင်းဖြစ်ပါစေ။ ဘုရားသခင်သည် အရာခပ်သိမ်းကိုအုပ်စိုး၍ ပလ္လင်တော်ပေါ်၌ထိုင်သောကြောင့် ဝမ်းမြောက်ကြလော့။ ဘုရားသခင်၏ဂုဏ်အင်္ဂါရပ်တိုင်းသည် ကျွန်ုပ်တို့ဝမ်းမြောက်ခြင်းနေရောင်ခြည်ထဲတွင် အသစ်သောရောင်ခြည်ဖြစ်နေသင့်၏။ ဘုရားသခင် ၏ ပညာရှိတိုင်းက ကျွန်ုပ်တို့သည်မှက်မဲသောအရာတို့ကို လုပ်ဆောင်နေကြောင်းကိုသိစေသော ကြောင့် ကျွန်ုပ်တို့အား ဝမ်းမြောက်စေ၏။ သူ၏ခွန်အားကြီးခြင်းက မိမိအားနည်းခြင်းအရာ၌ ကြောက်လန့်တုန်ရီနေသော ကျွန်ုပ်တို့ကို ဝမ်းမြောက်ပါစေသော်။ သူသည် ထာဝရတည်တော်မူ၏ဟူသောအချက်က ကျွန်တော်တို့သည် မြက်ပင်ကဲ့သို့ဖြစ်ကြောင်း သိစေလျက်ကျွန်ုပ်တို့ကို ဝမ်းမြောက်ပါစေသော်။ သူ၏ပြောင်းလဲမှုမရှိခြင်းက ကျွန်ုပ်တို့သည်အချိန်တိုင်းပြောင်းလဲနေကတည်းက ကျွန်ုပ်တို့အား သီချင်းသီဆိုရန်အမြဲဖြစ်ပေါ် စေ၏။ သူ၏ကျေးဇူးတော်ပြည့်ဝခြင်းကသော်၎င်း၊ သူ၏ကျေးဇူးတော်လျှံပယ်ခြင်းကသော်၎င်း ဤကျေးဇူးတော်သည် ကျွန်ုပ်တို့ကိုပေးခဲ့သည့် ပဋိညာဉ်တရား၌ရှိသောအရာဖြစ်ခြင်းကသော်၎င်း၊ ကျွန်ုပ်တို့ကိုသန့်ရှင်းစေသောဥစ္စာဖြစ်ခြင်းကသော်၎င်း၊ ကျွန်ုပ်တို့ကို စောင့်ထိန်းသောအရာဖြစ်ခြင်းကသော်၎င်း၊ ကျွန်ုပ်တို့ကိုစင်ကြယ်ပြည့်စုံစေသောအရာ ဖြစ်ခြင်းကသော်၎င်း၊ ကျွန်ုပ်တို့အား ဘုန်းတော်ထင်ရှားစေရန် ဦးဆောင်သောအရာဖြစ်ခြင်းကသော်၎င်း၊ ဤအချက်အားလုံးက ဘုရားသခင်ထံသို့ ကျွန်ုပ်တို့အားဝမ်းမြောက်ခြင်းရှိရန်ဦးဆောင်နေ၏။

ဘုရားသခင်၌ဝမ်းမြောက်ခြင်းသည် မြစ်ရေနက်သကဲ့သို့ဖြစ်၍ ကျွန်ုပ်တို့သည်၎င်း၏နှုတ်ခမ်းဝကိုသာ ထိ၍ရ၏။ ကျွန်ုပ်တို့သည်ကောင်းကင်မှစီးဆင်းလာသော ထိုမြစ်ရေ၏ချိုမြိန်မှုကိုအနည်းငယ်သိရှိကြ၏။ သို့သော် ထိုမြစ်ရေ၏အနက်သည် သာ၍ကြီးထားလာပြီး ထိုရေ၏ပျော်စရာကောင်းမှုသည် ယခုတွင်ပို၍မြန်ဆန်လာ၏။ ခရစ်ယာန်တစ်ဦးသည် မျက်မှောက်၌မိမိအတွက် ဘုရားသခင်လုပ်ဆောင်ပေးသောအရာတင်မကဘဲ အတိတ်ကာလ၌ဘုရားသခင်လုပ်ဆောင်သောအရာအားလုံးအတွက်ပါ သာယာကြည်နူးမှုကိုခံစား၏။ ထို့ကြောင့် ဘုရားသခင်၏လူတို့သည် ဘုရားသခင်ပြုတော်မူသောအမှုကို ပြန်လည်အမှတ်ရကြစေ။ ထာဝရဘုရား၏ကြီးမားသောလုပ်ဆောင်ချက်တို့ကို လူတို့သည်ကြားပြောကြပါစေ။ "ထာဝရဘုရားသည် ဘုန်းပွင့်လျက်အောင်ပွဲကိုခံတော်မူသည်ဖြစ်၍ ကိုယ်တော်ထံသီချင်းဆိုကြလော့"။ ထာဝရဘုရား၏ဂရုဏာတော်သည် သူတို့အပေါ် နေ့စဉ်စီးဆင်းနေသောကြောင့် သူတို့သည် အစဉ်ချီးမွမ်းရကြမည်။ ထာဝရဘုရား၏ ထောက်ပံ့စောင့်ရှောက်မှုနှင့် ကျေးဇူးတော်ဖြင့်ပြုသော ချစ်ခြင်းမေတ္တာတော်အပေါ် တွင် သူတို့၏ဝမ်းမြောက်ခြင်းက ကျေးဇူးချီးမွမ်းခြင်းကို ဆက်လက်ဖြစ်ပေါ် စေ၏။ ဇိအုန်သားသမီးတို့ဝမ်းမြောက်ကြလော့။ သင်တို့၏ ဘုရားသခင်ထာဝရဘုရား၌ ဝမ်းမြောက်ကြလော့။

(Spurgeon)

**ဆင်ခြင်ရန်** - (ဆာလံ ၁၄၉း၁ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဆာလံ ၁၄၉း၃ ကိုအသုံးပြုပါ)။

တနင်္ဂနွေ၊ ဇွန် (၃၀)

**ဆာလံ ၁၅၀**

ယောဘ ၄း၂၄

*"... သန့်ရှင်းသောတန်ဆာကိုဆင်၍၊*
*ထာဝရဘုရားကို ကိုးကွယ်ကြလော့"*

## ဤကဲ့သို့သော တေးဂီတတူရိယာတို့သည် ဓမ္မသစ်အသင်းတော်၏ ဝတ်ပြုခြင်းအတွက် ဖြစ်ပါသလား

ဤဆာလံတွင် ရှေးဟောင်းတေးဂီတတူရိယာများ အစုံအလင်ကိုမြင်တွေ့ခံစားရ၏။ အကြောင်းမှာ ဣသရေလသည်တိုင်းနိုင်ငံတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်အခမ်းအနားကျင်းပရာ၌ သုံးသည့်တူရိယာများအတိုင်း စုံလင်စွာအသုံးပြုကြ၏။ ထိုကာလတွင် အသင်းတော်နှင့်တိုင်းပြည်သည် အတူတကွရပ်တည်သော်လည်း ဓမ္မသစ်ခေတ်တွင်သက်သက်စီရပ်တည်၏။ ရိုးရာဓလေ့အကတို့အတွက် တီးခတ်သောလင်ကွင်းတို့ကို ကျွန်ုပ်တို့၏ဝတ်ပြုကိုးကွယ်ခြင်းတွင်မူ ဘယ်တော့မှအသုံးမပြုခဲ့ပေ။

Charismatic အသင်းတော်တို့က ဆာလံ ၁၅၀ ကို မိမိတို့၏ဝတ်ပြုခြင်း၌အသုံးပြုရမည့် စံနမူနာအဖြစ်ဖော်ပြကြ၏။ ကျွန်ုပ်တို့သည် ဝတ်ပြုခြင်း၌သီဆိုချီးမွမ်းခြင်းကို အကူဖြစ်စေရန်အတွက် စန္ဒရား(ပီယာနို)နှင့်အော်ဂင် ကို အသုံးပြုနေစဉ်တွင် Charismatic တို့သည် ဣသရေလလူတို့၏ နိုင်ငံတော်အခမ်းအနား၌အသုံးပြုခဲ့သော တူရိယာတန်ဆာပလာကို အသုံးပြုကြ၏။ သူတို့၌မိမိတို့ ထွင်သော drums (စည်များ)နှင့် လင်ကွင်းများရှိကြ၏။ ဂီတာနှင့်ပတ်သက်လျှင်မူ တီးခတ်သူ၏ နည်းလမ်းကျစွာတီးခတ်၍ မှန်သောစည်းချက်အတိုင်းတီးခတ်နေသရွေ့ ကျွန်ုပ်တို့လက်ခံ၏။

တေးဂီတတူရိယာအားလုံး (အော်ဂင်အပါအဝင်)ကို ဝတ်ပြုခြင်း၌ အသုံးပြုခြင်းကို လုံးဝ တားမြစ်သောအသင်းတော်လည်းရှိ၏။ ပရိသတ်သီဆိုခြင်းကို လွှမ်းမိုးသောပိုက်အော်ဂင်ကိုမူ အကျွန်ုပ်တို့အသုံးမပြုပေ။ သို့သော် pump organ ၏ ညင်သာ၍ဆွဲဆောင်နိုင်သောတေးသွားက Sankey သည် ဗြိတိန်၌ရှိသော Moody ကို ထောက်ခံခဲ့သည့်အတိုင်း ဝတ်ပြုခြင်းနှင့်ဧဝံဂေလိတရားကို ဟောပြောခြင်း၌အထောက်အကူဖြစ်စေ၏။ "ညင်သာစွာနှင့်ကြင်နာစွာဖြင့် သင့်အားယေရှုခေါ်နေသည်" ဟူသောသီချင်းကို သီဆိုတီးခတ်သောအခါ များစွာသောလူတို့သည် Moody ၏တရားဟောချက်မပါဘဲ မျက်ရည်ကျလျက်ကယ်တင်ရှင်ကို လက်ခံကြ၏။

အော်ဂင်အသုံးပြုခြင်းကို တားမြစ်သောသူတို့သည် ချီးမွမ်းခြင်းသီချင်း(hymns) နှင့် ဝိညာဉ်ရေးရာသီချင်းတို့ကိုလည်း သီဆိုရန်တားမြစ်ကြသည်။ သူတို့သည်သင့်အားဆာလံသီချင်းဆိုဖို့ကိုပင် ကန့်သတ်ထား၏။ သူတို့သည်အဘယ့်ကြောင့်ဘုရားသခင်၏နှုတ်ကပတ်တော်ကို အနိုင်အထက်ပြုကြပါသနည်း။

ကျွန်ုပ်တို့သည် Charismatics နှင့် Hypercalvinists တို့ကို ငြင်းပယ်ထား၏။ ကျွန်ုပ်တို့သည် စိတ်နှလုံးတွင်တေးသွားပြုလုပ်ပေးသည့် စောင်းနှင့်သီဆိုကြသော အောင်မြင်သည့်အသင်းတော်နောက်သို့လိုက်၏။

**ဆင်ခြင်ရန်** - (ဖေက် ၅း၁၉ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - (ဖေက် ၅း၂၀ ကိုအသုံးပြုပါ)။